www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ပုံနှိပ်မှတ်တမ်း"

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ➤ | ၃၁၀၀၉၀၁၂၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ➤ | ၃၁၀၀၈၇၁၂၀၈ |
| အတွင်းနှင့် မျက်နှာဖုံးပုံနှိပ် | ➤ | ဦးကြည်စင်(၀၄၆၁၅)<br>လဲ့လဲ့မွန်ပုံနှိပ်တိုက်<br>အမှတ်(၁၅၈)၊ ၄၅လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| ထုတ်ဝေသူ | ➤ | ဦးကျော်ဟင်း<br>ယုံကြည့်ချက်စာပေတိုက်<br>အမှတ်(၁၁၁)၊ ၃၃လမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | ➤ | အောင်မျိုးထွန်းကျော် |
| ပုံနှိပ်ခြင်း | ➤ | ပထမအကြိမ်<br>မတ်လ၊ ၂၀၀၉ခုနှစ် |
| အုပ်ရေ | ➤ | ၅၀၀ |
| တန်ဖိုး | ➤ | ၃၀၀၀ကျပ် |
| ဖြန့်ချိရေး | ➤ | စာရေးသူမှိုင်း |

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးစကား

ပန်းပွင့်သစ္စာအမည်ဖြင့် ကျွန်တော်၏ အမျိုးသားနိုင်ငံရေးနောက်ခံဝတ္ထုရှည်စာမူကို အောင်မြင်စွာထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ဤစာမူဖြစ်ပေါ်လာရေးအတွက်ပြင်ဦးလွင်(မေမြို့)တွင် အင်္ဂလိပ်အစိုးရ၏ဝန်ထမ်းအဖြစ်အမှုထမ်းခဲ့စဉ်က အဖြစ်အပျက်များနှင့် ဂျပန်ခေတ်ကာလတစ်လျှောက်လုံးပြင်ဦးလွင်(မေမြို့)နောင်ခမ်းကြီးကျေးရွာသို့တိမ်းရှောင်စဉ်ကာလတွင်တွေ့ကြုံခဲ့ရသော အင်္ဂလိပ်သူလျှိုတစ်ယောက်အကြောင်းအိပ်ယာဝင်ပုံပြင်သဖွယ်ပြောပြခဲ့သော ကျေးသားဖခင်ကြီးဦးမောင်မောင်၊ ငယ်စဉ်ကလေးဘဝက အဆောက်သန်သောကျွန်တော်မှာ ပြင်ဦးလွင်(မေမြို့)တစ်ခွင်နေရာစုံသွားလာဆော့ကစားနေသည့်တိုင်အမြဲအလိုလိုက်ခဲ့သည် မွေးသားမိခင်ကြီးဒေါ်ပွေးတို့အား ရှိခိုးကန်တော့ပါသည်။

အနန္တကျေးဇူးရှင်ဆရာများထဲတွင် လူဖြစ်အောင်ဟောကြားဆုံးမတော်မူခဲ့သော သုတဗုဒ္ဓ မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ပဋိပတ္တိအကျင့်များသင်ကြားပြသပေးတော်မူသော ဆားတောင်ဆရာတော် ဘဒ္ဒန္တပညာဏိက၊ အမြဲမပြတ်အနီးကပ်ဆုံးမပေးတော်မူသောမြကျောက်ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ၊ မဟာဂန္ဓာရီဝိဇ္ဇာပညာရပ်များနှင့် လောကီအတတ်ဖြင့်စေတီတော်တည်ခြင်းဆိုင်ရာပညာရပ်များကိုသင်ကြားပြသခဲ့သောရွှေပေါက်ကျွန်းဆရာတော်ဘဒ္ဒန္တဇေယျသိဒ္ဓိဓမ္မညာဏိကနှင့်ရသေ့ကြီးအဘဦးအောင်မြင့်တို့ကိုလည်းရိုသေစွာရှိခိုးကန်တော့ပါသည်။

သတင်းစာဆရာ၊ စာရေးဆရာတစ်ယောက်အဖြစ်ရပ်တည်နိုင်ရန်ကူညီထောက်ပံ့ပေးခဲ့ကြသော ရတနာပုံနေ့စဉ်သတင်းစာ၊ မန္တလေးနေ့စဉ်သတင်းစာများမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ ဦးခင်မောင်ရီ(ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်)၊ ဦးဘုန်းတင်(ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ ရှမ်းပြည်နယ်မြောက်ပိုင်း)၊ ဦးအောင်အောင်စိုး(ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေး)တို့အားအထူးကျေးဇူးတင်ပါသည်။

စာရေးဆရာမေမြို့ချစ်ဆွေနှင့် ဤစာမူအားစာပေစိစစ်ရေးသို့ရောက်အောင် တင်ပေးသော မောင်ဖူလုံ(ပုသိမ်ကြီး)၊ နိုင်ငံရေးစာပေအဖြစ် သမိုင်းနောက်ခံစာမူဖြစ်သောကြောင့် အမှားအယွင်းနည်းပါးစေရန် မေတ္တာစေတနာဖြင့် စာမူဖတ်ပေးကြသော ဆရာညီစေမင်း၊ ဆရာညီပုလေးတို့ကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်ပါသည်။

"ကတညုတ ကတဝေဒီ၊ ဒုလ္လဘော ပုဂ္ဂလော လောကသ္မိံ"

မာဃိန္ဒ၊ ပုသိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

စာရေးသူသည် စာဖတ်သူဘဝဖြင့် စာပေဘဝကိုဖြတ်သန်းခြင်းကာဘဝတွင်နှစ်ပေါင်းများစွာကြာခဲ့သည်။ စာပေဘဝဖြတ်သန်းရာတွင် သူရဲကောင်းဇာတ်ကောင်၊ စံပြဇာတ်ကောင်များ၏စရိုက်ကိုနှစ်သက်သည်။

ကမ္ဘာ့စာပေတွင်ထင်ရှားသော နီကိုလေဩစထရော့စကီး၏ "သံမဏိသူရဲကောင်း" ဝတ္ထုရှည်ကြီးထဲက ပေဘယ်လ်ကော်ချဂင်ဇာတ်ကောင်၏ သံမဏိစိတ်ဓာတ်ကိုကြိုက်သည်။ မြန်မာ့သမိုင်းတွင် အလွန်ထင်ရှားသော စစ်သူကြီးမဟာဗန္ဓုလ၊ မြဝတီမင်းကြီးဦးစ၊ သမိန်ဘရမ်း၊ လဂွန်းအိမ်၊ မင်းရဲကျော်စွာစသောမြန်မာစစ်သူရဲကောင်းတို့၏ စံပြု ထိုက်သော ဂုဏ်ရည်များကိုနှစ်ခြိုက်သည်။

ကျွန်တော်တို့စာဖတ်သူဘဝဖြတ်သန်းစဉ်က သူရဲကောင်းဇာတ်ကောင်များသည် စာအုပ်စာပေများထဲတွင် စစ်သမိုင်းကျမ်းများအဖြစ်မှတ်တမ်းများရှိပြီးဖြစ်သည်။ ကျွန်တော်တို့စာဖတ်ခြင်းနှင့် ယခုခေတ်လူငယ်များ၏စာဖတ်ခြင်းသက်တမ်းက ကွာခြား ခဲ့ပြီ။ အချိန်ကာလနှင့် သမိုင်းနောက်ခံအများကြီးပြောင်းလဲသွားခဲ့ပြီ။

သမိုင်းတွင်အမှန်တကယ်ရှိခဲ့သော သူရဲကောင်းများကို သူတို့မသိ၊ ကျွန်တော်တို့ ငယ်စဉ်ကကြိုက်နှစ်သက်ခဲ့သော စံပြဇာတ်ကောင်များကို လူငယ်စာဖတ်သူများမသိနိုင် ပြီ။

ကျမ်းစာပေ၊ သုတစာပေများသည် စာကြည့်တိုက်များ၊ ပြတိုက်များထဲတွင်အိပ်မော ကျနေပြီ။ ပညာရှင်များ၊ သုတေသနပြုသူများအတွက်သာ တန်ဖိုးကြီးမားသည်။ လူငယ် အများစုက ကိုရီးယားဇာတ်လမ်းများကိုနှစ်သက်နေပြီ။ ခေတ်ကရသစာပေကိုအလိုရှိကြ သည်။ ရသစာပေကားအထွက်နည်းလှသည်။

သို့အတွက်စာရေးသူသည် မြန်မာလူမျိုးတို့၏ စစ်သမိုင်းကာလဖြတ်သန်းမှုကို ယခု လူငယ်များသိစေချင်သည်။ ဖတ်စေချင်သည်။ သမိုင်းကျမ်းကြီးများကို လူငယ်တွေက မဖတ်ချင်။ မဖတ်နိုင်။ လူငယ်များအတွက်မြန်မာ့သမိုင်းတွင်ထင်ရှားသောစစ်သူရဲကောင် များ၏အကြောင်းကိုရသစာပေဟန်ဖြင့်ရေးသားချင်စိတ်ဖြစ်မိသည်။

ထို့ကြောင့်ဆင်ဖြူရှင်လက်ထက် မြန်မာ့တပ်မတော်၏သူရဲကောင်းပီသသော တိုက်ပွဲ များကို လူငယ်များသိစေချင်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ တပ်မတော် သားများ၏ သူရဲကောင်းပီသမှုကိုရသစာပေအဖွဲ့ဖြင့်လူငယ်များကိုဖတ်စေချင်သည်။

www.burmeseclassic.com

တရုတ်ဖြူကျူးကျော်မှုကို မြန်မာ့တပ်မတော်သားများနှင့်အတူ အသေခံတိုက်ပွဲဝင်ခဲ့ကြသော အောင်ဆန်းသူရိယဘွဲ့၊ သီဟသူရဘွဲ့ရကြသော အမှတ်(၄)ခြေလျင်တပ်ရင်းမှ ဂေါ်ရခါးလူမျိုး ဆွတ်ဗဟာဒူးရိုင်း၊ ဗဟာဒူးစသောသူရဲကောင်းများကို ကျွန်တော့်ဝတ္ထုတွင်ဇာတ်ကောင်များအဖြစ်ရေးချင်စိတ်ဖြစ်ရသည်။

ကျွန်တော်နေထိုင်ရာ ပုသိမ်ကြီးမြို့နယ်တွင် ခ.လ.ရ(၄)တပ်ရင်းရှိသည်။ ထိုတပ်ရင်းခန်းမဆောင်ကြီးထဲ၌ သူရဲကောင်းဘွဲ့ရရှိသူများ၏ အမည်စာရင်းများကိုမှတ်တမ်းတင်မော်ကွန်းရေးထိုးထားသည်။ စာရေးဆရာမေမြို့ချစ်ဆွေကလည်း မြန်မာပြည်ဖွားဂေါ်ရခါးဟူသော စာအုပ်တစ်အုပ်ရေးသားထုတ်ဝေထားသည်ကိုဖတ်ဖူးသည်။

ကမ္ဘာတွင်သစ္စာရှိသော လူမျိုးအဖြစ် ကမ္ဘာ့သမိုင်းပညာရှင် စစ်ပါရဂူများကမှတ်တမ်းတင်ထားသော သူတို့အကြောင်းကိုကျွန်တော်ဝတ္ထုထဲတွင်ရေးဖွဲ့ချင်စိတ်ဖြစ်ရသည်။

ကျွန်တော့်ဝတ္ထုထဲက ဇာတ်လိုက် ကိုသန့်စင်ကိုလည်း အမျိုးပျက်စေသည့်ကာမဂုဏ်နှင့်အချစ်ကိုသာဦးစားပေးသော သစ္စာမဲ့သောအမျိုးသားသစ္စာဖောက်ဇာတ်ကောင်အဖြစ်မဖန်တီးချင်။

BURMESE CLASSIC .com

လောကသစ္စာတရားထဲတွင် ရာသီအလိုက်ပွင့်သော ပန်းပွင့်များက လူသားတို့ထက်သစ္စာရှိကြသည်။ ပန်းပွင့်များကားရာသီအလိုက်သာပွင့်ကြသည်။ ဗီဇမျိုးရိုးကို ထိန်းသိမ်းထားကြသည်။ မျိုးရိုးဗီဇကိုဖျက်ဆီးသော သစ္စာမဲ့စွာပွင့်လာသော ပန်းများကိုမဖူးစေချင်။ မပွင့်စေချင်။ သစ္စာမဲ့သောပန်းများပွင့်သောအခါ အမုန်းတရား၊ အာဃာတတရားများသာလောကကိုလွှမ်းမိုးတတ်သည်။ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုပျက်ပြားစေသည်။

ထို့ကြောင့်စာရေးသူသည် လူငယ်မျိုးဆက်သစ်များအတွက် မြန်မာ့သူရဲကောင်းတပ်မတော်သားများနှင့် အမျိုးသားရေးကိုဘယ်သောအခါမှသစ္စာမဖောက်သော သူရဲကောင်းဇာတ်ကောင်များအကြောင်းကို ပန်းပွင့်သစ္စာဟူသောရသစာပေဝတ္ထုတစ်ပုဒ်မွေးဖွားရခြင်းဖြစ်ပါလေ၏။

မာဃိန္ဒ၊ ပုသိမ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



အမည်ရင်းမှာ ဦးထွန်းခင်ဖြစ်ပြီး၊ ၁၉၄၈ခုနှစ် ဇွန်လ ၁၀ရက်တွင် အဘဦးမောင်မောင်၊ အမိ ဒေါ်ပွေးတို့က ပြင်ဦးလွင်မြို့(မေမြို့)တွင်မွေးဖွားသည်။ သားသမီးရှစ်ယောက်တွင် အငယ်ဆုံးသား ဖြစ်သည်။ မေမြို့ခဲလယ်ဘုန်းတော်ကြီးကျောင်း၊ ပြည်တော်သာခေတ် အမှတ်-၁ အခြေခံပညာ အလယ်တန်းကျောင်းတွင်ပညာသင်ယူခဲ့သည်။ ၁၉၅၅ခုနှစ်တွင် ပုသိမ်ကြီး အခြေခံပညာအလယ်တန်း ကျောင်းတွင် ဆက်လက်ပညာသင်ယူခဲ့သည်။

တောင်သူလယ်သမားဘဝဖြင့် အနှစ်၂၀ခန့်နေထိုင်ခဲ့ပြီး၊ ထိုအချိန်များတွင် ပုသိမ်ကြီးမြို့နယ် မြို့မစာကြည့်တိုက်၌ စာကြည့်တိုက်မှူးအဖြစ်ဆောင်ရွက်နေခဲ့သည်။

၁၉၇၀ပြည့်လွန်နှစ်များတွင် ဟံသာဝတီသတင်းစာ၌ သတင်းဆောင်းပါးများ ရေးသားပေးပို့ခြင်း ဖြင့် စာဖတ်သူဘဝကိုဖြတ်သန်းခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ရတနာပုံနေ့စဉ် သတင်းစာ၏ မြို့နယ်သတင်း ထောက်အဖြစ်ဆောင်ရွက်သည်။ ထိုနှစ်မှစတင်၍ ပထမအကြိမ် စာပေညီလာခံကိုယ်စားလှယ် ဗဟို ဦးစီးအဖွဲ့ဝင်အဖြစ် လေးနှစ်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် ပုသိမ်ကြီးမြို့နယ်မှ ထုတ်ဝေသော ရွှေမင်းဂံမဂ္ဂဇင်းထုတ်ဝေရေး တွင်အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ မန္တလေးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှထုတ်ဝေသော မေတ္တာရှင်မဂ္ဂဇင်း၊ ဝတ္ထုရွေးချယ်ရေးအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ၂၀၀၂ခုနှစ်အထိ ခြောက်နှစ်ဆောက်ရွက်ခဲ့သည်။

စာပေဆုများအဖြစ် ၁၉၉၆ခုနှစ်တွင် ရတနာပုံနေ့စဉ်သတင်းစာမှ 'စိတ်ပါဝင်စားစွာဆောက်ရွက် သော' အကောင်းဆုံးသတင်းထောက်ဆု၊ ၂၀၀၀ခုနှစ်တွင် 'မိုးနှင့်သစ်ပင်' ဝတ္ထုတိုဖြင့် မေတ္တာရှင်မဂ္ဂဇင်း ဝတ္ထုတိုပြိုင်ပွဲ နှစ်သိမ့်ဆု၊ ၂၀၀၄ခုနှစ်တွင် 'ထိပ်ဆုံးမှာချိတ်ထားမယ်'ဝတ္ထုတိုဖြင့် ၁၅ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ် ဝတ္ထုတိုပြိုင်ပွဲ ပထမဆု၊ ၂၀၀၅ခုနှစ်တွင် 'ရွှေနိုင်ငံသူရဲကောင်းများ'ဝတ္ထုတိုဖြင့် နှစ်၆၀ပြည့်တပ်မတော်နေ့ဝတ္ထုတိုပြိုင်ပွဲ နှစ်သိမ့်ဆုရရှိခဲ့သည်။

ယခုပန်းပွင့်သစ္စာဝတ္ထုမှာ စာရေးသူ၏ ပထမဆုံးဝတ္ထုရှည်ဖြစ်၍ တစ်နှစ်ခန့်အချိန်ယူရေးသား ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ပထမပိုင်း

**မုန်တိုင်းလေပြေ**

၁၉၄၂ခုနှစ် ဒီဇင်ဘာလ ၂၄ရက် နံနက် ကိုးနာရီ

မေမြို့(ပြင်ဦးလွင်) စိမ်းလဲ့ဂေဟာခြံကြီးသည်နှင်းမှုန်များနှင့်အတူအေးစက်ငြိမ်သက်နေသည်။ ခြံကြီးအတွင်းစည်းရိုးတစ်လျှောက်တွင်ချယ်ရီပန်းများပင်လုံးကျွတ်ပွင့်နေသည်မှာချယ်ရီပန်းတောအုပ်ကြီးနှင့်တူသည်။ ခြံကြီး၏အကျယ်အဝန်းကလည်း ဆယ်ဧကပတ်လည်ခန့်ရှိသည်။ ချယ်ရီပင်နှင့်အတူအလွန်မြင့်မားသောခါတော်မီအပင်ကြီးများကလည်းခြံကြီးအားပိုမိုငြိမ်သက်တိတ်ဆိတ်စေပါ၏။ နေကြာရိုင်းပင်များနှင့် စိန်နပန်းချုံများဝန်းရံလျက်ရှိ၏။ ခြံကြီးတစ်ခုလုံးကိုသံဆူးကြိုးများဖြင့်ကာရံထား၏။ ဝင်းတံခါးကိုလည်းအသားတံခါးဖြင့်ခိုင်မာစွာကာရံပိတ်ဆို့ထားသည်။ ဝင်းတံခါးပေါက်မှလှမ်းကြည့်လျှင်တစ်ထပ်တိုက်ကလေးသည်ဝင်း၏အလယ်ဗဟိုတွင်တည်ရှိသည်။ အဝင်လမ်း၏ဘေးတွင်လည်းချယ်ရီပင်များကပင်လုံးကျွတ်ပွင့်ဝေနေသည်။ တစ်ထပ်တိုက်မီးလင်းဖိုခေါင်းတိုင်မှမီးခိုးငွေ့များဝေဝေဝဲဝဲထွက်နေသည်။ မီးလင်းဖိုခေါင်းတိုင်မှမီးခိုးများထွက်နေ၍ အိမ်ရှင်မိသားစုများနံနက်ခင်းအအေးဒဏ်ကို မီးလှုံဖြေဖျောက်နေကြဟန်တူသည်။ ထိုအချိန်မြို့ပတ်လမ်းမှအရေးကြီးသောဟန်ဖြင့်ခပ်သုတ်သုတ်လမ်းလျှောက်လာသော လူငယ်တစ်ဦးစိမ်းလဲ့ဂေဟာခြံကြီးဝင်းတံခါးပေါက်သို့ရောက်လာသည်။ စိမ်းလဲ့ဂေဟာခြံကြီး၏ဝင်းတံခါးပေါက်မှ ခြံကြီးအတွင်းသို့လှမ်းမျှော်ကြည့်နေသည်။ လူငယ်သည် အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်တောင့်တင်းခိုင်မာသည်။ ဗြိတိသျှစစ်ယူနီဖောင်းကိုဝတ်စုံပြည့်ဝတ်ဆင်ထားပြီး စစ်လွယ်အိတ်ကိုကန့်လန့်ဖြတ်လွယ်ထားသည်။

မျက်ခုံးမွေးထူထူ၊ နှာတံချွန်ချွန်၊ အသားအရည်ဝါဝါနှင့်လူငယ်စစ်သားသည်ဂေါ်ရခါးဦးထုပ်ကိုဆောင်းထားပါ၏။ ဝင်းတံခါးဝတွင်ဝင်တံခါးကိုဖွင့်ဝင်သွားရကောင်း၏မကောင်း၏စဉ်းစားရင်းလူးလားတုံ့ခေါက်လျှောက်လျက်ရှိနေပါ၏။

အရေးကြီးသောကိစ္စ။ မဖြစ်မနေတွေ့ရမည့်ကိစ္စ။ အချိန်ကလည်းသူ့အတွက်အရေးကြီးနေသည်။ သူ့ယူပါလာသောလွယ်အိတ်အတွင်းမှ ပစ္စည်းကိုယုံကြည်စွာဖြင့်အပ်နှင်းထားခဲ့ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူးလားတံ့ခေါက်စိတ်လှုပ်ရှားနေသောလူငယ်သည် နောက်ထပ်တစ်ဖန်ခြံဝင်းကြီးအတွင်းကိုလှမ်း၍ကြည့်လိုက်ပြန်သည်။ ဝင်းတံခါးဝမှာပင်သူနာရီဝက်ခန့်ကြာသွားသည်။

မကြာမီတိုက်ကလေးထဲမှ အသက် ၅၀ခန့်လူကြီးတစ်ယောက်ခြံဝင်းအတွင်းဆင်းလာသည်။ လူငယ်သည်ဝင်းတံခါးပေါက်အပေါ် ခေါင်းပြူ၍ထိုလူကြီးကိုလှမ်း၍ခေါ်လိုက်သည်။

"ဦးလေး. . . ဦးလေး. . . ကျေးဇူးပြုပြီးကျွန်တော်ခြံထဲဝင်လာပါရစေ"

လူငယ်၏အသံကိုကြား၍ တိုက်ရှေ့မှလူကြီးသည်တိုက်အတွင်းသို့ပြန်ဝင်သွားသည်။ မကြာမီပြန်ထွက်လာပြီး လူငယ်ရှိရာဆီသို့လျှောက်လာသည်။ ခြံဝင်းတံခါးဝတွင်ရပ်နေသည့်လူငယ်ကိုအကဲခတ်သလိုကြည့်လိုက်သည်။

"ကျွန်တော်တာဝန်နဲ့လာခဲ့တာပါ။ ဗြိတိသျှစစ်တပ် ဗမားရိုင်ဖယ်တပ်ရင်းကတပ်သားဗဟာဒူးပါ"

လူကြီးက ခြံဝင်းတံခါးပေါက်သော့ကိုဖွင့်ပေးလိုက်သည်။ ထိုနောက် တိုက်ရှိရာသို့ခေါ် သွားသည်။ သန့်ရှင်းသပ်ရပ်သောဧည့်ခန်းဆောင်အတွင်းရှိ ကုလားထိုင်တွင်ထိုင်လိုက်ကြသည်။ လူငယ်သည်သူလွယ်ထားသောစစ်လွယ်အိတ်အတွင်းမှစာရွက်များကိုထုတ်၍-

"ကျွန်တော်တို့တပ်အိန္ဒိယဘက်ကိုဆုတ်ခွာတော့မှာပါ။ ဒါကြောင့်ဒီမြို့မှာ ယုံကြည်စိတ်ချရမယ့်ဦးလေးဆီကိုလွှတ်လိုက်လို့ ကျွန်တော်လာခဲ့တာ။ ဦးလေးကဦးမောင်မောင်ခေါ် ချတ္တာရီဟုတ်ပါသလား"

"ဟုတ်ပါတယ်။ဦးနာမည်မောင်မောင်ပါ။ ဂေါ် ရခါးလူမျိုးမို့ ချတ္တာရီလို့လည်းခေါ်ပါတယ်"

ထိုစဉ်မိန်းခလေးတစ်ဦးသူတို့ရှိရာဧည့်ခန်းသို့ရောက်လာသည်။

"လက်ဖက်ရည်လေး သုံးဆောင်ပါဦး"

ထိုနောက်ကုလားထိုင်တွင်ဝင်ထိုင်လိုက်သည်။

လူငယ်က တစ်ချက်ကြည့်လိုက်သည်။ မိန်းကလေးမှာ မျက်ခုံးမွေးကောင်းကောင်း၊ နှာတံချွန်ချွန်၊ အသားအရည်က ဝါဝင်းချောမွတ်လျက်။ နဖူးတည့်တည့်တွင်အနီမှတ်ကလေးတို့ထားသည်ကိုကြည့်ခြင်းအားဖြင့် သူမကိုအပျိုစင်မိန်းခလေးဖြစ်ကြောင်းသိနိုင်သည်။

"လူလေးဒါဦးသမီးမာယာဒေဝီ။ ဦးက ဗြိတိသျှစစ်တပ်မှာတာဝန်ထမ်းခဲ့ဖူးတာဆိုတော့ သမီးကိုအင်္ဂလိပ်တွေ[illegible]ငယ်ငယ်လေးတည်းက ဆူဇန်လို့ခေါ်လာကြရင်း

www.burmeseclassic.com



ငယ်နာမည်မာယာဒေဝီအစား ဆူဇန်လို့ပဲ တွင်နေတော့တာ"

"ကျွန်တော့်နာမည်က ဗဟာဒူးပါ။ ကျွန်တော်လည်းဂေါ်ရခါးလူမျိုးပါပဲ"

လူငယ်သည် သူယူလာသောစာရွက်များကိုဦးမောင်မောင်ဆီသို့ကမ်းပေးလိုက်ပြီး

"ဦးဆောင်ရွက်ရမယ့်ကိစ္စတွေရေးထားပါတယ်။ သိပ်အရေးကြီးတဲ့ကိစ္စတွေမို့လျှို့ဝှက်ဆောင်ရွက်ရမယ်လို့ အထက်က ညွှန်ကြားလိုက်ပါတယ်။ မကြာမီဂျပန်တပ်တွေမြန်မာပြည်ကိုရောက်လာတော့မှာပါ။ စက်ဘပူခံတပ်ကြီးလည်းကျသွားပါပြီ။ ဒါကြောင့်ကျွန်တော်တို့စစ်တပ်အိန္ဒိယဘက်ဆုတ်ရတော့မယ်။ ဗြိတိသျှအစိုးရက သူတို့မထွက်ခွာမီ ယုံကြည်စိတ်ချရပြီးသစ္စာရှိမယ့်လူတွေကို အရေးကြီးတဲ့ကိစ္စတွေ တာဝန်ပေးတဲ့သဘောပါ။ ကျွန်တော့်မှာ အရေးကြီးတဲ့အခြားတာဝန်တွေရှိနေသေးတဲ့အတွက် ခွင့်ပြုပါဦးလေး။ ဆူဇန်ကျွန်တော်သွားပါဦးမယ်"

လူငယ်သည်ထိုသို့ပြောပြီးသူ၏ လွယ်အိတ်ကိုပွတ်သပ်နေသည်။ လေးနက်စွာစဉ်းစားပြီးသက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်လိုက်သည်။

"ဦး. . . ကျွန်တော့်ဘိုးဘွားပိုင်ပစ္စည်းတွေကိုလည်းဦးတို့ဆီမှာပဲအပ်ထားခဲ့ချင်ပါတယ်"

ပြောပြောဆိုဆို စစ်လွယ်အိတ်အတွင်းမှ ကတ္တီပါအနီစဖြင့်ပတ်ထားသောအရာ တစ်ခုကိုထုတ်လိုက်သည်။ ကတ္တီပါစကိုဖွင့်လိုက်ပြီး ဖန်ပေါင်းချောင်ဖြင့်ထည့်ထားသည့် အရောင်တဖိတ်ဖိတ်တောက်ပနေသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကိုသူ၏ဦးခေါင်းပေါ်သို့ရှိသေစွာတင်လိုက်သည်။ ရုပ်ပွားတော်မှာ ဉာဏ်တော်အမြင့် ဆယ်လက်မခန့်ရှိ တင်ပျဉ်ခွေဘူမိဖဿမုဒြာပုံတော်ဖြစ်သည်။

"ဒီရုပ်ပွားတော်ဟာ နီပေါနိုင်ငံက ကျွန်တော်တို့ဘိုးဘွားတွေကိုးကွယ်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်က ရုပ်ပွားတော်လို့အဘိုးကတော့ပြောဖူးတယ်။ ဒီရုပ်ပွားတော်ကိုဦးတို့ဆီမှာထားရစ်ခဲ့ပါရစေ"

လူငယ်က ဦးမောင်မောင်လက်သို့ပေးလိုက်သည်။ ဦးမောင်မောင်အံ့သြကြည်ညိုစိတ်ဖြင့်ရိုသေစွာ ဦးခေါင်းထက်တင်လိုက်သည်။ ရုပ်ပွားတော်၏ ပလ္လင်အောက်၌ ကြာပွင့်နှင့် ငါးရံ့ပုံပါသည်ကိုလည်း သတိထားမိလိုက်သည်။

"ကျွန်တော်သွားရမယ့်ခရီးက အသက်အန္တရာယ်များပြီး၊ ပင်ပန်းဆင်းရဲမယ့်လမ်းမို့ပါ။ နောက်ပြီးဒီပစ္စည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



လည်းအပ်ခဲ့ချင်ပါတယ်"

လွယ်အိတ်အတွင်းသို့ ထပ်မံနှိုက်လိုက်ပြန်သည်။ လက်တွင်အထုပ်တစ်ထုပ်ပါလာပြီးအထုပ်ကိုဖြေလိုက်သောအခါ တဖိတ်ဖိတ်တလက်လက်တောက်ပနေသော ရတနာမျိုးစုံဖြစ်နေသည်။

"ဒီရတနာပစ္စည်းတွေကတော့ ဗုဒ္ဓရုပ်ပွားတော်အတွက် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းဖို့ရည်ရွယ်ထားတဲ့ပစ္စည်းတွေပါ။ ဦးကိုထပ်မံတောင်းဆိုချင်တာကဦးလေးအနေနဲ့ဒီပစ္စည်းတွေကိုအသုံးပြုပြီး တစ်ချိန်ချိန်မှာ သာသနာ့နယ်မြေတစ်ခုထူထောင်ပေးစေချင်ပါတယ်"

"လူလေးရဲ့တောင်းဆိုမှုက ဦးအတွက် အလွန်မွန်မြတ်တဲ့ကိစ္စပါ။ ဦးဆောင်ရွက်ပေးပါ့မယ်။ ဒီအတွက်စိတ်ချပါ"

"အခုလိုကြားရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော့်ကိုခွင့်ပြုကြပါဦး"

အနားတွင်ထိုင်နေသော ဆူဇန်မှာအံ့ဩဖွယ်အဖြစ်များကိုကြည့်ရင်းခေါင်းညိတ်၍အသိအမှတ်ပြုလိုက်သည်။ ဦးမောင်မောင်နှင့် ဆူဇန်ကလူငယ်အားဝင်းတံခါးပေါက်အထိလိုက်ပို့ကြသည်။ လူငယ်သည် သွက်လက်ပေါ့ပါးသောခြေလှမ်းကျဲကြီးများဖြင့်ထွက်ခွာသွားလေပြီ။

■

## ပန်းပွင့်ကြွေတဲ့မြို့

ပြင်းထန်လွန်းသောပေါက်ကွဲသံများထွက်ပေါ်လာသည်။ လေယာဉ်ပေါ်မှ အရှိန်ပြင်းစွာကျလာသောဗုံးများပေါက်ကွဲလေရာ မြေအပြင်တွင်ကျင်းကြီးများဖြစ်၍ ကျန်ရစ်သည်။ ဘုတာရုံလည်းဗုံးထိ၍ မီးဟုန်းဟုန်းတောက်လောင်နေသည်။

စိမ်းလဲ့ဂေဟာအိမ်ဝင်းအတွင်းသို့ လေယာဉ်ပေါ်မှ ဗုံးကြီးတစ်လုံးကျလာသည်။ ပြင်းထန်စွာကျရောက်လာသော ဗုံးသည်မြေကြီးအတွင်းသို့နစ်မြုပ်သွားသော်လည်းပေါက်ကွဲသံထွက်မလာခဲ့ပေ။ ဦးမောင်မောင်သည် မြေအောက်လှို့ဝှက်လိုဏ်ဂူအတွင်းရောက်ရှိနေခြင်းဖြစ်သည်။ လိုဏ်ဂူအတွင်းသို့မြေမှုန်များအနည်းငယ်ကျလာသည်။ ယင်းလိုဏ်ဂူသည်ဝေးလံသောနေရာတစ်ခုနှင့်ဆက်စပ်လျက်ရှိ၏။ အကယ်၍သာလေယာဉ်ပေါ်မှကျသောဗုံးကွဲခဲ့လျှင် ဦးမောင်မောင်၏တစ်ထပ်တိုက်ကလေးပြိုကျပျက်စီးသွားနိုင်သည်။ ယခုတော့အံ့ဩဖွယ်ရာဗုံးကြီးသည် မြေကြီးအတွင်းသို့နစ်ဝင်သွားခြင်းမှအပပေါက်ကွဲခြင်းမရှိပါချေ။

လေယာဉ်မျံသံများတိတ်ဆိတ်သွားသောအခါဒဏ်ရာရသူများ၏ထိတ်လန့်စွာအော်ဟစ်နေသောအသံများထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မကြာမီဒဏ်ရာရသူများဖြင့်ဆေးရုံတွင်လူများရှုပ်ယှက်ခတ်နေပါ၏။ သူငယ်ချင်းဖြစ်သူ စင်သီရာဆီရောက်နေသောဆူဇန်မှာ သူ့သူငယ်ချင်းနှင့်အတူအလုပ်ရှုပ်နေသောကျန်းမာရေးဝန်ထမ်းများကိုအကူအညီပေးလျက်ရှိသည်။'

"စင်သီရာဒီလိုအခြေအနေမျိုးမှာ နင်တို့အလုပ်ကမလွယ်ပါလားသူငယ်ချင်းရယ်"

စင်သီရာကနဖူးပေါ်မှချွေးစများကိုလက်ဖြင့်သုတ်မည်ပြုပြီးမှ သူ့လက်တွင်ပေနေသောသွေးများကိုသတိရသွားပြီး လက်ဖျံဖြင့်သပ်တင်လိုက်သည်။

"ဟုတ်တယ်သူငယ်ချင်း။ နင်လည်းအိမ်ပြန်သင့်ပြီ။ အိမ်မှာ နင့်အဖေတစ်ယောက်တည်းမဟုတ်လား"

"ဒါဆိုငါပြန်တော့မယ်။ အဖေတော်တော်စိတ်ပူနေမှာ"

xxxx

ဂျပန်စစ်လေယာဉ်များကြဲချခဲ့သောဗုံးဒဏ်ကြောင့် မေမြို့မြို့ပေါ်ရှိအချို့သောအိုးအိမ်တာများပြိုကျ၍မီးတဟုန်းဟုန်းတောက်လောင်ခဲ့ရပါ၏။ ဆေးရုံပေါ်တွင်ဗုံးဒဏ်ကြောင့်ဒဏ်ရာရသူများကို ဆရာဝန်၊ဆရာမများကဆေးဝါးကုသပေးနေရသည်။ ဦးမောင်မောင်သည်သမီးဆူဇန်ကိုမျှော်နေသည်။ မြို့တစ်မြို့လုံးစစ်တလင်းသဖွယ်ဖြစ်နေချိန် သမီးလေးကသူနှင့်အတူရှိမနေ၍စိုးရိမ်နေမိသည်။

မြေလိုဏ်ဂူအတွင်းသို့တန်ဖိုးရှိလှသော ဗုဒ္ဓရုပ်ပွားတော်နှင့်ရတနာများကိုလုံခြုံစေရန်သိမ်းဆည်းထားပြီး သမီးဖြစ်သူကိုမျှော်နေမိစဉ်မှာပင်

"အဖေ. . အဖေ. . သမီးပြန်လာပြီ"

"သမီးလေးရယ် အဖေဖြင့်စိတ်ပူလိုက်ရတာ"

"စိတ်ပူစရာကောင်းတာဟုတ်တယ်အဖေ၊ သမီးတို့ဒီမှာဆက်နေလို့ကောင်းမှာမဟုတ်တော့ဘူး။ မကြာခင်ဂျပန်တွေရောက်လာလိမ့်မယ်။ ဒီနေ့ဒဏ်ရာရတဲ့လူတွေလည်း အများကြီးပဲ။ စိတ်မကောင်းစရာကောင်းတာက ခရစ်စမတ်ပွဲကျင်းပနေတဲ့စိန်ဂျိုးဇက်ဘုရားကျောင်းနားကျတဲ့ဗုံးဒဏ်ကြောင့် ဒဏ်ရာရတဲ့သူ၊ သေတဲ့သူတွေအများကြီးပဲ"

"အဖေတို့အိမ်ဝင်းထဲကိုလည်း ဗုံးကြီးတစ်လုံးကျခဲ့တယ်သမီး"

"ဟုတ်လား၊ အဖေဘယ်နားထိသွားသေးလဲ"

"အဖေဘာမှမဖြစ်ပါဘူး။ အဲဒီဗုံးကြီးမြေကြီးထဲမှာနစ်ဝင်နေတယ်။ ဒါပေမယ့်အခုချိန်ထိမကွဲသေးဘူး"

www.burmeseclassic.com



"ဘုရား . . ဘုရား . . "

ဆူဇန်ထိတ်လန့်သွားသည်။

"ဒီဗုံးသာကွဲရင် အဖေရော၊ အဖေတို့အိမ်လေးပါပျက်စီးမှာအသေအချာပဲ။ အဖေတို့ဆီရောက်လာတဲ့ ဗုဒ္ဓရုပ်ပွားတော်တန်ခိုးတော်ကြောင့်လို့ အဖေထင်မိတယ်"

"ဖြစ်နိုင်တယ်အဖေ။ ရုပ်ပွားတော်ကို အခုဘယ်မှာထားလဲဟင်"

"ဗုံးတွေကြဲတော့ အဖေမြေအောက်လိုဏ်ဂူထဲဝင်ပုန်းနေရတာ။ အခုရုပ်ပွားတော်ကိုလည်းအဲဒီထဲမှာပဲဝှက်ထားတယ်"

"သမီးတို့မြို့မြောက်ဘက်နောင်ခမ်းကြီးရွာမှာ ခဏသွားရှောင်နေရအောင်။ သမီး စင်သီရာဆီကပြန်လာတော့ မြို့ပေါ်ရပ်ကွက်ကတစ်ချို့လူတွေလည်းအထုပ်ကြီး၊ အထုပ်ငယ်တွေနဲ့ရှောင်ကုန်ကြပြီ"

ဦးမောင်မောင်နှင့်ဆူဇန်တို့သားအဖ ဗုံးဒဏ်ဖြင့်မီးဟုန်းဟုန်းတောက်လောင်နေသောမြို့ကိုစွန့်၍ နောင်ခမ်းကြီးရွာလေးသို့ ထွက်ခွာခဲ့ကြသည်။ ချယ်ရီပန်းများကြွေကျ၍ အချို့သောအပင်များပင်စည်ပင်မမှ ကျိုးကြေပျက်စီးလျက်ကျန်ရစ်ပြီ။ မီးတောက်မီးလျှံများနှင့် မီးခိုးငွေ့များဖြင့်ဖုံးလွှမ်းနေသော မေမြို့သည်တစပြင်ပမာ ဖြစ်၍နေတော့သည်။

■

## ပန်းပွင့်ဝိုင်းတဲ့မြို့

ဂျပန်စစ်လေယာဉ်များပေါ်မှ ကြဲချသောဗုံးဒဏ်ကြောင့် မေမြို့၏နေရာဒေသများစွာတွင် ဗုံးကျင်းကြီးများဖြစ်ခဲ့သည်။ မီးလောင်ဗုံးများကြောင့် ထင်းရှူးသစ်တောများလည်းမီးဟုန်းဟုန်းတောက်လောင်ခဲ့သည်။ မေမြို့၏လှပသောမြင်ကွင်းအားလုံး မီးတောက်မီးလျှံများ၊ မီးလောင်ပြင်များ၊ သေဆုံးဒဏ်ရာရသူများနှင့်လောကငရဲသဖွယ်ဖြစ်ခဲ့လေပြီ။ အလွန်လှပသောမြို့၊ ပန်းပေါင်းစုံပွင့်သောမြို့၏ ပန်းပွင့်များငိုကြွေးရသောမြို့ဖြစ်ခဲ့ပြီ။

မေမြို့သည် ဗြိတိသျှအစိုးရလက်ထက်၌ အစိုးရအရာရှိများ၊ ကုန်သည်ပွဲစားများ၏ အပန်းဖြေရာမြို့ဖြစ်သည်။ ပူပြင်းသောမြန်မာနိုင်ငံ၏ရာသီဥတုမျှတသောမြို့ဖြစ်၏။ တစ်နှစ်ပတ်လုံးမိုးရွာသွန်းသောမြို့လည်းပါလေ၏။ အလွန်မြင့်မားသော ထင်းရှူးပင်၊ ဝက်သစ်ချပင်၊ သစ်ကြီးဝါးကြီးများနှင့်အတူလူတို့စိုက်ပျိုးအပ်သော ဒေလီယာ၊ သစ္စာပန်း၊ ချယ်ရီ၊ ဂန္ဓမာစသောပန်းမျိုးစုံပွင့်သောမြို့သည် ယခုကြောက်မက်ဖွယ်မီးတောက်မီးလျှံများနှင့် ကြေပျက်စီးနေသော မီးလောင်ပြင်ဖြစ်ခဲ့သည်။

ယာမာမိုတိုခေါင်းဆောင်သော ဂျပန်စစ်သားများသည် မြို့ပြကိုကိုတာအိမ်ခြေ

www.burmeseclassic.com



များကိုအတင်းဝင်ရောက်လုယက်ဖျက်စီးမှုများကိုကြမ်းတမ်းစွာကျူးလွန်ကြသည်။ တွေ့သမျှသောမျက်နှာဖြူအမျိုးသမီးများကိုဖမ်းဆီးခေါ်ဆောင်သွားကြသည်။

ဘားမားရိုင်ဖယ်တပ်သည်မေမြို့၏အနောက်မြောက်အရပ်တွင်ရှိ၏။ ထိုတပ်ရင်းကိုလည်းဂျပန်စစ်တပ်ကသိမ်းပိုက်လိုက်ကြသည်။ ဂျပန်ဝင်မလာမီကပင် ဗားမားရိုင်ဖယ်တပ်ရင်းသည် အိန္ဒိယသို့ဆုတ်ခွာသွားခဲ့ပြီ။ ထိုတပ်ရင်း၏သံဆူးကြိုးကာရံထားသောဝင်းကြီးအတွင်း၌ မျက်နှာဖြူလူမျိုးအမျိုးသမီးများကိုဖမ်းဆီးထားလိုက်ကြသည်။

× × × ×

စတီးဘရားသားဝင်းအတွင်းသို့ ဂျပန်များဝင်ရောက်လာခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်မြန်မာနိုင်ငံမှသစ်ထုတ်လုပ်ရေးကိုဆောင်ရွက်လုပ်ကိုင်နေသောကုမ္ပဏီဖြစ်၏။ ဆင်ဝင်နှစ်လုံးနှင့်ဥရောပဟန်ဖြင့်ဆောက်လုပ်ထားသောအမိုးချွန်ချွန်အနီရောင်နှစ်ထပ်ဗိုလ်အိမ်ကြီးသည် တိတ်ဆိတ်လျက်ရှိ၏။ ဝင်းအတွင်းမှအယ်လ်ဇေးရှင်းခွေးကြီးများကဝင်းအတွင်းမှတဝုန်းဝုန်းဟောင်လျက်နေသည်။

ဂျပန်စစ်သားဆယ်ယောက်တို့သည်သေနတ်ကိုယ်စီဖြင့်ဝင်းတံခါးအနီးသို့ချဉ်းကပ်လာကြသည်။ ဝင်းတံခါးကိုသော့ခလောက်များဖြင့်ခတ်၍ပိတ်ထားသည်။ ဂျပန်စစ်သားများသည် ပိတ်ထားသောသော့ခလောက်များကိုဖျက်စီးပစ်လိုက်သည်။ ဂျပန်စစ်သားများဝင်းထဲဝင်လိုက်သည်နှင့်အယ်လ်ဇေးရှင်းခွေးကြီးလေးကောင်သည်အတင်းပြေး၍ဂျပန်စစ်သားအားဝိုင်းကိုက်ကြလေပြီ။ ဂျပန်များက သေနတ်ဖြင့်ပစ်ခတ်ရာခွေးလေးကောင်စလုံးသေနတ်ဒဏ်ရာဖြင့်သေဆုံးသွားကြလေသည်။

တိုက်အိမ်အတွင်းမှမျက်နှာဖြူဗိုလ်မတစ်ဦးကဝင်းခြံအတွင်းမှ ဂျပန်စစ်သားများနှင့်သူမခွေးများ၏တိုက်ပွဲကိုကြည့်၍အလွန်စိတ်ထိခိုက်လျက်ရှိပါ၏။ သူအလွန်ချစ်ရသောခွေးကြီးလေးကောင်၏ကြေကွဲဖွယ်သေဆုံးရခြင်းကိုမြင်နေရ၍ သူမတစ်စုံတစ်ရာကိုပြုလုပ်ရန်ဆုံးဖြတ်လိုက်သည်။

ဂျပန်စစ်သားများ အိမ်ကြီးအတွင်းသို့ဝင်ရန်သံဘာဂျာတံခါးအနီးသို့ချဉ်းကပ်လာခဲ့သည်။ အမွေးစုတ်ဖွားအဖြူရောင်ကြောင်တစ်ကောင်၏ တညောင်ညောင်အော်မြည်သံကိုကြားရသည်။ ထိုကြောင်လေးကိုလည်းဂျပန်စစ်သားကပစ်သတ်လိုက်သည်။ ထို့နောက် သံဘာဂျာတံခါးခိုခတ်ထားသောသော့ကိုလည်း သေနတ်ဒင်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်ဖျက်၍အတင်းဝင်ရောက်သွားသည်။

ဧည့်ခန်းဆောင်သို့ တစစဝင်ရောက်လာကြသည်။ ဧည့်ခန်းဆောင်အတွင်းစားပွဲပေါ်တွင်သောက်လက်စကော်ဖီပန်းကန်နှင့် ပေါင်မုန့်ထောပတ်သုတ်များနှင့်တစ် ပိုင်းတစ်စမုန့်ပန်းကန်ကိုမြင်ရသည်။ ပြောင်လက်နေသောကြမ်းခင်းများပေါ်သို့ဂျပန်စစ်သားများ၏အရိပ်များကျရောက်လျှက်ရှိပါ၏။ ပြောင်လက်နေသောကြမ်းပြင်ရိပ်ထဲတွင်ဂါဝန်အဖြူရောင်မိန်းခလေးတစ်ယောက်၏အရိပ်ကိုမြင်လိုက်ရသည်။ ထိုအရိပ်သည်ကြမ်းပြင်ပေါ် ရပ်နေခြင်းမဟုတ်ပါ။ အထက်ထုတ်တန်းပေါ်တွင် ကြိုးတန်းလန်းဖြင့်မိမိကိုယ်ကိုအဆုံးစီရင်ထားခြင်းသာဖြစ်ပါလေ၏။ သူမမှာ စတီးဘရားသားကုမ္ပဏီမှ စင်သီရာဟုအမည်ရသောအင်္ဂလန်သူမိန်းခလေးတစ်ဦးဖြစ်ပါလေ၏။ ဂျပန်စစ်သားများ၏ကျူးကျော်စော်ကားမှုကိုမခံစားချင်သော စင်သီရာ၏သတင်းဆိုးသည်မေမြို့တစ်မြို့လုံးသို့ပျံ့နှံ့သွားခဲ့သည်။

စင်သီရာ၏အသေဆိုးကြောင့်ဂျပန်ဖက်ဆစ်တို့၏ ယုတ်မာပက်စက်မှုကိုမေမြို့မြို့သူမြို့သားများကောင်းကောင်းကြီးသိရှိသွားလေပြီ။

× × × ×

တောင်ကုန်းပေါ်ဘုန်းတော်ကြီးကျောင်းမှတုံးခေါက်သံကိုကြားရသည်။ နောင်ခမ်းကြီးရွာလေးသည်အရုဏ်နှင့်အတူနိုးထလာခဲ့ပြီ။ စင်းသီရာ၏သတင်းဆိုးမှာဆူဇန်တို့ခေတ္တပုန်းခိုနေသည့်နောင်ခမ်းကြီးဘုန်းတော်ကြီးကျောင်းသို့ရောက်လာသည်။

"အဖေ. . မနေ့က စင်သီရာကိုယ့်ကိုကိုယ်အဆုံးစီရင်သွားတယ်ဆိုတဲ့သတင်းတစ်မြို့လုံးအနှံ့မှာပြောနေကြတယ်"

"ဟုတ်တယ်သမီး၊ တစ်ခါတစ်ခါစစ်ဆိုတာရှုံးနိမ့်သူတွေ ကျရှုံးရပြီး၊ နိုင်တဲ့သူတွေအတွက်လည်းလူမဆန်တဲ့ယုတ်မာမှုဂုဏ်သတင်းကိုရစေတတ်တယ်သမီး"

"စင်သီရာဟာအလွန်ကြင်နာတတ်တဲ့သူနာပြုဆရာမတစ်ယောက်ပါအဖေ။ သမီးနဲ့အတူဆေးရုံမှာဒဏ်ရာရတဲ့လူနာတွေကိုအစွမ်းကုန်ကုသကယ်တင်ခဲ့တဲ့သူပါ။ သမီးတို့နောင်ခမ်းကြီးကိုထွက်လာမယ်ဆိုတော့စင်သီရာကိုလိုက်ခဲ့ဖို့ခေါ်ခဲ့သေးတယ် အဖေ။ အဲဒီတော့သူက ဆူဇန်ရယ်တို့ရှိရည်ကဘယ်မှာနေနေဂျပန်တွေကအလွတ်ပေးမှာမဟုတ်ဘူး။ အဆင်ပြေတဲ့တစ်နေ့မှာတို့အိန္ဒိယကိုထွက်မှာပါလို့ပြောခဲ့တယ် အခုတော့ စင်သီရာလူ့ဘဝထဲကထွက်သွားရရှာပြီ"

"ကဲပါသမီးရယ် စိတ်မကောင်းဖြစ်မ

www.burmeseclassic.com

www.burmeseclassic.com



နေပါနဲ့။ အဖေတို့သိမ်းဆည်းထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကိုအမြဲပူဇော်သမီး။ အခုလိုကာလမှာ ကိုးကွယ်အားထားရာဘုရားမှတစ်ပါးအားကိုးရာမရှိဘူးသမီး။ ဖေဖေတို့ရာဟိန္ဒူနတ်ဘုရားတွေကိုလည်းပူဇော်မနေနဲ့သမီး။ ကိုယ့်ကိုကိုယ်အဆုံးစီရင်သွားတဲ့သမီးသူငယ်ချင်းအတွက်လည်းအမျှပေးဝေပေါ့သမီးရယ်"

တွေဝေငေးမောနေရင်းက ဆူဇန်သူမအဖေကိုခေါင်းညိမ့်ပြလိုက်သည်။

■

## နောက်ကျောကမိတ်ဆွေ

၁၉၃၉ခုနှစ် စက်တင်ဘာ ၁ရက်တွင် ဂျာမန်တို့သည် ပိုလန်နိုင်ငံကိုရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုအခါ ဗြိတိသျှနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ပိုလန်နိုင်ငံကိုကူညီရန်တာဝန်ရှိသည့်အလျောက် စက်တင်ဘာ ၃ရက်နေ့တွင် ဂျာမဏီနိုင်ငံအားစစ်ကြေညာခဲ့လေသည်။ ဥရောပတိုက်၌စစ်မီးများစတောက်နေချိန်တွင်မြန်မာပြည်၌အမျိုးသားစည်းလုံးရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်များတက်ကြွပြင်းထန်လျက်ရှိသည်။ သခင်အောင်ဆန်းအမှူးပြုသော မျိုးချစ်လူငယ်ခေါင်းဆောင်တို့က ဗြိတိသျှတို့ကိုမြန်မာမြေမှတိုက်ထုတ်ရန်ကြံစည်အားထုတ်ကြလေသည်။ ၁၉၄၀ပြည့်နှစ် ဩဂုတ်လ ၈ရက်နေ့တွင် သခင်အောင်ဆန်းသည် မြန်မာပြည်မှရုတ်ချည်းပျောက်သွားသည်။ ၁၉၄၁ခုနှစ် ဧပြီလတွင်မြန်မာပြည်သို့ရုပ်ဖျက်ပြန်လာပြီးလျှင် ပြည်တွင်းပြည်ပတော်လှန်ရေးအတွက်မြန်မာလူငယ်ခေါင်းဆောင်တို့နှင့်တိုင်ပင်သည်။ ထို့နောက်သခင်အောင်ဆန်းသည် မြန်မာပြည်မှတဖန်ထွက်ခွာသွားလေသည်။ ထိုအခါပြည်တွင်း၌ကျန်ရစ်သောခေါင်းဆောင်များက သခင်အောင်ဆန်းအပါအဝင်လူငယ် ၃၀မျှကို

www.burmeseclassic.com

www.burmeseclassic.com



စစ်သင်တန်းတက်ရန်ရွေးချယ်၍ဂျပန်နိုင်ငံသို့ တစ်သုတ်ပြီးတစ်သုတ်လျှို့ဝှက်စွာပို့ခဲ့ကြသည်။ ယင်းတို့သည်ကားနောင်အခါ ယိုးဒယားနိုင်ငံတွင်ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကိုခေါင်းဆောင်ဖွဲ့စည်းသောရဲဘော်သုံးကျိပ်ဟုအမည်တွင်သူများဖြစ်ကြသည်။

ထိုအချိန်က မြန်မာပြည်ဘုရင်ခံသည် ဆာဒေါ်မန်စမစ်ဖြစ်၍ နန်းရင်းဝန်မှာ ဦးစောဖြစ်လေသည်။ ဦးစောသည် ၁၉၄၁ ခုနှစ် အောက်တိုဘာလဆန်းတွင် ဗြိတိသျှ နန်းရင်းဝန် မစ္စတာချာချီနှင့် အတ္တလန္တိတ်ကြေညာချက်ကိုအခြေပြုလျက် မြန်မာပြည်လွတ်လပ်ရေးကိစ္စကိုအရေးဆိုရန် ဗြိတိသျှအစိုးရထံမှ ကျေနပ်ဖွယ်ရာအဖြေကိုမရသဖြင့်မြန်မာပြည်သို့ပြန်ခဲ့ရာတွင် ဂျပန်နှင့်အဆက်အသွယ်ရှိသည်ဟုယူဆ၍ ဗြိတိသျှတို့က ဦးစောအားအာဖရိကတိုက် ယူဂန်ဒါနယ်တွင်ချုပ်ထားလိုက်သည်။

ထိုသို့ဦးစောသည် ဗြိတိသျှအစိုးရနှင့် အရေးဆိုပြန်လာနေခိုက် ၁၉၄၁ခုနှစ်ဒီဇင်ဘာ ၇ရက်နေ့တွင် ဂျပန်တို့သည်စစ်မကြေညာဘဲ အမေရိကန်ပြည်ထောင်စုပိုင် ဟာဝိုင်ယီကျွန်းရှိ ပါလ်ဟားဗားခေါ် ပုလဲဆိပ်ကမ်းကိုရုတ်တရက်ဗုံးကြဲတိုက်ခိုက်ကြလေသည်။ ယင်းသို့စတင်တိုက်ခိုက်ပြီး နောက်နာရီပေါင်းများစွာကြာမှဂျပန်အစိုးရက အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိသျှနိုင်ငံတို့ကိုစစ်ကြေညာလေသည်။ ဒီဇင်ဘာ ၈ရက်နေ့တွင် ဗြိတိသျှနှင့်အမေရိကန်ပြည်ထောင်စုတို့က ဂျပန်ကိုတုံ့ပြန်စစ်ကြေညာသည်။

ဂျပန်အပါအဝင် ဝင်ရိုးစွန်းနိုင်ငံများဖြစ်သောဂျာမနီနှင့် အီတလီနိုင်ငံတို့ကလည်းအမေရိကန်ပြည်ထောင်စုကိုစစ်ကြေညာ၍ အမေရိကန်ပြည်ထောင်စုကလည်း တုံ့ပြန်စစ်ကြေညာလိုက်သည်။ ထိုသို့မဟာမိတ်နိုင်ငံများနှင့်ဝင်ရိုးစွန်းတန်းနိုင်ငံများ အပြန်အလှန်စစ်ကြေညာခြင်းအားဖြင့် စစ်မီးသည်တစ်ကမ္ဘာလုံးသို့ပျံ့နှံ့သွားတော့သည်။

အနောက်ဘက်ဥရောပတွင် အစပြုခဲ့သောဒုတိယကမ္ဘာစစ်မီးသည် ဂျပန်၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အရှေ့တိုင်းနိုင်ငံများသို့ ကူးစက်လာခဲ့သည်။ ပစိဖိတ်သမုဒ္ဒရာသည် ဂျပန်နှင့် အင်္ဂလိပ်၊ အမေရိကန်တို့စစ်ခင်းရာဒေသဖြစ်လာသည်။ ဂျပန်တို့သည် စစ်မကြေညာဘဲအငိုက်တွင် ဝင်စီးလိုက်ရသဖြင့် အင်္ဂလိပ်၊ အမေရိကန်ပိုင်နက်နယ်မြေများကိုတစ်ခုပြီးတစ်ခုချီတက်သိမ်းပိုက်ခဲ့ရာ ဂူအမ်ကျွန်း၊ ဝိတ်ကျွန်း၊ ဟောင်ကောင်ကျွန်း၊ ဖိလစ်ပိုင်ကျွန်းများ၊ လူဇုန်၊ ဗာတန်း၊ ကော်ရက်ဂျီဒေါ်စဲလ်ဗီး

www.burmeseclassic.com

www.burmeseclassic.com



အစရှိသော ကျွန်းများသည်လည်းကောင်း၊ တော်ပူခံတပ်မြို့ကြီးသည်လည်းကောင်း၊ မလာယုပြည်မကြီးသည်လည်းကောင်း မရှုမလှကျရှုံးခဲ့ရလေသည်။ ထိုအချိန်မှာပင် ဂျပန်တို့သည် ယိုဒယားနိုင်ငံကိုအခြေပြု၍ ဂျပန်နိုင်ငံတွင်စစ်သင်တန်းတက်ခဲ့သော ရဲဘော်သုံးကျိပ်တို့နှင့် အတူစစ်ကြောင်းသုံးကြောင်းဖြင့်လျက်ဝင်လာကြသည်။ မြန်မာ့တော်လှန်ရေးအင်အားစုများကလည်း ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၆ရက်နေ့တွင် ယိုးဒယားနိုင်ငံ၌ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကိုဖွဲ့စည်းခဲ့ကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တို့မြန်မာပြည်ကိုတိုက်ခိုက်သိမ်းပိုက်ရာတွင် ပါဝင်ကူညီခဲ့လေသည်။

ဂျပန်စစ်တပ်များသည် မြန်မာပြည်တောင်ဘက်အစွန်းဆုံးရှိကော့သောင်းမြို့ကို ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် သိမ်းပိုက်မိလေသည်။ ၁၉၄၂ခုနှစ် ဇန်နဝါရီလ ၁၉ရက်နေ့တွင်ထားဝယ်မြို့ကိုလည်းကောင်း၊ ၁၉၄၂ခုနှစ် ဇန္နဝါရီလ ၃၁ရက်နေ့တွင် မော်လမြိုင်မြို့ကိုလည်းကောင်း သိမ်းပိုက်ခဲ့လေသည်။ ထိုအချိန်တွင်မြန်မာပြည်စစ်မျက်နှာရှိဗြိတိသျှတပ်များကိုအိန္ဒိယပြည်စစ်သေနာပတိချုပ်ဗိုလ်ချုပ်မှူးဝေဗလ်ကကွပ်ကဲအုပ်ချုပ်လျက်ရှိလေသည်။

တရုတ်စစ်မျက်နှာ၏ မဟာမိတ်စစ်သေနာပတိချုပ်ချန်ကေရှိတ်ထံမှ စစ်ကူကိုလည်း ဗြိတိသျှတို့ကတောင်းခဲ့သည်။ မော်လမြိုင်မြို့ကျဆုံးပြီးနောက် ဗြိတိသျှတပ်များသည်သံလွင်မြစ်အနောက်ဖက်ကမ်းသို့ဆုတ်ခွာလျက်ဂျပန်တို့ကိုခုခံရန်စစ်ပြင်ဆင်ကြသည်။ ၁၉၄၁ခုနှစ် ဒီဇင်ဘာလ ၂၃ရက်နံနက်၁၀နာရီမိနစ် ၄၀အချိန်တွင် ဂျပန်လေတပ်က ရန်ကုန်မြို့ကိုပထမဆုံးအကြိမ်လေကြောင်းမှဗုံးကြဲတိုက်ခိုက်သည်။ မြို့နေလူထုအတွက်လေကြောင်းအန္တရာယ်အကာအကွယ်လုံလောက်စွာမရှိသည်ကတစ်ကြောင်း၊ ရန်သူ့လေယာဉ်ပျံများကိုဆီးကြိုတိုက်ခိုက်နိုင်လောက်အောင်လေတပ်အင်အားမရှိသည်ကတစ်ကြောင်းတို့ကြောင့် အထိအခိုက်အသေအပျောက်များခဲ့ရသည်။ မင်္ဂလာဒုံလေယာဉ်ကွင်း၌ ရှိသမျှသော အာရ်အေအက်(ဖ)လေယာဉ်များနှင့် အေဗီဂျီအမေရိကန်အပျော်တမ်းတပ်မဟာမှ လေယာဉ်ပျံများကရန်သူ့လေယာဉ်အချို့ကိုတိုက်ခိုက်နိုင်ခဲ့သည်။ သို့သော်ဂျပန်တို့၏စစ်အင်အားကိုအံတုနိုင်ခြင်းမရှိခဲ့ပေ။ ဒီဇင်ဘာလ ၂၅ရက်ခရစ်စမတ်ပွဲတော်နေ့တွင်ရန်ကုန်မြို့ကို ဒုတိယအကြိမ်ဗုံးကြဲတိုက်ခိုက်ပြန်သည်။ ရန်ကုန်မြို့နေလူထု

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်လုံးစိတ်ဓာတ်ပျက်ပြားကုန်သဖြင့် မိမိတို့အိုးအိမ်များကိုစွန့်ပစ်၍လွတ်ရာဒေသများသို့ရှောင်တိမ်းထွက်ခွာကြလေသည်။ အိန္ဒိယလူမျိုးထောင်သောင်းများစွာတို့သည် တောင်ကုတ်တောင်ကြားလမ်းမှတဆင့် အိန္ဒိယပြည်သို့ပြန်ရန်ပြည်မြို့ဘက်သို့တစီတတန်းကြီးခြေကျင်ထွက်ခွာခဲ့ကြသည်။

သံလွင်မြစ်အနောက်ဘက်ကမ်းရှိ ဗြိတိသျှစစ်တပ်များသည် ဂျပန်စစ်တပ်၏ အင်အားကြီးမားမှုကြောင့် ၁၉၄၂ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် စစ်တောင်းမြစ်ဘက်သို့ဆုတ်ခွာပေးနေရသည်။ ဂျပန်စစ်တပ်သည်စစ်တောင်းမြစ်တံတားကိုအလျင်အမြန်စီးမိစေရန်တောလမ်းမှပန်းတက်လာသဖြင့် ဗြိတိသျှတပ်များသည် တံတားကိုဖျက်ဆီးခဲ့ပြီးတဖက်ကမ်းသို့ ကမန်းကတမ်းဆုတ်ခွာခဲ့ရလေသည်။ ဂျပန်စစ်တပ်သည် စစ်တောင်းမြစ်ကိုဖြတ်ကျော်၍ ပဲခူးဘက်သို့ချီတက်လာကြလေသည်။ ဂျပန်တို့၏ အကြံမှာ ရန်ကုန်-မန္တလေးလမ်းကိုဖြတ်တောက်၍ ရန်ကုန်-ပြည်လမ်းကိုလည်း အဆက်ဖြတ်ရန်ဖြစ်သည်။ ထိုလမ်းမကြီးနှစ်သွယ်ကိုဖြတ်လိုက်ခြင်းအားဖြင့် ရန်ကုန်နယ်တစ်ဝိုက်ကိုဝိုင်းမိလျက်ရှိမည့်အပြင် ပဲခူးမြို့မြောက်ဘက်နှင့် တောင်ဘက်ရှိ ဗြိတိသျှတပ်များကိုခါးပြတ်အောင်တိုက်ခိုက်ခြင်းဖြစ်သည်။ ဂျပန်တို့၏စစ်ဆင်ရေးကြောင့် အင်္ဂလိပ်အစိုးရဘုရင်ခံမှအစအုပ်ချုပ်ရေးပိုင်းမှအရာရှိ အရာခံတို့သည် ရန်ကုန်မှထွက်ခွာရန်အချိန်ရောက်ရှိလာခဲ့လေပြီ။ ထို့ကြောင့် ဖေဖော်ဝါရီလ ၂၈ရက်နေ့တွင် ဘုရင်ခံက ရန်ကုန်မှထွက်ခွာရန် အမိန့်ပေးနှိုးဆော်ပြီးနောက် မတ်လ ၁ရက်နေ့တွင် အစိုးရအဖွဲ့သည်မေမြို့သို့ပြောင်းရွှေ့ခဲ့လေသည်။မတ်လ၆ရက်နေ့တွင်ဂျပန်စစ်တပ်နှင့်အတူမြန်မာ့လွတ်လပ်ရေးတပ်မတော်မှရဲဘော်အချို့တို့သံလျှင်မြို့အနီးသို့ရောက်ရှိလာကြသည်။ မတ်လ ၇ရက်မြို့စောင့်တပ်သည်လည်းပြည်မြို့ဘက်သို့ဆုတ်ခွာခဲ့လေသည်။ ထိုအချိန်တွင် တရုတ်စစ်သူကြီးချန်ကေရှိတ်၏ သဘောတူညီချက်အရစစ်ကူရောက်လာကြသော တရုတ်တပ်များသည်တောင်ငူမြို့၌တပ်စွဲထားလေသည်။ အမေရိကန်သမ္မတက မြန်မာပြည်ရှိတရုတ်တပ်များကိုကွပ်ကဲရန်ဗိုလ်ချုပ်ကြီးစတီးဝဲလ်ကိုစေလွှတ်ထားသည်။

မြန်မာပြည်ဘုရင်ခံနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများမေမြို့တွင်ရုံးစိုက်လျှက်ရှိရာ ဦးစော၏နေရာတွင် ဆာပေါ်ထွန်းကိုနန်းရင်းဝန်အဖြစ်ခန့်အပ်ထားသည်။ သို့သော် ဘုရင်ခံနှင့်အစိုးရအဖွဲ့သည် မည်ကာမတ္တမျှသာဖြစ်လေပြီ။တိုင်းပြည်တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ချောက်ချားလျက်ရှိသည်။ အစိုးရအတွက် အခက်အခဲဆုံးပြဿနာမှာ ရန်ကုန်မြို့ကို စွန့်ခွာခဲ့သောအိန္ဒိယနိုင်ငံသားစစ်ပြေးဒုက္ခသည်များသည် ပြည့်မြို့မှတစ်ဆင့်၊ တောင်ကုတ်တောင်ကြားလမ်းကိုဖြတ်၍ ရခိုင်ပြည်နယ်သို့ကူးကြပြီးနောက် ထိုမှတဆင့် အိန္ဒိယပြည်သို့သွားကြမည့် အရေးပင်ဖြစ်၏။ သို့သော်ထောင်ပေါင်းများစွာသော စစ်ပြေးဒုက္ခသည်တို့မှာ ရေငတ်၍သော်သည်းကောင်း၊ ခရီးပန်း၍သော်လည်းကောင်း၊ ကပ်ရောဂါဆိုးကျရောက်၍လမ်းခရီးမှာသေဆုံးကြရခြင်းပင်ဖြစ်သည်။

၁၉၄၂ခုနှစ် မတ်လတွင်ရန်ကုန်မြို့ကျဆုံးပြီး တောင်ကုတ်လမ်းတွင်စစ်ပြေးဒုက္ခသည်များဖြင့်ပိတ်ဆို့နေသဖြင့် ဗြိတိသျှစစ်တပ်များသည် ထိုလမ်းမှဆုတ်ခွာရန်မဖြစ်နိုင်တော့ချေ။ မြန်မာပြည်မြောက်ဖျားသို့တမူးလမ်းသာလျှင်ပွင့်လျှက်ရှိလေသည်။ ထို့ကြောင့်မြန်မာပြည်အရပ်ရပ်ရှိအိန္ဒိယနိုင်ငံသားဒုက္ခသည်များသည်လည်း ထိုတမူးလမ်းမှတဆင့်အိန္ဒိယပြည်သို့ပြန်ရန်အတွက် မန္တလေးမြို့အနီးအမရပူရမြို့တွင်စုရုံးနေကြသည်။ ဗြိတိသျှစစ်တပ်များကလည်းထိုလမ်းတစ်သွယ်ကိုသာအားကိုးအားထားပြုနေရသဖြင့်တစ်နေ့လျှင် စစ်ပြေးဒုက္ခသည်၅၀၀မျှကိုသာသွားခွင့်ပြုခဲ့သည်။

ဂျပန်တပ်များသည် အနောက်စစ်ကြောင်းတွင်ပြည်မြို့ဘက်သို့လည်းကောင်း၊ အရှေ့စစ်ကြောင်းတွင်တောင်ငူဘက်သို့လည်းကောင်းချီတက်လျက်ရှိကြလေသည်။ မတ်လ ၂၁ရက်နေ့တွင်မကွေးမြို့၌ရှိသောဗြိတိသျှလေတပ်စုကိုဂျပန်လေတပ်ကအပြီးအပိုင်ချေမှုန်းပစ်လိုက်သည်။ ထိုသို့အားဖြင့်မြန်မာပြည်မြို့များသည်လည်းကောင်း၊ ဂျပန်ကိုခုခံလျက်ရှိသော ဗြိတိသျှတပ်များသည်လည်းကောင်း လေကြောင်းအကာအကွယ်ဟူ၍လုံးဝမရှိဖြစ်လေတော့သည်။

ပြည်မြို့ဘက်ရှိဗြိတိသျှတပ်များနှင့် တောင်ငူဘက်ရှိတရုတ်တပ်များသည် မြောက်ဘက်သို့အပြင်းဆုတ်ခွာနေရသည်။ မြန်မာပြည်အလယ်ပိုင်းရှိရေနံတွင်းများကို ရန်သူ့လက်မကျစေရန်ဆက်လက်ကာကွယ်နေရသည်။

ဧပြီလ ၃ရက်နေ့တွင်ဂျပန်လေတပ်မှ မန္တလေးမြို့ကိုဗုံးကြဲတိုက်ခိုက်ရာ မြို့ပျက်ကြီးဖြစ်ခဲ့လေပြီ။ ရေနံတွင်းများကိုကာကွယ်ရန်အတွက်အောင်လံမြို့အထက် မိကျောင်းရဲ၌ချထားသောစစ်ကြောင်းသည်လည်းကောင်း၊တောင်တွင်းကြီးစစ်ကြောင်းသည်လည်းကောင်းကျိုးပေါက်သဖြင့်ဧပြီလ ၁၅ရက်နေ့တွင်ရေနံတွင်းများကိုဖျက်ဆီး၍ မန္တလေးဘက်သို့ဆုတ်ခွာရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်တောင်ငူဘက်မှ တရုတ်တပ်များကိုတိုက်ထုတ်ချီတက်လာသော ဂျပန်တပ်များသည် ရှမ်းပြည်ဘက်မှစစ်ကြောင်းဖြန့်၍ စစ်ဌာနချုပ်တည်ရှိရာမေမြို့ကိုသိမ်းရန်မြောက်ဘက်သို့ချီတက်လာကြသည်။

ထို့ကြောင့်ဘုရင်ခံနှင့် အစိုးရအဖွဲ့ရုံးစိုက်ရာလည်းဖြစ်၊ စစ်ဌာနချုပ်လည်းဖြစ်သော မေမြို့မှပြောင်းရွှေ့ရန်အချိန်ဆိုက်ရောက်လာသည်။ ဗြိတိသျှဗိုလ်ချုပ်ကြီးအယ်လက်ဇန္ဒားသည် ဧပြီလ ၂၆ရက်နေ့တွင်စစ်ဌာနချုပ်ကို ရွှေဘိုသို့ပြောင်းရွှေ့ရန်အမိန့်ပေးခဲ့သည်။ ဘုရင်ခံချုပ်နှင့်အစိုးရအဖွဲ့သည် မြစ်ကြီးနားသို့ပြောင်းရွှေ့ရုံးစိုက်ပြန်သည်။ ဂျပန်တပ်များက လားရှိုးမြို့ကိုသိမ်းပိုက်မိသောအခါ ဗြိတိသျှတပ်များအဖို့စစ်ရေးမလှသဖြင့် ဗိုလ်မှူးချုပ်အယ်လက်ဇန္ဒားသည် ဧပြီလ ၃၀ရက်နေ့တွင်တမူးဘက်မှ အိန္ဒိယပြည်သို့ဆုတ်ခွာရန်အမိန့်ပေးလေသည်။ ထိုနေ့ညမှာပင်အင်းဝတံတားကြီးကိုချိုးဖျက်ပစ်ခံရသည်။

မြစ်ကြီးနားမြို့တွင် ရောက်ရှိနေသောဘုရင်ခံဆာဒေါ်မန်စမစ်လည်းမေလ၄ရက်နေ့တွင် အိန္ဒိယပြည်သို့ လေကြောင်းခရီးဖြင့်ဆုတ်ခွာသွားခဲ့သည်။ မေလ ၈ရက်နေ့တွင်မြစ်ကြီးနာမြို့လည်းဂျပန်လက်အောက်ကျရောက်သွားလေပြီ။ ဘုရင်ခံချုပ်မရှိတော့သော်လည်း ဗြိတိသျှစစ်သားများနှင့်ဂျပန်တို့၏စစ်ပွဲကားဆက်လက်၍ဖြစ်ပေါ်နေဆဲဖြစ်သည်။ ဗြိတိသျှစစ်တပ်များသည်ရွှေဘိုမြို့မှချင်းတွင်းမြစ်အနောက်ဘက်ကမ်းပေါ်ရှိကလေးဝမြို့သို့ဆုတ်ခွာလာကြသည်။ မေလ၁ရက်နေ့တွင်ဂျပန်များသည် မုံရွာမြို့ကိုတပ်စွဲထားနိုင်ခဲ့သည်။ ဂျပန်တပ်များသည် ဗြိတိသျှတပ်များ၏ထွက်ပေါက်ကိုဆီးကြိုပိတ်ဆို့ရန် ကလေးဝမြို့နှင့်မြစ်တစ်ဘက်ကမ်းပေါ်ရှိ ရွှေကျင်ရွာသို့အပြေးချီတက်လာကြလေပြီ။ ရွှေကျင်ရွာတွင်နှစ်ဦးနှစ်ဘက်စုံမိ၍ တိုက်ပွဲဖြစ်ပွားသည်။ သို့ရာတွင်ဗြိတိသျှတပ်များ မေလ ၁၄ရက်နေ့တွင်တပ်သားအားလုံးချင်းတွင်းမြစ်ကိုဖြတ်ကျော်ကူးမြောက်နိုင်ခဲ့သည်။

မြန်မာပြည်ရှိ တရုတ်တပ်များကိုအုပ်ချုပ်လျှက်ရှိသော အမေရိကန်စစ်ဗိုလ်ချုပ်စတီးဝဲလ်သည် ရွှေဘိုမြို့မှ ချင်းတွင်းမြစ်ကမ်းပေါ်ရှိ ဟုမ္မလင်းမြို့သို့လည်းကောင်း၊ ထိုမှတဆင့်ခြေကျင်ခရီးဖြင့် တမူးတောင်ကြားကိုဖြတ်၍စစ်ဌာနချုပ်တည်ရှိရာ အင်ဖားမြို့သို့လည်းကောင်း မေလ၂၀ရက်နေ့တွင်ရောက်ရှိသွားလေသည်။ မြန်မာပြည်မှ အိန္ဒိယပြည်ဘက်သို့တာ မိတ်တပ်များဆုတ်ခွာခဲ့ရာ၌တောကြီးတော ကြီးများကိုလမ်းထွင်၍သွားရန်ခက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မြစ်ချောင်းများကိုဖြတ်ကာခြေကျင်လျှောက်ရသည်။ ဖောင်ဖွဲ့၍လည်းကူးရသည်။ ဤသို့လျှင်မဟာမိတ်တပ်များသည် ရက်ပေါင်း ၂၀ခန့်ပင်ပန်းခဲယဉ်းစွာအိန္ဒိယပြည်သို့ဆုတ်ခွာခဲ့ကြသည်။

မိုးတွင်းကာလရောက်လာပြီ။ မိုးများသည်းထန်စွာရွာသွန်းလေပြီ။ အောင်နိုင်သူတွေလည်းမောပြီ။ဆုတ်ခွာသူတွေလည်းမောလေပြီ။

■

## အောင်မြင်စွာဆုတ်ခွာခြင်း

မြန်မာနိုင်ငံမှဆုတ်ခွာလာသော ဘားမားရိုင်ဖယ်တပ်ရင်းသည် တောအထပ်ထပ်၊တောင်အထပ်ထပ်ကိုဖြတ်သန်းလာခဲ့ကြသည်။ အနောက်ရိုးမကလေး၀-တမူးလမ်းမကြီးပေါ်တွင်ဂျပန်လေတပ်မှနောက်ကလိုက်၍ ဗုံးများ၊ စက်သေနတ်များဖြင့်တရစပ်ပစ်ခတ်တိုက်ခိုက်လိုက်ပါလာခဲ့သည်။

ဗဟာဒူးတို့ တပ်စိတ်တစ်စိတ်သည်တောင်စွယ်တစ်ခုအနီးတွင်စခန်းချလျက်ရှိ၏။ စစ်ပွဲတွင်ရှုံး၍ဆုတ်ရသောတိုက်ပွဲသည်ပိုမိုပင်ပန်းလှသည်။ စစ်သားဟူသည်အောင်ပွဲရသောတိုက်ပွဲတွင် ရဲရင့်သောစိတ်များဖြစ်၏။ ရှုံးနိမ့်သော စစ်ပွဲနှင့်ကြုံရသောအခါ၊ စစ်ပင်ပန်းမှု၊ ညှိုးချုံးကြေကွဲမှုစသော စိတ်ခံစားမှုသည်ပိုမို၍ စိတ်ဆင်းရဲမှုဖြစ်ပါ၏။

"တပ်မှူး. . ကျွန်တော် မြန်မာပြည်မှာပဲနေရစ်ခဲ့မယ် "

ပျိုမျစ်နုနယ်ခြင်းဖြင့်စိတ်အားငယ်နေသောတပ်သားဗဟာဒူးကသူ၏တပ်မှူးကပ္ပတိန် ပီတာဆင်ကိုပြောလိုက်သည်။

အရပ်မြင့်မြင့် ကပ္ပတိန်ပီတာဆင်ကလူငယ်ဂေါ်ရခါးစစ်သားလေး၏စကားကိုအမှတ်မထင်ကြားလိုက်ရ၍ အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူလေးမင်းဘာကြောင့် မြန်မာပြည်မှာနေရစ်ချင်ရတာလဲ "

"တပ်မှူး.. ကျွန်တော့်မိဘတွေဟာ မြန်မာပြည်ဖွား ဂေါ်ရခါးလူမျိုးတွေပါ။ ကျွန်တော့်မိဘဆွေမျိုးတွေအားလုံး မေမြို့မှာအနှစ်တစ်ရာကျော်ကနေလာခဲ့ကြတာ။ ကျွန်တော့်ဆွေမျိုးတွေကိုခွဲပြီးလာခဲ့ရတော့ ကျွန်တော့်စိတ်ထဲမှာ မတရားဘူးလို့ခံစားရတယ်။နောက်ပြီး ကျွန်တော်တို့ဘာကြောင့်စစ်တိုက်နေရတာလဲ။ ဘယ်အတွက်စစ်တိုက်နေရတာလဲ။ ကျွန်တော် စစ်တိုက်ရခြင်းရဲ့အဓိပ္ပာယ်ကို နားမလည်တော့ဘူးဗျာ။ နောက်ပြီး ကျွန်တော်တို့ရဲ့ရန်သူမဟုတ်တဲ့ဂျပန်တွေကလည်း သဲကြီးမဲကြီးလိုက်ပြီးတိုက်နေရတာလဲ။ ဘာ့အတွက် ကျွန်တော်တို့ကိုတိုက်နေရတာလဲ။ ကျွန်တော်တို့ဆွေမျိုးတွေနေတဲ့မေမြို့ကိုလည်းတိုက်ခိုက်ချေမှုန်းလိုက်ကြပြီ။ ကျွန်တော်တို့တပ်ရင်းကိုလည်းသူတို့သိမ်းပိုက်လိုက်ပြီ။ မေမြို့မှာ ကျန်ရစ်ခဲ့တဲ့ အင်္ဂလိပ်လူမျိုးတွေ၊ကျွန်တော်တို့ဂေါ်ရခါးလူမျိုးတွေနဲ့တိုင်းရင်းသားအားလုံး၊ စစ်ရဲ့သားကောင်တွေဖြစ်ပြီးကျန်ရစ်ခဲ့ကြပြီ ကျွန်တော်တို့တပ်ကလည်း မကာကွယ်နိုင်ခဲ့ဘူး။ ကျွန်တော်တို့ဆွေမျိုးတွေကိုစွန့်ပစ်ပြီးအိန္ဒိယကိုဆုတ်ခွာလာတာကျွန်တော်တို့တရားပါ့မလား။ ကျွန်တော်တို့ မြန်မာပြည်မှာပဲနေပြီး၊ ဂျပန်ကိုခုခံတိုက်ခိုက်တာကတာဝန်ကျေမယ်ထင်တယ် တပ်မှူး"

လူငယ်စစ်သားလေး၏ ရင်ထဲမှစကားကို တပ်မှူးကပ္ပတိန်ပီတာဆင်သည် ခေါင်းတငြိမ့်ငြိမ့်ဖြင့်နားထောင်နေသည်။ ကပ္ပတိန်ပီတာဆင်က သူ့လက်ထဲမှစီးကရက်ဘူးကို ဗဟာဒူးအားပေး၍ဆေးလိပ်သောက်ခိုင်းသည်။ ဗဟာဒူးက စီးကရက်တစ်လိပ်ကိုထုတ်၍မီးညှိရှိုက်ဖွာလိုက်သည်။

"လူလေးပြောတဲ့ စကားတွေဟာသိပ်တန်ဖိုးရှိတယ်။ လူဟာကိုယ့်ဆွေမျိုးတွေကိုချစ်ရမယ်၊ သစ္စာရှိရမယ်။ လူလေးဆွေမျိုးတွေမေမြို့မှာ ဒုက္ခရောက်သလို၊ တို့လူမျိုးတွေလည်းအများကြီးဒုက္ခရောက်ကျန်ရစ်ခဲ့ကြပြီ။ မင်းနေရစ်ချင်တဲ့မြန်မာပြည်ကိုတို့အပြီးအပိုင်စွန့်ခွာလာတာမဟုတ်ဘူး။ စစ်ရဲ့သဘောတရားအရဂျပန်ဟာစစ်အင်အားကောင်းနေချိန်၊ သူ့သဘာဝအရသူတို့မြန်မာပြည်ကို သိမ်းကိုသိမ်းကြမှာ။ စစ်ရေးမဟာဗျူဟာအရ တို့စစ်သားတွေအချည်းနှီးမသေစေချင်ဘူး၊ လူလေး။ စစ်သားကောင်းတစ်ယောက်ရဖို့ အနှစ်နှစ်ဆယ်လောက်မွေးမြူရတယ်။အင်မတန်စွမ်းအားပြင်းတဲ့လက်နက်ကြီးတွေကို နောရီပိုင်အတွင်းမှာ စက်ရုံကြီးတွေကထုတ်လုပ်နိုင်

www.burmeseclassic.com



တယ်။ လူလေးတို့လိုစစ်သားကောင်းတွေ ရဖို့တော့ အဲဒီလောက်မလွယ်ဘူး။လူလေး အသက်အခုဘယ်လောက်လဲ"

"ကျွန်တော့်အသက် နှစ်ဆယ်ပါတပ်မှူး"

"အေး. . လူလေးတို့လိုသစ္စာရှိတဲ့ စစ်သားတွေ အချည်းနှီးမကျဆုံးစေချင်လို့ တို့အောင်မြင်စွာဆုတ်ခွာလာကြတာ။ မင်းချစ်တဲ့မြန်မာပြည်ကိုတို့စစ်တပ်မကြာမီပြန်ဝင်လာမှာပဲ။ မင့်အတွေးအမြင်တွေရင့်ကျက်လာတဲ့အချိန်၊ မင်းချစ်တဲ့ ဆွေမျိုးတွေရှိရာမြေမြို့ကို တို့ပြန်သွားကြမယ်လူလေး။ အခုတော့ငါတို့ဦးတည်နေတဲ့ အိန္ဒိယပြည်ဟိုရှာပူမြို့ကို ချီတက်ရမယ်လူလေး"

ပီတာဆင်နှင့် ဗဟာဒူးစကားမဆုံးမီ၊ ဂျပန်စစ်လေယာဉ်ပျံနှစ်စင်း အရှိန်ပြင်းစွာမောင်းနှင်လာသောအသံကို ကြားရသည်။ လေယာဉ်ပျံပေါ်မှစက်သေနတ်သံများတရစပ်ထွက်လာသည်။

"တပ်စုအားလုံးလုံခြုံရာမှာ နေရာယူ အထိအခိုက်အကျအဆုံးမရှိစေနဲ့"

လေယာဉ်ပေါ်မှ စက်သေနတ်ကျည်ဆံများသည်သစ်ပင်သစ်ကိုင်းများကိုပြတ်ကျစေ၏။ ပြင်းထန်လွန်းသောပေါက်ကွဲမှုနှင့် အတူစစ်သားများ၏ပြန်လည်ပစ်ခတ်သံများတရစပ်ထွက်ပေါ်လာသည်။ တောင်စောင်းနှစ်ခုကြားသို့ လေယာဉ်ပျံနှစ်စင်း နိမ့်နိမ့်ပျံသန်း၍ စက်သေနတ်ဖြင့်အဆက်မပြတ်ပစ်ခတ်သည်။ သစ်တောအုပ်၏ကြီးမားသောသစ်ပင် မြစ်ပါးပြင်များက ကတုတ်ကျင်းသဖွယ်ကာကောင်းထောက်မစွာ အကာအကွယ်ပေးလျက်ရှိနေပါ၏။

ဗဟာဒူးသည် စက်သေနတ်ဖြင့်လေယာဉ်များပျံသန်းလာမည့်လမ်းကြောင်းကို ချိန်ရွယ်ထားသည်။မကြာမီ ရှဲရှဲနှင့်နိမ့်စွာ ပျံသန်းလာသော လေယာဉ်ပျံရှိရာသို့ စက်သေနတ်ကျည်ဆံများကို တရစပ်ပစ်လိုက်ရာ၊ ဂျပန်လေယာဉ်၏ တောင်ပံများနှင့်လေယာဉ်ဦးပိုင်းကိုထိမှန်သွားသည်။ လေယာဉ်သည် မီးခိုးများအူလျက်၊ အထိန်းအကွပ်မဲ့ပျံသန်းရင်းတောင်စောင်းကိုတိုက်မိပြီးမီးလောင်ပျက်စီးသွားခဲ့ပြီ။

ဗဟာဒူးပခုံးကို ကပ္ပတိန်ပီတာဆင်ကပုတ်လိုက်ပြီး၊ The best soldier အကောင်းဆုံးစစ်သား၊ The best Boy တော်တယ်လူကလေးဟုအားပေးစကားပြောကာဂုဏ်ပြုသည်။ အခြားရဲဘော်၊ ရဲဘက်များကလည်း ဗဟာဒူးအားပွေ့ဖက်ဂုဏ်ပြုသည်။

ဗမားရိုင်ဖယ်တပ်ရင်းသည် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ဆုတ်ခွာသွားခဲ့လေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



## ဂျပန်ခေတ်မေမြို့

စစ်အောင်နိုင်သူတို့၏ အုပ်ချုပ်မှုအောက်သို့မြန်မာပြည်ကျရောက်ခဲ့ပြန်ပြီ။ စစ်ဘေးစစ်ဒဏ်ကို ရှောင်တိမ်းထွက်ခွာသွားကြသဖြင့် မြို့ကြီးများစည်ပင်ခြင်းမရှိ။ မီးလောင်ပြီးစ၊ မီးလောင်ပြင်သဖွယ်ပြိုပျက်နေသောတိုက်အိမ်များ၊ မီးလောင်ငုတ်မည်းမည်းများနှင့်ကွင်းပြင်ကျယ်ကြီးများတွင် မြေကျင်းကြီးများနှင့်ဗုံးဆံများ၊ သေနတ်ကျည်ဆံခွံများဖြင့်အနိဋ္ဌာရုံမြင်ကွင်းသဖွယ်ဖြစ်၍ကျန်ရစ်ခဲ့သည်။

မေမြို့အား ဂျပန်များသဲသဲမဲမဲဗုံးကျဲတိုက်ခိုက်ခဲ့သောအကြောင်းရင်းများတွင်၊ အင်္ဂလိပ်နယ်ချဲ့အစိုးရအဖွဲ့ရုံးစိုက်ခဲ့ခြင်းနှင့်စစ်ဌာနချုပ်ပြုလုပ်ခဲ့သောကြောင့် ဂျပန်ဖက်ဆစ်ဝါဒီများက သဲသဲမဲမဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်မေမြို့တွင် မက်မောဖွယ်သယံဇာတဘာမျှမရှိပါချေ။ သဘာဝအလှတရားနှင့်ပန်းမျိုးစုံဖူးပွင့်သော ပန်းမြို့တော်မျှသာဖြစ်ခဲ့ပါ၏။

လောဘဇောတိုက်ချင်စရာ၊ သဘာဝသယံဇာတဘာမျှမရှိ။ တောတောင်အထပ်ထပ်ဝိုင်းရံနေသော အလှတရားများသာရှိသောမြို့ကလေးအား၊ ဂျပန်ဖက်ဆစ်ဝါဒီများက နယ်ချဲ့အရင်းရှင်များ၏စားကျက်ဟု တိုက်ခိုက်ချင်စရာမြို့တစ်မြို့မဟုတ်ပါ။ ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းရာသီအလိုက်စိုက်ပျိုးအပ်သောဟင်းသီးဟင်းရွက်စိုက်ခင်းများသာရှိပါသည်။

တကယ်တော့ မေမြို့သည်အရင်းရှင်များဖိမ်ခံဖို့တည်ဆောက်ထားသောမြို့သာဖြစ်ပါတော့၏။ သို့သော်နယ်ချဲ့အရင်းရှင်အစိုးရဘုရင်ခံစံမြန်းရန် သော်ကဟုအမည်ရသော ဘုရင်ခံအိမ်တော်ရှိခဲ့သည်မဟုတ်ပါလော။ စစ်မပြေးမီ ထိုအိမ်တော်တွင် ဆာဒေါ်မန်စမစ်နှင့် မြန်မာလူမျိုးနန်းရင်းဝန် ဆာပေါ်ထွန်းတို့စစ်ကိုရှောင်တိမ်းရန် ခေတ္တနားခိုခဲ့ပါလေ၏။

စစ်ဌာနချုပ်ဖြစ်သည့် အလျောက်အလက်ဇန္ဒားလိုစစ်ဗိုလ်ချုပ်ကြီးများသည်မြန်မာပြည်မှအိန္ဒိယသို့မိမိတပ်များကိုအပြတပြင်းဆုတ်ခွာရန်အမိန့်ပေးခဲ့ကြသည်။

ဘုရင်ခံချုပ်၊ နန်းရင်းဝန်နှင့် စစ်ဗိုလ်ချုပ်ကြီးများနားခိုလေရာမေမြို့သည် ဂျပန်ဖက်ဆစ်များတိုက်ပွဲမဟာဗျူဟာပစ်မှတ်ဖြစ်ရခြင်း အကြောင်းအရင်းပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များက အိန္ဒိယသို့လေကြောင်းခရီးဖြင့်ဆုတ်ခွာသွားခဲ့သော်လည်း မေမြို့ပြည်သူလူထုမှာဘာမသိညာမသိပြင်းထန်လွန်းသောဗုံးဒဏ်များ၊ မီးလောင်ဗုံးများစက်သေနတ်ကျည်ဆံများကြောင့် အပြစ်

www.burmeseclassic.com



သေဆုံးခြင်းနှင့် အိုးအိမ်များပျက်ဆီးခြင်း ဘေးဆိုးကျရောက်ခဲ့ရသည်။

လောကကြီးနိယာမသည် မတိကျ မသေချာသောသဘာဝဖြစ်၏။ မုန်တိုင်းဟူသည့်အလယ်ဗဟိုဝတ်ဆံတွင် အင်အားနည်းပါးသော်လည်း မုန်တိုင်းဖြတ်သန်းသွားသည့်ဝန်းကျင်သည်ပြင်းထန်လွန်းသော အင်အားအရှိန်ဖြင့် တိုက်ခိုက်ခံရတတ်စမြဲဖြစ်သည်။

လူတို့၏ပယောဂကြောင့် ဖြစ်ပွားရသောစစ်ပွဲများသည်လည်း မုန်တိုင်းကျရောက်ခြင်းနှင့်သဘောသဘာဝအတူတူပင်ဖြစ်သည်။ မုန်တိုင်း၏အလယ်ဗဟိုဝတ်ဆံနှင့်တူသောအင်္ဂလိပ်ဘုရင်ခံ၊ စစ်ဗိုလ်ချုပ်များနှင့် အစိုးရဝန်ကြီးများကိုမထိခိုက်ဘာမျှမသိနားမလည်သော မြန်မာပြည်ပြည်သူများသာလျှင် အတုံးအရုံးကပ်ဘေးဆိုးကြီးကျရောက်ခဲ့ရလေပြီ။

နောင်ခမ်းကြီးရွာလေးသည် မေမြို့၏ မြောက်ဘက်တွင်တည်ရှိသည်။ တောင်တန်းတောင်ပူစာများနှင့် သစ်တောများကဝန်းရံထားသည်။ ကျယ်ပြန့်သောတောရိပ်တောင်ရိပ်ဖြစ်ခဲ့၍စိုက်ပျိုးရန်သင့်လျော်သောမြေပြန့်လွင်ပြင်မရှိ၊ တောင်စောင်းများ၌သာ မုန်ညင်း၊ မုန်လာ၊ ဂေါ်ရခါးပင်များနှင့် ပန်းအမျိုးမျိုးစိုက်ပျိုးကြသည်။ လိမ္မော်၊ နာနတ်၊ စတော်ဘယ်ရီပင်များစိုက်ပျိုးကြပါ၏။ မြေမှထွက်သော သီးနှံများကိုသာ တစ်နှစ်ပတ်လုံးအားပြုရသောမိသားစုများဖြစ်ကြသည်။ ရွာမှာအိမ်ခြေ(၅၀)ခန့်သာရှိသည်။ ရှမ်းလူမျိုး၊ ဂေါ်ရခါးလူမျိုးများနှင့်ဗမာလူမျိုးများနေထိုင်ကြသည်။

မေမြို့မှ စစ်ဘေးကိုကြောက်၍ ထွက်ပြေးလာကြသော အစိုးရဝန်ထမ်းမိသားစုများလည်းရောက်ရှိလာကြသည်။ အလားတူ မေမြို့နှင့်နီးစပ်ရာ မိုးကြိုးပစ်၊ ရေချမ်းအိုး၊ ကျင်ဂနိုင်စသောကျေးရွာများသို့လည်းသွားရောက်ခိုလှုံနေကြသည်။

မေမြို့၏ အဓိကအလုပ်အကိုင်သည် အစိုးရဝန်ထမ်းများ၏မြို့သာဖြစ်သည်။ မြို့နယ်အနေဖြင့် စိုက်ပျိုးရေးကိုအားကိုးရသော မြို့တစ်မြို့မဟုတ်ပါချေ။ ယခုဂျပန်ခေတ်ရောက်သောအခါတွင်လည်း အစိုးရစစ်တပ်များနှင့်ဝန်ထမ်းများ၏ မြို့သာလျှင်ဖြစ်နေပါ၏။ စစ်ဟူသည်လူသားအားလုံးတို့၏ ဒေါသတရား၊ မစ္ဆရိယတရားနှင့် အာဃာတတရားတို့ကိုသာဖြစ်ပွားစေ၏။

လူဟူသောသတ္တဝါသည် ထိုတရားများနှင့်ဆန့်ကျင်ဘက်သစ္စာတရား၊ မေတ္တာတရားများလည်းရှိနေသေးသည်။

ဦးမောင်မောင်နှင့်ဆူဇန်တို့အားအဖ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့ရာ စိမ်းလဲ့ဂေဟာအိမ်ကြီးကို ဂျပန်စစ်ဗိုလ်တစ်ဦးကအပိုင်စီး၍ဝင်ရောက်နေထိုင်ပါ၏။ ထိုအိမ်ကြီးကိုစွန့်ပစ်ပြီး၊ နောင်ခမ်းကြီးရွာလေးမှာပင် သားအဖတဲအိမ်ကလေးတစ်လုံးဆောက် ခြံစည်းရိုးလေးကာပြီးနေထိုင်ကြခြင်းဖြစ်သည်။

ဆံပင်များ၊ နှုတ်ခမ်းမွှေးများနှင့် မုတ်ဆိတ်များပါဖြူနေသောဦးမောင်မောင်ကဒယ်အိုးသေးသေးလေးနှင့် မီးဖိုလေးပါထမ်း၍ကုလားဗယာကြော်များကိုလှည့်လည်ရောင်းချသည်။ သမီးဆူဇန်ကအိမ်မှုကိစ္စများဖြင့်ရွာမှာပင်နေသည်။ နောင်ခမ်းကြီးရွာသူရွာသားများက လူမျိုးအချင်းချင်းအလွန်ချစ်ခင်စည်းလုံးစွာနေထိုင်ကြသည်။

"သမီး. . အဖေဒီနေ့ ညောင်ကားရွာဘက်က ဂျပန်စခန်းကိုသွားရောင်းမယ်"

"ဂျပန်စခန်းကို သွားရောင်းလို့ဖြစ်ပါ့မလား၊ သတိတော့ထားပါအဖေ"

"အေးသမီး ဂျပန်တွေကရိုင်းစိုင်းကြတယ်။ သူတို့တွေလည်းလူသားတွေမဟုတ်လား။ ရိုင်းစိုင်းတဲ့သူရှိသလို ယဉ်ကျေးတဲ့သူတွေလည်းရှိမှာပါ"

"သူတို့ဘာကြောင့် ရိုင်းစိုင်းကြရတာလဲဟင်"

"အဖေကတော့ရိုင်းစိုင်းတယ်၊ ယဉ်ကျေးတယ်ဆိုတဲ့အပြုအမူဟာ သူတို့ကိုစိုးမိုးနေတဲ့အယူအဆ၊ အတွေးအမြင်ကအဓိကလို့ထင်တယ်။ ဟောဒီကမ္ဘာစစ်ကြီးကြောင့် လူတွေဟာကြီးနိုင်ငယ်ညှဉ်း၊ အင်အားကြီးသူက အင်အားနည်းသူအပေါ် အနိုင်အထက်ပြုကျင့်စေလိုတဲ့စရိုက်တွေကိုဖြစ်ပေါ်စေတာ သမီး။ စစ်ဆိုတာ လူ့လောကကြီးကို အရုပ်ဆိုးအကျည်းတန်စေတယ်။ ဒီစစ်ပွဲကြီးပြီးဆုံးသွားရင် လူတွေရဲ့ အကျင့်စရိုက်ဆိုးတွေလည်းပြီးပြောက်သွားစေမှာပါ"

ခေါင်းတစ်ခုလုံးဖြူဖွေးနေသော ဖခင်ဖြစ်သူ၏စကားကို ဆူဇန်ကခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေရာက

"စစ်ပွဲကြီးကမပြီးသေးဘူးနော်။ သမီးတို့ဘယ်အချိန်ထိဒီလိုနေဦးမယ်မသိဘူး"

"သမီးလည်းသိနေတာပဲ ဂျပန်တွေကို မကြာမီမှာ ပြန်ပြီးတော်လှန်ကြတော့မှာ။ အဲဒီတော်လှန်ရေးမှာ . . သမီးတို့အဖေတို့ လုပ်စရာတွေအများကြီးရှိတယ်။အခုအဖေ လုပ်နေတဲ့ကိစ္စဟာသာမန်အလုပ်မဟုတ်ဘူး"

"သမီးသိပါတယ်အဖေ။ ဒါကြောင့် လည်းသတိထားဖို့အဖေကိုသမီးပြောနေ တာပေါ့"

"စိတ်ချပါသမီးရယ်. . အဖေလည်း သတိထားပါတယ်"

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဗယာကြော် ပူပူလေး. . ."

ဂေါ်ရခါးအဘိုးအိုဦးမောင်မောင်၏ ဘူးလားဗယာကြော်ကို ဂျပန်များကကြိုက်ကြသည်။ အဖိုးကြီးလာလျှင်ဂျပန်စစ်သား များဝိုင်းအုံဝယ်စားကြသည်။ အသက် အရွယ်ကြီးရင့်နေသောသူ့ကိုဂျပန်အရာရှိ များကလည်း အလေးဂရုမထားကြပါချေ။ ဂျပန်များကို ဦးမောင်မောင်က သူ၏ ဂေါ်ရခါးအမည်ချတ္တာရီဟုပြောထားသည်။

ဂျပန်များက ဦးမောင်မောင်၏ဗယာ ကြော်ကိုချတ္တာရီဟုသာခေါ်ကြသည်။ချတ္တာရီ မုန့်ဟုအမည်ပေးထားကြသည်။ ချတ္တာရီ ဗယာကြော်ကိုအကြောင်းပြု၍ ဂျပန် စစ်တပ်အတွင်းသို့ဝင်ထွက်ခွင့်ရလာသည်။

အင်္ဂလိပ်အစိုးရလက်ထက် ဘားမား မိုင်းဖယ်တပ်ရင်းအတွင်း၌ဗြိတိသျှစစ်သုံ့ပန်း များကိုဖမ်းထားသည်။ ဗြိတိသျှအမျိုးသမီး စစ်သုံ့ပန်းများကိုဂျပန်များက ရက်ရက် စက်စက်ဖမ်းဆီးချုပ်နှောင်ထားခြင်းဖြစ် သည်။ ထိုသုံ့ပန်းများကို နေ့စဉ်ထမင်း တစ်ပန်းကန်နှင့်ဆားဖြူး၍သာကျွေးထား သည်။ထိုမြင်ကွင်းများကိုဗယာကြော်သည် ချတ္တာရီ စိတ်မကောင်းစွာမြင်တွေ့ရသည်။ ဤသို့ဖြင့် ဂျပန်စစ်တပ်အတွင်းမှ အခြေ အနေအရပ်ရပ်ကိုသိရှိလာရသည်။

■

## ရသေ့ဘိုးဖြူနှင့် ဗုဒ္ဓရုပ်ပွားတော်

မေမြို့(ပြင်ဦးလွင်) အရှေ့မြောက်ဇာတ် အရပ်တွင်သဘာဝရေတံခွန်တစ်ခုရှိသည်။ ထိုရေတံခွန်သည် တစ်နှစ်ပတ်လုံးရေများ စီးဆင်းနေသောရေတံခွန်ဖြစ်သည်။ ဒေသ ခံများကဖွေးကောက်ရေတံခွန်ဟုနေရာဒေသ နှင့်ချောင်းအမည်ကိုအစွဲပြု၍မှည့်ခေါ် ကြသည်။ တောရိပ်တောင်ရိပ်ကောင်း၍ အလွန်သာယာသောနေရာဒေသဖြစ်သည်။ လူသူအရောက်အပေါက်နည်းသည်။ လူသူအရောက်ပေါက်နည်း၍တရားနှလုံးသွင်း ဆင်ခြင်လိုသောရသေ့ရဟန်းသူတော်စင်များ စိပ်ပုတီးနှင့် ရိပ်ကြီးခို၍ကောင်းလှသည်။

သို့အတွက် ဂေါ်ရခါးလူမျိုး ဗုဒ္ဓဘာ သာရသေ့ကြီးတစ်ဦး ထိုတောအရပ်တွင် နေထိုင်သီတင်းသုံးသည်။ ထိုရသေ့ကြီးကို ရသေ့ဘိုးဖြူဟုဒေသခံများကခေါ်ကြသည်။ ရသေ့ကြီး၏ပုံပန်းသဏ္ဍာန်သည်ရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူနှင့် နှုတ်ခမ်းမွေးထူထူ ကြီး၏အစွန်းနှစ်ဖက်သည်အထက်သို့ကော့ တက်လျက်ရှိ၏။ ဦးခေါင်းတစ်ခုလုံးမှ ဆံပင်များကလည်းဖွေးဆွတ်နေပြီးအထက် ဘက်တွင် သျှောင်ထုံးကိုထုံးထားသည်။ အသားအရည်ကဖြူဖွေးနေပြီး၊ ပါးပြင်နှင့် မေးစေ့များတွင်ပန်းနုသွေးရောင်သန်းလျက် ရှိသည်။ ဖန်ရည်စွန်းသော သင်္ကန်းအညို

www.burmeseclassic.com



ရောင်ကိုဝတ်ဆင်၍လည်ပင်းတွင်စိပ်ပုတီး အလုံးကြီးကြီးများကိုစွပ်ထားသည်။ လက်အတွင်း၌ ရသေ့၏အဆောင်အယောင်တောင်ဝှေး (တံချူ)ကို ကိုင်ထားသည်။ ထိုတောင်ဝှေး၏ထိပ်တွင် ဂဠုန်ရုပ်သဏ္ဍာန်ရုပ်ပုံကိုထုထွင်းထားသည်။

ထိုရသေ့၏ပုံသဏ္ဍာန်ကို မြင်ရသူများကရသေ့ဘိုးဖြူဟုသာရိုသေမှုနှင့်ခေါ်ဆိုကြသည်။ရသေ့ဘိုးဖြူသည် မီးလွတ်စား၍နေသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ရသေ့ဘိုးဖြူ၏မူလဇာတိသည် နီပေါနိုင်ငံဖြစ်၏။ငယ်စဉ်အခါကပြိတ်သျှစ်တပ်တွင်အမှုထမ်း၍စစ်တပ်မှထွက်ကာမေမြို့အနီးတောကြီးအတွင်းတောရံဆောက်တည်နေသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ရသေ့ဘိုးဖြူ၏အကျင့်စရိုက်သည် အိန္ဒိယနိုင်ငံမှ ဆာဓုးကြီးများ၏ အကျင့်နှင့်နေသည်ဟုဆိုနိုင်သည်။ ရသေ့ဘိုးဖြူသည် လူများနှင့်အတွေ့အထိနည်းသည်။ သူနေရာတောနက်အတွင်းမှကျောက်လိုဏ်ဂူသည်ဘယ်၍ဘယ်မျှရှည်လျားသည်ကိုမည်သူမျှမသိကြပါချေ။

ထိုသူတော်စင် ရသေ့ဘိုးဖြူနှင့် တွေ့ဆုံနေကြသူသည်ဗယာကျော်လည်ရောင်းနေသော ချတ္တရီသာဖြစ်သည်။ သူတို့နှစ်ဦးတွေ့ဆုံနေသောနေရာသည်၊ ရေတံခွန်အနီးမှ ထုံးကျောက်လိုဏ်ဂူကြီးအတွင်းမှာဖြစ်ပါလေ၏။

“ဒကာချတ္တရီ ဗုဒ္ဓရုပ်ပွားတော်သိမ်းဆည်းထားတဲ့နေရာဘယ်နားမှာလဲ”

“အရှင်ဘုရား ..တပည့်တော်နေထိုင်ရာစိမ်းလဲ့ဂေဟာအောက်ကမြေအောက်လိုဏ်ဂူထဲမှာပါ။ အခုအဲဒီအိမ်ကို ဂျပန်ဗိုလ်တစ်ဦးအပိုင်စီးထားပါတယ်”

“အခုအဲဒီရုပ်ပွားတော်ကို နေရာရွှေ့ရမယ်။ အဲဒီရုပ်ပွားတော်ရှိတဲ့နေရာကိုမကြာမီ အင်္ဂလိပ်ကဗုံးချလိမ့်မယ်။ ဒကာချတ္တရီနဲ့ကျုပ်ရုပ်ပွားတော်ကို သွားပင့်ကြမယ်”

“အရှင်ဘုရား ဂျပန်တွေရှိနေပါတယ်”

“ချတ္တရီရယ် ကျုပ်မသိဘဲရှိပါ့မလား၊ ကျုပ်တစ်ယောက်တည်းသွားယူရင်လည်းရပါတယ်။ ဒါပေမယ့် ဒီရုပ်ပွားတော်ကိုအပ်ထားတဲ့ပိုင်ရှင်ကချတ္တရီတို့သားအဖကိုအပ်ထားတာမဟုတ်လား။ ကျုပ်တစ်ယောက်တည်းသွားယူရင် ကျုပ်အဒိန္နဒါနာကံကြီးထိုက်တော့မှာပေါ့။ ကျုပ်နဲ့အတူလိုက်ခဲ့ပါ”

“အရှင်ဘုရား အဲဒီနေရာမှာဂျပန်စစ်တပ်အင်အားကောင်းပါတယ်၊ အန္တရာယ်များတယ်ဘုရား”

“ဒကာချတ္တရီ ကျုပ်နဲ့သွားရမှာပါ။ ဘာအန္တရာယ်မှမတွေ့စေရဘူး။ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သွားတာကို ဘယ်သူမျှတောင် သိလိုက်ရမှာ မဟုတ်ပါဘူး။ ကျုပ်တို့ မြေကြီးပေါ်ကသွားမှာမဟုတ်ဘူး။ မြေကြီး အောက်ကသွားကြမှာ"

"အရှင်ဘုရားမြေလျှိုးသွားမလို့လား ဘုရား"

"ချတ္တရီ . . မေမြို့ရဲ့လျှို့ဝှက်ချက် တစ်ခုရှိတယ်။မြောင်ကြီးလေးမြောင်၊ဆီအိုး ကြီးလေးလုံးဆိုတာကြားဖူးလား။ မေမြို့ရဲ့ အောက်မှာ လျှိုမြောင်ကြီးလေးခုရှိတယ်။ နှောင်နှစ်ငါးဆယ်ကျော်တဲ့အခါအဲဒီဒေသ တွေမှာသာသနာထွန်းကားလာလိမ့်မယ်။ အခုကျုပ်တို့သွားယူမယ့် ရုပ်ပွားတော်ကို မေမြို့ရဲ့အရှေ့ဘက်ဆုံးပိတ်ချင်းမြောင် ဒေသကို ရွှေ့ပြောင်းပေးရမယ်။ အထက် ကျိုလ်တွေက ဒကာ့ကိုကူညီဖို့တာဝန်ပေး လာလို့ပဲ။ အခုကျုပ်တို့သွားကြမယ်"

"အရှင်ဘုရား . . ဘယ်ကသွားမှာလဲ"

"မေမြို့မြေအောက်မြောင်အမှတ် (၃) မြောင်ကသွားမယ်"

"ဒကာ့အတွက် မီးတုတ်တစ်ခုစီစဉ် ထားတယ်။ မြေအောက်မြောင်ကသွားမှာ ဆိုတော့လိုရမယ်ရယူလာခဲ့ပေါ့။ မြေပေါ် မှာနေခွင့်မရတဲ့ အကောင်ရှည်တွေကို လည်း ဂူထဲမှာအများကြီးတွေ့ရလိမ့်မယ်။ ဒါပေမယ့်ကြောက်ဖို့မလိုပါဘူး။ ကျုပ်ရဲ့ တောင်ဝှေးဟာ နဂါးတောင်ကြောက်တဲ့ ဂဠုန်တောင်ဝှေးပါ။ လာ . . သွားကြစို့"

မေမြို့မြေအောက်မြောင် အမှတ် (၃)ဟုဆိုသောမြောင်သည် မေမြို့အား တောင်မြောက်ကန့်လန့်ဖြတ်နေသော မြောင်ဖြစ်သည်။ ထိုမြေအောက်မြောင်မှ ရသေ့ဘိုးဖြူနှင့် ဗယာကြော်သည်ကြီး ချတ္တရီတို့ဝင်ရောက်သွားလေ၏။

မြောင်အတွင်း၌ ရေများဖြတ်သန်းစီး ဆင်းလျက်ရှိပါ၏။ ထိုရေစီးဆင်းနေမှု ကြောင့် အောက်စီဂျင်အလုံအလောက် ရှိနေခြင်းဖြစ်ဟန်တူသည်။ တစစမြောင် သည်ရှည်လျားလာခဲ့ပြီး အမှတ်မထင် သောနေရာများမှရုတ်တရက်ထထပြန်တတ် သောလင်းနို့အုပ်များကိုမြင်တွေ့ရသည်။ သမာဓိမရှိသူများဝင်ရောက်ရဲဖွယ်မရှိ ပါချေ။မကြာမီရဲတောက်နေသောအရောင် တစ်စုံကသူတို့နှစ်ဦးကိုကြည့်နေသည်ဟု ချတ္တရီထင်မိသည်။

"ဒကာချတ္တရီ ကြောက်သလားကွဲ့"

"ဘုရား . . တပည့်တော်တို့ကိုကြည့် နေတယ်ဘုရား"

"မကြောက်ပါနဲ့ အဲဒါမြွေတစ် ကောင်ပဲ။ သူအိပ်နေတာပါ"

"အရှင်ဘုရား . . မျက်လုံးမမှိတ်ဘဲ အိပ်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"မြွေမှန်ရင်မျက်ခွံမပါဘူး။ အိပ်နေလည်းသူတို့မျက်လုံးကဖွင့်လျက်ပဲအိပ်ကြတယ် ဒကာ"

ထိုရဲတောက်နေသောအရာတစ်စုံသည်မြွေကြီးတစ်ကောင်၏မျက်လုံးနှစ်လုံးပင်ဖြစ်သည်။ မြွေကြီးသည်လိုဏ်ဂူအထက်ဘက်ကျောက်တွင်းကြီးတစ်ခုထဲမှ ခေါင်းပြူနေခြင်းဖြစ်သည်။ ချတ္တရီ၏မီးတုတ်အရောင်ကြောင့်ရောင်ပြန်ဟပ်၍မြင်ရခြင်းဖြစ်ပါလေ၏။

"လာ. .လာ. .ဒကာချတ္တရီ မကြာခင်ဒကာ့အိမ်ဝင်းထဲကိုရောက်တော့မှာ"

ရသေ့ဘိုးဖြူနှင့် ချတ္တရီတို့ရှေ့ခရီးကိုဆက်ကြသည်။ မကြာမီ ထူးဆန်းသောအလင်းရောင်များထွက်ပေါ်လာခြင်းကိုမြင်ရသည်။ ထိုအလင်းသည် မျက်လုံးကိုပူလောင်ကျိန်းစပ်စေခြင်းမရှိ။ ထိုအရောင်သည်ဗုဒ္ဓရုပ်ပွားတော်မှထုတ်လွှတ်လိုက်သောရောင်ခြည်တော်များပင်ဖြစ်ပါလေ၏။ ရသေ့ကြီးဘိုးဖြူသည် အလွန်ကြည်ညိုသောစိတ်ဖြင့်လက်အုပ်ချီမိုးရှိခိုးလိုက်ပါ၏။ ဗယာကြော်သည်ကြီး ချတ္တရီသည်ရုတ်တရက် ကြက်သေ,သေသွားသလိုကြောင်ကြည့်နေမိသည်။ ဗုဒ္ဓဘုရားရှင်၏တန်ခိုးတော်ကိုကိုယ်တွေ့မြင်ကြ၊ ဖူးကြရလေပြီ။ထိုအလင်းဖြင့် မိမိအိမ်၏ အောက်ဘက်တွင်ရောက်ရှိနေမှန်း သိရလေသည်။ ချတ္တရီသတိပြန်ဝင်လာပြီး ဗုဒ္ဓရုပ်ပွားတော်နှင့်အတူသိမ်းဆည်းထားသောရတနာထုပ်ကို ရသေ့ကြီးဘိုးဖြူအားအပ်နှင်းလိုက်ရာရသေ့ကြီးဘိုးဖြူကဗုဒ္ဓရုပ်ပွားတော်ကိုလှမ်း၍ယူလိုက်ပြီး

"ချတ္တရီ . .ဒီအထုပ်ကိုဒကာပဲသိမ်းထားပါ။ ကျုပ်အတွက်က ရတနာဆိုတာယူမထားအပ်ဘူး။ လိုအပ်တဲ့အချိန်ကျရင်ဘုရားကျောင်းတော်နဲ့စေတီတော်တည်ကြတာပေါ့"

မေမြို့၏ မြေအောက်မြောင်းအမှတ်(၃)မှလာရာလမ်းအတိုင်း ရသေ့ကြီးဘိုးဖြူနှင့်ဗယာကြော်သည်ကြီးချတ္တရီတို့ပြန်လာခဲ့ကြသည်။ လာစဉ်အခါကတွေ့ခဲ့ရသောမြွေကြီးမှာ အိပ်မောကျနေဆဲဖြစ်သည်။ မြောင်းအတွင်းမှ ရေစီးသံများသာလျှင်ကြားနေရပါ၏။

မေမြို့ စိမ်းလဲ့ဂေဟာအိမ်အတွင်းမှ အုံ့ဩဖွယ်ကောင်းသောအရောင်များထွက်ပေါ်လာ၍ဂျပန်စစ်သားများအထိတ်တလန့်ဖြစ်ကုန်သည်။ ထိုအရောင်သည် မြေကြီးထဲမှ ထွက်ပေါ်လာခြင်းဖြစ်၏။ အချိန်ကားညနေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ မှောင်စပျိုးခိုန်ဖြစ်၍ တစ်မြို့လုံးကမြင်ကြ

www.burmeseclassic.com

www.burmeseclassic.com



...ပြီးထိုထူးခြားဖွယ် အရောင်များဖြာထွက်သောအချိန်သည် ၁၉၄၅ ခုနှစ် မတ်လ ...တစ်ရက်ဖြစ်ပါလေ၏။ ထိုအရောင်များ ...ထွက်ပေါ်လာပြီးမကြာမီမဟာမိတ်လေ ...ယာဉ်ပျံများမေမြို့ပေါ်သို့ဗုံးများကြဲချ ...ကြလေပြီ။ လေယာဉ်ပျံများသည် ဂျပန် ...စစ်တပ်များတပ်စခန်းချထားရာနေရာ ...ပြစ်မှတ်များကိုထိမှန်အောင်ကြဲချနိုင်ခြင်း ...ပင်ဖြစ်ပါလေ၏။

အထိအနာဆုံးမှာ စိမ်းလဲ့ဂေဟာ ...အတွင်းမှဂျပန်စစ်တပ်နေရာပင်ဖြစ်သည်။ ...ခင်မြေကြီးထဲတွင်ရှိနေသော ဂျပန် ...သတပ်မှချထားသောဗုံးကြီးသည်လည်း ...ပေါက်ကွဲသွားလေသည်။ ထိုဗုံးကြီးပေါက် ...ကွဲသဖြင့်ဂျပန်စစ်သားများအတုံးအရုံး ...သေဆုံးသွားစေသည်။ ဗြိတိသျှလေတပ်မှ ...ကြဲချသော ဗုံးအရှိန်ကြောင့်ပေါက်ကွဲခဲ့ ...ခြင်းဖြစ်သည်။ဂျပန်တို့၏ စစ်လက်နက် ...များသည် သူတို့ကိုပင်ဘေးအန္တရာယ် ...ရောက်စေလေသည်။

■



## သံ့ပန်းများကို ကယ်တင်ခြင်း

မဟာမိတ်တပ်များ၏ ထိုးစစ်သည် မြန်မာပြည်အားအောင်မြင်စွာ ထိုးစစ်ဆင်ခဲ့ပြီးမြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် တော်လှန်ရေးအင်အားစုများအား မဟာမိတ်တပ်များနှင့်ဆက်သွယ်ခဲ့လေပြီ။ မြန်မာ့ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများနှင့် ဗယာကြော်သည်ကြီး ချတ္တရီ ဆက်သွယ်ခဲ့သည်မှာကြာခဲ့ပြီ။ ချတ္တရီ၏ အဖိုးတန်သတင်းများကြောင့်ဖက်ဆစ်တော်လှန်ရေးအင်အားစုများသည် မေမြို့သို့အောင်မြင်စွာဝင်ရောက်လာကြပြီ။ အရေးကြီးသည်မှာသံ့ပန်းများကိုကယ်တင်ရေးတာဝန်ဖြစ်သည်။

ထိုသံ့ပန်းစခန်း၌ ဗြိတိသျှသံ့ပန်းအမျိုးသမီးများကို ဖမ်းဆီးထားသလို ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးအင်အားစုများကိုလည်း ဖမ်းဆီးထားခြင်းဖြစ်ပါလေ၏။

အချိန်က ညအမှောင်ကြီးစိုးလာခဲ့ပြီ။ မဟာမိတ်ဗုံးကြဲလေယာဉ်ပျံများက လေကြောင်းမှဗုံးများကြဲချနေ၍ ဂျပန်စစ်သားများဖရိုဖရဲဖြစ်နေပါ၏။ ညအမှောင်ထုကိုအားပြု၍ချတ္တရီနှင့် ဂျပန်တော်လှန်ရေးတပ်စိတ်တစိတ်သည်ဂေါ်ရခါးတောင်တန်းအနီးသို့ချဉ်းကပ်လာကြသည်။ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ပျံကစက်သေနတ်ဖြင့်တရစပ်ပစ်ခတ်နေရာ၊ ဂျပန်စစ်သားများသည် သုံ့ပန်းများကို ဂရုစိုက်နိုင်ခြင်းမရှိပြီ။ ဖက်ဆစ်ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များက ပြောက်ကျားအသံတိတ်စနစ်ဖြင့် သုံ့ပန်းများကို အနီးကပ်စောင့်ကြပ်နေသောစစ်သားကို တိုက်ခိုက်လိုက်သည်။ အစောင့်စစ်သားထံမှသော့ကို ယူ၍ သုံ့ပန်းအကျဉ်းစခန်းတံခါးကိုဖွင့်လိုက်သည်။ လေယာဉ်ပျံကလည်း ဂျပန်စစ်သားများကို စက်သေနတ်ဖြင့်တရစပ်ပစ်ခတ်ပေးလျက်ရှိပါလေ၏။

ဂျပန်စစ်တပ်အငိုက်မိသွား၍ ပြန်လှန်ခုခံခွင့်မရလိုက်ပါချေ။ မဟာမိတ်တို့၏ စစ်သတင်းကတိကျသေချာလွန်းလှသည်။

အချို့သော စစ်သုံ့ပန်းများကို တော်လှန်ရေးတပ်သားများကတွဲ၍ခေါ်ရသည်။ လုံးဝမလျှောက်နိုင်သူများကို နှစ်ယောက်ထမ်း၍ခေါ်ယူရသည်။ ချတ္တရီကအချိန်ကို သတိပေးသည်။

"၁၁နာရီအတွင်းအပြီးဆုတ်ခွာပါ"

နာရီဝက်ခန့်သာကျန်တော့သည်။ တော်လှန်ရေးတပ်သားများက ဆုတ်ခွာရာလမ်းကြောင်းကိုစက်သေနတ်ဖြင့်ကာပစ်ပေးလျက်ရှိနေပါ၏။

သုံ့ပန်းစုစုပေါင်း ၃၅ဦးဖြစ်သည်။ အကယ်၍ သုံ့ပန်းများကိုဤညအတွင်း မကယ်တင်နိုင်ခဲ့ပါလျှင် ဂျပန်စစ်တပ်၏ မနက်ပိုင်းတွင်အားလုံးကိုပစ်သတ်တော့မည်ဆိုသော သတင်းကိုဗိုလ်ချုပ်ကြော်သည် ချတ္တရီက သတင်းပေးခဲ့ခြင်းဖြစ်သည်။

သို့အတွက် ယခုည၁၁နာရီအတွင် သုံ့ပန်းများကို အပြီးကယ်တင်ရန် ဗြိတိသျှ တပ်များနှင့်ဖက်ဆစ်ဆန့်ကျင်ရေးမြန်မာ တပ်များပူးပေါင်းစစ်ဆင်သောလျှပ်တစ်ပြက် စစ်ပွဲဖြစ်ပါလေ၏။

ချတ္တရီနှင့် ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများသည်ပင်ပန်းနွမ်းနယ်လျက် ရှိသောသုံ့ပန်းအမျိုးသား၊ အမျိုးသမီး တို့အား၊ မေမြို့ပိတ်ချင်းမြောင်လျှိုကြားသို့ အရောက်ခေါ်ယူသွားကြသည်။

ပိတ်ချင်းမြောင်လျှိုသည် လူသူအရောက်အပေါက်မရှိသော၊ ကျောက်ဂူကြီး ဖြစ်သည်။ အလွန်ပင်ပန်းနေသော သုံ့ပန်း များကို ဆူဇန်နှင့်ရေချမ်းအိုးရွာမှ ရှမ်းအမျိုး သမီးများက ဆန်ပြုတ်တိုက်ကျွေးသည်။ ထို့ပြင် ရေချမ်းအိုးရွာမှဟင်းသီးဟင်းရွက် များထောက်ပံ့ကူညီပေးကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



**စတီးဝင်းအိမ်ကြီးမှ အဖြစ်အပျက်များ**

၁၉၄၅ခုနှစ်မေမြို့၏ မတ်လစရက်ည သည်အအေးဓာတ်လွန်ကဲလျက်ရှိနေပါ၏။ အပြင်ဖက်တွင်ဆီးနှင်းများတဖွဲဖွဲကျလျှက် ရှိ၏။ဂျပန်စစ်သားများ၏ အပန်းဖြေညည့် ဆောဟာဖြစ်သော စတီးဝင်းအတွင်းဗိုလ်အိမ် ကြီးအတွင်းဧည့်ခန်းခန်းမဆောင် အလယ် စားပွဲရှည်ကြီးပေါ်တွင်စားကောင်းသောက် ဖွယ်များခင်းကျင်းထားပါ၏။ ဧည့်ခံရေး အမျိုးသမီးများက စားပွဲပေါ်သို့ယမကာ ပုလင်းများကိုနေရာတကျပြင်ဆင်ထား သည်။

ယာမာမိုတိုနှင့်· ဂျပန်စစ်သားများ သည် ညနေ၆နာရီခန့်တွင်ရောက်ရှိလာ ကြသည်။ ဧည့်ခန်းမအလယ်ဗဟိုတည့် တည့်မှ မီးပန်းဆိုင်းလျှပ်စစ်မီးရောင်များ စားပွဲပေါ်သို့ကျရောက်လျှက်ရှိသည်။ အရက်ပုလင်းအမျိုးမျိုးနှင့်စားသောက် ဖွယ်ရာများကစုံလင်လှသည်။ ဖန်ခွက်များ သည်းစားပွဲပေါ်တွင်အစီအရီချထားသည်။ ဤနေ့ညသည် ဂျပန်စစ်တပ်အသီးသီးမှ အရာရှိများ စုံညီစွာပြုတက်ရောက်သော ပါတီပွဲတစ်ရပ်ပင်ဖြစ်သည်။

ဧည့်ခန်းဆောင်အတွင်း မီးလင်းဖိုမှ မီးတောက်မီးလျှံများတရှိန်ရှိန်တောက် လောင်လျက်။ အခမ်းအနားကျင်းပရာ စားပွဲရှည်ကြီး၏ ထိပ်တည့်တည့်ကုလားထိုင်အမြင့်တွင် ဂျပန်စစ်ဗိုလ်ယာမာမိုတို နေရာယူလိုက် သည်။ဧည့်ခံရေးအမျိုးသမီးများ၏အတွင်း ခန်းထဲ၌အမျိုးသမီး၅ဦးအလုပ်ရှုပ်နေသည်။ သူမတို့အနီးတွင်သေနတ်ကိုင်ဂျပန်စစ်သား နှစ်ဦးကိုကင်းချတာဝန်ပေးထားသည်။

ဧည့်ခန်းအတွင်းမှ ယာမာမိုတိုက မြန်မာပြည်စစ်ပွဲအခြေအနေကို ဂျပန် ဘာသာဖြင့် အသေးစိတ်ရှင်းပြနေသည်။

"ကျုပ်တို့တပ်တွေ မြစ်ကြီးနားကို စွန့်လွှတ်လိုက်ရပြီဖြစ်တယ်။ ဗြိတိသျှ စစ်တပ်နဲ့အတူဗန်းမော်ဘက်ကတရုတ်တပ် တွေပါပေါင်းပြီးတိုက်လာလို့ ကျုပ်တို့နိပ္ပွန် တပ်မတော် မြန်မာပြည်မြောက်ပိုင်းကို စွန့်ခွာလာရပြီ။ ကျုပ်တို့ဟာ မေမြို့ကဆုတ် ခွာရတော့မယ်။ နောက်ပြီး ကျုပ်တို့တပ် တွေကိုနယ်မြေခံလူထုကလည်းမထောက်ခံ တော့ဘူး။ ဒါကြောင့်သုံ့ပန်းတွေအားလုံးကို အပြတ်ရှင်းပစ်ပါ"

ထိုစဉ်"ကယ်ကြပါဦး ကယ်ကြပါဦး" အော်သံနှင့်အတူ ဧည့်ခံအမျိုးသမီးများ ဧည့်ခန်းအတွင်းသို့ပြေးထွက်လာကြသည်။

ခန်းမအလယ်တည့်တည့်တွင် ချိတ်ဆွဲ ထားသော မီးပန်းဆိုင်းကြီးလည်းစားပွဲပေါ် ပြုတ်ကျလာသည်။ စားပွဲအသီးသီးတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေကြသော ဂျပန်စစ်ဗိုလ်များအထိတ်တလန့်ဖြစ်သွားကြသည်။ ဧည်ခံအမျိုးသမီးများခြေကုန်သုတ်နေသည်မှာအိမ်ကြီးအတွင်းမှဝင်းအပြင်အထိ ပြေးကြလေပြီ။

ဧည့်ခန်းဆောင်ခန်းမအတွင်း မီးလင်းဖိုမှ ထင်းမီးစများသည် ဂျပန်စစ်ဗိုလ်များစားပွဲပေါ် သို့တစ်ခုပြီးတစ်ခုကျရောက်လာသည်။ ရုတ်ရုတ်သဲသဲဖြင့် စတီးဝင်းအိမ်ကြီးထဲမှ အပြင်သို့ထွက်လာသော ဂျပန်များကိုဖက်ဆစ်ဆန့်ကျင်ရေး မြန်မာပြောက်ကျားစစ်သားများက စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ကြလေပြီ။ မကြာမီ ဗြိတိသျှမဟာမိတ်လေတပ်မှ မေမြို့ဂျပန်စစ်စခန်းများကို ဗုံးမိုးရွာချပါတော့သည်။

စတီးဝင်းထဲမှ ဂျပန်စစ်ဗိုလ်ယာမာမိုတိုမှာဝင်းတံခါးဝ၌ပင် စက်သေနတ်မှန်သေဆုံးသွားသည်။ သူနှင့်အတူလိုက်ပါခဲ့ကြသောဂျပန်စစ်သားများလည်းအတုံးအရုံးသေဆုံးကုန်သည်။

၁၉၄၅ခုနှစ်မတ်လ စရက်နေ့မှစတင်၍၊ အနောက်မြောက်တိုင်း စစ်ဒေသမှူးဗိုလ်မှူး ဗထူး၏တော်လှန်ရေးသည် မြန်မာပြည်တစ်ဝန်းလုံးသို့ပျံ့နှံ့ခဲ့လေပြီ။ မေမြို့တွင်ရှိသော အာရှလူငယ်အစည်းအရုံးနှင့်၊ ရဟန်းသံဃာတော်များပါဝင်သောပြည်သူ့စစ်ပွဲတော်လှန်ရေးကို၃နှစ်တာကာလကြာအောင်ညှဉ်းပန်းနှိပ်စက်ခဲ့သော ဖိနှိပ်မှုများကိုအဟုန်ပြင်းသောတွန်းကန်မှုသည် ဂျပန်ဖက်ဆစ်များကိုအတုံးအရုံးကျဆုံးစေသောအကြောင်းတရားပင်ဖြစ်သည်။

လောကနိယာမသဘောတရားဟူသည် ဖိနှိပ်မှုများလျှင်၊ တွန်းကန်မှုသည်လည်း ဆတူမကဖြစ်တတ်ပါလေ၏။ သက်ရောက်မှုတိုင်းတွင်ရှိတတ်သော တန်ပြန်သက်ရောက်မှုသဘာဝကို ဂျပန်ဖက်ဆစ်များခံစားခဲ့ရခြင်းဖြစ်ပါလေ၏။

ဂျပန်ဖက်ဆစ်များ ဝင်ရောက်ခဲ့စဉ်က စတီဝင်းအတွင်းမှ ဘိုမစင်သီရာ ကြေကွဲဖွယ်သေဆုံးခဲ့ရသကဲ့သို့ ကျူးကျော်စော်ကားခဲ့သော ဖက်ဆစ်ဂျပန်များနှင့် ယာမာမိုတိုလည်း ထိုဝင်းကြီးအတွင်းမှာပင် မေမြို့ဒေသ၊အာရှလူငယ်အစည်းအရုံးနှင့်မြန်မာ့ဖက်ဆစ်ဆန့်ကျင်ရေးတော်လှန်ရေးသမားများလက်ချက်ဖြင့်မရှုမလှကျဆုံးခဲ့ရလေပြီ။

ထိုမျှနှင့်မေမြို့မှဖက်ဆစ်ဆန့်ကျင်ရေးသူရဲကောင်းပြည်သူများ၏တိုက်ပွဲက အဆုံးသတ်မသွားသေးပါချေ။

■

www.burmeseclassic.com

www.burmeseclassic.com



## ဖြိုတိသျှတို့၏ မြန်မာပြည်ထိုးစစ်

၁၉၄၅ခုနှစ် ပွင့်လင်းရာသီရောက်ခဲ့ပြီ။မဟာမိတ်တပ်များ၏စစ်ရေးအားသာမှုကြောင့် ဂျပန်စစ်တပ်များစစ်မျက်နှာတိုင်းတွင် အကျအဆုံးများလျက်ရှိ၏။ မဟာမိတ်တို့၏ လေတပ်အားသာမှုသည် ဂျပန်များကို ရှုံးနိမ့်စေပါ၏။

ဘားမားရိုင်ဖယ်တပ်ရင်းသည် မြန်မာပြည်မြောက်ဖျား၊ ပူတာအိုအနီးမှ ဆွမ်ပရာဘွန်ဒေသသို့ချီတတ်လာကြသည်။ တပ်မှူးကပ္ပတိန်ပီတာဆင်ကွပ်ကဲ၍တောအထပ်ထပ်တောင်အသွယ်သွယ်ကိုအပြင်းချီတတ်လာကြသည်။ ညအချိန်တော၏ လေတိုးသံ၊ တောငှက်များ၏ တွန်ကျူးသံ၊ရံဖန်ရံခါတွင် ကျားဟိန်းသံများကြားနေရသည်။ကပ္ပတိန်ပီတာဆင်သည် ခေတ္တအနားယူနေသောတပ်သားများကို လိုက်လံစစ်ဆေးလျက်ရှိသည်။ကပ္ပတိန်ပီတာဆင်က မီးဖိုအနီးတွင် မတ်ခွက်ဖြင့်ရေနွေးကြမ်းသောက်နေသော ဘဟာဒူးကိုခေါ်လိုက်သည်။

ဆာဂျင်ဗဟာဒူးက မတ်တပ်ရပ်၍ သတိအနေအထားဖြင့်

"တပ်မှူး ကျွန်တော်ရှိပါတယ်"

"မလိုအပ်ရင် မီးဖိုကိုငြိမ်းထားလိုက်"

"ဟုတ်"

"တို့အေးအေးဆေးဆေးစကားပြောရအောင် သက်သာသလိုနေပါ"

"ဟုတ်ကဲ့တပ်မှူး"

"တို့အခုရောက်နေတာ မင်းနေခဲ့ချင်တဲ့မြန်မာပြည်ဆိုတာသိတယ်နော်"

"ဟုတ်ကဲ့. . . သိပါတယ်"

"မကြာခင်မှာ မင်းနေခဲ့ချင်တဲ့မြန်မာ့မြေဟာမင်းတို့ရဲ့မြေဖြစ်တော့မှာ။ဒါကြောင့် ဒီတိုက်ပွဲကိုအောင်ပွဲရအောင်ကြိုးစားရလိမ့်မယ်။ တိုက်ပွဲအခြေအနေပြောဖို့ အခြားရဲဘော်တွေစုလိုက်ကွာ"

"ဟုတ်ကဲ့တပ်မှူး"

"မြေပုံညွှန်းကြည့်တဲ့အခါ ရန်သူတပ်စွဲထားတဲ့ ဆွမ်ပရာဘွန်နဲ့တို့ရောက်တဲ့နေရာအတော်နီးနေပြီ။ ဒီညလေတပ်က ပထမဆုံးဗုံးကြဲတိုက်ခိုက်လိမ့်မယ်။ လေတပ်ဗုံးကြဲပြီးတာနဲ့ တို့မြေပြင်တပ်က အတင်းထိုးဖောက်တိုက်ရမယ်။ မနက်လင်းတာနဲ့ ဆွမ်ပရာဘွန်ကိုသိမ်းနိုင်ရမယ်။ ငါတို့ရန်သူနဲ့ အနီးကပ်ဆုံးနေရာကို ဒီည ၁၂ နာရီမထိုးမီအရောက်ချီတက်မယ်။ ရန်သူတပ်ရှေ့ကိုက်၅၀၀ပတ်ပတ်လည်မှာမိုင်းတွေမြှုပ်ထားတယ်လို့တို့သတင်းရထားတယ်။ အဲဒီ ကိုက် ၅၀၀အနီးကို တို့တပ်ဖွဲ့နေရာယူထားရမယ်။ဒါကြောင့်တပ်သားအားလုံးသတိ၊ဝီရိယရှိနေပါစေ။ ည ၁၂နာရီမှာ

www.burmeseclassic.com

www.burmeseclassic.com



နေရာယူပြီးဖြစ်ရမယ်။နောက်ပြီလေယာဉ်နဲ့ရိုက်ထားတဲ့ဓာတ်ပုံတွေအရ စက်လတ်ဆင်ထားတဲ့ဘန်ကာနှစ်ခုရှိတယ်။ရန်သူက စက်လတ်နှစ်ခုကိုဘယ်ညာဆင်ပြီး သတ်ကွင်းလုပ်ထားတယ်။ တို့နေရာယူပြီးတာနဲ့ လေတပ်ပစ်ကူလာလိမ့်မယ်။ ဗုံးကြဲပြီးတာနဲ့စတင်ထိုးဖောက်မှာဖြစ်တယ်။ ဒီအထိမရှင်းတာရှိလား"

"မရှိပါဘူး တပ်မှူး"

"အရေးကြီးဆုံးတစ်ချက်က ဘန်ကာတွေမပျက်စီးသေးဘဲသတ်ကွင်းထဲမဝင်မိစေနဲ့။ အကျအဆုံးများတဲ့ အောင်ပွဲမျိုးမဖြစ်အောင် အားလုံးအစစအရာရာ သတိ၊ ဝိရိယရှိဖို့ထပ်မှာချင်တယ်။ သတ္တိဆိုတာ မိုက်ရူးရဲသဘောမဟုတ်ဘူး။ အသိဉာဏ်နဲ့ယှဉ်တဲ့စွန့်စားခြင်းသာဖြစ်တယ်။ ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

"နောက် သုံးမိနစ်အတွင်းအဆင်သင့်ဖြစ်တာနဲ့စထွက်မယ်"

"ဟုတ်"

ကပ္ပတိန်ပီတာဆင်၏ တိုက်ပွဲလမ်းညွှန်စကားဆုံးသည်နှင့် တပ်သားအားလုံးရှေ့ဆက်ချီတက်ရန်ပြင်ဆင်ကြလေပြီ။

× × × ×

ညသည် မှောင်သထက်မှောင်လာသည်။ မြန်မာပြည်မြောက်ဘက်စွန်းဒေသသည်အမြဲစိမ်းသစ်တောကြီးများဖုံးလွှမ်းနေ၍ ညအခါဆီးနှင်းများထူထပ်စွာကျရောက်လေ့ရှိသည်။ အမှောင်ထုကိုအားပြု၍ ဘားမားရိုင်ဖယ်တပ်ဖွဲ့ဝင်ရဲဘော်များသတ်မှတ်ချိန်အတွင်းနေရာယူနိုင်ရန်အပြင်းချီတက်လာကြပြီ။

ရံဖန်ရံခါ သစ်တောချုံပုတ်များထဲမှထွက်ပြေးသွားသောသားကောင်များကိုတွေ့ရသည်။ ရုတ်တရက် ထပျံသွားသောတောကြက်အုပ်များကိုတွေ့ရသည်။ မျောက်အုပ်များ၏ တခွီးခွီးမြည်သံကိုကြားရသည်။ တိတ်ဆိတ်သော တော၏တောလဲတောပြိုသံကိုလည်း ထိတ်လန့်ဖွယ်တွေ့ရသည်။

ကပ္ပတိန်ပီတာဆင်က သူ့ရဲဘော်များကိုငြိမ်သက်ရန် အချက်ပြလိုက်သည်။ တပ်ဖွဲ့ငြိမ်သက်သွားသည်နှင့် တောကလည်းငြိမ်သက်သွားသည်။ ရန်သူတပ်စွဲထားရာတောင်ကုန်းနှင့် နီးကပ်လာခဲ့ပြီ။ ရန်သူ့ကင်းအဖွဲ့က တော၏ဝိသေသကိုသတိပြုမိသည်။ တောသံ၏ ပဲတင်သံကိုနားစွင့်၍ အသင့်အနေအထားပြင်လိုက်သည်။

ကပ္ပတိန်ပီတာဆင် ◌ ၁ မြေပုံကိုဖြန့်၍ဆာဂျင်ဗဟာဒူးအားပြသသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆာဂျင်. . အခုတို့ရောက်နေတာ ရန်သူ့စခန်းနဲ့ ကိုက်၁၀၀၀အကွာ ဒီနေရာမှာပဲ။တပ်ဖြန့်ပြီးအသင့်နေရာယူခိုင်းထား။ ဘယ်သူမှကျုပ်အမိန့်မရဘဲမလှုပ်ရှားစေနဲ့"

ပီတာဆင်၏ နာရီလက်တံသည် ၁၁ နာရီမိနစ်၃၀ကိုပြလျက်ရှိ၏။ တပ်ဖွဲ့ဝင်အားလုံးတပ်ကိုဖြန့်ကြက်နေရာယူလိုက်သည်။ မကြာမီ လေယာဉ်သံများကိုကြားရသည်။ တစ်ဆက်တည်း ရန်သူ့စခန်းကိုဗုံးများတရစပ်ကြဲလေတော့သည်။ကပ္ပတိန်ပီတာဆင်တို့ပေးသောဒီဂရီအတိုင်းအတာအကျသဖြင့် လေယာဉ်မှူးများပစ်လွှတ်သော သေမင်းတမန်ဗုံးများပစ်မှတ်ကိုထိမိပေါက်ကွဲလေပြီ။ ဂျပန်တပ်များ လေယာဉ်ဆီအာရုံရောက်နေစဉ်ကပ္ပတိန်ပီတာဆင်က ရှေ့တက်ရန်အမိန့်ပေးလိုက်သည်။ ရန်သူ့ဘန်ကာများဆီမှစက်သေနတ်သံများထွက်ပေါ်လာပြီး သတ်ကွင်းအတွင်းဝင်ရောက်သွားသောရဲဘော်နှစ်ဦးကားခနဲဖြစ်သွားသည်။ တစ်စပ်တည်းရန်သူတပ်ဆီမှပစ်လွှတ်သောမီးကျည်များကောင်းကင်ဆီတက်သွားပြီး ဘန်ကာအတွင်းမှ စက်သေနတ်ဖြင့်တရစပ်ပစ်လေတော့သည်။

"အကုန်သေကုန်တော့မှာပဲ။ ကျုပ်ဒီလောက်အတန်တန်သတိပေးထားကြားက။ ဆာဂျင်. . ဘန်ကာတွေမပြိုသေးဘူးလို့လေတပ်စခန်းကိုစက်ပို့လိုက်"

တစ်ကျော့ပြန်လာသော လေယာဉ်ဆီမှ ဗုံးတစ်လုံးလက်ဝဲဘက်ဘန်ကာကိုထိမှန်သွားသော်လည်း လက်ယာဘက်ဘန်ကာဆီမှစက်သေနတ်သံကထွက်ပေါ်နေဆဲဖြစ်သည်။

"ဒီကိစ္စ ကျွန်တော်တက်ရှင်းလိုက်မယ် တပ်မှူး"

"မိုင်းတွေသတိထားဦး။ ရဲဘော်တွေ ဆာဂျင်ကိုကာပစ်ပေးထား"

အမိန့်ရသည်နှင့် ဆာဂျင်ဗဟာဒူးလက်ယာဘက်ဘန်ကာရှိရာဆီသို့မြောင်းတက်တက်သွားသည်။ မြှုပ်မိုင်းများကိုသတိထားနေရ၍တော်တော်နှင့်ရှေ့မရောက်နိုင်။ ဘန်ကာအနီးသို့တဖြေးဖြေးချဉ်းကပ်သွားပြီး ဆာဂျင်ဗဟာဒူးက လက်ပစ်ဗုံးတစ်လုံးပစ်သွင်းလိုက်သည်။ တပ်မှူးကပ္ပတိန်ပီတာဆင်ထံမှ ကျယ်လောင်သောအမိန့်သံထွက်လာသည်။

"တက်. . ."

ရန်သူ့ပထမခံစစ်ကြောင်း ကျသွားခဲ့လေပြီ။

ရန်သူ့ခံစစ်ကြောင်းကျသွားသည်နှင့် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်တရစပ်ပစ်ခတ်ပြီရန်သူ၏ ဒုတိယခံစစ်ကြောင်းကိုဆက်လက်ထိုးစစ်ဆင်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြည်းတပ်၊ လေတပ်အပေးအယူမျှမှု ကြောင့် ဒုတိယခံစစ်ကြောင်းရှိ ရန်သူများ ကစင့်ကလျား ဆုတ်ခွာသွားရပြီ။ နံနက် အရုဏ်တက်၍ရောင်နီပြို့လာပြီ။ ဆွမ်ပရာ ဘွန်ရှိ ဂျပန်တို့၏ခံစစ်သည် လုံး၀ပြိုပျက် သွားပြီး ဗြိတိသျှစစ်သားများ ရန်သူစခန်း ကိုပွဲသိမ်းအောင်ပွဲအရယူလိုက်နိုင်ခဲ့လေ သည်။

ပင်ပန်းနေသောစစ်သားများကို ကပ္ပတိန်ပီတာဆင်ကလိုက်၍ အားပေး သည်။ထိုတိုက်ပွဲ၌ကျဆုံးသွားသောရဲဘော် နှစ်ဦး၏ရုပ်အလောင်းများကိုကောင်းမွန်စွာ မြေမြှုပ်၍ အလေးပြုလိုက်ကြသည်။

ဆာဂျင်ဗဟာဒူး၏ မျက်ဝန်းမှမျက် ရည်စများတသွင်သွင်ကျဆင်းနေသည်။ ထိုကျဆုံးသွားသော ရဲဘော်များသည် သူနှင့်မျိုးနွယ်တူ ဂေါ်ရခါးစစ်သားများ ပင်ဖြစ်ပါလေ၏။

"ဆာဂျင်. . စိတ်မကောင်းဖြစ်နေ သလား"

"ဟုတ်ကဲ့ကပ္ပတိန် အခုကျဆုံးသွား ရတဲ့ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ဟာ ကျွန်တော့်လိုပဲ မြန်မာပြည်ဖွား ဂေါ်ရခါး လူမျိုးတွေပါ။ သူတို့ပြန်ရောက်ချင်တဲ့ မြန်မာပြည်ကို ပြန်ရောက်တော့မှကျဆုံး ခဲ့ရတာကြောင့် ကျွန်တော်စိတ်မကောင်း ဖြစ်မိတာပါ"

"သေဆုံးသွားတဲ့ ရဲဘော်တွေဟာ မြင့်မြတ်သောသေဆုံးခြင်းဖြစ်လို့ဂုဏ်ယူ လိုက်စမ်းပါ ဆာဂျင်။ သူတို့ချစ်တဲ့ မြန်မာ ပြည်ကဖက်ဆစ်ဂျပန်တွေကို တိုက်ထုတ်ဖို့ ကြိုးစားကြရင်းကျဆုံးသွားတာ။ သူတို့ အသက်နဲ့ရင်းပြီး ပေးဆပ်ခဲ့တဲ့အတွက် မြန်မာပြည်မြောက်ဖျားစွန်းက ဂျပန်တွေ ဆုတ်ခွာသွားရပါပြီ။ ဂျပန်တွေမြောက်ဖျား စွန်းကနေတောင်ဖျားစွန်းအထိဆက်လက် ဆုတ်ခွာဖို့ ကျုပ်တို့တစ်တွေဆက်လက် တိုက်ပွဲဝင်ရဦးမှာဖြစ်တယ် ဆာဂျင်။

"ကျွန်တော်သူတို့အတွက် ဂုဏ်ယူ စိတ်ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ပေးဆပ် ရတဲ့အသက်တန်ဖိုးအတွက် သူတို့ဘာမျှ မခံစားသွားရဘူး ကပ္ပတိန်"

ခေါင်းတညိတ်ညိတ်နှင့်နားထောင် နေသော ကပ္ပတိန်ပီတာဆင်ကစကားကို တစ်လုံးချင်းပြန်ပြောသည်။

"သူ့ရဲကောင်းဆိုတာ သူတို့ဘဝ အတွက်မဟုတ်ဘူးဆာဂျင်။ သူတို့အသက် နဲ့ဘဝကိုမြန်မာပြည်သူတွေအတွက်ပေးဆပ် ထားကြတာ။ ဒါကြောင့် သူတို့နှစ်ဦးကို သူရဲကောင်းလို့ ခေါ်ရမယ်။ သေကြတဲ့ ချင်းအတူတူ သူရဲကောင်း ဖြစ်နေသေတဲ့ သူကမ္ဘာပေါ်မှာဘယ်လောက်များရှိလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုဆာဂျင့်သူငယ်ချင်း ကျုပ်ရဲဘော်တွေ အချည်းအနှီးသေတာမဟုတ်ဘူး။ဖက်ဆစ်စနစ်ကိုတော်လှန်ရင်းကျဆုံးရလို့သူရဲကောင်းပီသစွာကျဆုံးခဲ့ကြတာ။ ဒီလိုဂုဏ်ယူစိတ်နဲ့ သိမ်ငယ်စိတ်ကို ဖြေဖျောက်ပါ ဆာဂျင်"

ကပ္ပတိန်ပီတာဆင်သည် ဆာဂျင်ဗဟာဒူးကိုကျောပေးထွက်ခွာသွားသည်။ ဆွမ်ပရာဘွန်တွင်နေဝင်လေပြီ။ ထိုနေဝင်ခြင်းနှင့်အတူ ဖက်ဆစ်စနစ်၏မြန်မာပြည်မှ နေဝင်ချိန်လည်းရောက်လာရသည်။ ဂျပန်ရုပ်အလောင်းများကို တစ်နေရာတည်းတွင် စုပုံမီးသဂြိုဟ်ကြသည်။ဂျပန်ရုပ်အလောင်းများ မီးသဂြိုဟ်ရာမှထွက်လာသော အနံ့အသက်ဆိုးဆိုးဝါးဝါးသည် စစ်ဒေသကို ဖုံးလွှမ်းသွားခဲ့ပြီ။မြန်မာ့မြေပေါ်တွင်ကျဆုံးခဲ့ရသော ဂျပန်ရုပ်အလောင်းများကို ကြည့်၍ဂေါ်ရခါးရဲဘော်များကိုဆာဂျင်ဗဟာဒူးက

"သူတို့သေဆုံးခြင်းနဲ့ တို့ရဲဘော်နှစ်ဦးသေဆုံးခြင်းက မတူကြဘူး။ သူတို့တွေဟာ သူတို့မြေပေါ်မှာမသေရဘဲ၊ အခြားတိုင်းပြည်မြေပေါ်မှာ သားတကွဲ၊ မယားတကွဲ၊ မိဘဆွေမျိုးတွေနဲ့ကွဲပြီး ပက်ပက်စက်စက်သေဆုံးခဲ့ရတာ။ တို့ရဲဘော်တွေသေဆုံးရတာဟာ၊ သူတို့မွေးဖွားရာ မြန်မာပြည်မှာ သေဆုံးကြရတာဖြစ်လို့ သေဆုံးရခြင်းရဲ့ အဓိပ္ပာယ်ကလည်းအများကြီးကွာခြားတယ်"

ဆာဂျင်ဗဟာဒူး၏စကားကို သူ့ရဲဘော်များကတွေးတွေးဆဆဖြင့်နားထောင်နေကြသည်။ မကြာမီ တပ်ဖွဲ့မှမြို့ခရာမှုတ်သံကိုကြားရသည်။ ထိုမြို့ခရာသံသည် ဗြိတိသျှစစ်တပ်၏ဖက်ဆစ်စနစ်တိုက်ဖျက်ရေးအဖြစ်ပထမဆုံးမှုတ်သောခရာသံပင်ဖြစ်ပါလေ၏။

ဆွမ်ပရာဘွန်ဆိုသော မြန်မာပြည်မြောက်ဖျားစွန်းမြို့ကလေးမှဂျပန်ဖက်ဆစ်များဆုတ်ခွာသွားခဲ့ရလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



## သူရဲကောင်းများ၏ ပေးဆပ်မှု

အာရှလူငယ်အစည်းအရုံးနှင့် တို့ဗမာသခင်အဖွဲ့များကို မေမြို့တွင်တိတ်တဆိတ်ဖွဲ့စည်းထားခဲ့သည်မှာအင်အားတောင့်တင်းခိုင်မာလျက်ရှိ၏။ စတီဝင်းတိုက်ပွဲတွင်ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့သူများတွင်ဒို့ဗမာအစည်းအရုံးအဖွဲ့ဝင်သခင်အမျိုးသမီးဒေါ်ပို၏သူရဲကောင်းပီသသောအဖြစ်အပျက်မှာလတ်ဆတ်နေဆဲဖြစ်၍လူအများ မမေ့နိုင်ကြသေးပေ။

စတီးဝင်းအတွင်းမှ အဖြစ်အပျက်များသည်အံ့သြထိတ်လန့်ဖွယ်ကောင်းသောအဖြစ်အပျက်နှင့် စတင်ခဲ့ရသည်။ ဂါဝန်ဖြူဝတ် ဗိုလ်မသည်လွှန်ခဲ့သော သုံးနှစ်ခန့်ဂျပန်ဝင်စက မိမိကိုယ်ကိုသေကြောင်းကြံစည်ခဲ့ပြီး၊ ဂျပန်ကိုဆန့်ကျင်ခဲ့သူ စင်သီရာဟုအမည်ရသော အမျိုးသမီးလေလော။ စင်သီရာသေဆုံးခဲ့ခြင်းကို၊ ဂျပန်စစ်ဗိုလ်ယာမာမိုတိုနှင့် ဂျပန်စစ်သားများကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ဖြစ်၏။ ယမန်နေ့ညတိုက်ပွဲစချိန်တွင်စတီးဝင်းဧည့်ခန်းခန်းမဆောင်အတွင်းသို့ဝင်ရောက်လာသောအခါဂါဝန်ဝတ်အမျိုးသမီးကိုဂျပန်စစ်ဗိုလ်ယာမာမိုတိုကိုယ်တိုင်ပစ္စတိုနှင့်ပစ်ခတ်ခဲ့ပါ၏။ ယာမာမိုတို၏ပစ္စတိုကျည်ဆံများဂါဝန်အဖြူဝတ်ထားသောအမျိုးသမီးကို ထိမှန်ခဲ့သော်လည်းလဲကျသေဆုံးခြင်းမရှိ။ ထိုအမျိုးသမီးပစ်သောသေနတ်ကျည်ဆံများကသာဂျပန်စစ်ဗိုလ်နှင့် ဂျပန်စစ်သားများကိုကျဆုံးစေခဲ့သည်မဟုတ်လော။ သူမမှာဝိညာဉ်ဘဝနှင့် စင်သီရာမဟုတ်။ တို့ဗမာအစည်းအရုံးအဖွဲ့ဝင်သခင်အမျိုးသမီးဒေါ်ရီဖြစ်ပါလေ၏။

ထိုတိုက်ပွဲတွင်ပါဝင်ခဲ့သော ဆူဇန်နှင့်အတူ တို့ဗမာအစည်းအရုံးအဖွဲ့ဝင်ကိုသန့်စင်တို့ကိုယ်တိုင် ဂျပန်စစ်သားများအတုံးအရုံးကျဆုံးစေရန်တိုက်ပွဲဝင်ခဲ့သောသူရဲကောင်းတစ်ဦးကို ကိုယ်တိုင်မြင်တွေ့ခဲ့ရပါ၏။ စတီးဝင်းတိုင်ပွဲအတွက် မဟာမိတ်တို့နှင့်အတူ သတင်းအချက်အလက်ချိတ်ဆက်တိုက်ပွဲဝင်ခဲ့ခြင်းကို ချတ္တာရီနှင့်ဒို့ဗမာအစည်းအရုံးတာဝန်ရှိသူများသာသိအပ်သော ထိပ်တန်းလျှို့ဝှက်ချက်ပင်ဖြစ်ပါလေသည်။

အရှူးမီးဝိုင်းသလိုဖြစ်နေသော ဂျပန်စစ်သားများသည် နံနက်လင်းသည်နှင့်သူတို့အလိုရှိသောသူများကိုရှာဖွေနေကြသည်။

"ကိုသန့်စင်. . အခြေအနေကတော့ရှောင်နေမှ ကောင်းမယ်ထင်တယ်"

ဆူဇန်ကတော်လှန်ရေးသမား ကိုသန့်စင်ကို စိုးရိမ်စိတ်ဖြင့်ပြောလိုက်သည်။

"ဟုတ်တယ်ဆူဇန် တော်လှန်ရေးက

www.burmeseclassic.com

www.burmeseclassic.com



အစပဲရှိသေးတာ။ ရန်သူဟာ အလုံးစုံကို ဖျက်ဆီးပြီးမှ ဆုတ်ခွာသွားကြမှာ၊ ဒီတော့ တို့အင်အားစုတွေရှောင်တိမ်းနေမှကောင်းမယ်။ သတင်းအရ မြစ်ကြီးနားဘက်က ဆုတ်လာတဲ့ဂျပန်စစ်တပ်ကို ဗိုလ်မှူးဗထူးတပ်တွေကပြောက်ကျားစနစ်နဲ့တိုက်နေကြပြီ။ မကြာမီမှာ ဂျပန်တွေမေမြို့က ဆုတ်ခွာလိမ့်မယ်။ ညက တိုက်ပွဲမှာလည်း သူတို့ခံလိုက်ရတဲ့အတွက် ကျားနာခဲ့,ခဲလိမ့်မယ်။ သူတို့မီးကုန်ယမ်းကုန် ရက်စက်ကြလိမ့်မယ်။ဒီတော့ တို့ပိတ်ချင်းမြှောင်ဘက်မှာခဏရှောင်နေမှဖြစ်မယ်"

ကိုသန့်စင်နှင့် ဆူဇန်တို့ဆွေးနွေးနေစဉ် ဆူဇန့်ဖခင်ချတ္တာရီရောက်လာသည်။

"မောင်သန့်စင်၊ သမီး တို့အားလုံး ပုန်းရှောင်ကြစို့။ သခင်မ,မပိုကိုတော့ ဂျပန်ကင်ပေတိုင်ဖမ်းသွားပြီ"

"ဗျာ. . ဒေါ်ပို အဖမ်းခံလိုက်ရပြီ ဟုတ်လား"

"ဟုတ်တယ်။ဒီမနက်ပဲဖမ်းသွားကြပြီ"

"အဖေ၊ ကိုသန့်စင် ဒေါ်ပိုကိုဘယ်လိုကယ်ကြမလဲ။ ဂျပန်စစ်တပ်က စတီးဝင်းတိုက်ပွဲအတွက် ကလဲ့စားချေကြလိမ့်မယ်"

"တိုက်ပွဲဆိုတာ အနိုင်ရှိသလိုအရှုံးလည်းရှိတယ်သမီး။ လောကကြီးမှာအနိုင်၊ အရှုံးဆိုတာရှိနေမြဲပဲ။ နိုင်တယ်ဆိုရာမှာ ပေးဆပ်မှုတွေအများကြီး ရင်းနှီးရပါတယ်။ အရှုံးဆိုတာကတော့ပိုဆိုးတာပေါ့။လာ. . တို့သွားကြစို့"

ချတ္တာရီ၊ ကိုသန့်စင်နှင့်ဆူဇန်တို့သုံးဦး ရေရှည်တော်လှန်ရေးအတွက် ပုန်းရှောင်ကြလေပြီ။

"အဖေ၊ သမီးတို့တရားပါ့မလားဟင်။ ညကတိုက်ပွဲမှာ အတူတူတိုက်ပွဲဝင်ခဲ့ကြတဲ့ သခင်မဒေါ်ပိုကိုမကယ်ဘဲချန်ထားရစ်တာ တရားပါ့မလား"

"သမီး ထာဝရအကျိုးစီးပွားအတွက် တဒင်္ဂအကျိုးစီးပွားကို စွန့်လွှတ်ရတယ်။ တို့ရဲ့တော်လှန်ရေးက အစပဲရှိသေးတာ။ နေရာဒေသများစွာမှာသူရဲကောင်းမပိုလို အဖိုးတန်တဲ့သူတွေကို မစွန့်လွှတ်ချင်ဘဲ စွန့်လွှတ်နေကြရတယ်။ အခုအချိန်မှာ ရန်သူဟာ အထိနာနေတဲ့အတွက်ဘယ်သူကိုမှ ညှာမှာမဟုတ်ဘူး။ မြင်ရာလူကိုရန်သူလို့သဘောထားနေပြီ။ တို့တတွေ အလုံးအရင်းနဲ့တိုက်နိုင်သေးတာမဟုတ်ဘူး။အခု သခင်မ,မပို အဖမ်းခံရတာဟာ တို့အတွက် ခွန်အားသစ်တွေဖြစ်လာလိမ့်မယ်။ မေမြို့တစ်မြို့လုံးက ပြည်သူတွေ ဒေါသထွက်ပြီး ခံပြင်းစိတ်တွေပေါက်ကွဲလာလိမ့်မယ်။ ပြည်သူတွေရဲ့ စိတ်ဓာတ်အင်အားကို လက်နက်နဲ့ပေါင်းစပ်ပေးနိုင်ရမယ်။. . .

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့တို့အစ်မကြီးဒေါ်ပိုဟာဂျပန် ကင်ပေတိုင်နဲ့စစ်သားတွေက နှိပ်စက်လို့ သေပြီကွ"

"ဗျာ. . ." "ရှင်. . . အဖေ"

ချတ္တာရီ၏စကားကြောင့် ကိုသန့်စင်နှင့် ဆူဇန်နှစ်ယောက်လုံးပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အဖေ. . သခင်မကြီးကို သတ်ပစ် လိုက်ပြီဟုတ်လား"

"သတ်တာမှ ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတာ။ စတီးဝင်းတိုက်ပွဲမှာ ဂါဝန်ဝတ်ထားတဲ့ဗိုလ်မဟာလူမဟုတ်ဘူး။ လူဆိုရင်လည်း စုန်းမ. . ကဝေမ. . လို့ ဂျပန်တွေထင်နေကြတာ။တို့အစ်မကြီးကို ယုတ်တန်းမှာကြိုးတန်းလန်းတုပ်ပြီးပါးတွေ နားတွေရိုက်၊ စစ်ဘိနပ်တွေနဲ့ရင်ဝကန်၊ ပြီးတော့ နင်တို့အဖွဲ့ဘယ်မှာဘဲ၊ ဘယ်သူ တွေလဲလို့အကြိမ်ကြိမ်ရိုက်နှက်မေးကြတာ။ ဒါပေမယ့် အစ်မကြီးက အပြုံးမပျက်ဘူး၊ အနားကပ်လာတဲ့ဂျပန်စစ်ဗိုလ်ရဲ့မျက်နှာကို တံတွေးနဲ့ထွေးလိုက်သေးတယ်။ ဘယ်လိုပဲ နှိပ်စက်မေးမေးအစ်မကြီးကတော်လှန်ရေး သမားတွေရှိနေတဲ့နေရာကိုပြောမပြခဲ့ဘူး။ ဂျပန်တွေစစ်ရင်းစစ်ရင်း အစ်မကြီးကို မှော် အတတ်,တတ်တဲ့ လူစွမ်းကောင်းလို့ထင် လာတယ်။ နောက်ဆုံးတော့အစ်မကြီးကို ကြိုးနဲ့တုတ်၊ ခဲတွေချီပြီး ရေတွင်းထဲပစ်ချ လိုက်တာပါပဲကွာ"

ချတ္တာရီ မျက်ရည်များပင်ကျလာသည်။ ဆူဇန်နှင့် ကိုသန့်စင်တို့လည်း ယူကျုံးမရ ဖြစ်ကြရလေပြီ။

သူရဲကောင်းသခင်မ,မပို အသက်စွန့် ခဲ့ရသောတော်လှန်ရေးသည် ဂျပန်များကို မရှုမလှကျဆုံးစေမည့် အကြောင်းတစ်ရပ် ဖြစ်ပါလေ၏။ အထက်ဗမာပြည်တိုင်းမှူး ဗိုလ်မှူးဗထူး၏ တော်လှန်ရေးအင်အားစု များက ဂျပန်များကိုတွေ့ရာနေရာများတွင် အောင်ပွဲရသည်အထိ တိုက်ပွဲဝင်ခဲ့ကြလေ ပြီ။ ဗြိတိသျှလေတပ်များကလည်း မေမြို့ အနီးမန္တလေးမြို့ကြီးကို ဗုံးကြဲကြလေပြီ။

ဖက်ဆစ်ဂျပန်တပ်များ အပြင်းဆုတ် ခွာနေကြရပြီ။ မြန်မာလူမျိုးတို့၏ ဇာတိ ပုညဂုဏ်မာနတည်ရာ ရွှေနန်းတော်ကြီး မှာ ရွှေမှန်ကင်းအစစ်မှထင်းဖြစ်လေပြီ။ နယ်ချဲ့ဗြိတိသျှများနှင့် ဖက်ဆစ်ဝါဒီများ၏ နယ်မြေလုစစ်ပွဲတွင်မြန်မာတို့၏ရွှေနန်းတော် နှင့်အတူ သာသနာတော်တည်ရာကိန်းရာ ဘုန်းတော်ကြီးကျောင်းများလည်းမီးလောင် ပြာကျရလေသည်။

ကနုတ်၊ ကပီ၊ နရီ၊ ဝဇာ အနုပညာ လက်ရာများနှင့်တည်ထားခပ်သော တိုက်ချွတ် ဘုံစံ(ရွှေကျောင်းတော်ကြီး)လည်းကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



လေပြီ။ ရုပ်ဝတ္ထုပစ္စည်း မီးတောက်မီးလျှံများအတွင်းမှအမျိုးသားဇာတိမာန်စိတ်ဓာတ်များသည် မြန်မာပြည်သူတို့၏ရင်တွင်းသို့ ကူးစက်ကာ တရှိန်ရှိန်၊တညီးညီးထွန်းလင်းတောက်ပလေတော့၏။

■

## ဂျပန်တော်လှန်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှု

ဂျပန်အုပ်စိုးသောကာလ မြန်မာတို့၏တပ်မတော်ကိုမြန်မာ့တပ်မတော်ဟူ၍အမည်သစ်ဖြင့်ဖွဲ့စည်းလိုက်လေသည်။ စက်မှုလက်မှုတပ်ရင်း၊သယ်ယူပို့ဆောင်ရေးတပ်ရင်းနှင့်ဒေသအသီးသီး၌ ပြောက်ကျားတပ်ဖွဲ့များကိုတိုးချဲ့ဖွဲ့စည်းထားခဲ့သည်။ ဗမာ့တပ်မတော်၏အင်အားစုရှစ်သောင်းကျော်ရှိပါလေ၏။

ဂျပန်ကင်ပေတိုင်များ၏ ရက်စက်ရမ်းကားယုတ်မာမှုကို ပြည်သူများအလူးအလဲခံနေရပြီ။ ဂျပန်အရင်းရှင်ကုမ္ပဏီများဖြစ်သော ကာနီဗို၊ ဂိုရှို၊ မစ်ဆူဗီရှိစသော ကုမ္ပဏီများက စစ်ဒဏ်ကိုမရှုမလှခံနေရသောမြန်မာ့စီးပွားရေးကို သွေးစုပ်နှိပ်စက်လျက်ရှိ၏။ ဆီ၊ဝါဂွမ်း၊ရေနံ၊ရော်ဘာနှင့်ဆန်စပါးကို ယင်းကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားသည်။ သူတို့ပေးသော လွတ်လပ်ရေးသည်အတုအယောင်ဖြစ်၍ ရက်စက်ယုတ်မာမှုများကလည်းအမျိုးသမီးများနှင့် ဘုန်းကြီးရဟန်းများပင် မရှောင်တော့ဘဲ မြန်မာ့စီးပွားရေးနှင့် အုပ်ချုပ်မှုမှန်သမျှမှာ ဂျပန်ပြုသမျှနုနေကြရသည့်အဖြစ်ကိုမြန်မာ့တပ်မတော်နှင့်တကွမျိုးချစ်ပုဂ္ဂိုလ်များမခံမရပ်နိုင်ဖြစ်လာကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ၁၉၄၄ခု ဩဂုတ်လတွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့လွတ်လပ်ရေး အဖွဲ့ကိုဖွဲ့စည်းလိုက်သည်။ တော်လှန်ရေး၏ကျောရိုးမဏ္ဍိုင်သဖွယ်ဖြစ်သောဗိုလ်ချုပ် အောင်ဆန်းဦးစီးသည့် တပ်မတော်သည် အခိုင်အမာအထက်ကြွဆုံးဖြစ်ပါလေ၏။ ဖဆပလအဖွဲ့ချုပ်ကြီးတွင် အခြားအဖွဲ့ အစည်းများဖြစ်ကြသော ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီ၊ အာရှလူငယ်များအစည်းအရုံးတို့ကလည်း မိမိတို့အဖွဲ့ အစည်းအလိုက်လူထုကိုစည်းရုံးသိမ်းသွင်း ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့တပ်မတော်သည်ဂျပန်ကိုတော်လှန်ရန် အတွက်ကြိုတ်ကြံစည်လျက် အင်အားမွေး ကြသည်။ အထက်ဗမာပြည်တွင်ဗြိတိသျှ တို့က အင်အားနှင့် ထိုးဖောက်တိုက်ခိုက် လာသောအခါ ယင်းအခြေအနေကိုအခွင့် ကောင်းယူလျက်စစ်မျက်နှာများသီးသန့်ဖွင့် ၍တိုက်ပေးမည်ဟု ဂျပန်တို့ကိုအယုံသွင်း လှည့်စားလိုက်သည်။

တပ်များသည် မြန်မာ့တပ်မတော်မှ ရှေ့တန်းစစ်မျက်နှာဟုသတ်မှတ်သောရေနံ ချောင်းဒေသ၊သရက်ခရိုင်ဒေသနှင့်ပျဉ်းမနား ဒေသအသီးသီးသို့လည်းကောင်း၊မြစ်ဝကျွန်း ပေါ်ဒေသနှင့်တနင်္သာရီနယ်သို့လည်းကောင်း အသီးသီးချီတက်၍တပ်ဖြောက်ထားသည်။ ၁၉၄၅ ခုနှစ် မတ်လ (၁၇) ရက်နေ့၌ ဗမာ့ တပ်မတော်သည်ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်ဘက်ရှိ တော်လှန်ရေးပန်းခြံတွင် စစ်ရေးပြအခမ်းအနားကျင်းပလေသည်။

ဂျပန်တို့ကိုတော်လှန်ရန်အတွက် စစ်နယ်မြေတိုင်းများကို ခွဲဝေချထားလိုက် သည်။

(က)အထက်မြန်မာပြည်တိုင်း တိုင်းမှူး ဗိုလ်မှူးဗထူး။

(ခ) ရှေ့တန်းစစ်ဌာနချုပ် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဇေယျ။

(ဂ) အောက်မြန်မာပြည်တိုင်းကြီး ခုနစ် တိုင်း။

တိုင်းခွဲ(၁) ပြည်၊ သာယာဝတီ၊ အင်းစိန်၊ ဤဒေသကိုတိုင်းမှူးဗိုလ်မှူးမောင်မောင်က ဦးစီး၍ မင်းလှစည်သူတပ်ဖွဲ့ဟုအမည်ပေး သည်။

တိုင်းခွဲ(၂) ဟံသာဝတီ ၊ မအူပင်၊ ဖျာပုံ၊ ဤတိုင်းကို ဗိုလ်မှူးကြီးနေဝင်းကဦးဆောင် ၍ကျော်ခေါင်ဗလတပ်ဖွဲ့ဟုအမည်ပေးသည်။

တိုင်းခွဲ(၃) ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ ဤတိုင်းကို ဗိုလ်မှူးကြီးစောကြာဒိုးက ဦးဆောင်၍ရဲကျော်သူရတပ်ဖွဲ့ဟုအမည်ပေး သည်။

တိုင်းခွဲ(၄) ပဲခူးရွှေကျင်၊ သထုံ၊ ဤဒေသကို

www.burmeseclassic.com

www.burmeseclassic.com



. . . . ကတိုင်းမှူးအဖြစ်ဆောင်ရွက်၍ လက်ျာကျော်ထင်တပ်ဖွဲ့ဟုအမည်ပေးသည်။

တိုင်းခွဲ(၅) မော်လမြိုင်၊ ထားဝယ်၊ မြိတ်ဒေသကို ဗိုလ်မှူးတင်ထွန်းက တိုင်းမှူးအဖြစ်ဆောင်ရွက်၍ဇေယျကျော်သူတပ်ဟု အမည်ပေးသည်။

တိုင်းခွဲ(၆) တောင်ငူ၊ ရမည်းသင်း၊ မိတ္ထီလာ၊ တောင်ပိုင်းရှမ်းပြည်ကို ဗိုလ်မှူးရဲထွဋ်ကတိုင်းမှူးအဖြစ်တာဝန်ယူ၍ဘယကျော်ထင်တပ်ဖွဲ့ဟုအမည်ပေးသည်။

တိုင်းခွဲ(၇) သရက်၊ အာလံ၊ မကွေး၊ မင်းဘူး၏တိုင်းကို ဗိုလ်မှူးအောင်က တိုင်းမှူးအဖြစ်တာဝန်ယူ၍သီရိကျော်ထင်တပ်ဖွဲ့ဟု အမည်ပေးသည်။

၁၉၄၅ခုနှစ် မတ်လ ၂၇ရက်နေ့တွင် မြန်မာ့တပ်မတော်ကို ပြည်သူ့တပ်မတော် ဟူသောအမည်ကို ခံယူကာဂျပန်တို့အား စစ်ကြေညာလိုက်သည်။

ရခိုင်တိုင်းတွင်မူကား ထိုရက်မတိုင်မီ အခြေအနေအရ ဦးပညာသီဟနှင့် ကိုညိုထွန်းတို့ဦးဆောင်သောပြည်သူ့တော်လှန်ရေးကစသည်။ အလားတူအနောက်မြောက်တိုင်းတိုင်းမှူးဗိုလ်မှူးဗထူးကြီးမှူးသည် မြန်မာ့တပ်မတော်နှင့်တပ်ရင်းတပ်ဖွဲ့များသည် အခြေအနေအရမတ်လ၈ရက်နေ့ကစတင်၍ဂျပန်တို့ကို စတင်တိုက်ခိုက်ခဲ့လေပြီ။

ပြည်သူ့တပ်မတော်သည် ရခိုင်ဘက်မှဆုတ်ခွာလာသောဂျပန်တပ်များကိုသရက်ခရိုင်နှင့် ပြည်ခရိုင်တို့မှလည်းကောင်း အထက်မန္တလေးမြေမြို့မှဆုတ်ခွာလာသောဂျပန်တို့အား ပျဉ်းမနား၊ တောင်ငူ၊ ပဲခူးခရိုင်တို့မှလည်းကောင်း၊ ကြွင်းကျန်သောတပ်ကွဲတပ်ကျန်များကို မြစ်ဝကျွန်းပေါ်နှင့်ရခိုင်ဒေသများတွင်လည်းကောင်းယိုးဒယားလမ်းမကြီးမှနေ၍ခံစစ်ကြောင်းတည်ဆောက်ခံပြုနေသောဂျပန်တပ်များကို တနင်္သာရီတိုင်းအမှတ်-၅ ဇေယျကျော်သူတပ်ဖွဲ့မှ အသီးသီးပြင်းပြင်းထန်ထန်တိုက်ခိုက်ကြလေပြီ။

ဂျပန်တော်လှန်ရေးတွင် စစ်တောင်းမြစ်ဝှမ်းဒေသတွင် ဂျပန်နှစ်သောင်းကျော်ကျဆုံး၍စစ်တောင်းမြစ်သည်သွေးချင်းချင်းနီသွားသည်။

မြန်မာနိုင်ငံတွင် သုံးနှစ်တာကာလအတွင်းပြည်သူတို့အား ဖိနှိပ်ညှဉ်းပန်းသွေးစုပ်ခဲ့ကြသော ဂျပန်ဖက်ဆစ်တို့သည် ၁၉၄၅ခုနှစ်ဩဂုတ်လ၁၁ရက်နေ့တွင် ခြွင်းချက်မရှိလက်နက်ချအညံ့ခံလိုက်ရလေပြီ။ မြန်မာပြည်သူတို့၏လွတ်လပ်ရေးတိုက်ပွဲခရီးကားဆက်လက်ဆင်နွှဲကြရပေဦးမည်။

■

www.burmeseclassic.com

www.burmeseclassic.com



**ဂျပန်ဆုတ်ခွာပြီးစ မေမြို့**

ဂျပန်တို့မေမြို့မှ ဆုတ်ခွာသွားခဲ့ပြီ။ မေမြို့မြို့မိမြို့ဖများနှင့် မြန်မာ့တပ်မတော်သားများ၊ဗိုဟာအစည်းအရုံးအဖွဲ့ဝင်များနှင့် အာရှလူငယ်အစည်းအရုံးလူငယ်များက မေမြို့ကို ပြန်လည်ဝင်ရောက်လာကြပြီ။

ချတ္တာရီတို့သားအဖ နောင်ခမ်းကြီးရွာလေးမှ သူတို့နေထိုင်ခဲ့ရာစိမ်းလဲ့ဂေဟာခြံကြီးသို့ ပြန်လည်နေထိုင်ခဲ့ကြပြီ။ ဂျပန်ခေတ်ကာလ စစ်သုံ့ပန်းများလည်း မိမိတို့နေထိုင်ရာဒေသအရပ်အသီးသီးသို့ပြန်လည်နေထိုင်လွတ်မြောက်ခဲ့ကြသည်။

စိမ်းလဲ့ဂေဟာအိမ်အတွင်းမှာ ချတ္တာရီ၊ ဆူဇန်၊ကိုသန့်စင်နှင့်တော်လှန်ရေးအင်အားစုများစုဝေးတိုင်ပင်ရာ နေအိမ်ဖြစ်လာခဲ့ကြသည်။

ဆူဇန်သည် ဂျပန်ခေတ်ကာလက ပျက်စီးယိုယွင်းခဲ့သော အိမ်ဝင်းကိုသန့်ရှင်းရသည်။ လမ်းမတစ်လျှောက် ဂျပန်ခေတ်စစ်ဘေးစစ်ဒဏ်ကြောင့် ကျိုးကျပျက်စီးနေသောချယ်ရီပင်နှင့်ခါတော်မီအပင်များကိုပြန်လည်ပြုစုရပြီ။ သစ်ပင်သစ်ကိုင်းအကျိုးအပဲ့များနှင့် သေနတ်ကျည်ဆံထိမှန်ထားသော ပင်စည်များကိုသက်ရှိလူသားတစ်ဦးပမာကရုဏာထားပြန်လည်ပြုပြင်၍အပင်သစ်များကိုပြန်လည်စိုက်ပျိုးရသည်။ အိမ်ရှေ့ပန်းခြံကိုလည်း သစ္စာပန်း၊ ဂန္ဓမာ၊ ဒေလီယာစသော အပင်များကိုပြန်လည် စိုက်ပျိုးလျှက်ရှိသည်။

အိမ်ရှေ့ပန်းခြံကို ပြုပြင်နေသောဆူဇန်ရှိရာသို့ပင်နီတိုက်ပုံ၊ ယောလုံချည်ကိုသေသပ်စွာဝတ်ဆင်ထားသောလူငယ်တစ်ဦးခြံတံခါးဝသို့ရောက်လာသည်။

"ဟေ့. . ဥယျာဉ်မှူးကြီး"

ရင်းရင်းနှီးနှီးခေါ်လိုက်သော အသံရှင်ဆီသို့ ဇူဆန်လှမ်းကြည့်လိုက်ရာ

"ဟာ. . ကိုသန့်စင် နေဦး၊ နေဦး။ ဆူဇန်ဝင်းတံခါးသော့သွားယူလိုက်ဦးမယ်။ အဖေ အစ်ကို့ကိုသန့်စင်လာတယ်"

ဧည့်ခန်းအတွင်းမှ ချတ္တာရီလည်းဆူဇန်နှင့်အတူ ခြံဝသို့လိုက်လာသည်။

"ဦးလေး နေကောင်းတယ်နော်"

"ကောင်းပါတယ် မောင်သန့်စင်"

"ဘယ်လိုလဲ ဥယျာဉ်မှူးကြီးအပင်တွေစိုက်ပျိုးနေတာ အတော်ပင်ပန်းနေပြီထင်တယ်"

"ငပုတွေနေသွားတဲ့ အိမ်ကိုပြင်ဆင်နေရတာနဲ့ နေ့တိုင်းအားတယ်မရှိပါဘူး"

ဧည့်ခန်းအတွင်းသို့ သုံးဦးသားဝင်၍ထိုင်ကြသည်။

"ကိုသန့်စင် ခဏလေးနော်၊ စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ကျွန်တော်တို့ ဂျပန်ကိုနိုင်လိုက်ပေမယ့် ကျွန်တော့်တို့နိုင်ငံလွတ်လပ်ရေးအတွက် ဆက်ကြိုးပမ်းကြရဦးမယ် မဟုတ်လား"

"ဟုတ်တယ် မောင်သန့်စင်။ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံ ကိုယ့်ဒေသကို လွတ်လပ်ချင်ကြတာပေါ့။ အင်္ဂလိပ်အစိုးရ ကမြန်မာစစ်တပ်တွေကို ဆက်မထားချင်တော့ပြန်ဘူး"

"ဒီကိစ္စကို ဗြိတိသျှစစ်ဗိုလ်ချုပ် လော့မောင့်ဘက်တန်နဲ့ ဗိုလ်ချုပ်တို့အဖွဲ့ ကန္ဒီမှာ ဆွေးနွေးနေကြပြီဦးလေး။ ဘယ်လိုအဖြေထွက်မလဲဆိုတာတော့စောင့်ကြည့်ရအုံးမယ်။ခက်တာကကျွန်တော်တို့ဖဆပလအဖွဲ့ကြီးထဲက ကွန်မြူနစ်ပါတီကလည်း ဗိုလ်ချုပ်တို့နဲ့သဘောထားကွဲလွဲနေတယ်ကြားတယ်။ဂျပန်ကိုအတူတကွ တော်လှန်ကြတုန်းကညီညွတ်ခဲ့ကြသလိုလွတ်လပ်ရေးအတွက် အရေးဆိုနေတဲ့အခုလိုအချိန်မှာ ညီညွတ်ဖို့ကောင်းတယ်ဗျာ"

"ဟုတ်တာပေါ့ မောင်သန့်စင်။တို့တစ်တွေညီညွတ်လို့သာ ဂျပန်ဖက်ဆစ်ကို တော်လှန်နိုင်ခဲ့ကြတာမဟုတ်လား။အခုလိုအချင်းချင်း မညီမညွတ်ဖြစ်တာကတော့ တို့တိုင်းပြည်အတွက် ရှေ့မကောင်းလှဘူး မောင်သန့်စင်"

"ဒါနဲ့ဦးလေးတို့နဲ့ ပတ်သက်တယ်လို့ ယူဆရတဲ့ အကြောင်းတစ်ခုမေးချင်လို့။ ကိုယ်ရေးကိုယ်တာကိစ္စဆိုတော့ခွင့်လွှတ်ပါ"

"ရပါတယ်။ မောင်သန့်စင်မေးပါ"

"တခြားတော့မဟုတ်ပါဘူး။ ဦးလေးနာမည် ချတ္တရီဆိုတာဘယ်လို အဓိပ္ပာယ်နဲ့ မှည့်ထားတာလဲလို့"

"မင်းနှယ် ဖြစ်မှဖြစ်ရလေကွာ။ဦးက ဘာများလဲလို့။ ဒီလိုကွယ့်တို့ဂေါ်ရခါးလူမျိုးတွေဟာနီပေါနိုင်ငံသားတွေ။ တို့လူမျိုးမှာလူ့အဖွဲ့အစည်းလေးမျိုးရှိတယ်။ တစ်ဘာရာမင်းမျိုးနှစ် ချတ္တရီမျိုး၊သုံး ဘိမ်ဆယ်မျိုး၊ လေး ဆုဒရာဆိုပြီးလေးမျိုးရှိတယ်။ ဘာရာမင်းဆိုတာကဘုရားတရားမှာကျွမ်းကျင်ကြတယ်။ သူတို့ကဘာသာရေးခေါင်းဆောင်အဖြစ်များကြတယ်။ ချတ္တရီဆိုတာကတော့ စစ်ရည်စစ်သွေးစစ်စိတ်စစ်မာန်ရှိကြတယ်။ ဘိမ်ဆယ်အမျိုးဆိုတာလည်း အတူတူပါပဲ။ စစ်တိုက်ရတာကို ဝါသနာထုံကြပါတယ်။ ဆုဒရာမျိုးကတော့လက်မှုပညာနဲ့အရောင်းအဝယ်ကုန်သွယ်စီးပွားကိုဝါသနာထုံကြတာပေါ့။ ဦးနာမည် ချတ္တရီဆိုတာ စစ်စိတ်စစ်မာန်ကို ဂုဏ်ပြုတဲ့အနေနဲ့ မိဘများကမှည့်ခေါ်ခဲ့တာ"

"ပညက်သွားရာ ဓာတ်သက်ပါတာလို

www.burmeseclassic.com

www.burmeseclassic.com



ဦးနာမည်ဘဝကအံကိုက်ပဲနော်။ ဂုဏ်ယူစရာကောင်းလိုက်တာ"

"နောက်ပြီး တို့ဂေါ်ရခါးဆိုတဲ့နာမည်ကလည်း ဂေါ်တမဆိုတဲ့စကားကလာတာလို့ဆိုတယ်။တို့ဗုဒ္ဓဘုရားရှင်လည်း ဂေါ်တမအနွယ်က လာတာမဟုတ်လား။ ဂေါ်တမကနေ တဆင့်ဆင့်ပြောင်းလဲပြီး ဂေါ်ရခါးဖြစ်လာတာလို့ သမိုင်းပညာရှင်တွေကဆိုကြတယ်။ မောင်သန့်စင်လည်း သိပါတယ်။ တို့ဘုရားအလောင်းတော်မွေးဖွားရာလုမ္ဗဏီဆိုတာ တို့နီပေါနိုင်ငံမှာရှိနေတာမဟုတ်လား။ဒါကြောင့် ဂေါ်ရခါးတွေဟာဘုရားမွေးဖွားရာ နိုင်ငံကလူမျိုးတွေဖြစ်လို့ဂုဏ်ယူမိတယ်။ ဒါပေမယ့် တို့လူမျိုးတွေက ဟိန္ဒူဘာသာနဲ့ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတယ်။ ဦးတို့ကတော့ ဗုဒ္ဓကို ကိုးကွယ်သလို၊ ဟိန္ဒူနတ်ဘုရားတွေကိုလည်းကိုးကွယ်ပါတယ်။ ကိုးကွယ်မှုနဲ့အတူ တို့လူမျိုးတွေဟာ သစ္စာတရားကိုအလေးအနက်ထားတတ်ကြပြန်တယ်။ မောင်သန့်စင် စဉ်းစားကြည့်ပါ။ အင်္ဂလိပ်တွေဟာ အစစအရာရာ တိကျသေချာပြီးစည်းကမ်းကောင်းတယ်။ ကမ္ဘာကိုအုပ်စိုးလာတယ်ဆိုတာ သူတို့လူမျိုးချည်းဘယ်တတ်နိုင်မလဲ၊ ကမ္ဘာပေါ်မှာစွမ်းရည်သတ္တိရှိပြီးသစ္စာရှိတဲ့တို့ဂေါ်ရခါးလူမျိုးတွေကို သူတို့တပ်တွေမှာစစ်သားတွေအဖြစ်ခန့်အပ်တာဝန်ပေးခဲ့ကြတာမဟုတ်လား။ ဦးကိုယ်တိုင်အင်္ဂလိပ်စစ်တပ်မှာတာဝန်ထမ်းသေးတာ မောင်သန့်စင်။ သူတို့ဆုတ်ခွာခါနီးမှာလည်း ဦးလေးကို စစ်ရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ စုဆောင်းခိုင်းခဲ့သေးတာ"

"တကယ်လို့များ အင်္ဂလိပ်အစိုးရက နီပေါနိုင်ငံကို ပြန်ခွင့်ပြုရင်ရော ဦးပြန်မှာလား"

" တကယ်တော့ ဦးကမြန်မာပြည်မှာမွေးခဲ့တာ။ ဦးအဖေက ဗြိတိသျှစစ်တပ်ဗိုလ်မှူးကြီးစတက်မင်းဦးစီးတဲ့ အမှတ်-၃ ဂေါ်ရခါးသေနတ်ကိုင်တပ်ရင်းမှာ တာဝန်ထမ်းရင်း ဦးကို ဒီမှာမွေးခဲ့တာပေါ့။ ဒါကြောင့် နီပေါကိုမပြန်တော့ပါဘူး။မြန်မာ့မြေမှာမွေးဖွားတဲ့ ဦးတို့သားအဖမြန်မာပြည်မေမြို့မှာပဲသေတစ်ပန်သက်တစ်ဆုံးနေတော့မယ်။ သမီးလေးဆူဇန်က ကံဆိုးရှာတယ်။ သူ့အမေကသူ့ကိုမွေးပြီးခြောက်လလောက်မှာငှက်ဖျားရောဂါနဲ့ကွယ်လွန်သွားခဲ့တယ်။ ဒါကြောင့်လည်း ဦးသမီးအတွက် စစ်တပ်ကအနားယူပြီး မေမြို့မှာနေလာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီပဲ"

"အခုလိုစိတ်လို လက်ရရှင်းပြတဲ့ အတွက်ကျေးဇူးတင်ပါတယ် ဦးလေး"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ကဲ အဖေရော၊ကိုသန့်စင်ရော နေ့လယ်စာထမင်းစားရအောင်ထမင်းစား ခန်းဘက်ကိုကြွကြပါ။ ကိုသန့်စင် ထမင်း ဟင်းကတော့ ဂေါ်ရခါးထမင်းဟင်းပဲနော်"

"ဒီလိုဆိုရင်တော့ မြည်းစမ်းကြည့်ရ သေးတာပေါ့"

စိမ်းလဲ့ဂေဟာခြံကြီးသည် ယခင်က လိုပင် သာယာပျော်ရွှင်ဖွယ်ဖြစ်ခဲ့လေပြီ။

■

**ဖက်ဆစ်စနစ်လက်အောက်မှ လွတ်မြောက်ခြင်းနှင့်အတူ**

၁၉၄၅ ခုနှစ် မတ်လစရက်မှ စတင် ၍ တိုက်ပွဲဝင်ခဲ့သော မြန်မာ့တပ်မတော် နှင့်ပြည်သူ့စစ်ပွဲကြီးဖြင့် ဂျပန်ဖက်ဆစ် များကို လှည်းနေလှေအောင်းမြင်းဇောင်း မကျန်ပြည်သူများ၏ တော်လှန်ရေးဒဏ် ကို ဖက်ဆစ်ဂျပန်များ အလူးအလဲခံကြရပြီ မြန်မာပြည်မှ ဆုတ်ခွာနေရသည်။

ထိုတော်လှန်ရေးကြီးအတွင်း တိုင်း ပြည်နှင့်လူမျိုးအတွက် အသက်ပေါင်း များစွာပေးဆပ်ခဲ့ရသူများကိုယ်လက်အင်္ဂါ ပျက်စီးပေးလှူခဲ့သူများအမြောက်အများပင် ဖြစ်ပါလေ၏။

ထိုတော်လှန်ရေးစချိန်မှစ၍ ပြည်သူ့ တပ်မတော်ခေါ် ဘီအန်အေဟု အမည် ပြောင်းလိုက်သော မြန်မာ့တပ်မတော်၏ စွမ်းရည်သတ္တိနှင့် ရဟန်းသံဃာတော်များ တိုင်းရင်းသားလူမျိုးပေါင်းစုံသော မြန်မာ ပြည်သူလူထုတစ်ရပ်လုံး၏အုံကြွပေါင်းပါဝင် ဆောင်ရွက်မှုကြောင့် ဖက်ဆစ်ဂျပန်များ မြန်မာ့မြေမှ အပြေးအလွှားဆုတ်ခွာခုခံ ရင်းပျက်သုဉ်းကြကုန်သည်။

တော်လှန်ရေးကြီးစပြီး တစ်လ သာသာဖြစ်သော ၁၉၄၅ခုနှစ်မေလ၁ရက် နေ့တွင်ဗိုလ်မှူးကြီးနေဝင်းခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



သော ကျော်ခေါင်ဗလတပ်ခွဲက မဟာမိတ်တပ်များရောက်မလာမီပါပင်ရန်ကုန်မြို့ကိုသိမ်းပိုက်လိုက်ကြသည်။ ဖက်ဆစ်တော်လှန်ရေးအောင်မြင်ပြီးသည့်နောက်ပြည်သူ့တပ်မတော်(ဘီအန်အေ)မျိုးချစ်တပ်မတော်ခေါ် ပီဘီအက်ဖ်အမည်ခံယူလိုက်ကြသည်။

မြန်မာ့မျိုးချစ်တပ်မတော်၏ ရှေ့ရေးအတွက်အာရှအရှေ့တောင်ပိုင်းရှိ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီး လော့ဒ်လူဝီမောင့်ဘက်တန်ကဗိုလ်ချုပ်အောင်ဆန်းကိုဖိတ်မန္တကပြုသဖြင့် ဗိုလ်ချုပ်ကိုယ်တိုင် ၁၉၄၅ခုနှစ်စက်တင်ဘာလ၄ရက်နေ့တွင်သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့၌ ကျင်းပသောအစည်းအဝေးသို့တက်ရောက်ခါတင်းတင်းမာမာပင် အရေးဆိုခဲ့သည်။ မြန်မာ့တပ်မတော် ဆက်လက်ရပ်တည်ရေးအတွက်အရေးကြီးသောအရေးဆိုမှုဖြစ်၏မြန်မာ့မျိုးချစ်တပ်မတော်၏စွမ်းရည်၊သတ္တိကို နယ်ချဲ့သမားများခံပြားလေးစားခဲ့ရပြီမဟုတ်လော။ ဂျပန်နှင့်အတူမဟာမိတ်တပ်များကိုတိုက်ပွဲဝင်ခဲ့စဉ်ကရန်ကုန်မြို့ကိုမြန်မာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)က အလျင်ဦးစွာသိမ်းပိုက်ခဲ့၏။ ယခုဂျပန်ကိုပြန်လည် တိုက်ခိုက်စဉ်မှာလည်းမဟာမိတ်တို့ထက်စောစွာရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့၏။ သိမ်းပိုက်နိုင်ရေးစစ်ဒေသများကို စနစ်တကျဖွဲ့စည်းတိုက်ပွဲဝင်ခဲ့ခြင်းကို မဟာမိတ်စစ်သေနာပတိလော့ဒ်မောင်ဘက်တန် အသေအချာသိနေခဲ့ပါ၏။ သို့သော် မြန်မာပြည်လွတ်လပ်ရေးရသည်အထိ လက်လွတ်ဆုံးရှုံးရမည်ကိုအလိုမရှိ။

မြန်မာပြည်သူများကလည်း မြန်မာ့မျိုးချစ်တပ်မတော်နှင့်အတူတစ်သွေးတည်းတစ်သားတည်းရောကို့ခွဲ၍အရာမထင်အောင်စည်လုံးညီညွတ်နေကြပြီ မဟုတ်လော။

ဗြိတိသျှအစိုးရကလည်း မြန်မာ့မျိုးချစ်တပ်မတော်လုံးဝဖျက်သိမ်းပစ်ရန်မဖြစ်နိုင်ကြောင်းကို သူတို့သဘောပေါက်သည်။ သို့သော် အင်အားကြီးမားသောမျိုးချစ်တပ်မတော် အင်အားချည့်နဲ့စေရန်စဉ်းစားလာကြသည်။

တပ်မတော်သားများသည် လစာရိက္ခာမရှိ၊ ယူနီဖောင်းလုံလောက်စွာမရှိတိုင်းပြည်အတွက် ဘဝနှင့်အသက်ကိုပေးဆပ်ထားကြသူများသာဖြစ်ကြပါလေ၏။ ထိုမျိုးချစ်တပ်မတော်သားများကို ၁၉၄၅ ခုနှစ် အောက်တိုဘာလမှ စတင်၍ခွင့်သုံးလပေးလိုက်သည်။

ဂျပန်ဖက်ဆစ်ကို ရဲရဲတောက်ကြွေးလှန်ခဲ့ကြသော တပ်မတော်သားများ၏ပန်းတိုင်ခရီးကားနီး၍လာပြီ။ ပန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



နီးလာသည်နှင့် အတွေးအမြင်၊အယူအဆတွေကလည်းထွေပြားလာသည်။ သူတို့နှင့်အတူ တိုက်ပွဲဝင်ခဲ့သော ကွန်မြူနစ်ပါတီဝင်များက လွတ်လပ်ရေးဟူသည် ဟောင်းယူ၍မရလွတ်လပ်ရေးသည်တိုက်ယူမှရမည်ဟုဆိုသည်။ တိုက်ပွဲကိုမကြောက်သောလူငယ်များက နယ်ချဲ့သမားများကိုတိုက်၍သာလွတ်လပ်ရေးကိုယူချင်သည်။ ခွင့် ၃လကာလအတွင်း ကွန်မြူနစ်ပါတီ၏တိုက်ပွဲဝင်ရေးအတွေးအခေါ် ကအားကောင်းလာသည်။

ထိုသူတို့၏ အတွေးအမြင်ကိုအားကောင်းစေခဲ့သော ကန္တီဆုံးဖြတ်ချက်သည်လူငယ်မျိုးချစ်တပ်မတော်သားများကိုမီးလောင်ရာ လေပင့်ဖြစ်ခဲ့ပါလေ၏။

ခွင့်သုံးလပြည့်သော ၁၉၄၆ခုနှစ်ဇန်နဝါရီလသို့ရောက်သောအခါ မျိုးချစ်တပ်မတော်ဟူသောအမည်ကို ဖျက်သိမ်း၍ မျိုးချစ်တပ်မတော်မှ အရာရှိ၊ အကြပ်တပ်သားများနှင့် သေနတ်ကိုင်တပ်ရင်း ၃၊ ၄၊ ၅ကို ဖွဲ့စည်းဖွင့်လှစ်သည်။ ဂျပန်တော်လှန်ရေးကာလ အရှိန်အဟုန်ကောင်းခဲ့သော မျိုးချစ်တပ်မတော်သည်လုံးဝပျက်သုဉ်းခဲ့ရပါလေ၏။ ၁၉၄၇ခုနှစ်ဇန်နဝါရီ ၂၇ ရက်နေ့တွင် အောင်ဆန်း၊အက်တလီစာချုပ်ကို ချုပ်ဆိုသကဲ့သို့ ထိုနှစ်ဩဂုတ်လ ၂၉ရက်နေ့တွင် လက်ျာ - ဖရီးမင်းစာချုပ်ကိုချုပ်ဆိုသည်။

ဂျပန်တော်လှန်ရေးကာလအတွင်းညီညွတ်ခဲ့သော မြန်မာတို့၏ ဖဆပလအဖွဲ့ကြီးထဲမှ ကွန်မြူနစ်ပါတီခွဲထွက်သွားခဲ့ပြီ။ လူငယ်မျိုးချစ်တပ်မတော်သားများ၏ အနာဂါတ်ခရီးကားအခက်အခဲတွေအများကြီး ကြုံတွေ့ရလေပြီ။ တစ်ချိန်ကအတူလက်တွဲခဲ့ကြသောညီနောင်ရဲဘော်များ လက်တွဲဖြုတ်ကြပြီ။ မြန်မာပြည်သူတို့၏လွတ်လပ်ရေးတိုက်ပွဲခရီးမှာပန်းတိုင်မဝေးတော့ပြီ။

သို့သော်လွတ်လပ်ရေးနှင့် အချင်းချင်းပြိုကွဲသော ခရီးကလည်းစတင်ပြီ။ ၁၉၄၈ခုနှစ် မတ်လမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီတောခိုသွားခဲ့ပြီ။

ဗြိတိသျှအစိုးရအလိုကျ ကရင်တပ်များကလည်း တော်လှန်ပုန်ကန်မှုစပြီ။ တပ်မတော်ပြိုကွဲလျှင် ဗြိတိသျှနယ်ချဲ့အရင်းရှင်တို့၏ အလိုကျ မြန်မာပြည်သည်ပြည်တွင်းစစ်ပွဲကြယက်ပွက်၍ထခဲ့ပြီးပြည်တွင်းစစ်မီးကြီးတဟုန်းဟုန်းတောက်လောင်စပြုလေပြီ။

ထိုပြည်တွင်း စစ်ပွဲကြီးတွင် မြန်မာပြည်သူတို့၏ ဘဝနှင့်အခြေအနေကဆင်းရဲလှပါဘိ၊ကျေးရွာ၊မြို့ပြများစွာတလင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပြီ။ သားတစ်ကွဲ၊ မယားတစ်ကွဲ အသက်အိုးအိမ်စည်းစိမ်တို့ပျက်ဆီးဆုံးရှုံးကြလေပြီ။ လောကနိယာမတရားသည် ဆန်းကြယ်၏။ရရှိထားသောလွတ်လပ်ရေးသည်အစစ်အမှန်မဟုတ်ဟုဆိုသောကွန်မြူနစ်တို့တောခိုကြလေပြီ။

လူကြီးလူကောင်းများ၏ စာပွဲဝိုင်းပေါ်က လက်ျာ-ဖရီးမင်းစာချုပ်သည် ကွန်မြူနစ်တို့၏ တိုက်ပွဲခေါ်သံဖြစ်ခဲ့ပြီ။ တိုင်းပြည်လွတ်လပ်ရေးနှင့်အတူ မလွတ်လပ်မီကအချိန်ထက် ကြောက်မက်ဆိုးရွားဖွယ်ကောင်းလှသောပြည်တွင်းစစ်မီး,မီးစာကိုမီးညှိလိုက်ချိန်ဖြစ်လေပြီ။

■

## အောင်နိုင်သူတို့ပြည်ပြန်ခရီး

မဟာမိတ်တပ်များက ဂျပန်များကိုလုံးဝအောင်ပွဲဆင်လိုက်ပြီ ဗြိတိသျှမဟာမိတ်တပ်ဖွဲ့ ဘားမားရိုင်ဖယ်တပ်ရင်းသည် ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ပြီ။ မြန်မာပြည်သူတို့၏ စည်းလုံးညီညွတ်မှုဖြင့် ၁၉၄၈ခုနှစ်ဇန်နဝါရီလ ၄ရက်နံနက်၄နာရီမိနစ် ၂၀တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးနှင့်အတူဗြိတိသျှစစ်သားများသည်ထွက်ခဲ့ကြပြီ။ ကပ္ပတိန် ပီတာဆင်က သူ့ရဲဘော်များကိုတွေ့ဆုံနှုတ်ဆက်ပွဲတစ်ခုကျင်းပသည်။

ကျယ်ဝန်းသော ခန်းမဆောင်ကြီးအတွင်း၌ တပ်ဖွဲ့ဝင်ရဲဘော်များကအသင့်နေရာယူထားသည်။ မကြာမီ ကပ္ပတိန်ပီတာဆင်ဝင်လာသည်။ ရဲဘော်များကတစ်ပြိုင်နက်မတ်တပ်ရပ်၍ အလေးပြုလိုက်သည်။ ပီတာဆင်က ကြေကွဲရိပ်ထင်ဟပ်နေသော အပြုံးဖြင့်စကားစသည်။

"ရဲဘော်တို့အားလုံးကို ဗြိတိသျှစစ်တပ်ကိုယ်စား မြန်မာပြည်ကိုဆက်လက်ကာကွယ်ဖို့ တို့တပ်အကြီးအကဲတွေနဲ့ ဗမာခေါင်းဆောင်တွေသဘောတူခဲ့ကြပြီဖြစ်တယ်။ ရဲဘော်တို့ဟာ ရဲစွမ်းသတ္တိနှင့်အတူ သစ္စာအလွန်ရှိတဲ့ဂေါ်ရခါး လူမျိုးတွေဖြစ်တယ်။ကျုပ်နဲ့အတူ ဂျပန်ပိုးစစ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ခက်ခဲတဲ့မြန်မာပြည်တောအထပ်ထပ် တောင်သွယ်သွယ်ကို ဖြတ်ပြီးဆုတ်ခွာခဲ့ ကြတဲ့ ရဲဘော်တွေလည်းဖြစ်တယ်။ အဲဒီ ကတဆင့် ဂျပန်ကိုပြန်လည်တော်လှန်တဲ့ ထိုးစစ်ကြီးမှာလည်း ပါခဲ့ကြတာဖြစ်တယ်။ အရှုံးကိုလည်းကြုံဖူးတယ်၊ အနိုင်ကိုလည်း ကြုံဖူးကြပြီဖြစ်တယ်။ ရဲဘော်တို့ဟာ ဂေါ်ရခါးလူမျိုးများဖြစ်လို့ နီပေါနိုင်ငံကို ပြန်ချင်တယ်ဆိုရင်ခွင့်ပြုထားတယ်။ မြန်မာပြည်မှာပဲ ဆက်နေမယ်ဆိုရင်လည်း မြန်မာပြည်ကိုကာကွယ်ဖို့ တာဝန်ထမ်း ဆောင်ခွင့်ရှိပါတယ်။ မကြာမီကာလမှာ ရဲဘော်တို့ရဲ့ တပ်ရင်းမှူးသစ်ရောက်လာ မှာဖြစ်တယ်။ ရဲဘော်တို့တပ်ကို (No.1 Garrison Battlion Burma Regt) အဖြစ်ပြောင်းလိုက်ပြီဖြစ်တယ်။ ရဲဘော်တို့ အတွက် ခွင့်သုံးလပေးမှာလို့ မိမိတို့နီပေါ နိုင်ငံကို ပြန်မယ်ဆိုရင်ပြန်နိုင်ဖို့ အားလုံး စီစဉ်ပေးမှာဖြစ်တယ်။ ရဲဘော်တို့နဲ့အတူ အသက်မသေဘဲအခုထိတွေ့ဆုံနှုတ်ဆက်ခွင့် ရတဲ့အတွက်အားလုံးကိုကျေးဇူးတင်ပါ တယ်"

ကပ္ပတိန်ပီတာဆင်၏ မျက်နှာမှာမိဘ ကသားသမီးများကိုခွဲရသကဲ့သို့ မလွှဲသာ သောအခြေအနေမို့နှုတ်ဆက်ရသည့်တိုင် တိုက်ဖော်တိုက်ဖက်၊သေဖော်သေဖက် ရဲဘော်များမို့သံယောဇဉ်ကြီးလှသည်။

"ဆာဂျင် မင်းဘယ်ကိုပြန်မလဲ"

ဆာဂျင်ဗဟာဒူးမတ်တပ်ရပ် အလေး ပြုလိုက်သည်။

"ကျွန်တော် မြန်မာပြည်ဖွားဂေါ်ရခါး ပါ။ ဒီမြေမှာပဲနေမယ်။ နောက်ပြီးတပ်မှာပဲ ဆက်အမှုထမ်းမယ်။ စစ်တိုက်နေရတာကို ကျွန်တော်ပျော်နေပါပြီ ကပ္ပတိန်"

"ဂျပန်တွေလိုက်တိုက်လို့ တို့အိန္ဒိယ ဘက်ပြေးရတုန်းကတော့ ဘာအတွက် စစ်တိုက်နေကြတာလဲဆိုကွ။ အခုစစ်ကြီး ပြီးသွားပြီလေ"

"အခုလိုအမိမြေကိုကာကွယ်ဖို့ တိုက် ရတဲ့စစ်ပွဲမျိုးတွေမတွေ့ခဲ့ဘူးလို့ပါ။ကပ္ပတိန် ပြောတဲ့ ကျွန်တော်ရင့်ကျက်ရမယ့် အချိန် ရောက်ခဲ့ပါပြီ"

ကပ္ပတိန်ပီတာဆင်က ဆာဂျင်ဗဟာ ဒူး၏ကျောကိုသတ်၍

"ဂုဏ်ယူပါတယ်လူကလေး"

■

www.burmeseclassic.com

www.burmeseclassic.com



**ပြည်တွင်းစစ်မီး**

ဗြိတိသျှစစ်တပ်များ ထွက်ခွာသွားသည်နှင့်ပြည်တွင်းစစ်မီးတောက်လောင်လာတော့သည်။တောင်ငူမြို့သည် ၁၉၄၉ ခုနှစ်ဇန်နဝါရီ ၂၇ရက်နေ့တွင်ကရင်သောင်းကျန်းသူများလက်သို့ကျရောက်သွားလေတော့သည်။ ဖြူး၊ အုတ်တွင်း၊ ထန်းတပင်စသောမြို့များမှာ ကရင်အမျိုးသားဒီမိုကရေးစီတပ်ပေါင်းစု(ကေအန်ဒီအို)တို့သိမ်းပိုက်ခြင်းကိုခံရသည်။

တောင်ငူကျသွားပြီးနောက် တစ်နေ့ဖြစ်သည့် ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၂၈ရက်နေ့တွင် ပုသိမ်ကိုလက်နက်ကိုင်တပ်များကစတင်တိုက်ခိုက်ပြန်သည်။ ပျဉ်းမနားတွင်ရှိနေသော မြန်မာ့တပ်မတော်တပ်ရင်း-၄ကို ပုသိမ်နှင့် မအူပင်သို့တပ်ဖြန့်ခွဲ၍စေလွှတ်ရသည်။

ပုသိမ်ရှိမြန်မာ့တပ်မတော် တပ်ခွဲတစ်ခွဲကလည်းကရင်တပ်များကိုခုခံတိုက်ခိုက်နေရသည်။

ကေအန်ဒီအိုများသည် အင်းစိန်တွင်လက်နက်သိမ်းပြီးနောက် ၁၉၄၉ခုနှစ်ဇန်နဝါရီ၃ရက်ကတည်းကစတင်လှုပ်ရှားလာကြသည်။ ဇန်နဝါရီ ၃၀ရက်တွင် အင်းစိန်တစ်ဝိုက်ရှိ သမိုင်း၊ ခဝဲခြံ၊ စော်ဘွားကြီးကုန်းစသောဆင်ခြေဖုံးရပ်ကွက်များတွင်တိုက်ပွဲများစတင်ဖြစ်ပွားလေတော့သည်။ ထို့ကြောင့် ၁၉၄၉ ခုနှစ် စစ်ဦးစီးချုပ်စမစ်ဒွန်းကိုတပ်မတော်မှ နှုတ်ထွက်စေသည်။

စစ်ရဲတပ်များနှင့် ရဲအဖွဲ့ကိုလည်းဗိုလ်ချုပ်နေဝင်း၏ ကွပ်ကဲမှုအောက်သို့သွတ်သွင်းလိုက်သည်။ ဗိုလ်ချုပ်နေဝင်းသည် အစိုးရသစ္စာခံလက်နက်ကိုင်တပ်များကို ကွပ်ကဲ၍ရောင်စုံသောင်းကျန်းသူများကို ဆက်လက်ခုခံတိုက်ခိုက်ရတော့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ရက်နံနက် (၄)နာရီ မိနစ် (၂၀)အချိန်တွင်ရခဲ့သော လွတ်လပ်ရေးနှင့်အတူပြည်တွင်းစစ်မီးကြီး ဟုန်းဟုန်းတောက်လောင်ခဲ့ချေပြီ။

၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ၂ရက်နေ့တွင်အင်းစိန်ကို ကေအန်ဒီအိုများကသိမ်းလိုက်သည်။ဖေဖော်ဝါရီ၅ရက်နေ့တွင်ပြည်မြို့တွင်ရှိသော ကရင်သေနတ်ကိုင်တပ်ရင်း-၂က ပုန်ကန်သဖြင့် ပြည်မြို့သည်လည်းသောင်းကျန်းသူတို့လက်သို့ကျရောက်သွားပြန်သည်။ ကရင်သေနတ်ကိုင်တပ်ရင်း-၂သည်အင်းစိန်တွင် အင်အားဖြည့်၍ ရန်ကုန်မြို့အားသိမ်းပိုက်နိုင်ရန်ထရပ်ကားအစင်း ၁၈၀ဖြင့် ပြည်-ရန်ကုန်ကားလမ်းအတိုင်းစုန်ဆင်းချီတက်လာ

www.burmeseclassic.com

www.burmeseclassic.com



သုံ့ပန်းအဖြစ်ဖမ်းဆီးလာသော မြန်မာ့တပ်မတော်စစ်ဗိုလ်များပါလာ၍ မြန်မာ့တပ်မတော်သားများမျက်စိလည်အငိုက်မိသွားသည်။ မေမြို့ရှိမြန်မာ့တပ်မတော်သားများဖေဖော်ဝါရီ ၂ရက်နေ့မှာပင်ကေအန်ဒီအိုများလက်သို့ကျရောက်သွားခဲ့သည်။

မေမြို့ရေချမ်းအိုးတွင်ရှိသော မြန်မာ့အင်ဂျင်နီယာတပ်ရင်းတစ်ခုသာလျှင် ကရင်တို့ကိုအညံ့မခံဘဲ တောတွင်းသို့ဝင်ရောက်တိမ်းရှောင်သွားခဲ့သည်။ နိုင်ငံတော်၏အခြေအနေမှာလွန်စွာဆိုးရွားသောအခြေအနေသို့ကျရောက်လျက်ရှိနေပါ၏။

နိုင်ငံခြားသတင်းဌာနများကလည်း မြန်မာနိုင်ငံအစိုးရအား ရန်ကုန်အစိုးရဟုပင်ခေါ် ဆိုခြင်းပြုလာကြသည်။ အစိုးရအဖွဲ့တွင်မှ ပြည်သူ့အရေးတော်ပုံပါတီဆိုရှယ်လစ်များကို လူမုန်းများလာသည့်နည်းတူတိုက်ပွဲများကား ပိုမိုပြင်းထန်လာခဲ့သည်။

ပြည်တွင်းသောင်းကျန်းမှုကာလ အစတွင် ကရင်သူပုန်အင်အားသည်အများဆုံးဖြစ်သည်။ တပ်မတော်သည်ရှိသမျှအင်အားကိုစုစည်း၍ကရင်ကို တိုက်ခိုက်နေရသည်။

ရန်ကုန်မြို့အခြေအနေမှာ များစွာ

ကြသည်။

ဖေဖော်ဝါရီ ၁၆ရက်တွင်ကေအန်ဒီအိုများက ဒိုက်ဦးမြို့ကိုသိမ်းပိုက်သည်။ ရမည်းသင်းမြို့သည်လည်း ကေအန်ဒီအိုများလက်သို့ကျရောက်သွားသည်။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ကေအန်ဒီအိုများသည် ပျော်ဘွယ်မှမိတ္ထီလာဖက်သို့ ချီတက်လာကြသည်။

တပ်မတော်က မိတ္ထီလာနှင့်ပျော်ဘွယ် အကြားတွင် ကေအန်ဒီအိုများအား ခုခံတိုက်ခိုက်ရာ ဗိုလ်မှူးကြီးမောင်မောင်နှင့် အရာရှိခြောက်ဦးသုံ့ပန်းအဖြစ် ဖမ်းဆီးခံလိုက်ရသည်။ ၁၉၄၉ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက်တွင် မိတ္ထီလာမြို့ကို ကရင်သောင်းကျန်းသူများက သိမ်းပိုက်လိုက်ကြသည်။ ကရင်လက်နက်ကိုင်အင်အား နှစ်ထောင်ကျော်သည် မိတ္ထီလာတွင် စုရုံး၍မီးရထားလမ်းကိုရရှိနိုင်ရေးအတွက် သာစည်မြို့ကို မီးကုန်ယမ်းကုန်တိုက်ခိုက်ကြပြန်သည်။ အစိုးရလေယာဉ်နှစ်စင်းသည် မိတ္ထီလာမြို့ရန်သူလက်ကျရောက်မှန်းမသိ၍ မိတ္ထီလာလေယာဉ်ကွင်းသို့ဆင်းသက်လာသည်။ ကရင်များနှင့် ပူးပေါင်းနေသောကချင်စစ်ဗိုလ်နော်ဆိုင်းသည် လေယာဉ်နှစ်စင်းဖြင့်ကရင်စစ်သားများကိုတင်၍ မေမြို့အနီးစခန်းလေဆိပ်ကို ဆင်းသက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုးရိမ်နေရပြီ။ ပြည်ပမှ ကရင်အမျိုးသားနက်ကိုင် တပ်ရင်း-၂နှင့် ကေအန်ဒီအိုပူးပေါင်း အင်အား ၁၅၀၀ခန့်သည် မိသားစုကိုပါ ထရပ်ကားများပေါ်တင်၍ ရန်ကုန်မြို့သို့ ဦးတည်ချီတက်လာကြပြီ။ တောင်ငူဘက်မှ ကရင်တပ်များကလည်း ရန်ကုန်ကိုဦးတည် ချီတက်လာကြသည်။

အင်းစိန်တွင်ရှိသော ကရင်တပ်များ ကိုမြန်မာ့တပ်မတော်က ၂၅ပေါင်ဒါအမြောက် များဖြင့်ပစ်ခတ်တိုက်ခိုက်နေသည်။ တပ်မ တော်သားများက သမိုင်းနှင့်ကိုးမိုင်တရုတ် သင်္ချိုင်းဘက်မှတန်ပြန် ထိုးစစ်ဆင်တိုက် ခိုက်နေသည်။ သို့သော် ရှေ့မတက်နိုင်ကြ ပေ။ မြို့သူမြို့သားများက တပ်မတော် သားများအတွက် ရိက္ခာထုပ်များပို့ပေးကြ သည်။တက္ကသိုလ်ကျောင်းသားကျောင်းသူ များကလည်းအစိုးရထံမှလက်နက်တောင်း၍ ကရင်တပ်များကိုသွားရောက်တိုက်ခိုက် ကြသည်။

ကရင်တပ်များစစ်အင်အားကောင်း စေခဲ့သောအကြောင်းရင်းသည်စစ်ဦးစီးချုပ် စမစ်ဒွန်းက ၁၉၄၈ခုနှစ် ဩဂုတ်လတွင် ကရင်တပ်ရင်း-၃ ပုန်ကန်သည်ကို အ ကြောင်းပြု၍အမြောက်လက်နက်နှင့်သံချပ် ကာကားများကို ထုတ်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။

စစ်လက်နက်တောင့်တင်းသော ကရင် သောင်းကျန်းသူများကိုရန်ကုန်ရှိတပ်မတော်၊ ကျောင်းသားပြည်သူများက ရွပ်ရွပ်ချွံချွံ ပူးပေါင်းတိုက်ခိုက်ကြ၍ ကရင်ထိုးစစ် ရပ်တန့်သွားခဲ့ရချေပြီ။

မြန်မာပြည်အလယ်ပိုင်းဒေသ သာစည်တိုက်ပွဲကား သမိုင်းတွင်ခဲ့သော တိုက်ပွဲဖြစ်ခဲ့သည်။ ထိုတိုက်ပွဲ၏အဆုံး အဖြတ်သည်အလွန်အရေးကြီးလှပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com



## သာစည်၊ မိတ္ထီလာဒေသတိုက်ပွဲ

စစ်ရေးမဟာဗျူဟာအရ သာစည်မြို့သည်အထက်မြန်မာပြည် အောက်မြန်မာပြည်ဆက်သွယ်ရေးမီးရထားလမ်းဆုံဒေသဖြစ်သည်။ မေမြို့ကို သိမ်းပိုက်ခဲ့သော ကချင်စစ်ဗိုလ်နော်ဆိုင်းသည်။ ပထမဦးစွာ မိတ္ထီလာကိုသိမ်းပိုက်ခဲ့၏။ မိတ္ထီလာမှ အမှတ်-၃ ချင်းတပ်ရင်းမှူးဖြစ်သူအား ဖမ်းဆီးထားကြသည်။

ဧပြီလ၏နွေနေကပူသည်။ သာစည်လွင်ပြင်သည်ပူပြင်းသောနေရောင်အောက်တွင် အပူငွေ့တံလျှပ်များတရိပ်ရိပ်ထလျှက်ရှိ၏။ အမှတ်-၄ခြေလျင်တပ်ရင်းမှ ဂေါ်ရခါးရဲဘော်များသည်သာစည်မြို့အား ခုခံကာကွယ်လျက်ရှိ၏။ ပထဝီမြေပြင်အနေအထားအရတောင်ကုန်းတောင်ပူစာနှင့် ချုံပုတ်တောများရှိနေပါ၏။

စစ်ပွဲသဘောတရားအရ ရန်သူဘက်၊ ကိုယ့်ဘက်တွင် ကျည်ကွယ်၊ မျက်ကွယ်ကောင်းသော မြေပြင်ဖြစ်၏။ စစ်သဘောတရားဟူသည်အင်အားကြီးသည်ငယ်သည် ပဓာနမဟုတ် ရဲစွမ်းသတ္တိနှင့် ဆင်ခြင်တုံတရားသည် တိုက်ပွဲအောင်ကြောင်း အနှုံးအမြတ်ဖြစ်၏။ ဆာဂျင်ဗဟာဒူးသည် သူ့တပ်ဖွဲ့အား ကျည်ဆံမဖြုန်းရန် သတိပေးလျက်ရှိ၏။ စစ်ကြောင်းမှူးကလည်း ကျည်ဆံချွေတာရန် အမိန့်ပေးထားသည်။ သာစည်ကို ကာကွယ်ထားသည်မှာ နှစ်လနီးပါးရှိခဲ့ပြီ။

“ရဲဘော်တို့ ကျည်ဆံတစ်တောင့် လူတစ်ယောက်ကျဆုံးအောင်ပစ်ပါ။ တို့တပ်မှာကျည်ဆံအားနည်းနေပြီ။ သာစည်ဟာ တို့အတွက်သိပ်အရေးကြီးတယ်။ ရန်သူဟာမီးရထားလမ်းကို အဓိကထားပြီးတိုက်နေတာ၊ သူတို့ရဲ့လူလက်နက်နဲ့ ရိက္ခာတွေပို့နိုင်အောင် မရမနေတိုက်မှာဖြစ်တယ်။ တို့ရဲ့ ခံစစ်ကြောင်းကိုရန်သူတွေအင်အားနဲ့ဝိုင်းပြီးတိုက်လိမ့်မယ်။ ဝိုင်းချင်သလောက်ဝိုင်းထားပါစေ၊ တို့ရဲဘော်တို့ရဲ့ ကျည်ဆံတစ်တောင့် ရန်သူတစ်ယောက်ကျအောင်ပစ်နိုင်ရင်၊ တို့အောင်ပွဲရမှာဖြစ်တယ်၊ ရန်သူအင်အားနှစ်ထောင်ဆိုရင်တို့မှာရှိနေတဲ့ ကျည်နဲ့လုံလောက်တယ်၊ ဒါကြောင့် ရဲဘော်တို့ကျည်ဆံကို ချွေတာကြပါ”

ထိုစဉ်ရန်သူဘက်မှ မော်တာကျည်များကျရောက်လာသည်။ ခြောက်ပေါင်ဒါအမြောက်ကျည်ဆံများလည်း ဆက်တိုက်ကျလာသည်။ တိုက်ပွဲအတွေ့အကြုံများသောဂေါ်ရခါးရဲဘော်များကကတုတ်ကျင်းအတွင်းမှရန်သူတက်လာမည့်လမ်းကြောင်းကိုသာ အတိအကျချိန်ရွယ်ထားကြသည်။

“မင်းတို့ရဲ့နားတွေကို အဝတ်ဆို့ထား

www.burmeseclassic.com

www.burmeseclassic.com



ပါ။ကြာလာရင်မင်းတို့နားတွေထုံကုန်မယ်"

အားလုံးသောရဲဘော်များက နားနှစ်ဘက်ကိုအဝတ်စများဖြင့်ပိတ်ဆို့ထားလိုက်ကြသည်။ လက်နက်ကြီးများပစ်သံနှင့်အတူရန်သူများ အုပ်စုလိုက်တတ်လာကြသည်။

"ပစ်"

ဟူသောအမိန့်သံနှင့်အတူ ရန်သူများအထွေးထွေးအတုံးအရုံးကျဆုံးကုန်သည်။ ရန်သူအကျအဆုံးများနှင့် ဆုတ်ခွာသွားရသည်။ရန်သူ့ဖက်မှအသံချဲ့စက်ဖြင့်စကားပြောသံထွက်ပေါ်လာသည်။

"ဟေ့. . ×××ထွက်လာခဲ့ကြပါ"

ရန်သူဖက်က ရဲဘော်အချင်းချင်းသွေးကွဲစေမည့်စကားများအကြိမ်ကြိမ်စည်းရုံးခေါ်ဆောင်လျက်ရှိ၏။ ဆာဂျင်ဗဟာဒူးသည် သုံးလက်မမော်တာကိုင်ရဲဘော်အား-

"ရဲဘော် အခုအော်နေတဲ့ နေရာကိုသေသေချာချာချိန်ပြီး ထိအောင်ပစ်ပါ"

အသံချဲ့စက်ရှိဆီမှအသံထွက်လာပြန်သည်။ထိုအသံလာရာကို ပစ်ရန်ချိန်နေသောရဲဘော်အတွက်ပစ်မှတ်တွက်ဆရန်အထောက်အကူပေးသကဲ့သို့ဖြစ်နေသည်။

"×××××ပူးပေါင်း. . . အား"

မော်တာကျည်သည် အသံချဲ့စက်ဖြင့်အော်နေသောနေရာဆီသို့တိတိကျကျထိမှန်ခဲ့လေပြီ။

အသံချဲ့စက်သံလည်း တိတ်သွားပြီ။ ရန်သူများအထိနာ၍ဒေါသစိတ်ဖြင့်ချီတတ်လာကြပြန်သည်။ ဂေါ်ရခါးတပ်ဖွဲ့ရဲဘော်များက,ကတုတ်ကျင်းအတွင်းမှ စနစ်တကျတစ်တောင့်ချင်းဖြုတ်၍ပစ်ခတ်နေရာကျည်တစ်တောင့်၊ တစ်ယောက်ကျဆုံးစေပါ၏။

ရန်သူဘက်မှ လက်နက်ကြီးများကိုထပ်မံပစ်ပြန်သည်။ လက်နက်ကြီးကျည်ဆံများသည်ဂေါ်ရခါးတပ်ဖွဲ့အားထိမှန်အောင်မပစ်နိုင်ပါချေ။

တိုက်ပွဲကို စနစ်တကျကွပ်ကဲနေသောမြန်မာ့တပ်မတော်အရာရှိများကလည်း၊ စိတ်ဓာတ် ကြံ့ကြံ့ခိုင်ခိုင်ထား၍ ရန်သူကိုအေးအေးဆေးဆေးခုခံလျက်ရှိပါ၏။

××××

သာစည်မြို့တွင် အပိုင်းခံနေရသောဗမာ၊ ချင်းနှင့် ဂေါ်ရခါးရဲဘော်များသည်အဆမတန် အင်အားကြီးမားသော ရန်သူကေအန်ဒီအိုများကို ကြံ့ကြံ့ခံ၍တိုက်ခိုက်နေရသည်။

၁၉၄၉ခုနှစ် မတ်လတစ်လလုံး သာစည်တိုက်ပွဲမှာ ပြင်းထန်ခဲ့သည်။ သို့သော် သာစည်မြို့မှရန်သူဖက်သို့ ကျရောက်သွားခြင်းမရှိခဲ့ပေ။တချင်စစ်ဗိုလ်

www.burmeseclassic.com



နော်ဆိုင်းသည် ကရင်များအားဦးစီး၍ ဇပြီလဆန်းတွင်သာစည်ကိုစတင်၍ထိုးစစ်ဆင်တိုက်ခိုက်ပြန်သည်။ သုံးလက်မစိန်ပြောင်းကို ဖောဖောသီသီ ပစ်ခတ်လျက်မြို့အနီးကိုချဉ်းကပ်လာကြသည်။ မြန်မာ့တပ်မတော်သားများကကျည်ဆံကိုတစ်တောင့်တစ်ယောက်ကျအောင်ပစ်ခတ်နေ၍အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားရပြန်သည်။ ရန်သူသည်နေ့စဉ် ချေမှုန်းရေးလုပ်ငန်းကိုကြိုးစားသော်လည်း နေ့စဉ်လိုပင်ပြန်၍ဆုတ်ခွာသွားရသည်။ စစ်ပွဲ၏လက်ချက်ကြောင့် သာစည်မြို့တစ်မြို့လုံး မီးဟုန်းဟုန်းတောက်၍လောင်ကျွမ်းပျက်စီးခဲ့ရသည်။

ကေအန်ဒီအိုသူပုန်တပ်ဖွဲ့များသည် နေ့စဉ် နံနက်တိုင်းတိုက်ပွဲဆင်လျက်ရှိနေပါ၏။ အကျအဆုံးများသောအခါတိုက်ပွဲအရှိန်အဟုန်ကျဆင်းလာသည်။ ရန်သူသည် သံချပ်ကာနှင့် တိုက်ပွဲဝင်ရန်ပြင်ဆင်ကြလေပြီ။

သံချပ်ကာနှင့်ဘရင်းကယ်ရီယာနှစ်စင်းချီတတ်လာနေခြင်းကိုဂေါ်ရခါး တပ်ခွဲမှူးကေဗွီချတ္တရီက ဆာဂျင်ဗဟာဒူးကိုပြ၍ဆာဂျင်ဗဟာဒူးအားကွန်မန်ဒိုတပ်သားတစ်ဦး ချက်ချင်းရွေးချယ်စေသည်။ သူတို့တပ်ခွဲမှ အသက်အငယ်ဆုံး ဆွတ်ဗဟာဒူးရှိုင်းက အသေခံတိုက်ပွဲဝင်ရန်တာဝန်ယူသည်။

"ဆွတ်ဗဟာဒူးရှိုင်း. . လိုအပ်တဲ့လက်ပစ်ဗုံးတွေကိုယူပါ"

ရန်သူသံချပ်ကာကားနှင့် ဘရင်းကယ်ရီယာ ကားနှစ်စင်းတစ်စင်းနှင့်တစ်စင်းကိုက် ၂၀၀ခွာကာ မောင်းနှင်ချီတတ်လာသည်။

ဆာဂျင်ဗဟာဒူးသည် ရန်သူအားအာရုံပြောင်းစေရန်နှင့် ပစ်ကွင်းပြောင်းလဲသွားစေရန်လက်ယာဘက် ဆက်သွယ်ရေးကတုတ်ကျင်းဖက်ကိုကူးသွားသည်။ သူနှင့်အတူ တပ်ခွဲမှူးကေဗွီချတ္တရီပါလိုက်လာသည်။ ရန်သူ၏ကျည်ဆံများသည်ဆာဂျင်ဗဟာဒူးနှင့် တပ်ခွဲမှူးကေဗွီချတ္တရီတို့နှစ်ဦးအားအတင်းမဲ၍ပစ်ခတ်နေသည်။ သံချပ်ကာကားပေါ်မှပစ်ခတ်သော စက်သေနတ်ကျည်ဆံများသည်ကတုတ်ကျင်းနဖူးမြေလွှာများကို ထိမှန်ကာတဖွားဖွားဖြစ်လျက်ရှိ၏။

ဆွတ်ဗဟာဒူးရှိုင်းသည် ကျည်ကွယ်၊ မျက်ကွယ်ချုံပုတ်တောများကို အကာအကွယ်ယူ၍ရန်သူ၏သံချပ်ကာကားအနီးသို့ရောက်သွားခဲ့ပြီ။

ထိုစဉ်ရန်သူစက်သေနတ်မှ ပစ်ခတ်နေသောကျည်ဆံသည် တပ်ခွဲမှူးကေဗွီချတ္တရီ၏ရင်ဝကိုထိမှန်ခဲ့လေပြီ။ ကေဗွီ

www.burmeseclassic.com

www.burmeseclassic.com



ချတ္တရီအားထိမှန်ခဲ့ရခြင်းမှာ ဆွတ်ဗဟာဒူးရိုင်းထံ အာရုံမရောက်စေဘဲမိမိကို ရန်သူတိုက်ခိုက်ခြင်းဖြင့်အာရုံလွှဲပြောင်းနိုင်ရန် ဘရင်းဂန်းကိုကိုင်၍ရန်သူအား အကာအကွယ်မဲ့စွာမတ်တပ်ရပ်၍ပစ်ခတ်ခြင်းကြောင့် ထိမှန်ခြင်းဖြစ်ပါလေ၏။ တပ်ခွဲမှူးအား ကျဆုံးစေခြင်းနှင့်အတူ သံချပ်ကာကားအတွင်းသို့ဆွတ်ဗဟာဒူးရိုင်း၏လက်ပစ်ဗုံးများသည် ဝင်ရောက်ပေါက်ကွဲလေပြီ။

သံချပ်ကာကားပေါ်မှ ရန်သူများကျဆုံးသောအခါ ဘရင်းကယ်ရီယာပေါ်မှ ရန်သူလည်း ပြေးဆင်းရန်အပြင်ဘက်သို့ ခုန်ချလိုက်ရာ ဆွတ်ဗဟာဒူးရိုင်း၏ရိုင်ဖယ်ကျည်ဆံက ရန်သူ့ဦးခေါင်းကိုထိမှန်၍ ပွင့်ထွက်သွားစေသည်။

ဆွတ်ဗဟာဒူးရိုင်းသည် သံချပ်ကာကားပေါ်တက်ပြီး မိမိတပ်ဘက်သို့မောင်းနှင်လာခဲ့သည်။ တိုက်ပွဲ၏အရှုံးအနိုင်သည် အဖြေထွက်ခဲ့ပြီ။

ဗဟာဒူးတို့တပ်ဖွဲ့မှ ရန်သူ၏ သံချပ်ကာကားတစ်စီးနှင့် ဘရင်းကယ်ရီယာ တစ်စင်းကို ရရှိလိုက်ပါ၏။ ဆာဂျင်ဗဟာဒူးသည် သေနတ်ဒဏ်ရာထိမှန်ကျဆုံးသွားသော တပ်ခွဲမှူးကေဗ္ဗီချတ္တရီကို ပွေ့ဖက်ထားဆဲဖြစ်သည်။

ဘဝ၏တန်ဖိုးဟူသည် လူ့အသက်လော၊ သံချပ်ကာကားနှင့် ဘရင်းကယ်ရီယာလော၊ ဘယ်အရာသည်ဘဝ၏တန်ဖိုးဖြစ်ပါသလော။ ဆာဂျင်ဗဟာဒူး၏ အတွေးစိတ်ထဲတွင် သူ့တပ်ခွဲမှူး အသက်ဝိညာဉ်ကို ရှာဖွေနေမိသည်။ တပ်ခွဲမှူး၏ အသက်ဝိညာဉ်အတ္တဟူသည်အဘယ်အရပ်တွင် ကိန်းဝပ်တည်နေပါသည်။

သေချာတာတစ်ခုကိုတော့ ဆာဂျင်ဗဟာဒူးတွေ့ရှိခဲ့သည်။ ဘဝတွင်သေခြင်းတရားကို မလွန်ဆန်နိုင်ခြင်းပင်ဖြစ်သည်။ ထိုသေခြင်းတရားဖြင့် လူသားများ၏ တန်ဖိုးကိုဆုံးဖြတ်ပါလျှင် သူ့တပ်ခွဲမှူး၏ အသက်ကောင်၊ လိပ်ပြာကောင်သည် ကောင်းကင်ဘုံတွင်ရှိကောင်းရှိနေပါလိမ့်မည်။

ဘဝ၏ အဆုံးအဖြတ်နိဂုံးသည် သစ္စာတရားနှင့် သစ္စာမဲ့မှုဖြင့်သာအဆုံးသတ်ကြသည်။

သာစည်မြို့တွင် တန်ခူးလနှင့် အတူ ပိတောက်ပန်းများပွင့်လေပြီ။

ကရင်သောင်းကျန်းသူများ တစစဆုတ်ခွာနေရပြီ။ စစ်ပွဲသဘောတရားတွင် ထိုစစ်ပွဲကိုအောင်နိုင်စေသော အဓွန့်အမြင်သည် မောင်းနှင်အားပင်ဖြစ်၏။ ပြည်ထောင်စုအစိုးရတပ်မတော်သည်

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးနှင့်အတူ အမျိုးသားရေးဝါဒ အခြေခံသော၊ အမျိုးဘာသာ၊ သာသနာ အဓွန့်ရှည်ရေးဟူသော အမျိုးသားရေးဝါဒ အတွေးအမြင်ဖြစ်ပါလေ၏။ မြန်မာ့တပ်မတော်သည် အမျိုးသားရေးဝါဒ အတွေးအမြင်ကိုကိုင်ဆွဲ၍ဆက်လက် တိုက်ပွဲဝင်လျက်ရှိနေပါ၏။

■

## မျိုးချစ်စိတ်

အမှတ်-၄ဂေါ်ရခါး ခြေလျင်တပ်ရင်းသည် ကရင်များ၏ ပြည်တွင်းစစ်တိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသည်။ ၁၉၄၉ခုနှစ် ကုန်ခါနီးတွင်သာစည်တိုက်ပွဲကိုကရင်တို့လက်အောင်အကျမခံစေရဘဲ၊ သတ္တိရှိစွာတိုက်ပွဲဝင်ခဲ့သည်။ ယခုလည်း ရန်ကုန်မြို့ကိုအင်းစိန်တိုက်ပွဲကခြိမ်းခြောက်နေသည်။ ရန်ကုန်တိုက်ပွဲအတွက် လေယာဉ်ပျံဖြင့် ရန်ကုန်မြို့သို့ချီရပြန်သည်။

ဒါကိုတာ လေယာဉ်ပျံပေါ်တွင် ဆာဂျင်ဗဟာဒူးနှင့်အတူ သူတို့တပ်ခွဲစီနင်းလိုက်ပါလာကြသည်။ ဒါကိုတာလေယာဉ်ပျံသည် ပုဂံညောင်ဦးဒေသကို ဖြတ်သန်း၍ ပျံသန်းခြင်းဖြစ်သည်။ ဧရာဝတီမြစ်ကြောင်းလမ်းအတိုင်း အမြင့်ပေ နှစ်သောင်းကျော်က ပျံသန်းခြင်းဖြစ်သည်။ မြန်မာပြည်စေတီပုထိုးဘုရားများ ပေါများရာပုဂံဒေသကို ဖြတ်သန်းစဉ် ဆာဂျင်ဗဟာဒူး၏စိတ်အစဉ်သည် လွန်ခဲ့သော၇နှစ်ကျော်ကာလကဗုဒ္ဓရုပ်ပွားတော်ကိုအမှတ်ရသည်။

၇နှစ်ဆိုသော အချိန်ကာလအတွင်း မြန်မာပြည်၏အဖြစ်အပျက်များ၊ အများကြီးပြောင်းလဲသွားခဲ့သည်။ အင်္ဂလိပ်ဆုတ်ခွာခဲ့သောကာလ၊ဂျပန်အုပ်စိုးသောကာလ၊

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးတောင်းဆိုတိုက်ပွဲဝင်သော ကာလ၊လွတ်လပ်ရေးရပြီးစ မြန်မာပြည်၏ ပစ္စုပ္ပန်ကာလသည် ပြည်တွင်းစစ်မီး တောက်နေဆဲသာဖြစ်ပါလေ၏။ တစ်နေ့ တစ်ချိန်ချိန်တွင် ဆာဂျင်ဗဟာဒူး မေမြို့ကို သွားရောက်ချင်ပါသေးသည်။

ထိုအတွေးဖြင့်မှေးခနဲအိပ်ပျော်သွား စဉ်ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ် တစ်ဦးသည် ဗုဒ္ဓရုပ်ပွားတော်ကို ပွေ့ပိုက် လျှက် ဆာဂျင်ဗဟာဒူးကို လာရောက်တွေ့ ဆုံသည်။

"လူလေး ဗဟာဒူး။ ဗုဒ္ဓဖွားမြင်ရာဒေ သကသက္ကနက်သားနဲ့ထုလုပ်ထားအပ်တဲ့ ဒီရုပ်ပွားတော်မြတ်ကိုမေမြို့ရဲ့ပိတ်ချင်း မြှောင်လိုဏ်ဂူအတွင်းမှာပူဇော်ထားပါ့ မယ်။မေမြို့ကိုရောက်တဲ့အခါ သွားရောက် ဖူးမြော်နိုင်အောင်အဘအသိပေးတာပါ။ လူလေး ရန်ကုန်တိုက်ပွဲမှာ လူလေးတို့ ဗုဒ္ဓဘာသာမြန်မာတွေက အနိုင်တိုက်နိုင် ပါလိမ့်မယ်။ ဒါကြောင့် လူလေးတို့တပ်ဖွဲ့ အောင်နိုင်အောင်အဘတို့က အောင်မာတ် တွေပေးလိုက်မယ်"

ဆာဂျင်ဗဟာဒူးသည် အိပ်ပျော်နေရာ မှ ရုတ်တရက်နိုးလာသောအခါ၊ တိမ်သား ဖြူဖြူထဲတွင်လွင့်မျောပျောက်ကွယ်သွားသော သူတော်စင်ကို မြင်လိုက်ရလေ၏။

သူ၏ရဲဘော်များက လေယာဉ်ပေါ် တွင်မျက်စိမှိတ်လျက်ပင်ပန်းစွာအိပ်ပျော် နေကြသည်။ ဆာဂျင်ဗဟာဒူးသည် သူ၏ အဖြစ်အပျက်ကို မည်သူကိုမျှပြောပြခြင်း မရှိခဲ့ပါချေ။

× × × ×

ရန်ကုန်မင်္ဂလာဒုံ လေဆိပ်သို့ရောက် သောအခါ၊ အင်းစိန်ဘက်မှ လက်နက်ကြီး ပေါက်ကွဲသံများကိုကြားရသည်။ ဆာဂျင် ဗဟာဒူး၊ ဆွတ်ဗဟာဒူးရိုင်း၊ ဗဟာဒူးချတ္တရီ စသော ဂေါ်ရခါးရဲဘော်များကို တပ်ခွဲမှူး က အမှတ်-၄ခြေလျင်တပ်ရင်းရှိရာရန်ကုန် မြို့တွင်းသို့ခေါ်ဆောင်သွားသည်။

တပ်ရင်းရုံးတွင် တပ်ခွဲမှူးကမြေပုံကို ဖြန့်၍ ရန်ကုန်တိုက်ပွဲအခြေအနေကိုရှင်း ပြသည်။

"ရဲဘော်တို့. . တို့ပြည်ထောင်စု တပ်မတော်က ကေအန်ဒီအိုတွေကို တိုက် ပွဲတိုင်းမှာ အောင်မြင်မှုတွေရနေပြီ။ မြန်မာ ပြည်အလယ်ပိုင်း၊ မိတ္ထီလာ၊ သာစည်ဒေသ မှာလည်း ရှမ်းပြည်ဘက်က ဆင်းလာတဲ့ တို့တပ်မတော်သားတွေပူးပေါင်းပြီး ကရင် တွေကို အနိုင်ရလိုက်ပြီ၊ ပြည်ဘက်က ယောက်ကော်တိုက်ပွဲမှာလည်းတို့တပ်မတော် အောင်ပွဲခံလိုက်နိုင်ပြီဖြစ်တယ်။ ရန်သူဟာ ရန်ကုန်ကိုသိမ်းမယ်ဆိုတဲ့သူတို့ရည်မှန်းချက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမအောင်မြင်နိုင်ဘူးဆိုတာသိသွားပြီ၊ သူတို့တပ်သားတွေဟာမဖြစ်နိုင်တဲ့အတွေးအမြင်ကို သူတို့ခေါင်းဆောင်တွေကြောင့်ဘာမသိညာမသိတိုက်နေကြတာဖြစ်တယ်။ တို့တပ်မတော်ဟာ ရန်ကုန်ပြည်သူတွေရဲ့ ထောက်ခံမှုကိုရတဲ့အတွက် ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူတွေအားလုံး တို့တပ်မတော်နဲ့အတူ တိုက်ပွဲဝင်ခဲ့ကြတာကြောင့်အဆမတန်အင်အားကြီးမားတဲ့ ရန်သူတွေအရှုံးနဲ့ရင်ဆိုင်နေရပြီဖြစ်တယ်။ လူမှာစိုးမိုးနေတဲ့အယူအဆအတွေးအမြင်ဟာ အဲဒီလူကိုလွှမ်းမိုးထားတယ်။ တို့တပ်မတော်သားတွေနဲ့ တို့ပြည်သူတွေဟာသူတို့ယုံကြည်တဲ့အမျိုးဘာသာ၊သာသနာကို စောင့်ရှောက်နေတဲ့ မျိုးချစ်စိတ်ကိုကိုင်စွဲထားတယ်။ ရဲဘော်တို့ကိုပြန်ခေါ်ယူရတာဟာ တို့တပ်မတော်ခေါင်းဆောင်တွေက တပ်တွေအားလုံးစုစည်းပြီး၊ ခံစစ်ကနေကေအန်ဒီအိုများကို ထိုးစစ်ပြန်လည်ဆင်နွှဲသွားမှာမို့ပဲ။ ရဲဘော်တို့ဟာ သာစည်တိုက်ပွဲမှာ ပင်ပန်းခဲ့ကြလို့ နှစ်ရက်နားခွင့်ပေးထားတယ်။ နားပြီးတာနဲ့တို့ရဲ့ထိုးစစ်ကိုစမယ်။ မရှင်းတာရှိလား။"

"မရှိပါဘူး"

"ဘာမေးစရာရှိလဲ"

"မရှိပါဘူး"

သာစည်တိုက်ပွဲမှချီလာသော ရဲဘော်များအားလုံး၏ ယူနီဖောင်းများမှာပေရေတွန့်ကြေစုတ်ပြတ်နေသည်။ ဆံပင်များ၊ မုတ်ဆိတ်များ၊ နှုတ်ခမ်းမွှေးများမှာလည်းရှည်လျက်။ ယူနီဖောင်းများနှင့်ရုပ်ရည်များညစ်နွမ်းစုတ်ပြတ်နေသော်လည်းစိတ်ဓာတ်များကကြံ့ခိုင်လျက်ပင်ရှိပါလေ၏။

ဆာဂျင်ဗဟာဒူးစဉ်းစားနေမိသည်။ မြန်မာ့တပ်မတော်၏ အတွေးအမြင်သည်မျိုးချစ်စိတ်ဆိုတာကိုသိသည်။ ကေအန်ဒီအိုတို့ရင်အတွေးအမြင်ကာအဘယ်နည်း။ သေချာသည်က ဂေါ်ရခါးလူမျိုးဟူသည်စစ်တိုက်ခြင်းကိုဝါသနာထုံသည်။စစ်တိုက်ခြင်းနှင့်အတူသစ္စာတရားနှင့်ရဲစွမ်းသတ္တိသည်ပဓာနတရားဖြစ်၏။ သူသည် ဗုဒ္ဓဘုရားရှင်၏အနတ္တဝါဒနှင့်ဒူရဂါရ်မယ်တော်၏ရဲစွမ်းသတ္တိကိုပေါင်းစပ်ကြည့်နေမိသည်။

■

www.burmeseclassic.com

www.burmeseclassic.com



**ရန်ကုန်ထိုးစစ်**

ကေအန်ဒီအိုတပ်များ ရန်ကုန်အင်းစိန်မှ တစစဆုတ်ခွာနေရသည်။ ပြည်ထောင်စုတပ်မတော်ကိုခံစစ်အနေအထားမှ ထိုးစစ်အဖြစ်စတင်လိုက်လေပြီ။

ပြည်ပမှ ကရင်သေနတ်ကိုင်တပ်ရင်းအမှတ်-၂သည် လက်နက်ကြီး၊ လက်နက်ငယ်၊ အပြည့်အစုံတပ်ရင်းမိသားစုများကိုပါခေါ်၍ ထရပ်ကားအစင်း၁၈၀ဖြင့် ဖေဖော်ဝါရီ၅ရက်တွင်စစ်သည်အင်အား ၁၅၀၀ကျော်၂၀၀၀နီးပါးဖြင့်ရန်ကုန်မြို့ကို အနိုင်ရအောင်တိုက်သည်။

ထိုအချိန်တွင် တောခိုသွားသော တပ်ရင်း-၃အလင်းပြန်ဝင်လာသည်။ တွံတေးတူးမြောင်းကို ကရင်ကသိမ်းထား၍ တပ်ရင်း-၃သည် သခွပ်ဝ၊ သီလဝါမှလည့်ကာ ရန်ကုန်မြစ်မှဝင်ရသည်။ ခရီးရောက်မဆိုက် သာယာဝတီကိုတက်ကြရာ ဖေဖော်ဝါရီ ၈ရက်နေ့တွင် ရောက်သည်။ သာယာဝတီတွင်ကွပ်ကဲနေသော ဗိုလ်စိန်မှန်သည် တပ်ရင်း-၃စစ်ကူရောက်လာမှ စိတ်ချလက်ချဘုံးဘုံးလဲနိုင်တော့သည်။ ၂၈ရက်လုံးလုံး ထမင်းမစားဘဲ တိုက်နေရသော ဗိုလ်စိန်မှန် သူ့တပ်ဖွဲ့ဝင်များကို တပ်ရင်း-၃ ဗိုလ်မှူးထံအပ်၍ ဆေးရုံတက်ဆေးဝါးကုသရင်း အနားယူရသည်။

ဗိုလ်စန်းယု၊ ဗိုလ်ကျော်၊ ဗိုလ်စိန်မြ၊ ဗိုလ်ထင်ကျော်စသူတို့ခေါင်းဆောင်သော တပ်ခွဲ သုံးခွဲတွင်လူကမပြည့် အများစုမှာ ချင်းရဲဘော်များ၊ ဂေါ်ရခါးရဲဘော်များဖြစ်သည်။ ရဲဘော်များကာ သတ္တိကောင်းကြသည်။လက်နက်ကြီးဆို၍ ဘိုဖာ အမြောက်တစ်လက်၊ ခြောက်ပေါင်ဒါ အမြောက်တစ်လက်သာရှိသည်။စုစုပေါင်း ရဲဘော် ၁၈၀ခန့်သာရှိသည်။ ရန်သူက အင်အား ၂၀၀၀ခန့်ရှိသည်။

ဖေဖော်ဝါရီ ၉ရက်နေ့တွင်အပြင်းအထန်တိုက်ကြသည်။ သူပုန်တို့ဘက်မှ အမြောက်လက်နက် အစုံသုံးသည်။ အမြောက်ဆံ၊ ကျည်ဆံပေါသည်။ မြန်မာ့တပ်မတော်က ကျည်ဆံကိုချွေချွေတာတာသုံးရသည်။ လက်နက်ကြီးများတွင်ချိန်ခွက်မပါ။ မှန်းဆ၍သာပစ်ရသည်။ ရဲဘော်များ ချိန်ဆပစ်သည်ကရန်သူတို့၏အုဓိကပစ်မှတ်ကိုထိမှန်သည်။ တိုက်ပွဲအတွေ့အကြုံက ချိန်ခွက်ထက်ကောင်းသည်။ ရန်သူတို့ ပြိုကွဲပြီ။ အရှေ့ရိုးမဘက်ကိုဆုတ်ခွာသွားရသည်။

ဗိုလ်ကျော်ခေါင်းဆောင်သော တပ်ခွဲကလိုက်၍တိုက်ရာကရင်တပ်ရင်းမှူး လက်ဖတင်နင်ကာနယ်စောမြမောင်၊မေဂျာ

www.burmeseclassic.com

www.burmeseclassic.com



စောထွန်းအောင်စသူများနှင့် ကရင်သူပုန်များကို လက်ရဖမ်းဆီးရမိသည်။လက်နက်ခဲယမ်း၊ မီးကျောက်၊ ထရပ်ကားများဖမ်းဆီးရရှိသည်။

သို့ဖြင့် ရန်ကုန်ကိုချိန်ရွယ်ထားသောကရင်စစ်ကြောင်း ပြိုကွဲသွားခဲ့ပြီ။

တပ်ရင်း-၃သည် ဝက်ကော်တိုက်ပွဲအောင်ပြီးနောက် အင်းစိန်စစ်မျက်နှာခံစစ်ကြောင်းအတွက် အားဖြည့်တိုက်ပွဲဝင်ရသည်။ ဗိုလ်မှူးစိန်မှန်ဆေးရုံဆင်းနိုင်ပြီ။ သာယာဝတီ စစ်မျက်နှာကိုစိတ်မချ၍လေတပ်ဗိုလ်မှူးတော်မီကလစ်မောင်းသောအော့စဖို့လေယာဉ်ဖြင့် ကင်းထောက်ပျံသန်းကြည့်ရာ ရန်သူစစ်ရဲဘော်များကအောက်မှစက်သေနတ်ဖြင့်ပစ်ခတ်သဖြင့်ဗိုလ်စိန်မှန်ဗိုက်တွင်ဒဏ်ရာရသွားသည်။ ဒဏ်ရာကိုလက်ဖြင့်နှိပ်၍လုပ်စရာရှိသည်များလုပ်ပြီးအပြန် ရန်ကုန်အရောက်သည်နှင့် ဆုံးလေသည်။ ဗိုလ်မှူးစိန်မှန်အားနိုင်ငံတော်ဗျာပနအဖြစ် နိုင်ငံတော်ကကျင်းပပေးလေသည်။

ပြည်တွင်းစစ်တွင် ပန်းပွင့်များနွေတွင်ကြွေသလိုကြွေနေရသည်။

ကရင်များက တောင်ငူဘက်မှစစ်ကြောင်းတစ်ကြောင်းချီလာသည်။ လက်ဖတင်နင်ကာနယ်မင်းမောင် ခေါင်းဆောင်သော ကရင်သေနတ်ကိုင်တပ်ရင်း-၁သည် လက်နက်အပြည့်၊ လူအပြည့်ဖြင့်ရန်ကုန်သို့ဆင်းလာပြီး ပဲခူးအလွန်ဘုရားကြီးအနီးတွင် မြန်မာ့တပ်မတော်တပ်ရင်းအမှတ်-၆နှင့်ရင်ဆိုင်တိုက်သည်။

ကရင်တပ်ရင်းဘက်က မြန်မာ့တပ်မတော်ရှိရာသို့လှမ်း၍ ကြည့်သောအခါပဲခူးလွင်ပြင်တွင်အင်အားမြောက်များစွာကိုမြင်နေရသည်။ မြန်မာ့တပ်မတော်ဘက်ကကြည့်သောအခါတွင်လည်း၊ကရင်စစ်သားများကိုအင်အားကြီးမားစွာမြင်တွေ့နေရသည်။

အမှန်တကယ် ကရင်တို့ဘက်ကမြင်ရသော မြန်မာ့တပ်မတော်စစ်သားများသည် အမြင်မှားခြင်းမျှသာဖြစ်သည်။ မြန်မာ့တပ်မတော်အင်အားသည်ရာဂဏန်းမျှသာဖြစ်သည်။ ကရင်တို့၏ အင်အားမှာထောင်ဂဏန်းမကရှိနေသည်။ တိုက်ပွဲတွင်ပါဝင်ခဲ့သောဆာဂျင်ဗဟာဒူးသည်လေယာဉ်ပေါ်တွင်ဝတ်ဖူးစင်ကြယ်ဝတ်သူတော်စင်၏စကားကို ပြန်လည်ကြားယောင်လာသည်။

လူလေးတို့တိုက်ပွဲ အောင်မြင်ပါလိမ့်မယ်ဆိုသောစကားပင်ဖြစ်ပါ၏။ အမှန်တကယ် သူ့ဘက်၊ကိုယ့်ဘက်အပြန်အလှန်ပစ်ခတ်ကြလျှင် တိုက်ပွဲရှည်နိုင်သည်။ အဖြစ်အပျက်က ဤသို့မဟုတ်ပြီ။ မြန်မာ့

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်ဘက်ကစတင်တိုက်ခိုက်သည်နှင့် ကရင်တပ်များသူတို့ဘာသာ ကြောက်ရွံ့ဆုတ်ခွာသွားကြခြင်းပင်ဖြစ်ပါလေ၏။

ထိုတိုက်ပွဲ၏ အဆုံးအဖြတ်သည် ပြည်ထောင်စုအစိုးရကို ဂုဏ်သိက္ခာတက်စေပါ၏။ မြန်မာ့တပ်မတော်၏အနာဂတ်သမိုင်းသစ်ကိုတည်ဆောက်ရန်သမိုင်းပေးတာဝန်အဆင့်ဆင့်ကို ကျော်ဖြတ်ရန် လှေကားထစ်တစ်ခုသာလျှင်ဖြစ်ပါလေ၏။ ရန်ကုန်အစိုးရဟုအမည်ပေးထားသောနိုင်ငံခြားသတင်းစာများအား ပြည်ထောင်စုအစိုးရကိုယ်စား တပ်မတော်ခေါင်းဆောင်များက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ခိုင်မာသောမြန်မာနိုင်ငံတော်ဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပါ၏။

အင်အားကောင်းလှသော ကေအန်ဒီအိုများရန်ကုန်မှဆုတ်ခွာသွားရပြီ။ ပြည်ထောင်စုတပ်မတော်က ထိုးစစ်ကိုမြှင့်၍ဆက်လက်တိုက်ခိုက်နေဆဲဖြစ်သည်။

သူပုန်တပ်ရင်းနှင့် ကေအန်ဒီအိုအားလုံးပေါင်းလျှင် တပ်ခွဲ ၂၂ခွဲထက်မနည်းပေ။ လူအရေအတွက်ဆိုလျှင် နှစ်ထောင်ကျော်သည်။ မြန်မာ့တပ်မတော်သည် တပ်ခွဲ ၄ခွဲ ပျော့ပျော့သာရှိသည်။ ရန်သူဘက်မှ လက်နက်ကြီးတွေ ဖောဖောသီသီသုံးနိုင်သည်။ ကျည်ဆံပေါသည်။ ၂၅ ပေါင်ဒါနှင့်မော်တာကျည်ဆံများပေါသည်။

ဗမာ့တပ်မတော်ဘက်မှ ကျည်အားနည်းသည်။ အလုံးအရင်းနှင့် လှိမ့်ဆင်းလာသောရန်သူကိုတပ်ဖွဲ့အင်အားနည်းနည်းဖြင့်တိုက်ပွဲဝင်နိုင်သောစစ်သားကောင်းများပါဝင်သည်။ ထိုတိုက်ပွဲများက မြန်မာ့သမိုင်းတွင်အင်အားနည်းစေကာမူ အမျိုး၊ဘာသာ၊သာသနာကိုကာကွယ်စောင့်ရှောက်သောမှန်ကန်သည့်အတွေးအမြင်ဦးစီးထားသည်။ ထိုမှန်ကန်သည့်အတွေးအမြင်သည် တိုက်ပွဲအောင်ကြောင်း တရားပင်ဖြစ်ပါလေ၏။

ဆာဂျင်ဗဟာဒူး တိုက်ပွဲအတွေ့အကြုံကိုသုံးသပ်နေသည်။ ဒူရ်ဂါမယ်တော်ကိုအမှတ်ရသည်။ ဝတ်ဖြူစင်ကြယ်ဝတ်သူတော်စင်ကိုသတိရသည်။ ဗုဒ္ဓရုပ်ပွားတော်ကိုမှန်းဆ၍ပူဇော်သည်။ မဖြစ်မနေ မေမြို့ကိုသူသွားရမည်။ လွန်ခဲ့သော ၇နှစ်ကျော်ကမေမြို့စိမ်းလဲ့ဂေဟာအိမ်ကိုသူသွားချင်စိတ်ဖြစ်ရသည်။

သူတို့၏ ရန်ကုန်စစ်ပွဲသည် ခုခံစစ်မှ တန်ပြန်ထိုးစစ်သို့ဆင်နွှဲနိုင်ခဲ့ပြီ။ မြန်မာ့မြေတွင် ရန်သူများနယ်စပ်ဒေသသို့သာ ဆုတ်ခွာသွားကြပြီ။

■

www.burmeseclassic.com

## သံသရာတစ်ကွေ့ တွေ့ကြရာဝယ်

စိမ်းလဲ့ဂေဟာ ခြံကြီးအတွင်း၌ ဂုဏ်သရေရှိလူကြီးများစုံညီနေကြပြီ။ ကိုသန့်စင်သည် စောစီးစွာကပင်ရောက်ရှိနေပြီ။ အခမ်းအနားကိုကြိုတင်ပြင်ဆင်ထားသည်။ ဆူဇန်ကညွှန့်သည်များကိုကျွေးမွေးဧည့်ခံရန် ဂေါ်ရခါးအမျိုးသမီးများနှင့် ပြင်ဆင်လျက်ရှိနေပါ၏။

ထိုတွေ့ဆုံပွဲကြီး၌ လူပုဂ္ဂိုလ်များသာမဟုတ်ပါ။ ပွေးကောက်ရေတံခွန်အနီးတောရဆောက်တည်နေသောရသေ့သူတော်စင်ကြီးဘိုးဖြူလည်း ရောက်ရှိနေသည်။

ဦးချတ္တရီက စားပွဲပေါ်တွင်အရေးကြီးသောစာရွက်စာတမ်းများနှင့်အတူကတ္တီပါအနီစဖြင့်ထုတ်ထားသောအထုပ်တစ်ထုပ်ကိုလည်းတင်ထားပါ၏။ ပရိသတ်များထဲတွင် မေမြို့ဝိုင်အမ်ဘီအေအသင်းကြီးမှမြို့မိမြို့ဖများကိုလည်း ဖိတ်ကြားထားပါလေ၏။

လူကြီးမင်းများ စုံညီသောအခါ စားပွဲရှည်ကြီး၏ဘယ်ဘက်တွင်ထိုင်နေကြသောဂေါ်ရခါးအမျိုးသားများဖြစ်ကြသည့်ဦးတန်ကာဒွိခ်ျပီဘီချတ္တရီ၊ ဦးကျိုလာနတ်၊ ချမ်းဘဟာဒူး၊ ဦးဟာရိလယ်၊ ဦးဟာရိရာဆပ်၊ ဦးမဟာဒေဗ် စသောလူကြီးများ၊ ဘေး ရှည်ကြီး၏ညာဘက်တွင် ဦးလှဖေ၊ ဦးညီအောင်၊ဦးသာအောင်၊ ဦးခင်မောင်ကလေး၊ ဦးချစ်ဆွေစသော မေမြို့၏ မြို့မိမြို့ဖများထိုင်လျက်။ ထိုစားပွဲရှည်ကြီးထိပ်တည့်တည့်တွင်ရသေ့သူတော်စင်ကြီးဘိုးဖြူထိုင်လျက်ရှိနေပါ၏။

လူကြီးများစုံသောအခါ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သော ကိုသန့်စင်ကမတ်တပ်ရပ်၍ စကားစသည်။

"ကြွရောက်တော်မူလာကြတဲ့ လူကြီးမင်းများခင်ဗျား ဒီကနေ့မေမြို့မှာရှိကြတဲ့မြို့မိ မြို့ဖများကို ဦးလေးချတ္တရီဖိတ်ကြားရတဲ့အကြောင်းကတော့မေမြို့ရဲ့ဗုဒ္ဓသာသနာကိစ္စများကို ရှင်းလင်းပြဖို့ဖြစ်ပါတယ်။ ပထမစွာအဘရသေ့ဘိုးဖြူက ရှင်းပြပါလိမ့်မယ်"

ရသေ့ကြီးကသူ၏ ဂဠုန်တောင်ဝှေးကိုအားပြု၍ မတ်တပ်ရပ်လိုက်သည်။

"ဒကာတော်အပေါင်းတို့ လွန်ခဲ့တဲ့ ၇နှစ် ၈နှစ်လောက်က အလွန်ထူးဆန်းတဲ့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူမေမြို့ကိုဒေသစာရီကြွချီတော်မူပါတယ်။ ရုပ်ပွားတော်မြတ်ဟာရတနာမျိုးစုံပူဇော်ထားတဲ့ရုပ်ပွားတော်မြတ်ဖြစ်ပါတယ်။ ဒီရုပ်ပွားတော်ဟာ ရှေးနှစ်ပေါင်းနှစ်ထောင်ကျော်ကာလ ဗုဒ္ဓပွားတော်မူရာ နီပေါနိုင်ငံကဖြစ်ပါတယ်။ မေမြို့ရဲ့သာသနာတော် ထွန်းကားပြန့်ပွား

www.burmeseclassic.com



စေမယ့်အတိတ်ကောင်း၊နိမိတ်ကောင်းဖြစ်ပါတယ်။ အခု အဲဒီရုပ်ပွားတော်ဟာ မေမြို့အရှေ့ဘက်ပိတ်ချင်းမြောင်လိုဏ်ဂူကြီးအတွင်းမှာ သီတင်းသုံးလျက်ရှိပါတယ်။ အခုချိန်မှာလူသူရောက်အပေါက်နည်းသေးတဲ့အဲဒီလိုဏ်ဂူကြီးမှာနောင်နှစ်ပေါင်းငါးဆယ်ကျော်လောက်ကြာတဲ့အခါသာသနာတော်ထွန်းကားမယ့် ဒေသဖြစ်ပါတယ်။ အဲဒီအကြောင်းကို ဒကာတော်များသိအောင်ရှင်းပြရတာပါ"

ဆက်ပြီးတော့ ရှင်းပြသူကချတ္တရီပင်ဖြစ်သည်။ ဦးခေါင်းတစ်ခုလုံး ဆံပင်ဖြူများဖုံးအုပ်နေသာချတ္တရီမတ်တပ်ရပ်လိုက်သည်။

"လူကြီးမင်းများခင်ဗျား. . ။ လွန်ခဲ့တဲ့ ၇နှစ်၈နှစ်က ဂေါ်ရခါးလူငယ်တစ်ဦး ကျွန်တော့်အိမ်ကိုလာပြီး၊ ရသေ့ကြီးပြောသွားတဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့အတူ ရတနာပစ္စည်းများကိုအပ်နှံထားခဲ့ပါတယ်။ အဲဒီလူငယ်ဟာ စစ်အတွင်းမှာသေသလား ရှင်သလားအခုထိမသိရပါဘူး။ ဒါကြောင့် ဒီလူငယ်အပ်နှံထားတဲ့ပစ္စည်းတွေကျွန်တော်မှာ ရှိနေပါတယ်။လူငယ်ကဒီပစ္စည်းတွေကို သာသနာပြုတဲ့နေရာမှာသုံးစွဲဖို့မှာကြားသွားပါတယ်။သူရဲ့ဆန္ဒနဲ့အညီ ကျောက်တောင်စေတီတော်ကြီး ပြန်လည်ပြုပြင်ရာမှာ လိုအပ်တဲ့ငွေကြေးများကိုကျွန်တော်လှူဒါန်းသွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းကျွန်တော်တို့ဂေါ်ရခါးလူမျိုးများရဲ့ ဘာသာရေးအဖွဲ့အစည်းများအတွက်လည်း ကျွန်တော်မတည်လှူဒါန်းပါ့မယ်။ ပိတ်ချင်းမြောင်မှာလည်းစေတီတော်တစ်ဆူတည်ဖို့ရှိပါတယ်။ အဲဒီစေတီကိုတော့ ရသေ့ကြီးရဲ့ဆန္ဒနဲ့အညီ တည်ထားသွားပါ့တယ်"

ဦးချတ္တရီရှင်းပြပြီးသောအခါ ဝိုင်အမ်ဘီအေအဖွဲ့ဝင် လူငယ်တစ်ဦးဖြစ်သော မောင်ချစ်ဆွေက ဇိနမာန်အောင်ကျောက်တောင်တွင် လွတ်လပ်ရေးအောင်စေတီတည်ထားခြင်းနှင့်ပတ်သက်သောအကြောင်းအရာများကိုရှင်းလင်းတင်ပြသည်။

ဦးချတ္တရီနှစ်ပေါင်းများစွာ မျိုသိပ်ထားခဲ့ရသောတာဝန်တစ်ရပ်ကို ရှင်းလင်းပြောကြားရပြီးသွားသဖြင့် စိတ်ထဲမှာကျေနပ်သွားခဲ့ပြီ။ အစည်းအဝေးပြီးသောအခါ လူကြီးမင်းများကိုဆူဇန်နှင့် ဂေါ်ရခါးအမျိုးသမီးများက ညှင့်ခံကျွေးမွေးနေကြသည်။ ထိုစဉ် ဂျစ်ကားတစ်စင်း စိမ်းလဲ့ဂေဟာခြံကြီးအတွင်းသို့ မောင်းနှင်ဝင်ရောက်လာသည်။ ဂျစ်ကားသည် စိမ်းလဲ့ဂေဟာခြံဝင်းအတွင်း အိမ်ရှေ့တွင်ရပ်လိုက်သည်။ မော်တော်ကားပေါ် မှစစ်ယူနီဖောင်းနှင့် လူနှစ်ဦးဆင်းလာသည်။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှညှော်ပရိတ်သတ်များ မော်တော်ယာဉ်ပေါ်မှဆင်းလာသော စစ်သားနှစ်ဦးကို စိတ်ဝင်စားစွာကြည့်ရှုနေကြပါ၏။ ရှေးဦးစွာ ဆူဇန်ကအိမ်အပြင်ဘက်သို့ သွားရောက်ကြိုဆိုသည်။ စစ်သားနှစ်ဦးအနက် လူငယ်စစ်သားကိုမြင်သောအခါ ဆူဇန် အလွန်အံ့ဩတုန်လှုပ်သွားသည်။ ထို့နောက် ဆူဇန်အိမ်အတွင်းပြန်ဝင်သွားပြီး-

"အဖေ. . အဖေ. . ။ အစ်ကိုဗဟာဒူးပြန်ရောက်လာပြီ။ လာကြည့်ပါဦး"

ဦးချတ္တရီ အလွန်အံ့ဩသွားသည်။ သူကိုယ်တိုင်အပြင်ဖက်ကိုထွက်ကြိုသောအခါ

" ဟာ. . ဗဟာဒူးနဲ့ဒုဗိုလ်မှူးကြီးလက်ချ်မန်ရိုင်းပါလား။ လာအထဲကိုကြွပါ။ လူလေးဗဟာဒူး မင်းကိုပြန်တွေ့ရတာ ဦးသိပ်ဝမ်းသာတယ်ကွာ"

ဆာဂျင်ဗဟာဒူးသည် အိမ်အတွင်းစားပွဲထိပ်ဆုံးတွင်ထိုင်နေသော ရသေ့သူတော်စင်ကို လှမ်းကြည့်လိုက်ပြီး။

"ဟင်. . "

ရသေ့သူတော်စင်ကြီး ဘိုးဖြူအားလက်အုပ်ချီ၍ကန်တော့လိုက်သည်။

"ဘရသေ့။ အဘကိုတပည့်တော်တွေ့ဖူးတယ်ထင်တယ်"

ရသေ့ဘိုးဖြူက ပြုံးရုံသာပြုံး၍ဘာစကားမျှမဆို ခပ်မဆိတ်သာနေလျှက်ရှိ၏။ ဒုဗိုလ်မှူးကြီးလက်ချမန်ရိုင်းက ဦးချတ္တရီနှင့် စကားပြောလျှက်ရှိ၏။

"အစ်ကိုချတ္တရီ ကျွန်တော်တို့တပ်ရင်းကျောက်မဲကို ပြောင်းလာခဲ့ပြီ။ ဒါနဲ့ဆာဂျင်ဗဟာဒူးက ဒီကိုလာဖို့အဖော်စပ်တာနဲ့ဆရာ့တပည့်ထွက်လာခဲ့တာ။ ဒီမှာဆွေမျိုးတွေ အားလုံးကိုတစ်ပြိုင်နက်တွေ့ရလို့ကျွန်တော်ဝမ်းသာပါတယ်ဗျာ"

ဂေါ်ရခါးမိတ်ဆွေများအားလုံးကဒုတိယဗိုလ်မှူးကြီး လက်ချ်မန်ရိုင်းနှင့်ဆာဂျင်ဗဟာဒူးကို ဖက်ရမ်းပွေ့ဖက် နှုတ်ဆက်ကြလေပြီ။ ဆူဇန်နှင့် ဂေါ်ရခါးအမျိုးသမီးများက စားသောက်ဖွယ်ရာများပြင်ဆင်ပေးကြပြန်သည်။

ဗဟာဒူး ဆူဇန်၏မျက်နှာကိုကြည့်နေမိသည်။ နှစ်များက"လက်ဖက်ရည်လေးသုံးဆောင်ပါဦး"ဆိုသော စကားကိုဗဟာဒူးမမေ့နိုင်သေး။ယခင်ကအတိုင်းပင်ဆူဇန်၏နဖူးအလယ်တည့်တည့်တွင်အနီမှတ်ကလေးရှိသေး၍ဆူဇန်တစ်ယောက်အပျိုဘဝမှာပင်ရှိနေသေးကြောင်း သူသတိထားလိုက်မိပြန်သည်။

ကိုသန့်စင်သည် ဂေါ်ရခါးလူမျိုးများ၏တွေ့ဆုံမှုကို ကျေနပ်ပီတိဖြစ်လျှက်ရှိပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်သန့်စင် မင်းကိုမိတ်ဆက်ပေးရဦးမယ်။ ဟောဒါက ဒုတိယဗိုလ်မှူးကြီး လက်ချံမန်ရိုင်း၊ ကျောက်မဲ ခလရ-၄က ဒု-တပ်ရင်းမှူး"

ကိုသန့်စင်က ဒုတိယဗိုလ်မှူးကြီးကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး-

"တွေ့ရတာဝမ်းသာပါတယ်"

"သူကဆာဂျင်ဗဟာဒူး"

ကိုသန့်စင်က ဆာဂျင်ဗဟာဒူးကို လည်းလက်ဆွဲနှုတ်ဆက်ရင်း-

"လေးစားပါတယ် ဆာဂျင်"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်။ အစ်ကို"

"ကဲ. . ကဲ. . ဒုတိယဗိုလ်မှူးကြီးရော၊ ဆာဂျင်ဗဟာဒူးရော အားလုံးစုံစည်းကြပြီဆိုတော့ရသေ့ကြီးဘိုးဖြူဆီက ဩဝါဒစကားနာယူကြရအောင်။ အဘရသေ့ ဩဝါဒစကားလေးပြောပေးပါဦး"

ရသေ့ဘိုးဖြူက မတ်တတ်ရပ်လိုက်ပြီး-

"အားလုံး ဆွေမျိုးတွေစုံနေတုံး အဘအရေးကြီးတဲ့ စကားပြောချင်ပါတယ်။ တို့ဘာစ်တွေသံသရာခရီးမှာဘဝအဆက်ဆက်ဆွေမျိုးတွေအဖြစ်နဲ့နေလာခဲ့ကြတဲ့ ဘဝတွေလည်းများလှပေ့ါ။ သံသရာမှာရေစက်အဟုန်နဲ့ပြန်ဆုံကြတဲ့အခါ အားလုံးချစ်ချစ်ခင်ခင်နဲ့ဘယ်တော့မှ မမုန်းကြစတမ်း နေသွားကြပါလို့ အဘရသေ့မှာချင်တယ်။ ဟိုးလွန်ခဲ့တဲ့ ၇နှစ် ၈နှစ်ကလူလေးဗဟာဒူးအပ်နှံခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ပစ္စည်းတွေကို ဗုဒ္ဓသာသနာအတွက်လူကြီးတွေက စနစ်တကျ ဆောင်ရွက်ကြဖို့ဒီကနေ့ပဲ တိုင်ပင်နှီးနှောပြီးကြပါပြီ။ ဒီကိစ္စအတွက် လူလေးဗဟာဒူးဘာများပြောစရာရှိသေးလဲ"

ဗဟာဒူးက လက်အုပ်ချီလျက်-

"အဘနဲ့တကွ အသက်ကြီးသူ ဂုဏ်ကြီးသူတွေ လျော်ကန်သင့်မြတ်သလိုစီစဉ်ထားတဲ့အပေါ် ကျွန်တော်ဝမ်းသာပါတယ်။ ကျွန်တော်ကစစ်တပ်ထဲမှာပဲ ရှိနေသေးတော့တာဝန်ကလွဲပြီးကျွန်တော်ဘာမှမလုပ်နိုင်သေးပါဘူး။ ဦးလေးချတ္တရီနဲ့ ဟောဒီက လူကြီးများကဆက်လက်ဆောင်ရွက်ပေးကြပါလို့ပဲပြောပါရစေ"

"ကဲ. . ကဲ. . လူလေးရဲ့ မွန်မြတ်တဲ့ဆန္ဒကို အဘသာဓုခေါ်လိုက်ပါတယ်။ သာဓု. . သာဓု. . သာဓု"

ရသေ့ဘိုးဖြူနှင့်အတူ ပရိတ်သတ်များအားလုံးကလက်အုပ်ချီ၍ သာဓုခေါ်လိုက်ကြသည်။

"ကဲပြုဖွယ်ကိစ္စပြီးပြီမို့ အဘလည်းပြန်ကြွတော့မယ်။ အားလုံးကျန်းမာ၊ ချမ်းသာကြပါစေဗျာ"

ပရိတ်သတ်များအားလုံးက ရသေ့ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုရှိခိုး၍ နှုတ်ဆက်ကြလေသည်။

လောကကြီး၌မမြင်နိုင်သော စွမ်းအားများရှိပါလေ၏။ ကြိုတင်၍မျှော်လင့်မထားသောဆုံစည်းမှုမျိုးဖြင့်စိမ်းလဲ့ဂေဟာအိမ်အတွင်း၌ ဆုံစည်းခဲ့ကြပါလေ၏။

ရသေ့ကြီးဘိုးဖြူ၏ စကားကိုလူတိုင်းမှတ်မိနေကြသည်။ ဘဝသံသရာခရီးတွင် ရေစက်အဟုန်ကြောင့် တွေ့ဆုံကြသောအခါ တစ်ဦးကိုတစ်ဦး မေတ္တာစိတ်ထားကြဖို့ဆိုသော စကားပင်ဖြစ်ပါလေ၏။

သံသရာတကွေ့တွေ့ကြလေသော လူတို့၏ ချစ်ခြင်းမေတ္တာတရားသည် ဘယ်သို့သောအရာကမျှ ဖျက်ဆီးခြင်းငှာမစွမ်းနိုင်သောမေတ္တာတရားဖြစ်ပါ၏။

မေမြို့မှ မော်တော်ယာဉ်ဖြင့်ပြန်လာခဲ့သော ဆာဂျင်ဗဟာဒူး၏စိတ်ထဲတွင် ရသေ့သူတော်စင်ဘိုးဖြူ၏ မျက်နှာကိုဘယ်မှာတွေ့ဖူးခဲ့ပါသနည်းဟုစဉ်းစားလျှက်ရှိပါ၏။ နောက်ဆုံးတွင် လေယာဉ်ပေါ်၌တွေ့ခဲ့ရသောသူတော်စင်၏မျက်နှာကိုပြန်၍မြင်ယောင်လာသည်။ ထိုသူတော်စင်၏အသံနှင့်ရုပ်သွင်ကိုသတိရလာသည်။ သို့သော် ယခုတွေ့ရသောအဘသည် အညိုရောင်သင်္ကန်းကို ဝတ်ဆင်ထားပါလေ၏။လေယာဉ်ပေါ်တွင် တွေ့ရသောသူတော်စင်သည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားပါလေ၏။ ရုပ်သွင်သဏ္ဍာန်ကတော့ တူသယောင်ယောင်ရှိသည်။

ဆာဂျင်ဗဟာဒူးသည် အတွေးများဖြင့်လိုက်ပါလာခဲ့ပါလေ၏။ ထိုအဖြစ်အပျက်ကို မည်သူကိုမျှပြောပြခဲ့ခြင်းမရှိပါချေ ။

■

www.burmeseclassic.com

www.burmeseclassic.com



**ပန်းပွင့်ဝေသောနွေဦး**

စမ်းလှဲ့ဂေဟာခြံကြီး အလှသည်ပန်းပွင့်များနှင့်အတူလှပ၍လာသည်။ ပန်းရောင်စုံပွင့်နေသော ပန်းခင်းကြီးထဲမှ ဆူဇန်၏အလှတရားကလည်းပိုမိုပနာတင့်လျက်ရှိသည်။

ခြံအတွင်းအတူရှိနေသော ကိုသန့်စင်ကဆူဇန်ကိုစကားစလိုက်သည်။

"ဆူဇန် နွေရောက်ပြီနော်"

"ဟုတ်တယ်နော်အစ်ကို"

"နွေဦးမှာ ပန်းအလှတွေပိုပြီး ဖူးပွင့်ကြတယ်လို့ကိုယ်ထင်တယ်။ ဒါပေမယ့်နွေဦးမှာအလှတစ်ခုလိုနေတယ်လို့လည်းကိုယ်ခံစားရပြန်တယ်"

"ဟင်. . အစ်ကိုသန့်စင်က ကဗျာဆန်နေပြန်ပါပြီ"

"ဟုတ်တယ်ဆူဇန်၊ အခြားပန်းပွင့်တွေပွင့်ဝေနေပေမယ့် ချယ်ရီပန်းတွေကြွေကုန်ကြပြီလေ။ ချယ်ရီပန်းတွေ ဆောင်းနဲ့အတူချုပ်ငြိမ်းသွားခဲ့ပြီ ဆူဇန်"

"အင်း ဟုတ်တယ်နော်။ အစ်ကိုပြောမှဆူဇန်သတိထားမိတယ်"

"ဆူဇန် စိုက်ပျိုး ထားတဲ့ ဒေလီယာ၊ သစ္စာပန်း၊ ဂန္ဓမာပန်း၊ ရိုစီပန်းတွေလှနေချိန်မှာ ချယ်ရီပန်းတွေမရှိကြတော့ဘူး"

"ဟုတ်တယ်၊ အစ်ကို"

"ဆူဇန် စဉ်းစားကြည့်စမ်းပါ။ ဟောဒီခြံကြီးထဲမှာရှိနေတဲ့ ချယ်ရီပန်းတွေအားလုံးလည်း ပင်လုံးကျွတ်ပွင့်နေမယ်။ မြေမှာကပ်ပြီးပွင့်တဲ့ ပန်းတွေလည်း ပွင့်နေမယ်ဆိုရင် မြင်မြင်သမျှပန်းအလှတွေနဲ့ လောကကြီးဘယ်လောက်လှလိုက်မလဲ။ လောကကြီးက အလှတရားကို အလုံးစုံ မဖန်တီးနိုင်ဘူး။ တစ်စုံတစ်ခုလိုနေအောင်ပဲအမြဲဖန်တီးထားတယ် ဆူဇန်။ ဒါသည်ပင်လောကနိယာမလို့ အစ်ကိုထင်တယ်"

"ဟင်. . ဟင်. . အစ်ကိုက အတွေးခေါင်လိုက်တာ"

" ကိုယ့်ဆန္ဒကိုပြောရရင်နွေဦးမှာပန်းတွေအားလုံးပွင့်စေချင်တယ်။ အခုတော့ကြွေတဲ့ပန်းတွေကကြွေ၊ ဝေဆဲလှဆဲပန်းတွေက ရနံ့မွှေးပျံ့လို့၊ ကိုယ်ကတော့ဝေဆဲ၊ လှဆဲ ပန်းတွေထက် ကြွေသွားတဲ့ချယ်ရီပန်းတွေကို နှမြောတသဖြစ်နေမိတယ်"

"အစ်ကိုက အခြားပန်းတွေထက် ချယ်ရီပန်းကိုပိုကြိုက်လို့ဖြစ်မှာပါ"

"မဟုတ်ပါဘူး ဆူဇန်"

"ဒါဆိုအစ်ကိုက ပန်းတွေကိုကြည့်ပြီးဘာလို့ဒီလိုတွေးနေရတာလဲ"

"သက်မဲ့ပန်းတွေ ကြွေနေသလို သက်ရှိပန်းတွေလည်း ကြွေနေဆဲပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဘာလို့စိတ်ညစ်စရာတွေတွေးနေရတာလဲ။ ပျော်စရာကောင်းတဲ့အတွေးကိုပဲ တွေးစမ်းပါ။ ဘာလဲ ဟောဒီပန်းခင်းထဲက ဥယျာဉ်မှူးကိုအပြစ်တင်ချင်လို့လား"

"ဟာ. . ဒီသဘောမျိုး မဟုတ်ရပါဘူး ဆူဇန်။ ကိုယ်ဥယျာဉ်မှူးကို အပြစ်မတင်ရက်ပါဘူး။ လောကနိယာကမကို အပြစ်မြင်မိတာပါ"

"ဒါဖြင့်အစ်ကိုက လှပဝေဆာနေတဲ့ပန်းလေးတွေကိုမနှစ်သက်နိုင်ဘဲကြွေသွားတဲ့ချယ်ရီကိုဘာလို့တမ်းတနေတာလည်း"

"ကိုယ်က ပန်းပွင့်တွေနဲ့ လူ့ဘဝကိုပေါင်းပြီး စဉ်းစားကြည့်နေမိတာပါ ဆူဇန်"

"အစ်ကိုအတွေးကြီးကလဲ"

"ဆူဇန်စဉ်းစားကြည့်ပါ။ မကြာသေးခင်က ကိုယ်တို့မေမြို့မှာ ပန်းတွေမလန်းဆန်းခဲ့သလိုလူတွေရဲ့ဘဝတွေလည်းဆင်းရဲပင်ပန်းစွာနဲ့ အချို့ဆိုအသက်တွေတောင်စွန့်ခဲ့ကြရတယ် မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကို"

"ကိုယ်တို့ ဆူဇန်တို့သာကံကောင်းလို့အသက်မသေခဲ့ကြတာ။ စင်သီရာအပါအဝင် အပြစ်မဲ့သေခဲ့ရတဲ့ပြည်သူတွေကြွေခဲ့ကြတယ် မဟုတ်လား။ အခုပွင့်နေကြတဲ့ ပန်းပွင့်တွေရဲ့အောက်မှာ ကြွေသွားတဲ့သူတွေရဲ့သွေးတွေဟာရှိနေမှာ သေချာတယ် ဆူဇန်"

"ကဲပါ အစ်ကိုရယ် စိတ်ညစ်စရာတွေပြောမနေပါနဲ့တော့"

"မဟုတ်ဘူး ဆူဇန်၊ အဲဒီပန်းပွင့်တွေကြွေနေကြအုံးမှာကို စိတ်မကောင်းပါဘူး။ ကိုယ်ကိုယ်တိုင် ချယ်ရီပန်းတွေကြွေသွားတဲ့ဆောင်းနှောင်းနဲ့အတူ တစ်နေရာရာကိုသွားရလိမ့်မယ် ထင်တယ်"

"အစ်ကို ဘာကိုပြောချင်တာလဲ"

"ကိုယ်တို့လူငယ်တွေရဲ့ အလုပ်တွေရှိသေးတယ်ဆူဇန်၊ အစ်ကိုတို့လူငယ်တွေယုံကြည်ရာကိုလုပ်ရလိမ့်ဦးမယ်"

"အစ်ကိုကလည်း လွတ်လပ်ရေးရပြီးပြီလေ တိုက်ပွဲတွေကပြီးသွားခဲ့ပြီပဲ"

"မဟုတ်သေးဘူး ဆူဇန်၊ ကိုယ်တို့နဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ ကွန်မြူနစ်တွေတောခိုသွားကြပြီ။ နောက်ပြီး တပ်တွင်းကကရင်တွေလည်း ပုန်ကန်ခဲ့ကြတယ်"

"ဆူဇန်လည်းကြားမိပါတယ်အစ်ကို။ သူတို့ဘာကြောင့်တောခိုသွားကြတာလဲ။ ကရင်စစ်သားတွေကလည်းဘာလို့ပုန်ကန်ကြသလဲတော့ ဆူဇန်မသိဘူး"

"ဒါကြောင့် ကိုယ်ပြောတာပေါ့။ လောကနိယာမကြီးကလူသားကိုဘာလိုတော့မှငြိမ်းချမ်းခွင့် လွတ်လပ်ခွင့်မပေးပါဘူးလို့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ လိုအပ်နေတာချည်းပဲ။ အဲဒီလိုဖြစ်ပျက်ခြင်းတရားတွေ၊မငြိမ်းချမ်းမှုတွေဖြစ်နေအောင် ဖန်တီးထားတာလို့ ပြောချင်တာ။ ဟောဒီနွေဦးမှာချယ်ရီနဲ့ အတူ အခုမြင်နေရတဲ့ပန်းတွေ ပြိုင်တူပွင့်နေမယ့်အချိန်ကို ကိုယ်သိပ်မြင်ချင်တာပဲ ဆူဇန်"

"အစ်ကိုက မဖြစ်နိုင်တာတွေပြောနေတာကိုး"

"ဖြစ်နိုင်ပါတယ် ဆူဇန်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ချယ်ရီပန်းတွေ နွေဦးအထိစောင့်ပြီး ပွင့်နေအောင်စောင့်ခိုင်းပေးဖို့ ချယ်ရီပင်တွေကို တားဆီးထားပေးပါ။ နောက်ပြီး ချယ်ရီပွင့်တွေကို မကြွေပါနဲ့လို့ တောင်းပန်ပေးထားပါ"

"ဟား. . ဟား. . ဟား. ."

ဆူဇန်က အသံထွက်အောင်ပင် ရယ်လိုက်သည်။

"အလကား ပြောတာပါ။ ကိုယ် အလိုလားဆုံးဆန္ဒက ဆူဇန်ဆိုတဲ့ လှနေတဲ့ ပန်းကလေးဟောဒီဥယျာဉ်ထဲမှာ ထာဝရပွင့်နေ၊ ဝေနေတာကိုမြင်ချင်တာပါ။ တကယ့်အလှဆုံးပန်းဟာ ဟောဒီဥယျာဉ်ထဲမှာ ဆူဇန်ဆိုတဲ့ပန်းကလေးသာ အလှဆုံးလို့ပြောချင်တာ"

ကိုသန့်စင်၏ထူးခြားသော စကားကြောင့် ဆူဇန်မျက်နှာတစ်ခုလုံး ရှက်သွေးဖြာသွားသည်။

"ဟုတ်တယ် ဆူဇန်။ တကယ်တော့ ဟောဒီဥယျာဉ်ကြီးထဲမှာ လိုအပ်နေတဲ့ ချယ်ရီပွင့်တွေအစားလှနေတာဟာ ဆူဇန်ဆိုတဲ့ ပန်းကလေးပဲ"

ရှက်ရွံ့နေသော ဆူဇန်၏မျက်နှာတွင် အပြုံးတစ်ချက်လက်သွားသည်။ စိမ်းလဲ့ဂေဟာ ခြံကြီးအတွင်း၌နွေဦးတွင်ပွင့်သော ပန်းများသည်လောကကြီးကိုအလှဆင်လျက်ရှိနေပါ၏။ လူငယ်များတွင် မဖြစ်မနေဖြစ်တတ်သောအချစ်ဆိုသောအရာသည် လည်း ဖူးခဲ့၊ ပွင့်ခဲ့၊ ဝေခဲ့ပြီ။ နွေဦးတွင် ပန်းအလှကို ဝေဆဲလှဆဲပါတကား။

■

www.burmeseclassic.com

www.burmeseclassic.com



## ပန်းပွင့်ဆီမီး

လူ့ပယောဂကြောင့်ဖြစ်သော လောဘမီး၊ ဒေါသမီး၊ မောဟမီးများကြောင့် စစ်ပွဲကြီးများဖြစ်ရသည်။ ထိုစစ်မီးတောက်များလူသားကမ္ဘာတွင်နေရာဒေသများစွာတွင် မငြိမ်းနိုင်သေး။စစ်မီးတောက်များငြိမ်းအေးပြီးစ။ မေမြို့တွင်လှပသော ဆီမီးရောင်စုံ အလှများ ချိတ်ဆွဲထားကြသည်။မေမြို့တွင် လှသော လင်းသောဆီမီးရောင်တို့မထွန်းပနိုင်သည်မှာကြာခဲ့ပြီ။၁၉၄၉ခုနှစ်မတ်လက, ကရင်လက်အောက်မှလွတ်မြောက်ခဲ့ရသော မေမြို့တွင်ယခုအခါ၌ ဗုဒ္ဓဘာသာတို့၏ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ကျင်းပနိုင်လေပြီ။ ဗုဒ္ဓဘာသာများနှင့် ညီရင်းအစ်ကို ဂေါ်ရခါး(ဟိန္ဒူ)လူမျိုးများ၏ ဒီပါဝလီပွဲတော်ကိုလည်းကျယ်ကျယ်ပြန့်ပြန့် ကျင်းပကြလေပြီ။

မန္တလေး-လားရှိုး လမ်းမကြီး၏ လမ်းဘေးဝဲယာအိမ်များတွင် ရောင်စုံမီးပုံးများကို ချိတ်ဆွဲထားကြသည်။ မေမြို့နာရီစင် ပါဆယ်တာဝါအနီးက အိမ်များတွင်မီးရောင်စုံများ ထွန်းညှိထားကြသည်မှာ ငြိမ်းချမ်းခြင်း၏ အမှတ်လက္ခဏာဟု ပြောလျှင်ပြောနိုင်ပါ၏။

မကြာမီကာလက တောက်လောင်ခဲ့သောမီးတောက်မီးလျှံများသည် ကြောက်မက်ဖွယ်ကောင်းသော စစ်မီးတောက်များဖြစ်၏။ လူသတ္တဝါများအား သတ္တန္တရကပ်ဘေးဆိုးကြီး၏ အမှတ်လက္ခဏာဖြစ်၏။ ယခုမြင်တွေ့နေရသော မီးပွင့်၊ မီးဆိုင်း၊ မီးပုံးများ၏တည်ရာသည် ကိုးကွယ်ယုံကြည်မှု၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ တရား၏တည်ရာဖြစ်ပါလေ၏။

ကိုသန့်စင်သည် စစ်မီးတောက်များငြိမ်းအေးစ မေမြို့ကို လှည့်လည်ကြည့်ရှု၍ ငြိမ်းချမ်းခြင်း၏ ရသကိုခံစားရသည်။ မက်ဂျစ်စတိတ်ရုပ်ရှင်ရုံတွင် အိန္ဒိယရုပ်ရှင်ကား ရာမဇာတ်တော်ပြသနေသည်။ သို့အတွက် ဟိန္ဒူဘာသာဝင်အမျိုးသမီး၊ အမျိုးသားစုံတွဲများကိုကြည်နူးစွာမြင်ရသည်။ သူတို့၏ရိုးရာဝတ်စုံများနှင့် ဒီပါဝလီပွဲတော်သည် သာယာပျော်ရွှင်ဖွယ်ကောင်းလှသည်။

ဆူဇန်က သူတို့၏ဒီပါဝလီပွဲကိုကိုသန့်စင်အား ဖိတ်ထားသည်။ ကိုသန့်စင်ဥရောပဝတ်စုံကိုကျော့နေအောင်ဝတ်ဆင်လာသည်။ စိမ်းလဲ့ဂေဟာခြံကြီးအတွင်း၌ ဆာရီခြုံထည်များနှင့် လှနေသောဂေါ်ရခါးမိန်းကလေးများစွာ ရောက်ရှိနေကြသည်။ သူတို့နှင့်အတူယောကျ်ားလေးများကိုလည်း ကိုသန့်စင်တွေ့ရသည်။ ထိုလူငယ်စုံတွဲများက အသက်အရွယ်ကြီးရင့်ပြီဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ချတ္တရီကို လာ၍ကန်တော့ကြခြင်းဖြစ်သည်။ သူတို့လူမျိုး၊ သူတို့ယဉ်ကျေးမှုက မြတ်နိုးချစ်ခင်ဖွယ်ကောင်းလှသည်။ ကိုသန့်စင်သာလျှင် တစ်ယောက်တည်း အဖော်မပါဖြစ်နေသည်။

"ဟော့. . မောင်သန့်စင်လာကွာ" အဖိုးကြီးချတ္တရီကခေါ်သည်။

"သမီးဆူဇန်၊ နင့်အစ်ကိုကြီးလာတယ်ဟေ့"

ဆူဇန်သည်ဧည့်သည်များကို ဧည့်ခံနေရာမှ ကိုသန့်စင်ထံရောက်လာသည်။

"အစ်ကို နောက်ကျလှချေလား"

"ဟုတ်တယ်ဆူဇန် ကိုယ်မြို့ထဲကိုလှည့်ကြည့်နေတာနဲ့နည်းနည်းနောက်ကျသွားတယ်။ ဒီလိုလှပတဲ့ ငြိမ်းချမ်းတဲ့မြေမြို့ရဲ့အလှတရားတွေကို မမြင်ရတာကြာခဲ့ပြီမဟုတ်လား။ အခုမှ သိပ်လှတဲ့ မြို့အလှကိုမြင်ရလို့ ဟိုဟိုဒီဒီလျှောက်ကြည့်နေတာ"

"မောင်သန့်စင် မင်းညီမနဲ့နေရစ်ခဲ့ဦး ဦးဘုရားကျောင်းကိုသွားလိုက်ဦးမယ်။ ကျေးဇူးရှိတဲ့သူတွေကိုမေတ္တာပို့အောင်ပေါ့ကွာ ဧည့်သည်တွေကိုလည်းကူပြီး ဧည့်ခံလိုက်ပါဦး"

"ဟုတ်ကဲ့ဦးလေး၊ ကျွန်တော်ရှိနေဦးမှာပါ"

"အဖေကအစောကြီးတည်းက သွားချင်နေတာ။ အစ်ကိုသန့်စင်လာလိမ့်မယ်ပြောထားလို့ စောင့်နေတာလေ"

"ဟုတ်ပါပြီဗျာ"

ဧည့်သည်များကို ဟိန္ဒူရိုးရာအစားအစာများနှင့်ဧည့်ခံကျွေးမွေးသည်။တဖြေးဖြေးဧည့်သည်များ နည်း၍သွားပြီ။ စိမ်းလဲ့ဂေဟာခြံကြီးအတွင်းမှာကိုသန့်စင်နှင့်ဆူဇန်နှစ်ယောက်တည်းသာ ကျန်ရစ်သည်။

"ဆူဇန် အစ်ကိုမေးစရာရှိတယ်"

"ဘာများလဲ အစ်ကို"

"ဆူဇန်တို့ရိုးရာကိုးကွယ်မှု အကြောင်းကိုပါ"

"အစ်ကိုသိချင်ရင်ပြောပြရတာပေါ့။ ဆူဇန်တို့ဂေါ်ရခါးလူမျိုးတွေဟာ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာကိုကိုးကွယ်တယ်။ ဘာသာနှစ်ခုလုံးကို တစ်မျိုးတည်းလိုပဲ ယုံယုံကြည်ကြည်ကိုးကွယ်ကြတယ်"

"အရင်က ဦးလေးတော့ပြောဖူးတယ်၊ ဒါဖြင့်ဆူဇန်တို့ယဉ်ကျေးမှုကဟိန္ဒူယဉ်ကျေးမှုနဲ့ဗုဒ္ဓယဉ်ကျေးမှုနှစ်မျိုးလုံးက ဆင်းသက်လာတာပေါ့"

"ဟုတ်တယ်အစ်ကို အဲဒီလိုပဲပြောရမယ်။ ရိုးရာယဉ်ကျေးမှုတွေကတော့ ဒါဆရာ၊ ဒီပါဝလီနဲ့သီဂျ်ပွဲတော်ဆိုပြီးသုံးမျိုးရှိတယ်"

"ဒါဆရာပွဲတော်ဆိုတာ ဟိန္ဒူပေါ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ဏကျမ်းတွေအရ အလောင်းတော်ရာမ၊ ခေါင်းဆယ်လုံးဒသဂီရိကိုနိုင်ခဲ့တဲ့ အထိမ်းအမှတ်ပွဲပါ။ ဒသဟရာပွဲနေ့လည်းဖြစ်တယ်လေ။ ဒသဟရာဆိုတာဆယ်ရက်မြောက်တဲ့နေ့မို့ခေါ်တာ။ ဒါဆရာပွဲတော်မတိုင်မီကိုးရက်တိုင်တိုင်ဒူရ်ဂါလ်မယ်တော်ကို နေ့ညဆီမီးနဲ့ ပန်းကပ်လှူပူဇော်ရတယ်။အဲဒီနေ့တွေမှာဥပုသ်သီလဆောက်တည်ရတယ်အစ်ကို။ အလောင်းတော်ရာမဟာအဲဒီလို ကိုးရက်တိုင်တိုင်ပူဇော်ပြီးဒသဂီရိကိုစစ်ထွက်တိုက်ရာမှာအောင်မြင်ခဲ့တာပေါ့။ ဟိန္ဒူယဉ်ကျေးမှုမှာ ဘာပဲလုပ်လုပ်ဒူရ်ဂါမယ်တော်ကိုပူဇော်ပြီးမှ ဆောင်ရွက်ရင်အောင်မြင်တယ်။ အဲဒီယုံကြည်ချက်နဲ့ ဂေါ်ရခါးလူမျိုးတွေစစ်ထွက်ခါနီးတိုင်း ဒူရ်ဂါမယ်တော်ကိုပူဇော်ပြီးမှစစ်တိုက်လေ့ရှိတယ်။

ဒါကစစ်အောင်နိုင်ခြင်းနဲ့ ပတ်သက်တဲ့ယုံကြည်မှုပေါ့။ ဥစ္စာစနေနဲ့ပတ်သက်ရင်တော့ သီရိလက်ချမီးမယ်တော်ကို ပူဇော်လေ့ရှိတယ် အစ်ကို။ ပညာဉာဏ်နဲ့ ပတ်သက်ရင်တော့သီရိသူရဿတီမယ်တော်ကို ပူဇော်တယ်။ခွန်အားစွမ်းအားကိုလိုတယ်ဆိုရင်တော့ ဒူရ်ဂါမယ်တော်ကိုအဓိကပူဇော်ကြပြန်တယ်။ ဒူရ်ဂါမယ်တော်ကို ပူဇော်တာဟာမကောင်းမှုကို၊ ကောင်းမှုကအောင်နိုင်တယ်။ မတရားမှုကို တရားမှုတမှုကအောင်နိုင်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ် အစ်ကို။ ဆူဇန်တို့ဂေါ်ရခါးလူမျိုးတွေဟာ ဒီယုံကြည်ချက်တွေနဲ့ အသက်ရှင်နေကြတာပါ"

"အခုလိုရှင်းပြတဲ့ ဆူဇန်ကို ကိုယ်ကကျေးဇူးတင်ပါသတဲ့ဗျာ"

"နေဦးအစ်ကိုရဲ့ ကျန်သေးတယ်။ ဆူဇန့်စကားကမဆုံးသေးဘူး။ဆယ်ရက်မြောက်တဲ့နေ့ကျတော့ ပူဇော်ထိုက်တဲ့လူကြီးမိဘ၊ဆရာသမားများကိုလက်ဆောင်ပဏ္ဏာတွေနဲ့ကန်တော့ကြလေ့ရှိတယ်"

"ဩော်. . ဒါကြောင့် စောစောကဦးလေးကိုလာကန်တော့ကြတာကိုး"

"မိမိတို့ရဲ့ မိတ်ဆွေသင်္ဂဟတွေကိုလည်းဖိတ်ကြားပြီး ရိုးရာမုန့်တွေနဲ့ ဧည့်ခံကျွေးမွေးတယ်။ တစ်ဦးကိုတစ်ဦးလည်း ဒါဆရာပွဲတော်အတွက် ဆုမွန်ကောင်းတောင်းပြီး မေတ္တာပို့တတ်ကြတယ်။ အနှစ်သာရကတော့ကိုးရက်တိုင်တိုင်ဥပုသ်သီလဆောက်တည်ပြီး ကိုယ်ကာယစင်ကြယ်မှု စိတ်စင်ကြယ်မှု၊ နှုတ်ရဲ့စင်ကြယ်မှုတွေနဲ့ လောကကြီးကိုငြိမ်းချမ်းတဲ့ခရီးဆီ ဦးတည်သွားနိုင်ဖို့ကျင့်ကြံကြိုးကုတ်အားထုတ်ကြရတယ်"

ခေါင်းတညိတ်ညိတ်နှင့် နားထောင်

www.burmeseclassic.com

www.burmeseclassic.com



နေသော ကိုသန့်စင်ကို ဆူဇန်က-

"ဘယ်လိုလဲ အစ်ကိုပျင်းသွားပြီလား"

"ဟာ. . ဒါမျိုးဆိုကိုယ်မပျင်းတတ်ပါဘူး။ စိတ်ထဲမှာသိပ်ကျေနပ်နှစ်သက်နေလို့ ငြိမ်နေတာပါ"

"ဒါဆိုရင် ဒီပါဝလီပွဲတော်အကြောင်းဆက်မပြောခင်မှာသီဂျ်ပွဲတော်အကြောင်းပြောပြဦးမယ်။ သီဂျ်ပွဲတော်က ဂေါ်ရခါးလူမျိုး အမျိုးသမီးများရဲ့နေ့လို့လည်းခေါ်တယ်။ အဲဒီပွဲကို အမျိုးသမီးတွေက ကျင်းပကြတာပေါ့။ အိမ်ထောင်ကျပြီးတဲ့အမျိုးသမီးတွေဟာ မိမိတို့မိဘတွေနဲ့ ဘယ်လောက်ဝေးတဲ့ဒေသမှာရောက်နေပါစေ အဲဒီနေ့ဆိုရင်တော့ မိဘတွေဆီအရောက်လာတတ်ကြတယ်"

"ဟုတ်လား. . ဘယ်လိုကြောင့်လဲ"

"ဒီလိုလေ သူတို့အိမ်ကိုရောက်တဲ့အခါညီမတွေစုဝေးပြီး၊ တစ်ဦးအခက်အခဲကိုတစ်ဦးက ကူညီကြရတယ်။ အဲဒီနေ့မှာပျော်ရွှင်ကြလွန်းလို့အတီးအမှုတ်၊ အကအခုန်တွေ စားကောင်းသောက်ဖွယ်တွေနဲ့ မုန့်မျိုးစုံတွေလုပ်ပြီး မိသားစုတွေပျော်ပျော်ပါးပါးစားသောက်လေ့ရှိတယ်။ အဲ့ဒါသုံးရက်တိုင်တိုင် မိဘအိမ်မှာနေထိုင်ပြီးမှ အိမ်ကိုပြန်ကြတာ။ ယောက်ျားတွေကလည်း အဲဒီနေ့ရက်တွေမှာအထူးအခွင့်အရေးပေးကြပါတယ်။ ရွာတွေမှာတော့ ဒါန်းတွေလုပ်ပြီး စီးလေ့ရှိတယ်။ ဒါကြောင့် ဒါန်းစီးပွဲလို့လည်းခေါ်သေးတယ်။အဲဒီရက်တွေမှာ မိမိခင်ပွန်းသည် ရောဂါဘယကင်းဝေးရေး၊ အသက်ရှည်ကျန်းမာရေးကို ဆုတောင်းပေးကြတယ်"

ဆူဇန်က စကားကိုရပ်လိုက်သည်။

"ဆူဇန်. . ဘာလို့ရပ်သွားရတာလဲ။ ဆက်ပြောပါဦး။ ကိုယ်သောက်ရေယူပေးရမလား"

"နေပါစေအစ်ကို။ အဲဒီလိုဆုတောင်းတဲ့အခါမှာ ဥပုသ်စောင့်ပြီး ဆုတောင်းပေးကြတာအစ်ကို။ ဘုရားကျောင်းကိုသွားပြီး သီရိသီဝဘုရားကိုပူဇော်ပြီး ဆုမွန်တောင်းကြတာ။ ဆူဇန်တို့ဂေါ်ရခါးအမျိုးသမီးတွေရဲ့တစ်နှစ်ပတ်လုံးခံစားခဲ့ရတဲ့ သောက၊ ပရိဒေဝတွေကိုမေ့ပျောက်ပြီး၊ ဝတ်ကောင်းစားလှတွေနဲ့နေထိုင်ကြတာ။ ဒီရိုးရာယဉ်ကျေးမှုဟာ သိပ်မြတ်နိုးစရာကောင်းလှတယ်"

"အစ်ကိုလည်း သဘောကျပါတယ်"

"ကဲ. . ဒီပါဝလီပွဲအကြောင်း ဆက်ပြောမယ်။ ဒီပါဝလီမှာ ဒီပါဆိုတာ ဆီမီး၊ ဝလီဆိုတာ ပန်းကုံးလို့ခေါ်တယ်။ နှစ်ခုပေါင်းလိုက်ရင် ဆီမီးပန်းကုံးလို့အဓိပ္ပာယ်ရတယ်။ဒါဆရာပွဲပြီးရင် ဒီပါဝလီပွဲတော်ဟာ

www.burmeseclassic.com

www.burmeseclassic.com



အကြီးကျယ်ဆုံးပွဲတော်ပဲအစ်ကို။ အဆ သိုမာ ဆသယဂါယမ။ သမဆိုမာ ဂျိုသီးရ် ဂါမယ။ မိရိသ ယိုရ်မာ အမိရိ သမ်ဂါ ယမ။ အစ်ကိုနားရှုပ်သွားပြီလား"

"အင်း. . နည်းနည်းတော့ရှုပ်သွား တယ်"

"ဒီလို အစ်ကိုရဲ့ ရိဂ်ဝေဒကျမ်းစာအရ အဝိဒရာခေါ် ပညာမဲ့ရာမှ ပညာရှိရာသို့ အမှောင်ထုမှ အလင်းဆီသို့ သေဆုံးခြင်းမှ ရှင်သန်ခြင်းဆီသို့လို့ အဓိပ္ပာယ်ရပါတယ်"

"သိပ်ကောင်းပါလား။ သိပ်ပြီးနက်ရှိုင်း တဲ့အတွေးအခေါ်ပဲ ဆူဇန်"

"ဒီကျမ်းဂန်အဆိုအရ မိမိကိုယ်ကို နိုးကြားနိုင်ရန်၊ဘဝထွန်းလင်းတောက်ပရန် ဆိုတဲ့ရည်ရွယ်ချက်နဲ့မှောင်မိုက်တဲ့လကွယ် ညမှာ ဒီပါဝလီဆီမီးထွန်းညှိပြီး မှောင်မိုက် တဲ့ညကို အလင်းရောင်နဲ့ဖြိုခွင်းတဲ့ယုံကြည် မှုပါ။ ဒီပါဝလီပွဲတော်ရဲ့အဓိကအနှစ်သာရ ကိုအထူးသဖြင့်မောင်နှမစုံညီပွဲတော်လို့ လည်းထင်ရှားတယ်အစ်ကို။ အမှောင်က အလင်း၊ ပညာမဲ့ရာကပညာအလင်းဆီ ညအခါမှာမောင်နှမတွေ ရှိသေထိုက်သူ တွေဆီသွားပြီး ဒါပါဝလီဆုတောင်းမင်္ဂလာ ဖြစ်တဲ့ ဒေအူဆီ(ဘိုင်လို)ဆိုပြီး ရိုးရာအက နဲ့ဖြေဖျော်တတ်တယ်။

ထူးခြားတဲ့ဥစ္စာဓနကို စိုးမိုးတဲ့သီရိ လက်ချ်မီးမယ်တော်ကို ပူဇော်တယ်။ နောက်ပြီ အင်မတန်ကျေးဇူးရှိတဲ့ နွား၊ ခွေး စတဲ့သတ္တဝါတွေကိုလည်း အစားကောင်း အသောက်ကောင်းတွေကျွေးပြီး လည်ပင်း မှာလည်းပန်းကုံးတွေနဲ့စွပ်ပေးပြီး သူတို့ ကျေးဇူးကို အသိအမှတ်ပြုပေးကြတဲ့ပွဲပါ။

အချုပ်ပြောရရင် ဒီပါဝလီပွဲတော်ဟာ လောကကြီးတစ်ခုလုံးကိုမေတ္တာဖြန့်ကြက်တဲ့ ပွဲတော်ကြီးပေါ့"

ကိုသန့်စင် ဆူဇန်၏စကားများတွင် နစ်မျောနေသည်။ ဆူဇန်စကားဆုံးသော အခါ သူ့တွင်တစ်စုံတစ်ခု လိုအပ်နေသလို ခံစားရသည်။ မကောင်းမှုနှင့် ကောင်းမှု၊ ပညာမဲ့မှ ပညာအလင်းဆီသို့ ဥစ္စာဓန၏ ကိုးကွယ်ရာလက်ချ်မီးမယ်တော်၊ ရဲစွမ်း သတ္တိအတွက် ဒူရ်ဂါရ်မယ်တော် စသော စသောစကားများကို ကိုသန့်စင်နားလည် ခံစားရသည်။ အလွန်လည်းသဘောကျ မိသည်။ သူ့စိတ်ထဲမှာ ဆက်ပြီးမေးစရာ ရှိသေးသည်။ ချစ်ခြင်းမေတ္တာအတွက် ဘယ်မယ်တော်ကို ဆည်းကပ်ကိုးကွယ်ရ မည်မသိ။ ဆူဇန်ကို မေးဖို့ခက်သောအချစ် နတ်သမီးသည် အဘယ်နတ်ဖြစ်မည် နည်း။ ကိုသန့်စင် မေးသင့်၊ မမေးသင့်တွေး နေမိသည်။

ဆူဇန်၏ဖခင် ချတ္တရိက ကိုသန့်စင်ကို

www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်စိတ်ချစွာ ညီမအရင်းသဖွယ် စောင့်ရှောက်ခိုင်းထားရစ်သည်။

"အစ်ကိုဘာတွေ တွေးနေတာလဲ။ မေးစရာများကျန်သေးလို့လား"

"အစ်ကိုမေးချင်တဲ့ မေးခွန်းကိုဆူဇန် ဖြေနိုင်မယ်မထင်ပါဘူး"

ဆူဇန်၊ကိုသန့်စင် ဘာကိုမေးချင်သည် ကိုသိနေသလိုလိုခံစားမိသည်။ ကိုသန့်စင် ၏မျက်လုံးတွေက အချစ်၏သဘောကို ဖော်ပြနေသည်။ ဆူဇန်ကသူ၏မျက်လုံး များထဲတွင်ကိုသန့်စင်မေးချင်သောမေးခွန်း ကို ရှာဖွေနေမိသည်။ ကိုသန့်စင်ကစိတ်ကို ချုပ်တည်း၍စကားလမ်းကြောင်းပြောင်း လိုက်သည်။

"ဆူဇန်တို့ခြံကြီးက ဒီညပိုပြီးလှနေ သလိုပဲနော်"

"အမှောင်ထဲက အလင်းဆိုတဲ့ ဒီပါဝလီ ဒီနေ့ဟာ သာယာလှပနေတတ်ပါ အစ်ကို"

"ဒီညကိုယ်တို့မြေမြို့ဟာ ပန်းပွင့်တွေ ရဲ့အလှ၊ဆီမီးတွေရဲ့အလှနဲ့သိပ်ပြီးငြိမ်းချမ်း နေတယ် ဆူဇန်"

"ဟုတ်လား။ ဆူဇန်တော့မရောက်ဖြစ် ဘူး။ ညီ့သည်တွေနဲ့ဆိုတော့ထွက်လို့ မရဘူးလေ"

"ဒီညမှာ ကိုယ်ကလည်း ဆူဇန်ကို ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းပေး ပါတယ်"

"ကျေးဇူးတင်ပါတယ် အစ်ကို. ."

ဒေအူဆီ(ဘိုင်လို)ဟူ၍ ဆူဇန်က ဆုတောင်းလိုက်သည်။ မောင်နှမများ၏ သန့်စင်သောမေတ္တာစကားပင်ဖြစ်ပါ လေ၏။ မေမြို့သည် ပန်းပွင့်နှင့် ဆီမီးများ ဖြင့် အလွန်ငြိမ်းချမ်းလှပနေပါ၏။

ညီအစ်ကိုမောင်နှမများ၏ ချစ်ခြင်း မေတ္တာလွှမ်းခြုံသော ဒီပါဝလီညသည် ပန်းပွင့်နှင့် ဆီမီးတို့၏အလှတရားပါပေ တည်း။

"ဆူဇန် မနက်ဖြန်ကိုယ်ရုက္ခဗေဒ ဥယျာဉ်ဘက်သွားမလို့"

"အစ်ကိုသွားရင် ဆူဇန်လည်းလိုက် မယ်လေ"

ပန်းပွင့်များ၏ရနံ့နှင့် ဆီမီးအလင်း ရောင်သည်လောကကြီးတစ်ခုလုံးကိုလွှမ်းခြုံ သွားလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



**ဇာတိရှင်သန်ရေး**

မေမြို့ ရက္ခပေဒဥယျာဉ်(ကန်တော်ကြီး)ဒေသတစ်ဝန်း ဗုံးကျင်းကြီးများဖြစ်၍နေသည်။ ပန်းအလှပင်များပေါ်သို့ကျရောက်ခဲ့သော ဗုံးဆံများကြောင့် ပန်းခင်းများကြေမွပျက်စီးခဲ့ရသည်။

ပန်းခင်းများကို ဥယျာဉ်မှူးများက ပြန်လည်ပြုပြင်နေကြသည်။ ပန်းမျိုးစုံကတာဝန်ကျေစွာ ဖူးပွင့်ဝေနေကြသည်။ ရက္ခပေဒဥယျာဉ်ဝန်းကျင်ရှိ ထင်းရှူးပင်၊ ခါတော်မီပင်နှင့်ချယ်ရီပင်များဆီမှ ပုစဉ်းရင်ကွဲများအော်မြည်နေသံကိုကြားနေရသည်။ ပန်းပွင့်ပန်းခင်းများ၏အလှအပနှင့် စစ်ဘေးစစ်ဒဏ်ကြောင့် ဖြစ်ထွန်းကျန်ရစ်ခဲ့သောဗုံးကျင်းကြီးများသည် ဆန့်ကျင်ဘက်သဘာဝကို ဖော်ပြနေသည်။

စစ်နှင့်ငြိမ်းချမ်းရေး၏ ကွာခြားချက်များကိုမြင်တွေ့ရသည်။ ရက္ခပေဒဥယျာဉ်ပန်းလမ်းတစ်လျှောက် လူငယ်မောင်မယ်စုံတွဲများ၊ မိသားစုများပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေနေကြသည်။

ကိုသန့်စင်နှင့် ဆူဇန်တို့ ချယ်ရီပင်ရိပ်ခုံရှည်တွင် နှစ်ဦးသားထိုင်နေကြသည်။

"အစ်ကို စကားမပြောဘဲ ဘာတွေတွေးနေတာလဲ"

"ဩော် ဘာရယ်မဟုတ်ပါဘူး ဆူဇန်။ ပန်းအလှတရားနဲ့ စစ်ကြောင့်ကျန်ရစ်ခဲ့တဲ့ဗုံးကျင်းကြီးတွေကို နှိုင်းယှဉ်ကြည့်နေမိတာပါ"

"ဆူဇန်တွေးမိတယ်သိလား။ အစ်ကိုကသိပ်ပြီးအတွေးခေါင်တတ်တာပဲလို့လေ"

"အတွေးခေါင်တယ်လို့တော့ မဟုတ်ပါဘူး။ တွေးစရာတွေတွေ့တွေ့နေရလို့ပါ"

"အစ်ကိုသန့်စင်က ဆူဇန်အကြောင်းမေးလို့ ဆူဇန်ပြောခဲ့ရပြီးပြီနော်။ ဒီတစ်ခါအစ်ကိုသန့်စင်အလှည့်အစ်ကို့အကြောင်းပြောပြပါလား။ ဆူဇန်သိချင်လို့"

"ဆူဇန် ဘာသိချင်တာလဲ"

"အစ်ကိုက ဘယ်ကလဲ"

ကိုသန့်စင်က ပုခုံးနှစ်ဘက်တွန့်၍

"ဆူဇန်သိချင်လို့မေးတာကို ဖြေရမှာပေါ့။ ကိုယ့်ဇာတိက မန္တလေးက။ ဟိုး . . တစ်ချိန်တုန်းကတော့ ကိုယ့်မိဘမျိုးရိုးတွေဟာ ရွှေနန်းတော်ထဲက အဆောင်တွေမှာနေခဲ့ကြတာပေါ့။ ပါတော်မူသွားတဲ့ သီပေါကိုယ်တော်လေးရဲ့ ညီအစ်ကိုတော် မင်းညီမင်းသားတွေဖြစ်ကြတဲ့ပျဉ်းမနားကိုယ်တော်ကြီးတို့ မက္ခရာကိုယ်တော်ကြီးတို့ဆိုတာ၊ ကိုယ့်အဘိုးတွေ"

"ဟင် ဒါဆို အစ်ကိုကမင်းမျိုးမင်းနွယ်သူကောင်းမျိုးရိုးပေါ့"

"အဲဒီလို ဆက်စပ်မယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူကောင်းမျိုးရိုးလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့်ကိုယ်ကတော့ သိပ်အစွဲမကြီးလှပါဘူး"

"ဟင် အစ်ကိုကလဲ။ ကိုယ့်အမျိုးကို"

"ဆူဇန်ပြောတာကို ကိုယ်လက်ခံပါတယ်။ ဒါပေမယ့်တစ်ချိန်က ပဒေသရာဇ်ဧကရာဇ်ဆိုတာ လူအဖွဲ့အစည်းအတွက် သိပ်ပြီးသီးသန့်ဆန်ကျဉ်းမြောင်းတဲ့အတွေးအမြင်ပဲ ဆူဇန်။ သမိုင်းခေတ်ကြီးက ပြောင်းလဲသွားခဲ့ပြီလေ။ ကိုယ်ကဒါကို ဆိုလိုတာပါ။ ပဒေသရာဇ်မျိုးရိုးတွေဖြစ်တဲ့ အဲဒီထဲမှာ အဘိုးစောရန်ပိုင်နဲ့စောရန်နိုင်ကိုတော့ ကိုယ်ကသူရဲကောင်းမို့ လေးစားဂါရဝထားပါတယ်။ သူတို့ကတော့ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ပွဲဝင်ရင်းကျဆုံးသွားရတဲ့ သူရဲကောင်းတွေ။ အဘိုးစောရန်နိုင်ဟာ သူသက်ရှိထင်ရှားရှိစဉ်တုန်းက မေမြို့နဲ့ ကျောက်ဆည်နယ်ဘက်မှာလှုပ်ရှားခဲ့တာ။ ဒါပေမယ့် သူတို့ကျဆုံးသွားတယ်။ ဒါကလည်း အရှင်းရှင်းနယ်ချဲ့စနစ်ကို ပဒေသရာဇ်စနစ်ကယှဉ်ပြိုင်တဲ့ တိုက်ပွဲဖြစ်လို့ပဲ။ ဒီလိုသိလာတာကလည်း ကိုယ်မန္တလေးဥပစာကောလိပ်မှာသမိုင်းဘာသာရပ်ကို လေ့လာရင်းသိလာတဲ့အသိပေါ့"

"ဒါဆိုအစ်ကိုက ကောလိပ်ကျောင်းသားပေါ့"

"ဟုတ်တယ် ဆူဇန်။ ဖက်ဆစ်ဆန့်ကျင်ရေးမှာ ကိုယ်တို့တွေမိမိအသိစိတ်နဲ့ မဖြစ်မနေပါဝင်ခဲ့ကြတာ။ နောက်ပြီး မကြာခင်ကမှ အောင်မြင်သွားတဲ့ ကရင်အရေးမှာလည်း ကိုယ်တို့ကျောင်းကဆရာဦးဘသောင်း(မောင်သုတ)ဟာ တပည့်တွေနဲ့အတူပါဝင်တိုက်ပွဲဝင်ခဲ့တယ်။ ကိုယ်သာ မေမြို့မှာသံယောဇဉ်တရားတွေနဲ့သောင်တင်နေခဲ့တာပါ"

"ဘယ်လို သံယောဇဉ်တရားတွေနဲ့လဲ အစ်ကို"

ဆူဇန်က ရှက်စနိုးအမူအယာဖြင့် မဝံ့မရဲမေးသည်။ကိုသန့်စင်က ဆူဇန်ကိုကြည့်၍မချင့်မရဲဖြစ်သွားသည်။

"ဘယ်လို သံယောဇဉ်တရားတွေနဲ့လဲ ဟင်. . ဟင်. . မေးရက်တယ်ဆူဇန်။ကိုယ်မှာဘယ်လိုသံယောဇဉ်တွေရှိတယ်ဆိုတာ ဆူဇန်တကယ်မသိဘူးပေါ့"

ဆူဇန်မျက်နှာ ညှိုးငယ်သွားသည်။

"သိနေပါတယ်အစ်ကို"

"သိနေရင် ဘာလို့မေးသေးလဲ"

ဆူဇန်မတ်တတ်ရပ်လိုက်သည်။

"အခုသိသွားလို့လည်း စိတ်မကောင်းဖြစ်မိပါတယ်"

"ဘာကြောင့်လဲဆူဇန်"

"အစ်ကိုတို့ ဆူဇန်တို့ ဘယ်အတူရှင်

www.burmeseclassic.com



မကွာ တော်လှန်ရေးကိုအတူတိုက်ပွဲဝင်ခဲ့ကြတဲ့သူတွေမဟုတ်လား။ အဲဒီကာလတွေတုန်းကအစ်ကိုဟာ ဆူဇန်ရဲ့သူရဲကောင်းပါအစ်ကို"

"အဲဒီလိုပြောမယ်ဆိုရင် ကိုယ်လည်းပြောမယ်။ ကိုယ်တို့ လူမျိုးတွေရဲ့ တော်လှန်ရေးမှာ ဆူဇန်တို့ဟာ သစ္စာရှိတဲ့ သူရဲကောင်းတွေပဲ မဟုတ်လား"

"ဟုတ်မှာပါ အစ်ကို။ သူရဲကောင်းနဲ့ သစ္စာတရားဟာတွဲဖက်နေတာပါ။ သူရဲကောင်းတွေရဲ့ သစ္စာတရားဟာ မျက်ကန်းတစ္ဆေမကြောက်တဲ့စိတ်ကယောင်ချောက်ချားအတွေးအမြင်မဟုတ်ဘူး အစ်ကို။တကယ့်သူရဲကောင်းတွေဟာနှလုံးသားအလို ဆန္ဒထက် ဦးနှောက်အတွေးအမြင်ကိုပဓာနတရားအဖြစ်ထားတတ်ကြတယ် မဟုတ်လား"

ကိုသန့်စင် သက်ပြင်းရှည်ကြီးချလိုက်သည်။

"လေးစားပါတယ် ဆူဇန်။ ကိုယ်ထင်ထားတာထက်ပိုပြီး ဆူဇန်မှာလေးနက်တဲ့အတွေးအမြင်ရှိနေတာသိရလို့ပါ"

"တစ်ခါက အစ်ကိုပြောဖူးပါတယ်။ လောကနိယာမတရားဟာ ဘယ်တော့မှ ပြည့်စုံအောင်ဖန်တီးမထားဘူးဆိုတဲ့ စကားလေ။ နွေမှာပွင့်တဲ့ပန်းတွေဟာ ဆောင်းမှာ မပွင့်နိုင်ကြပါဘူး။ ဒီလိုပဲ ဆောင်းမှာပွင့်တဲ့ပန်းတွေဟာလည်း နွေမှာမပွင့်နိုင်ကြပါဘူးလေ။ သဘာဝကို ဆန့်ကျင်ပွင့်လာတဲ့ ပန်းတွေဆိုတာ မျိုးရိုးဗီဇဖောက်ပြန်မှုသာ ဖြစ်တတ်တာမဟုတ်လားအစ်ကို။ ကမ္ဘာကြီးလည်ပတ်နေတာ ဘာကြောင့်လဲအစ်ကို"

ဆူဇန်၏ အမေးကိုဖြေဖို့ ကိုသန့်စင် အနည်းငယ်စဉ်းစားသည်။

"ကိုယ် ဖြေကြည့်မယ်နော်"

ဆူဇန်က ခေါင်းကိုဖြေးလေးစွာညိတ်ပြလိုက်သည်။

" စကြာဝဠာကြီးဟာ ဆန့်ကျင်ဘက်တရားတွေနဲ့ လွှင့်မျောနေကြတာ။ တွန်းကန်မှု၊ ဆွဲငင်မှု၊ အပူ၊ အအေး၊ အလင်း၊ အမှောင်စတဲ့တရားတွေနဲ့ပေါ့ဆူဇန်။ နေမင်းကြီးဟာ ကမ္ဘာမြေကြီးကိုဆွဲငင်ထားသလို၊ ကမ္ဘာကလည်းနေကိုပြန်လည်ဆွဲငင်ထားရင်း သူ့လမ်းကြောင်းအတိုင်း လှည့်ပတ်သွားလာနေတာလို့ သိပ္ပံပညာရှင်တွေက သုံးသပ်ထားကြပါတယ်။ဘာလို့ ဒီမေးခွန်းကိုမေးတာလဲ ဆူဇန်"

"အစ်ကိုဆူဇန့်ကိုမေးချင်တဲ့ စကားတွေ ဖြေစေချင်တဲ့စကားတွေကို အစ်ကို စိတ်ချမ်းသာအောင် ဆူဇန်အဖြေမပေးနိုင်လို့ ဒီနိယာမတွေကို မေးကြည့်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလည်နေတဲ့အတွက် ကမ္ဘာမြေကြီးမှာ နေ့နဲ့ညရှိနေပေမယ့်၊ လမင်းကြီးမှာတော့ နေ့နဲ့ညမရှိရှာဘူး အစ်ကို"

"ဆူဇန် . . ဘာကိုပြောချင်တာလဲ။ ကိုယ်နားမလည်းဘူး"

"လောကကြီးရဲ့ပြဋ္ဌာန်းချက်ကို ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေမလွန်ဆန်နိုင်ကြပါဘူးအစ်ကို။ ကမ္ဘာကြီးရဲ့ရုန်းကန်လှုပ်ရှားမှုကတစ်မျိုး၊ နေမင်းကြီးရဲ့ဖြစ်တည်မှုကတစ်သွယ်၊ လမင်းကြီးကလည်းသီးခြားစီ သူတို့အားလုံးသူ့အပြုအမူသူ့လှုပ်ရှားမှုတွေနဲ့သီးခြားစီ ရှိနေကြတာမဟုတ်လား။ ဆူဇန်ပြောချင်တဲ့အဓိပ္ပာယ်ကို အစ်ကိုသိပြီလားဟင်"

ကိုသန့်စင် စိတ်မကောင်းစွာဖြင့် စကားလမ်းကြောင်းလွှဲလိုက်သည်။

"ကဲပါနောက်ကျမှာပဲ ဆက်ပြောကြတာပေါ့"

"ဘယ်လို သဘာဝတရားတွေမှာပဲ ဖြစ်ဖြစ် မျိုးဆက်ရှင်သန်ရေးဆိုတဲ့ နိယာမတရားကို သဘာဝတရားကြီးက ပြဋ္ဌာန်းပြီးသားပါ အစ်ကို"

အနောက်ဘက်သို့ နေဝန်းကြီးဝင်လုပြီ၊ အအေးဓာတ်က စိမ့်ကနဲပြန့်လာသည်။ ရုက္ခစေဒဥယျာဉ်ဝန်းကျင် ထင်ရှူးတောမှ ပုစဥ်းရင်ကွဲ အော်မြည်သံက ဆူညံနေဆဲ။ ကိုသန့်စင်နှင့် ဆူဇန်တို့၏ နှလုံးခုန်သံက လည်းမြန်ဆန်လာသည်။

လူသားဟူသည် သဘာဝတရားပြဋ္ဌာန်းချက်ကို မည်သူမျှမလွန်ဆန်နိုင်ပါ။ ဆူဇန်နှင့်ကိုသန့်စင်တို့အပြန်ခရီးတွင် နှစ်ဦးစလုံးနှုတ်ဆိတ်ငြိမ်သက်နေကြသည်။ ပြောစရာစကားတွေက ရင်တွင်းမှာ ကိုယ်စီအပြည့်ရှိနေသည်။ ဆန့်ကျင်ဘက်ယောက်ျား၊ မိန်းမနှစ်ဦး၏အတွင်းစိတ်တွင် အချစ်ဆိုသောစေတသိက်တရားကလွှမ်းမိုးနေပါ၏။ သို့သော် သူတို့နှစ်ဦးတွင် လူ၏ဂုဏ်သိက္ခာနှင့် သစ္စာဆိုသောပညာက ဦးစီးထားပါလေ၏။

လူဆိုသောသတ္တဝါသည် အခြားသော သက်ရှိသတ္တဝါများနှင့်မတူ။သဘာဝတရား၏ဖြစ်စဉ်ကြီးထဲကသစ်ပင်၊သစ်တော၊ သက်ရှိသတ္တဝါများနှင့်မတူ။ ရံဖန်ရံခါ သဘာဝတရား၏ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ဖျက်ဆီးတတ်သော သဘောတရားလည်း ရှိတတ်ပါလေ၏။

သဘာဝတရားနှင့် လူသားသည် သမ္မုတိတရားလည်းဖြစ်၏။အနာဂါတ်ကာလ၌ သူတို့၏ချစ်ခြင်းမေတ္တာတရားကို အချိန်ဆိုသောတရားသူကြီးကသာအဆုံးအဖြတ်ပေးနိုင်ပါလိမ့်မည်။

■

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယပိုင်း

### စစ်မှန်သော ငြိမ်းချမ်းရေး

လွတ်လပ်ခြင်းဟူသော လောကပါလတရား၏ရသကိုရှာမတွေ့။ အချင်းချင်းလောဘ၊ ဒေါသ၊ မောဟတရားတို့အားပြိုင်၍ စစ်ပွဲကြီးတွေသာဖြစ်ခဲ့ရသည်။ ပန်းပွင့်ဝေသော မြို့ကလေးသည်လည်းစစ်၏ဒဏ်ရာများဖြင့် ပြည့်နှက်ခဲ့ရသည်။ မြို့အဝင်လမ်းမတလျှောက် စစ်၏ခြေရာ၊ လက်ရာ၊ အပျက်အစီးအစွန်းအထင်းများနှင့်လူတို့၏သွေးညှီနံ့များဖြင့်ပေကျံလျက်ရှိနေပါလေ၏။ မြို့အဝင်လမ်းတလျှောက်ပွင့်ဝေခဲ့သောပန်းများကြွေခဲ့ရပါ၏။

မြို့ကလေး၏အဝင်၊ ထင်းရှူးနံ့၊ ယူကလစ်နံ့၊ ချယ်ရီပန်းရနံ့တို့သင်းပျံ့ရာတွင် ယမ်းခိုးယမ်းငွေ့များ၏ရနံ့ ဆိုးဆိုးဝါးဝါးများက ဖုံးလွှမ်းခဲ့ဖူးသည်။ ယမ်းခိုး၊ ယမ်းငွေ့နှင့်လမ်းမပေါ်တွင်သွေးချင်းချင်းနီလျက်ကျဆုံးခဲ့ရသော လူသားများ၏ရုပ်အလောင်းများသည် မြို့အဝင်လမ်းမတွင်ယင်မမည်းရှိုင်းများ ဝိုင်းအုံခဲ့လေပြီ။

မြို့အဝင် တောင်ဘက်ဘုရင်ခံကုန်းဟုခေါ်သော တောင်ကုန်းများ၊ မြို့အဝင်မြောက်ဘက်တွင်ရှိသော ကျောက်တောင်၊ ထိုတောင်ကုန်းနှစ်ခုအကြားတွင် ဖောက်လုပ်ခဲ့သော မြို့အဝင် လမ်းသည် စစ်ပွဲ၏အမှတ်လက္ခဏာ၊ စစ်သေနတ်ကျည်ဆံထိမှန်ထားရာ၊ သစ်ပင်များ၊ မော်တာကျည်ပေါက်ကွဲထိမှန်ထားသောဒဏ်ရာဒဏ်ချက်များဖြင့် ထင်းရှူးပင်၊ ချယ်ရီပင်၊ ယူကလစ်ပင်များ၏ပင်စည်၊ ပင်မများတွင်အမာရွတ်သဖွယ်ဖြစ်၍ ကျန်ရစ်သည်။

ကျောက်တောင်စေတီပေါ်မှ ဆည်းလည်းသံများနေရာတွင် စက်သေနတ်သံ၊ မော်တာကျည်သံ၊ ရိုင်ဖယ်ကျည်သံများကယမ်းခိုး၊ ယမ်းငွေ့များနှင့် ဖုံးလွှမ်းထားလေပြီ။ စေတီတော်၏ ဖိနပ်တော်ရင်ပြင်တွင်မော်တာကျည်ဆံများကျရောက်ပေါက်ကွဲ၍ကွဲအက်ကြေမွနေသော အုတ်ကျိုးအုတ်ပဲ့များ၊ နံရံတွင်ချိတ်ဆွဲထားသောဗုဒ္ဓဝင်နိပါတ်တော် ပန်းချီကားများကိုကျည်ဆံထိမှန်ဖောက်ထွင်းသွားသောအပေါက်များသည် သံဆန်ကာတွက်များပမာ ဖွာရရာကြဲလျက်ရှိပါလေ၏။

ကျောက်တောင်စေတီတော်၏ ပစ္စယာအဆင့်၊ ကြာမှောက်၊ ကြာလှန်စသောစသော ကိုးကွယ်ယုံကြည်မှု၏ တည်ရာအဆင့်ဆင့်တွင် စစ်၏လက္ခဏာ အမည်းအသားများသည် အမာရွတ်သဖွယ်ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်သည်။

စစ်ပွဲရက်များကုန်လွန်၍ ယမ်းခိုး၊ ယမ်းငွေ့များ လွင့်ပြယ်သွားသောအခါ၌ မေမြို့ခဲလယ်ကျောင်းတိုက်ပဓာနနာယက ဆရာတော်၊ ရွှေစည်းခုံကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီးများအမှူးထား၍ မေမြို့) ဝိုင်အမ်ဘီအေအသင်းဝင် မြို့မိ၊ မြို့ဖများက ကျောက်တောင်စေတီတော် ဝန်းကျင်မှအပျက်အစီးများကို ဝိုင်းဝန်း ရှင်းလင်းကြလေပြီ။

ထိုဝေယျာဝစ္စရှင်းလင်း ကုသိုလ်ယူကြ သူများထဲတွင်ဦးချတ္တရီဆူဇန်နှင့်ကိုသန့်စင် တို့လည်းပါဝင်ကြသည်။ ကျောက်တောင် စေတီတော်ရင်ပြင်တွင်ကုသိုလ်ပြုသူများ က ရင်ပြင်တော်အပြည့်ဖြစ်ပါလေ၏။

လွတ်လပ်ရေးရပြီစဖြစ်၍၊ စေတီ တော်၏ဘွဲ့နာမည်ကို ဇိနမာန်အောင် စေတီတော်(ကျောက်တောင်လွတ်လပ်ရေး အောင်စေတီတော်)ဟုအမည်ပေးကြသည်။

စေတီတော်ရင်ပြင်နှင့်တကွ အာရုံခံ တန်ဆောင်းများ၊ ဓမ္မာရုံများကိုအသစ် တည်ထားကြလေပြီ။

ဦးချတ္တရီ အုတ်ခဲများကို သယ်ယူဒါန ပြုနေသည်။ အခြားသော ပရိသတ်များ ကလည်းပင်ပန်းနွမ်းနယ်ရမှန်းမသိ၊ပျော်ရွှင် ကြည်နူးစွာကုသိုလ်ဒါနလုပ်အားအလှူပေး နေကြပါ၏။

ကိုသန့်စင်ကျောက်တောင်ထိပ်မှ နေ၍မေမြို့၏အလှကိုအပေါ်စီးမှကြည့်ရင်း အလွန်လှပသော မြို့ကလေး၏ပသာဒကို တသသခံစားနေမိသည်။ ထို့နောက် အနားရောက်လာသော ဦးချတ္တရီကို-

"ဦးလေးလူသားတွေရဲ့ ချမ်းသာ အစစ်ဆိုတာဘာလဲ"

ကိုသန့်စင်၏နိဒါန်းမပါသော မေးခွန်း ကြောင့် ဦးချတ္တရီ ရုတ်တရက်ကြောင်သွား သည်။ ရင်ပြင်ပေါ်သို့ အားပါးတရထိုင်ချ လိုက်ပြီ-

"မောင်သန့်စင် မင်းမေးတဲ့မေးခွန်းကို ဖြေဖို့ဦးလေးကို ခဏလေးနားရင် စဉ်းစား ခွင့်ပေးပါဦး။ ချက်ချင်းဖြေဖို့ခက်တဲ့ မေးခွန်းဖြစ်နေလို့ပါ"

ကိုသန့်စင်က အတွေးသမားတစ်ဦး ဖြစ်၍အမြဲလိုလိုတွေးနေတတ်သည်။ သူတွေးနေသောအကြောင်းအရာအတွက် လည်း အဖြေသိချင်သည်။ တွေးနေသော အကြောင်းအရာ၏ အဖြေကိုရှာမတွေ့ အကြိမ်တွေလည်းအများကြီးရှိသည်။

"မောင်သန့်စင်ရေ လူတွေရဲ့ချမ်းသာ အစစ်၊ စစ်မှန်သောငြိမ်းချမ်းရေးဆိုတာကို လူတွေရှာဖွေနေကြတာဟာ ကမ္ဘာဦးအစ ကတည်းကပဲလို့ ဆိုရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးလေး။ ဒါကြောင့်လည်းစစ်မှန်သောငြိမ်းချမ်းရေးဆိုတာ ဘာလဲလို့မေးမိတာပါ။

"လူတွေဟာ ရုံဖန်ရံခါ၊ တိရစ္ဆာန်ဘုံကသတ္တဝါတွေလို ဖြစ်သွားတတ်ကြတယ်။ လောဘ၊ ဒေါသ၊ မောဟစတဲ့ တရားတွေကြောင့် စစ်ပွဲကြီးတွေဖြစ်နေတာဟာဟောဒီကမ္ဘာကြီးပေါ်မှာဘယ်တော့မှမပြီးနိုင်အောင်ပါဘဲ ဦးလေးရာ။

ဦးလေး စဉ်းစားကြည့်စမ်းပါ။ မကြာမီကဒီဒေသတစ်ဝိုက်မှာ စစ်ပွဲတစ်ခုဖြစ်သွားခဲ့ပြီ။ အခု ဦးလေးတို့၊ ကျွန်တော်တို့ ပါဝင်ကုသိုလ်ယူနေတဲ့ ဒီစေတီဝန်းကျင်မှာ စစ်ရဲ့အနိဋ္ဌာရုံတွေ စွဲထင်ကျန်ရစ်နေတယ်နော်"

"ဟုတ်တယ် မောင်သန့်စင်"

"တကယ်တော့ ကျွန်တော်တို့လူသားတွေအချင်းချင်း၊ မေတ္တာစိတ်တွေနဲ့သာ နေကြမယ်ဆိုရင်စစ်ပွဲတွေ ဖြစ်လာစရာအကြောင်းမရှိပါဘူး"

"သဘောကျတယ်ဟေ့ မောင်သန့်စင်။ တို့လူမျိုးတွေရဲ့ ဘာသာရေးအတွေးအမြင်ထဲလည်း မေတ္တာဝါဒဆိုတာရှိတယ်လေ။ ဗုဒ္ဓဘာသာမှာလဲ ရှိနေတာပဲ။

လူသားတွေအားလုံး မေတ္တာစိတ်တွေနဲ့သာနေကြမယ်ဆိုရင်၊ စစ်ပွဲတွေဖြစ်စရာအကြောင်းမရှိဘူး။ စစ်ပွဲတွေမရှိရင် လောကသတ္တဝါတွေအားလုံးဘေးအန္တရာယ်ကင်းကြမှာ"

"ခက်တာက စစ်ဘာကြောင့်တိုက်ချင်ကြတာလဲ။ ကျွန်တော်တို့ ဦးလေးတို့လည်း စစ်တိုက်ခဲ့ကြတယ်နော်"

"ဟုတ်သားပဲလို့"

"ကိုယ်တိုင်စစ်တိုက်ခဲ့သူ ကျွန်တော်တို့ ကိုယ်တိုင်စစ်ပွဲတွေကြောင့်တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူးလို့ တွေးနေကြပြန်ပြီ။ ဦးလေးလည်း တွေးမိတယ်မဟုတ်လား"

"ဟုတ်တယ်မောင်သန့်စင် ဦးလေးလည်းတွေးမိတယ်"

"ဒါဆိုရင် ဦးလေးဖြေမယ့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွေးအမြင်ရဲ့ အဖြေကဘာဖြစ်မလဲဟင်"

"အလုံးစုံငြိမ်းချမ်းစေတဲ့ အဖြေရယ်လို့တော့မဆိုနိုင်ပါဘူး။ တစ်စိတ်တစ်ပိုင်းတော့ မှန်ကောင်းမှန်နိုင်မှာပါ။

ဒီလိုလေတို့မှာ အတ္တဆိုတာရှိနေတယ်။ မောင်သန့်စင်"

"အတ္တ ဟုတ်လားဦးလေး"

"အခုဦးက မောင်သန့်စင်လို့ခေါ်လိုက်တယ်။ မောင်သန့်စင်က ဦးကို ဦးလေးချတ္တရီလို့ခေါ်မယ်။

www.burmeseclassic.com



အပြန်အလှန် သတ်မှတ်ထားကြတာဟာမောင်သန့်စင်ဆိုတဲ့အတ္တနဲ့ဦးချတ္တရီဆိုတဲ့အတ္တ ကိုယ်စီမဟုတ်ပေဘူးလား။ အဲဒီအတ္တကောင်ရှိနေသမျှ ရှိနေတယ်လို့ ထင်နေသမျှ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာမရနိုင်ဘူး။

အခု မောင်သန့်စင်နဲ့ ဦးလေးတို့ လုပ်နေကြတဲ့ ကုသိုလ်ကောင်းမှုဟာ အတ္တအတွက်လား၊ ပရအတွက်လား"

"ပရအတွက်ပါ ဦးလေး"

"မောင်သန့်စင် အခုလုပ်နေတဲ့အပေါ် မကြည်နူးဘူးလား၊ ကြည်နူးလား"

"ကြည်နူးမိပါတယ်"

"ဦးလည်း ကြည်နူးနေမိတယ်ကွယ့် မောင်သန့်စင်။ နောက်ပြီး ဦးအသက်က အိုမင်းလာပြီ။ မကြာခင် သေဖို့ပဲရှိတော့တယ်။ မသေခင်မှာ အတ္တအတွက်ဟာ ချမ်းသာအစစ်ကိုမရနိုင်ဘူးမောင်သန့်စင်။ မရနိုင်ပါဘူးကွာ။ ပရအတွက်ဆောင်ရွက်မှချမ်းသာအစစ်ကိုရနိုင်မယ်။ ဦးအတွက်ကတော့ချမ်းသာအစစ်ဆိုတာအတ္တအတွက်လုပ်တာမဟုတ်ဘူး။

အတ္တကို လျှော့ချစွန့်ပစ်နိုင်မှ ချမ်းသာအစစ်၊ စစ်မှန်တဲ့ငြိမ်းချမ်းခြင်းကိုရလိမ့်မယ်လို့ ဦးယုံကြည်ထားတယ်။

ကဲ . . ကဲ . . မောင်သန့်စင် ဦးအမြင်ကို ဆက်ပြီးစဉ်းစားလိုက်ပါအုံး။ ဦးအမြင်ကိုဇွတ်အတင်းလက်ခံရမယ်လို့မဆိုလိုပါဘူး။ မောင်သန့်စင် စဉ်းစားပြီးမှလက်ခံပါ။

ဦးကတော့ ကုသိုလ်ရေးအတွက် ဆက်ပြီးလုပ်အားဒါန ပြုလိုက်ဦးမယ်"

"ကျွန်တော်လည်း လိုက်မှာပေါ့ဦးရဲ့"

အဖိုးအိုချတ္တရီသည် ကျောက်တောင်စေတီတော်ရင်ပြင်တော်ပေါ် သို့အုတ်ခဲများကိုသယ်ယူကုသိုလ်ပြုနေပြန်ပြီ။ စေတီတော်၏ဆည်းလည်းသံများ ငြိမ့်ညောင်းစွာထွက်ပေါ်နေပါလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



## နှံ့ထဲကကြာ

စိမ်းလဲ့ဂေဟာခြံကြီးအတွင်းမှ ချယ်ရီပန်းများပင်လုံးကျွတ် ပွင့်ဝေနေပါ၏။ ဆူဇန်စိုက်ပျိုးထားသော ဂန္ဓမာပန်းများကလည်းအရောင်အသွေးမျိုးစုံစွာပွင့်လျက်ရှိပါလေ၏။ ဆူဇန်မဂ္ဂဇင်းစာအုပ်တစ်အုပ်ထဲမှကဗျာကိုဖတ်နေမိသည်။

"ပျဉ်းမငုတ်တို"

ဖုထစ်ရွက်တွ ငှက်ဋ္ဌင်းတသို့

ပျဉ်းမငုတ်တို သက်ကြားအိုသည်

ကုန်းဖိုထက်တွင် တစ်ပင်တည်း။

ထိုကဗျာ အစပိုဒ်ကိုဖတ်၍နေစဉ် . .

"ဟေ့ ဉယျာဉ်မှူးကြီး"

သက္ကလပ်ဘောင်းဘီရှည် အနက်၊ သက္ကလပ်ကုတ်အင်္ကျီဖြင့် ခံ့ခံ့ညားညား ဝတ်ဆင်ထားသည့် ကိုသန့်စင်ကို ဆူဇန်ကပီယဝါစာချစ်ဖွယ်သောစကားဖြင့် ခရီးဦးကြိုပြုလိုက်သည်။

"ဟာ. . တို့အစ်ကိုက ဒီဝတ်စုံနဲ့ဆိုတော့ တကယ်ခံ့ညားလိုက်ဖက်တာပဲ။ အစ်ကိုလာတာနဲ့အတော်ပဲ။ ဆူဇန်မေးစရာရှိတယ်"

"သိပ်ပြီးခက်တာတွေ မမေးနဲ့နော်"

"ဆူဇန်အတွက် ခက်နေလို့ပါအစ်ကို။ ဒီကဗျာလေးရဲ့ ရသကိုဝိုးတဝါးပဲနားလည်ခံစားနိုင်တယ်"

"ဘာကဗျာမို့ ဒီလောက်ခက်နေတာလဲ"

"ဆရာမင်းသုဝဏ်ရဲ့ ပျဉ်းမငုတ်တိုကဗျာပါ"

"ဪ. . ဪ. . ဒီကဗျာက ကိုယ်တို့တက္ကသိုလ်ကျောင်းသားတွေနဲ့ ရင်းနှီးပါတယ်"

"အားကိုးပါတယ်ဆိုမှ ကြွားနေပြန်ပြီ"

"စာပိုဒ်တွေကို ဆူဇန်ဖတ်ပြ။ ကိုယ်က အဓိပ္ပာယ်ရှင်းပြမယ်။ ဟဲ. . ဟဲ. . တန်ဖိုးရှိအောင် နည်းနည်းတော့ ဂိုက်ခံရမှာပေါ့"

ဆူဇန်ကချစ်စဖွယ် မျက်စောင်းလေးတစ်ချက်ဖြင့် ကဗျာ၏ပထမပိုဒ်ကိုဖတ်ပြလိုက်သည်။

"ပထမဆုံးအနေနဲ့ ဆူဇန့်ကိုကိုယ်ပြောချင်တာကဘယ်စာကိုဖတ်ဖတ်အရင်ဆုံး အဲဒီစာရဲ့ကာလနောက်ခံကိုသိထားရင် ပိုကောင်းတယ်။

ဆရာမင်းသုဝဏ်က သူ့ကဗျာမှာ စစ်ပြီးစ မြန်မာပြည်ကို ပျဉ်းမငုတ်တိုကြီးနဲ့ တင်စားထားတာ။ ကဗျာမှာ ဂုဏ်၊ ရသ၊ အလင်္ကာ၊ နိမိတ်ပုံဆိုတာတွေပါတယ်။ အဲဒါတွေပါမှ ကဗျာကောင်းတစ်ပုဒ်ဖြစ်တယ် ဆူဇန်။

ဖုထစ်ရွက်တွ ငှက်ဋ္ဌင်းတသို့

ပျဉ်းမငုတ်တို သက်ကြားအိုသည်

www.burmeseclassic.com



ကုန်းဖို့ထက်တွင် တစ်ပင်တည်း။

ကဗျာရဲ့ရည်ရွယ်ချက်က မြန်မာပြည်ဆိုပေမယ့်ဆူဇန်တို့ရဲ့ဟောဒီစိမ်းလဲ့ဂေဟာခြံကြီးကိုလည်း ကဗျာရဲ့ရသနဲ့ပါင်းစပ်ခံစားလို့ရတယ်။ မေမြို့မှာစစ်ဘေးစစ်ဒဏ်ကြောင့်ပုံးကျင်းကြီးတွေ၊ မီးလောင်ကျွမ်းခံခဲ့ရတဲ့တိုက်တာအိုးအိမ်အပျက်အစီးတွေ၊ သစ်ပင်ကြီးတွေရဲ့ အကျိုးအပဲ့အပျက်အစီးတွေနဲ့ထပ်တူခံစားကြည့်ရင်ရနိုင်တယ် ဆူဇန်။

ဒုတိယအပိုဒ်ကို ဖတ်ပါဦး"

"ခွဆုံအကွေး သစ်ခေါင်းဆွေးလည်း

အဖေးတက်လာ အိုင်းအမာသို့

ကျယ်စွာဟက်ပက် ခြံအိမ်ပျက်"

"ပျဉ်းမငုတ်တိုကြီးရဲ့ ပုံပန်းသဏ္ဌာန်ကိုစိတ်ကူနဲ့မြင်ကြည့်လိုက်စမ်းပါ။ စစ်ဘေးစစ်ဒဏ်ခံခဲ့ရတဲ့ ကိုယ်တို့မြန်မာနိုင်ငံဟာရုပ်ဝတ္ထုတွေဘယ်လိုပဲ ပျက်စီးခဲ့ပျက်စီးခဲ့စိတ်ဓာတ်ရေးရာတွေမှာတော့အမျိုးသားရေးစိတ်ဓာတ်တွေနိုးကြားလာတာကိုပြောချင်တာ"

"ဟုတ်တယ်နော် အစ်ကို"

"နောက်တတိယအပိုဒ်"

"ကုန်းဖို့ကမ်းပါး မြေပတ်ကြား၌

စစ်သားခမောက်

ပိန်ခြောက်ခြောက်လည်း၊

စစ်ရောက်စခန်း လမ်းပြညွှန်း"

"ဒီအပိုဒ်ဟာ စစ်မြေပြင်ဖြစ်ခဲ့ရတဲ့မြန်မာပြည်တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ရတဲ့ စစ်သားတွေရဲ့ဘဝနဲ့ မြန်မာပြည်ရဲ့မြင်ကွင်းကိုကဗျာဆရာကသူမြင်တွေ့ခံစားရမှုကို ရေးဖွဲ့ထားတာ။

ကဗျာဆိုတာ ကျယ်ဝန်းတယ် ဆူဇန်။ ရသအဖွဲ့တင်ပါတာမဟုတ်ဘူး။ နှလုံးသားကိုခံစားမှုပေးပြီး လောကရဲ့အတွေးအမြင်ဒဿနကိုလည်းပေးတယ်။ ခံစားသူရဲ့အတွေးအမြင်ကို အများကြီးဆန့်ထုတ်ကျယ်ဝန်းအောင်ပေးနိုင်တာဟာ ကဗျာကောင်းတစ်ပုဒ်ရဲ့ ဂုဏ်ရည်ပဲ။

စာပေမှာ ကဗျာဟာ အခက်ဆုံး၊ အနက်ရှိုင်းဆုံးဖြစ်လို့ပညာရှိတွေရဲ့အရာလို့ ရှေးတုန်းကတော့ သတ်မှတ်ထားကြတယ်။ ကဗျာရဲ့အခင်းအကျင်းဟာ အလွန်ကျယ်ဝန်းပါတယ်။

နောက်တစ်ပိုဒ်ရော ဘာတဲ့တုံး"

"ထိုပင်ငုတ်တို သက်ကြားအိုသည်

စစ်ကိုလည်းကြုံ ခြံအုံလည်းဖြစ်

ဓါးထစ်လည်းခံ နေလျှံလည်းခိုက်

လေးပြင်းတိုက်လည်း မငိုက်ဦးခေါင်း

နွေသစ်လောင်းသော်၊

ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသော်

လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်

အသင်ယောက်ျားကောင်းတကား

www.burmeseclassic.com



တဲ့အစ်ကို"

"သိပ်ကောင်းတဲ့ကဗျာပါ။ဒီကဗျာဟာ မြန်မာစာပေမှာ ဂန္တဝင်ကဗျာအဖြစ်ဆက် ပြီးရှိနေပါလိမ့်မယ်။

ဗျဉ်းမငုတ်တိုကြီးနဲ့တူတဲ့ ကိုယ်တို့ မြန်မာပြည်ဟာ၊ ဒုတိယကမ္ဘာစစ်ရဲ့ဒဏ်၊ ပြည်တွင်းစစ်ပွဲရဲ့ဒဏ် အဲဒီဒဏ်တွေ ဘယ်လိုခံခဲ့ရပေမယ့် မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုတွေ ဘာသာသာသနာစတဲ့ တန်ဖိုးတွေဟာ အဲဒီစစ်ဘေးစစ်ဒဏ်တွေ ထဲက အပြိုင်းအရိုင်းထွက်ပေါ်လာပါလိမ့် မယ်လို့ဆိုချင်တာ။

ဆူဇန်စဉ်းစားကြည့်စမ်း။ဂျပန်ခေတ် ကပျက်စီးယိုယွင်းပြီး အလှတရားတွေ ပျက်ခဲ့ရတဲ့စိမ်းလဲ့ဂေဟာခြံကြီးဟာ အခု ကြည့်စမ်း။ ချယ်ရီတွေပင်လုံးကျွတ်ပွင့်ဝေ နေလိုက်ကြတာဘယ်လောက်လှလိုက်သလဲ။ ဆူဇန်စိုက်ပျိုးထားတဲ့ ပန်းပွင့်တွေကလည်း သိပ်ကိုလှနေတယ်။ မေမြို့ဟာလည်း အရင်တုန်းကနဲ့မတူတော့ဘူး။ ပင်ကိုအလှ နဂိုအလှနဲ့ ယဉ်စစဖြစ်လာပြီ ဆူဇန်။

ကိုယ်ကတော့ နွံထဲကပွင့်လာတဲ့ ပဒုမ္မာကြာလိုသူရဲ့ပွင့်ချပ်၊ပွင့်ဖတ်၊ပန်းဝတ် မှုန်တွေမှာရွှံ့နံ့၊ နွံနံ့တွေပါမလာသလို ကိုယ်တို့မြန်မာပြည်မှာ ပွင့်တဲ့ပန်းတိုင်း ယမ်းခိုး၊ ယမ်းငွေ့အနံ့တွေမပါတဲ့ ပန်းတွေ ရဲ့ရနံ့တွေနဲ့သာ ထာဝရလှပတင့်တယ် စွာပွင့်ပါစေလို့ ဆုတောင်းနေမိတယ်။

■

www.burmeseclassic.com

www.burmeseclassic.com



## လွတ်လပ်ပြီးစ မြန်မာ့နိုင်ငံရေး

မြန်မာနိုင်ငံ လွတ်လပ်ပြီးစတွင် ပြည်ထောင်စုအစိုးရအတွင်း၌ အချင်းချင်း အာဏာလုပွဲကပြင်းထန်လာသည်။ ကမ္ဘာ့နိုင်ငံရေးစာမျက်နှာကလည်း ရှုပ်ထွေးသည်။ ကိုရီးယား ပြည်တွင်းစစ်ဂယက်ကြောင့် နိုင်ငံနှစ်ခြမ်းကွဲသွားသည်။ ထိုဂယက်သည် မြန်မာ့နိုင်ငံရေးလောကကိုလည်း နှစ်ခြမ်းကွဲစေသည်။ စစ်ပြီးစတွင် ကျောင်းပိတ်ထား၍ နိုင်ငံရေးတွင်မျောနေသောကိုသန့်စင်ယောင်ချာချာဖြစ်နေသည်။

အသက်အရွယ် ကြီးရင့်လာပြီဖြစ်သောဦးချတ္တရီနှင့်စိမ်းလဲ့ဂေဟာခြံကြီးအတွင်းမှာပင်နိုင်ငံအရေးအကြောင်းများ ပြောဆိုနေမိတတ်သည်။

"တို့တိုင်းပြည်လွတ်လပ်ခဲ့ပေမယ့် ဆုံးရှုံးမှုတွေအများကြီး ရင်ဆိုင်နေရပြီ မောင်သန့်စင်"

"ဟုတ်တယ် ဦးလေး။ နိုင်ငံသူ၊ နိုင်ငံသားတွေအတွက်လွတ်လပ်ရေး အရသာဟာ ပြည်တွင်းစစ်ဆိုတဲ့ ဆုလာဘ်ကြီးပဲ ရခဲ့သလိုဖြစ်နေပြီ ဦးရာ"

"ဖဆပလ အမတ်တွေကလည်း ရာထူးလုဖို့အတွက်ပဲ အားထုတ်နေကြတာ။ စီးပွားရေးသမားတွေကလည်း စီးပွားရေးအမြင်နဲ့အမတ်တွေကို အသုံးချနေကြတယ်။

မလွတ်လပ်ခင်က အခြေခံဥပဒေမှာ ဘောင်းဘီ၊ ဒိုတီ၊ ပုဆိုးတောင်ရှည်ဝတ်လူတစ်စုအတွက်စီးပွားရေးမဖြစ်စေရ၊ ပြည်သူအများစားဝတ်နေရေး ပြည့်စုံချမ်းသာတဲ့စီးပွားရေးဖြစ်စေရမယ်လို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြဋ္ဌာန်းပြီး ပြည်သစ်တည်တုန်းကကြွေးကြော်ခဲ့ကြတာတွေ ဖြစ်မလာဘူးမောင်သန့်စင်။

အခုအရေးကြီးနေတာက ကေအမ်တီတရုတ်ဖြူကျူးကျော်မှုပဲ။ နိုင်ငံရေးခေါင်းဆောင်တွေပြိုကွဲနေပေမယ့် တပ်မတော်မပြိုကွဲလို့တော်သေးတယ် မောင်။

ကေအမ်တီတရုတ်ဖြူတပ်တွေ မြန်မာပြည်နယ်စပ်မှာအခိုင်အမာတပ်စွဲထားပြီဆိုတဲ့သတင်းကြားရတော့ ဦးတောင်သေနတ်ကိုင်ပြီး တိုက်ပွဲဝင်ချင်စိတ်ဖြစ်ရတယ်"

"လေးစားပါတယ် ဦး"

"ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကတော့ မြန်မာ့မြေပေါ်ကနိုင်ငံခြားတပ်တွေဆုတ်ခွာရမယ်လို့ ဆုံးဖြတ်တယ်ဆိုပဲ။ တရုတ်ဖြူရယ်လို့တော့အတိအကျမပြောဘူး။တရုတ်ဖြူကျူးကျော်စစ်မှာ အမေရိကန်စီအိုင်အေပါဝင်ပတ်သက်နေတယ်လို့ဗိုလ်ချုပ်နေဝင်းက သံအမတ်ဆီဘောကိုပြောခွင့်ချတယ်

www.burmeseclassic.com

www.burmeseclassic.com



မောင်သန့်စင်။ ပြောင်ဖွင့်ပြောတယ်ဆို တာ တပ်မတော်ကသတင်းအတိအကျ ရထားလို့ဖွင့်ပြောတာ။ အမေရိကန် စီအိုင် အေ ပါဝင်ပတ်သက်တယ်ဆိုတာ မြန်မာ့ တပ်မတော်က တိတိကျကျရှင်းလင်းပြသ နိုင်ခဲ့တယ်။

အဲဒီအချက်ကို နိုင်ငံခြားရေးဝန်ကြီး ဖော်စတာဒါလက်လို အစိုးရဝန်ကြီးတွေ သိပေမယ့် သံအမတ်အဆင့်ဆီဘော မသိ ခဲ့တာကို်မမြင်ရသောအစိုးရ်စာအုပ်မှာဝန်ခံ သွားခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံကာ ကွယ်ရေးအတွက် မြန်မာ့တပ်မတော်က နယ်စပ်တွေမှာ တရုတ်ဖြူတွေနဲ့ ရင်ဆိုင် တိုက်ပွဲဝင်နေကြပြီ။

ဒါနဲ့မောင်သန့်စင် ကြားမိသေးလား”

“ဘာများလဲ. . ဦး”

“ဗိုလ်ချုပ်နေဝင်းရဲ့ တရုတ်ဖြူကျူး ကျော်စစ်ပွဲအတွက်တပ်မတော်အသုံးစရိတ် ကိစ္စကိုဖဆပလအမတ်တွေကနည်းတယ်။ များတယ်ဆိုပြီး ကန့်ကွက်ကြတယ်ဆိုတဲ့ သတင်း”

“ကျွန်တော်လည်းကြားမိပါတယ်။ စစ်ပွဲအတွက် ကုန်ကျစရိတ်ကိုပါလီမန်က နှင့်ပြုမပြုဆိုတဲ့ကိစ္စ”

“တပ်မတော်ခေါင်းဆောင်တွေက ထူးမြို့မှာ တရုတ်ဖြူထိုးစစ်အတွက် သရုပ်ပြပွဲတစ်ခုလုပ်ပြခဲ့ရတယ်။အဲဒီသရုပ် ပြပွဲမှာ နိုင်ငံတကာစစ်သံမှူးတွေကိုလည်း ပြသခဲ့တယ်သေးတာမောင်။

တရုတ်ဖြူတွေရဲ့ ဘန်ကာတွေကို လက်နက်ကြီးတွေနဲ့ပစ်ပြတာတဲ့။ အဲဒီမှာ ဘန်ကာတွေက နှစ်ထပ်ဘန်ကာတွေ။ လက်နက်ကြီးတွေနဲ့ပစ်ပြတဲ့အခါ အပေါ် ဘန်ကာပဲပြိုနိုင်တယ်။ အောက်ဘန်ကာ တွေကိုတပ်မတော်သားတွေအသက်စွန့်ပြီး အသေခံတိုက်ပွဲဝင်ရမှာဖြစ်တဲ့အကြောင်း ရှင်းပြရတယ်ဆိုပဲ။

တပ်မတော်ခေါင်းဆောင်တွေက သူတို့အတွက်ဘတ်ဂျက်တောင်းတာ မဟုတ်ဘူး။ဒါတောင်တပ်မတော်သားတွေ အများကြီးအသက်စွန့်တိုက်ပွဲဝင်ရဦးမှာလို့ ရှင်းပြမှအမတ်မင်းတွေကလက်ခံကြ တယ်တဲ့ မောင်သန့်စင်”

“ဟုတ်လားဦးလေး ဒီအကြောင်း တော့ကျွန်တော်မကြားမိဘူး”

“တပ်မတော်ခေါင်းဆောင်တွေပြော တဲ့စကားက သမိုင်းတွင်ဦးတော့မှာ။ အမတ်မင်းတွေ အာဏာ၊ စည်းစိမ်ထက် နိုင်ငံရဲ့အချုပ်အခြာအာဏာကပိုပြီးတန်ဖိုး ကြီးတယ်။ လွတ်လပ်ရေးကတန်ဖိုးကြီး တယ်။ နောက်ပြီးခင်ဗျားတို့ဘက်ကရ သည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



တပ်မတော်သားတွေကတော့ ဘယ်နိုင်ငံကကျူးကျော်သူကိုမှ မြန်မာ့မြေပေါ်မှာ တစ်လက်မတောင်နေထိုင်ခွင့်မပေးနိုင်ဘူး ဆိုတဲ့ရဲရဲတောက်စကားပဲ မောင်ရေ"

"ကော်တော်လှပပြီး ထိမိတဲ့ရဲရဲတောက်စကားပါလား ဦး။ဒီလိုတပ်မတော်ရယ်လို့အခိုင်အမာမရှိခဲ့လို့လည်းကျွန်တော်တို့နိုင်ငံကျွန်ဖြစ်ခဲ့ရတာပေါ့"

"ဩော်. . ဒါနဲ့ ဆာဂျင်ဗဟာဒူးတို့ ခလရ-၄တပ်ရင်းလည်း ရှေ့တန်းထွက်သွားကြပြီကြားတယ်"

"တပ်မတော်သားတွေရဲ့တိုက်ပွဲတွေ အောင်ပါစေလို့ပဲ ကျွန်တော်တို့ဆုတောင်းမေတ္တာပို့ရမှာပေါ့ဦးရယ်"

"တရားသောစစ်ပွဲ အောင်မြင်ပါစေ"

ထိုစဉ် သူတို့စကားဝိုင်းရှိရာသို့ ဆူဇန် ရောက်လာသည်။

"အစ်ကိုနဲ့အဖေ ဘာစကားတွေများ ဖောင်ဖွဲ့နေကြတာလဲ"

"မေ့သွားတော့မလို့ ဆူဇန့်မြင်မှသတိရတယ်"

"ဘာများလဲ အစ်ကို"

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ မန္တလေးဥပစာကောလိပ်ပြန်ဖွင့်တော့မှာမို့ မကြာခင်ကျွန်တော် မန္တလေးပြန်တော့မယ်"

"ဟင်. . အစ်ကိုကအပြီးပြန်တော့မှာလား. ."

"ကိုယ်အိမ်ကထွက်လာတာ ကြာပြီ ဆူဇန်။ အခုလောက်ရှိအမေလည်း မျှော်နေရောပေါ့"

ဦးချတ္တရီကတော့ လူကြီးပီပီတည်ငြိမ်စွာနေသည်။ သို့သော်မိသားစုလိုဖြစ်နေသောကိုသန့်စင်ပေါ် သံယောဇဉ်တော့ကြီးရှာသည်။

"မောင်သန့်စင် မပြန်ခင်အိမ်ကို တစ်ခေါက်လောက်လာခဲ့ပါဦးလား။ မင်းညီမနဲ့ပတ်သက်ပြီး တိုင်ပင်စရာလေးရှိလို့ပါ။ ဦးမှာလည်းဒီကိစ္စနဲ့ပတ်သက်ရင် တိုင်စရာဆိုလို့မင်းတစ်ယောက်ရှိတာမဟုတ်လား"

ဦးချတ္တရီစကားကြောင့် ကိုသန့်စင် အံ့ဩသွားသည်။ ကိုသန့်စင်ကဆူဇန့်ကို လှမ်းကြည့်လိုက်သည်။ ဆူဇန်ကရှက်စနိုးဖြင့် ခေါင်းကိုငုံထားလိုက်ပြီး-

"အာ. . အဖေကလည်း အစ်ကို့ရှေ့မှာဘာတွေပြောနေမှန်းမသိ။ သမီးသွားတော့မယ်"

ဆူဇန်က ဦးချတ္တရီနှင့်ဆူဇန်ရှေ့မှပြေးထွက်သွားသည်။

"ကျွန်တော်မပြန်ခင်လာခဲ့ပါ့မယ်။ ကြိုးစားပါ့မယ်။ အဲဒီအခါကျမှ တိုင်ပင်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ အခုတော့ အချိန်လည်းလင့်သွားပြီမို့ ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ဟုတ်ပါပြီဗျာ"

စိမ်းလဲ့ဂေဟာမှအပြန်တွင် ကိုသန့်စင်ကိုယ့်အတွေးနှင့်ကိုယ်ပြုံးမိသည်။ တစ်ခါကဆူဇန်ပြောဖူးသည်။ နွေတွင်ပွင့်သောပန်းသည် ဆောင်းတွင်မပွင့်နိုင်။ ဆောင်းတွင်ပွင့်သောပန်းသည်နွေတွင်းမပွင့်နိုင်။ အကယ်၍အခါမဲ့များထိုပန်းတို့ပွင့်လာလျှင် ဆူဇန်ကဗီဇဖောက်ပြန်သည်ဟုပြောနေဦးမည်လား ကိုသန့်စင်သိချင်လှပါသည်။ သူ့အတွက် ဆူဇန့်အချစ်ကို ပိုင်ဆိုင်ခွင့်ရှိကောင်းရှိနိုင်သေးသည်ပဲလေ။

■

**အငရေးကြီး၍ သွေးစည်းကြပြီ**

အလွန်ပြင်းထန်သော မီးတောက်မီးလျှံများဖြတ်သန်းသွားရာ တစ်လျှောက်တွင်လောင်စာဖြစ်သော အရာဝတ္ထုများပြာဖြစ်၍ကျန်ရစ်သည်။ မီးတောက် မီးလျှံများအားလျော့ချုပ်ငြိမ်းသောအခါ မီးကြွင်းမီးကျန်များက လောင်စာမကုန်မချင်း မီးခိုးများအူလျက်ကျန်ရစ်သည်။

ဒုတိယကမ္ဘာစစ်ဟူသော မီးတောက်မီးလျှံကြီးမြန်မာပြည်သို့ ကျရောက်သောအခါ နေရာဒေသများစွာ ထိုစစ်ပွဲ၏အနိဋ္ဌာရုံများကနေရာဒေသအနှံ့အပြားတွင်အမာရွတ်သဖွယ်ကျန်ရစ်သည်။ ထိုပြင်းထန်လွန်းသော မီးတောက်မီးလျှံကြီးများငြိမ်းသတ်သွားသော်လည်း မီးကြွင်းမီးကျန်များက လောင်စာရှိလေရာနေရာများတွင်မီးခိုးများအူလျက် ကျန်ရစ်သကဲ့သို့စစ်ပွဲကြီး၏ အကြွင်းအကျန်များက မြန်မာမြေတွင် ပြည်တွင်းစစ်အဖြစ်ကျန်ရစ်သည်။ ထိုလောင်စာများကို လောင်ကျွမ်းစေသောအရာသည်လူသားတို့၏လောဘ၊ ဒေါသ၊ မောဟတရားများအားကောင်းလေရာလက်ဝဲဝါဒ၊ လက်ယာဝါဒစသောစသော ဝါဒစစ်ပွဲများပင်ဖြစ်ပါလေ၏။ မြန်မာပြည်နှင့်ကပ်လျက် တရုတ်ပြည်ကြီးတွင်လည်း ပြည်တွင်းစစ်ကြီးဖြစ်လျှက်

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲ၊ လက်ယာ ဝါဒတိုက်ပွဲဂယက်က ပြင်ထန်းသည်။

တရုတ်ကွန်မြူနစ်များက ကူမင်တန် တရုတ်များကိုအပြင်းအထန်ထိုးစစ်ဆင်လျက် ရှိသည်။ ချန်ကေရှိတ်ခေါင်းဆောင်သော ကူမင်တန်များ တရုတ်ပြည်ကြီးကိုစွန့်ခွာရသည်။ တရုတ်ပြည်နှင့် အိမ်နီးချင်းနိုင်ငံဖြစ်သောမြန်မာမြေပေါ် သို့ ချန်ကေရှိတ်၏ ကူမင်တန်တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်လာသည်။ ပြေးစရာမြေမရှိဖြစ်နေသော တရုတ်ဖြူများမြန်မာ့မြေကိုဝင်ရောက်လာကြသည်။

ဂျပန်ကိုတော်လှန်တိုက်ခိုက်စဉ်က တရုတ်ဖြူခေါင်းဆောင်များနှင့်အမေရိကန်တို့မဟာမိတ်ဖွဲ့ခဲ့ကြသည်။ ဂျပန်စစ်ပွဲတွင် အမေရိကန်စစ်ဗိုလ်ချုပ်များဦးစီးသော ချန်ကေရှိတ်၏ တရုတ်ဖြူတပ်များမြန်မာ့မြေပေါ် သို့ရောက်ခဲ့ဖူးကြသည်။

မြန်မာ့မြေပေါ် သို့ ကျူးကျော်လာသောတရုတ်ဖြူတပ်များအား အမေရိကန်နယ်ချဲ့သမား စစ်ရေးအကူအညီပေးခဲ့သည်မှာယုံမှားဖွယ်မရှိဖြစ်သည်။

မြန်မာ့မြေပေါ် သို့ ကျူးကျော်လာသောတရုတ်ဖြူတပ်များအား မြန်မာ့တပ်မတော်ကတွန်း လှန်တိုက်ခိုက်လျက်ရှိနေပါ၏။ စစ်ပွဲကပြင်းထန်လွန်းလှသည်။ ကျူးကျော်လာသောတရုတ်ဖြူအရေးသည် တပ်မတော်တစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်။ ရဟန်းရှင်လူ၊ ပြည်သူများတွင်လည်း တာဝန်ရှိသည်။ ကျောင်းသားများတွင်လည်းတာဝန်ရှိသည်။ ကုန်သည်ပွဲစားများတွင်လည်း တာဝန်ရှိသည်။ မြန်မာပြည်ကိုချစ်သူတိုင်းမှာ တာဝန်ရှိသည်။ မေမြို့တွင် ဂျပန်တော်လှန်ရေးကာလမှလွတ်လပ်ရေးကာလအထိနေထိုင်လျက်ရှိသော မန္တလေးဥပစာကောလိပ်ကျောင်းသား ကိုသန့်စင်တစ်ယောက် တရုတ်ဖြူကျူးကျော်စစ် သတင်းကိုသာနားစွင့်နေမိသည်။ မြန်မာ့တပ်မတော်နဂါးနိုင်စစ်ဆင်ရေး တိုက်ပွဲသတင်းများကို သတင်းစာများတွင် ဖတ်ရသည်။ မြန်မာ့တပ်မတော်သားများ၏ အသက်စွန့်တိုက်ပွဲများကို ကိုယ်တိုင်ခံစားရသည်။

နဂါးနိုင်စစ်ဆင်ရေးကို အမည်ပြောင်း၍ ဘုရင့်နောင်နှင့်ရန်ကြီးအောင် စစ်ဆင်ရေးဖြင့် တရုတ်ဖြူများကို ဆက်လက်တိုက်ပွဲဝင်နေကြပြီ။

× × × ×

ကိုသန့်စင် မန္တလေးဥပစာကောလိပ်၏တမာရန့်ကို ရှူရှိုက်ရသည်။ ကျောင်းအနီးရေနီမြောင်းသည် တသွင်သွင်စီးဆင်းလျက် ကောလိပ်ဝန်းကျင်

www.burmeseclassic.com

www.burmeseclassic.com



တွင်လည်း တရုတ်ဖြူဆန့်ကျင်ရေးအတွေး အမြင်ကရှင်သန်လျက်ရှိသည်။ ကျောင်းသားကျောင်းသူများက ဈေးချိုတော်၊ ကုန်သည်ပွဲစားများနှင့် နီးစပ်သည်။ ကုန်သည်ပွဲစားများကလည်း တရုတ်ဖြူဆန့်ကျင်ရေးစိတ်ဓာတ်ခိုင်မာသည်။

ရှေ့တန်းစစ်မြေပြင်သို့ တပ်မတော်သားများအတွက် ရိက္ခာပစ္စည်းများကို ပို့ဆောင်ပေးကြရန် စုဆောင်းကြသည်။ ကျောင်းသား၊ ကျောင်းသူများကကုန်သည်ပွဲစားများ၏ လက်ဆောင်ပစ္စည်းများကို စုဆောင်းပေးကြသည်။

ရှေ့တန်းစစ်မြေပြင်မှ တပ်မတော်သားများအတွက် မန္တလေးဈေးရုံတော်ကြီးမှခေါက်ဆွဲထုပ်များကို ပူပူနွေးနွေးသယ်ဆောင်၍ ချမ်းမြသာစည်လေယာဉ်ကွင်းမှဒါကိုတာလေယာဉ်ပေါ် သို့ပို့ဆောင်ပေးကြသည်။တပ်မတော်သားများအတွက် စီးကရက်၊ ချိုချဉ်၊ ချော့ကလက်၊ ဘီစကွတ်၊ သစ်သီးယိုစုံဗူးများကိုလေယာဉ်ပေါ် သို့တင်ပေးကြသည်။

× × × ×

ကိုသန့်စင် အာရှလူငယ်အစည်းအရုံးအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။ ကြီးပွားရေးစာအုပ်တိုက်ကိုလည်းရောက်ဖြစ်သည်။ ကြီးပွားရေးစာအုပ်တိုက်မှ ထုတ်ဝေသောစာအုပ်များကို ဝယ်ယူစုဆောင်းဖတ်ဖြစ်သည်။ လူထုဂျာနယ်အမည်ဖြင့်ထုတ်ဝေသော ဂျာနယ်များကိုလည်းအပတ်စဉ်ဖတ်ဖြစ်သည်။ လူထုဆိုသော စကားတွင်ကျယ်လာသည်။ နေရာများစွာတွင် လူထုအမည်ဖြင့် ကုန်ပစ္စည်းကြော်ငြာများပါတွင်ကျယ်လာခဲ့သည်။ လူထုဂျာနယ်၊ လူထုစစ်ပွဲ၊ လူထုလက်ဖက်ရည်ဆိုင်၊ လူထုပင်းမင်း၊ လူထုဖိနပ်ဆိုင်၊ လူထုစီနီမာ၊ လူထုဆီးပေါင်း။ လူထု၊ လူထု စသောစကားရပ်တွင်ကျယ်နေသည်။ ကိုသန့်စင်ထိုလူထုဂျာနယ်ကိုထုတ်ဝေသောအယ်ဒီတာကိုမြင်ဖူးချင်သည်။ သို့သော်လူထုဂျာနယ်ကိုထုတ်ဝေသော လူထုဦးလှကို ဖဆပလအစိုးရကကိစ္စတစ်ခုဖြင့်ထိန်းသိမ်းလိုက်လေသည်။

ကိုသန့်စင်မန္တလေးမြို့၏ အားမာန်ဖြစ်ဖွယ်စိတ်ပျက်အားငယ်ဖွယ်ကောင်းသောအဖြစ်အပျက်ကိုကြုံရသည်။ မည်သို့ဆိုစေ မန္တလေးသည် တရုတ်ဖြူဆန့်ကျင့်ရေးစိတ်ကအားကောင်းမောင်းသန်ဖြစ်နေ၍ စိတ်ချမ်းမြေ့ဖွယ်ဖြစ်ရသည်။

ကိုသန့်စင် ကြီးပွားရေးစာအုပ်တိုက်မှ စာအုပ်လေးတစ်အုပ်ဝယ်ဖြစ်သည်။ ထိုစာအုပ်လေးထဲတွင်မေမြို့အကြောင်း အများကြီးရေးထားသည်။ ဂျပန်ခေတ် မေမြို့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရပုံ၊ မေမြို့ပတ်ဝန်းကျင်ရှုခင်းများ ယောက်ျားကောင်းစိတ်ဓာတ်မည်သို့ မွေးမြူရမည်စသော အကြောင်းအရာတွေ ပါသည်။ စာအုပ်၏အမည်မှာ ဆုထူးပန် ယောက်ျားဆိုသောအမည်ဖြစ်သည်။ လူထုဦးလှတို့ ကပိုင်ရှာဘက်သို့စစ်ဘေး ရှောင်စဉ်ကရိုက်နှိပ်ခဲ့သောစာအုပ်ဖြစ်သည်။ ဘွန်းခေါ်စက္ကူအစိမ်းများနှင့် ရိုက်ထားပြီး စာအုပ်လေးကခပ်ပါးပါးဖြစ်သည်။

ကိုသန့်စင် ဆုထူးပန်ယောက်ျား နှစ်အုပ်ဝယ်ဖြစ်သည်။ တစ်အုပ်မှာ လက်ဆောင်ပေးရန်ဖြစ်သည်။ထိုစာအုပ် ကိုသူလက်ဆောင်ပေးချင်သောသူသည် ဆူဇန်သောဂေါ်ရခါးမလေးပင်ဖြစ်ပါ လေ၏။

ဆုထူးပန် ယောက်ျားစာအုပ် နှစ်အုပ် ကိုကိုင်၍အခြားသောစာအုပ်များကိုရှာဖွေ ဖတ်ရှုနေစဉ်အသားဖြူဖြူ သွယ်သွယ်နှင့် တောက်ပသောမျက်လုံးများနှင့်အမျိုးသမီး တစ်ဦးကယဉ်ကျေးသိမ်မွေ့စွာမေးလာသည်။

"နောက်ထပ် ဘာစာအုပ်များလိုချင် ပါသလဲ"

ထိုအမျိုးသမီးမှာ လူထုဦးလှ၏ဇနီး ဒေါ်အမာဆိုသူပင်ဖြစ်ပါလေ၏။

"ကျွန်တော် မောရစ်ကောလစ်ရဲ့ Trails in Burmaကိုဘာသာပြန်ထားတဲ့ မြန်မာပြည်အဖြစ်အပျက်များစာအုပ်လေး ရှာနေတာပါ"

"အဲဒီစာအုပ်က အခုမရှိသေးပါဘူး။ နောက်တစ်ခါလာတဲ့အခါ ကျွန်မရှာထား လိုက်ပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"အခုဝယ်ထားတဲ့ စာအုပ်လေးက စစ်ပြေးရင်း ဖြစ်သလိုထုတ်ခဲ့ရတဲ့ စာအုပ်မို့ အပြင်အဆင်နဲ့စာရွက်ညံ့တာကို သည်းခံ ပါနော်"

"ဟုတ်ကဲ့ အခက်အခဲတွေကြားက စာအုပ်တွေဖြစ်အောင်ထုတ်ဝေနေတဲ့ကြီးပွား ရေးဦးလှနဲ့ဒေါ်အမာကိုကျွန်တော်တို့တွေက ကျေးဇူးတင်မိပါတယ်"

"ဦးလှရဲ့ဇနီး မအမာဆိုတာကျွန်မ ပါပဲ"

ကိုသန့်စင် အံ့ဩသွားမိသည်။

"ဒါဖြင့် အမကြီးက မြမဥ္ဇူအမည်နဲ့ စာတွေရေးနေတဲ့သူပေါ့"

"ဟုတ်ပါတယ်ရှင်"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်က မောင်သန့်စင်ခေါ်ပါတယ်။ ဥပစာကောလိပ်က သမိုင်းအဓိကကျောင်း သားပါ။ နောက်ပြီး ဆရာလှတို့ခေါင်း ဆောင်ခဲ့တဲ့ အာရှလူငယ်အစည်းအရုံး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။အစ်မ

www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့ ကပိုင်ဘက်ကိုရောက်နေချိန်မှာ ကျွန်တော်ကမေမြို့ ရောက်နေခဲ့တာ။

"ကဲ ကျွန်တော့်ကိုခွင့်ပြုပါဦး။ မေမြို့ တက်ရမှာမို့ပါ"

"ကောင်းပါပြီ။ နောက်လဲ လာခဲ့ပါ"

ကိုသန့်စင် ဧကလမ်းမကြီးအတိုင်း လမ်းလျှောက်ပြန်ခဲ့သည်။ ဦးလှ၏ ဂျပန်တော်လှန်ရေးကာလ အာရှလူငယ်အစည်းအရုံးဖြစ်အပျက်များကို သတိရသည်။

တကယ်တော့ဦးလှသည် ဂျပန်တော်လှန်ရေး၊ နယ်ချဲ့တော်လှန်ရေးနှင့် တိုင်းပြည်ပြုပြင်ရေး၊ လူမှုရေးဝါဒီကြီးတစ်ဦးဖြစ်သည်ကို ကိုသန့်စင် ကောင်းစွာနားလည်နိုင်ပါ၏။ ပညာတတ် လူငယ်များကိုလည်းအားပေးကူညီတတ်သောလူမှုရေးဝါဒီတစ်ဦးဖြစ်ကြောင်းကို ကိုသန့်စင် ယုံကြည်ပါလေ၏။

အရေးကြီးလျှင် သွေးစည်းတတ်သော မြန်မာလူမျိုးများသည် ယခုလတ်တလော ဖြစ်ပေါ်နေသော တရုတ်ဖြူကျူးကျော်မှုကို လူတန်းစားပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံက သွေးစည်းညီညွတ်စွာ တိုက်ပွဲဝင်နေ ကြပြီ မဟုတ်ပါလော။

■

## မွေ့ထိုက်စေ

အရှေ့တောင်ဘက်ကျုံးထောင့်နှင့် မနီးမဝေးအရပ်တွင် ပြာသာဒ်များနှင့် တည်ဆောက်ထားသော အုတ်ဂူရှိသည်။ ထို အုတ်ဂူကို နှစ်တစ်လက်မအသားဝင်း ထရံဖြင့် ကာရံထားသည်။ ထိုအုတ်ဂူသည် ပျဉ်းမနားကိုယ်တော်ကြီးနှင့် သူ၏မိဖုရား ထရံကာမင်းသမီးအုတ်ဂူဖြစ်ပါလေ၏။

ထိုအုတ်ဂူသည် ကိုသန့်စင်၏အဘိုးနှင့်အဘွား၏အုတ်ဂူဖြစ်သည်။ သို့အတွက် ကိုသန့်စင်မိခင်နှင့်အတူအဘိုး၊အဘွားတို့၏အုတ်ဂူကိုလာရောက်ကန်တော့နေကြခြင်းဖြစ်ပါလေ၏။

"သားတော်"

မင်းမျိုးမင်းနွယ် သူကောင်းမျိုးရိုးတို့၏အသုံးအနှုန်းဖြင့် မိခင်ဖြစ်သူက ကိုသန့်စင်ကိုခေါ်လိုက်ခြင်းဖြစ်၏။ ဤသည်ကကိုသန့်စင်နှင့်မိခင်ကြားကဆက်ဆံရေးပုံစံဖြစ်သည်။

"မယ်ဖုရား"

"သားတော် မင်းရဲ့ဘိုးတွေ၊ ဘွားတွေဟာ မင်းမျိုး၊ သူကောင်းမျိုးရိုးတွေဆိုတာ သားတော်သိတယ်နော်"

"သိပါတယ် မယ်ဖုရား"

"မယ်ဖုရားတို့ အခုလိုနေနိုင်တာဟာ ဘိုးဘေးတွေရဲ့ကျေးဇူးတရားကြောင့်ဖြစ်တယ်

www.burmeseclassic.com

www.burmeseclassic.com



သားတော်"

နဖူးကျယ်ကျယ်၊ အသားအရည်နူးညံ့ချောမွတ်ပြီး၊ မျက်ခုံးမွေးထူထူပါးလျစ်သောနှစ်ခမ်းနှစ်လွှာသည် စိတ်ဓာတ်ပြင်းထန်တတ်သော မဟာစိတ်ရှိခြင်းကို ညွှန်ပြလျက်ရှိ၏။ နားနှစ်ဘက်တွင် ရတီခပ်ကြီးကြီး စိန်နားကပ်သည်နေရောင်အောက်တွင် အရောင်တဖျပ်ဖျပ်လက်လျက်ရှိ၏။ ထိုအမျိုးသမီးကြီးသည် ပျဉ်းမနားကိုယ်တော်ကြီး၏ သမီးတော်သူဖြစ်ပြီး၊ အမည်မှာ ထိပ်တင်ထွေးဆိုသူဖြစ်ပါလေ၏။ ထိုအမျိုးသမီးကြီးမှ မွေးဖွားသော ကိုသန့်စင်သည်တစ်ဦးတည်းသောသားတော်ဖြစ်၏။ သူ၏ဖခမည်းတော်သည် ရွှေဓားဗိုလ်အမည်ဖြင့် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွင် ကျဆုံးခဲ့သောသူရဲကောင်းတစ်ဦးဖြစ်ပါသည်။ ထိုသူရဲကောင်း ရွှေဓားဗိုလ်နှင့် ထိပ်တင်ထွေးတို့မှ မွေးဖွားလာသော ကိုသန့်စင်သည်မန္တလေး ဥပစာကောလိပ်တွင်သမိုင်းဘာသာအဓိကဖြင့်ကျောင်းတက်နေသူ ဂျပန်တော်လှန်ရေးနှင့်နယ်ချဲ့တော်လှန်ရေးသမားတစ်ဦးဖြစ်ပါလေ၏။

"သားတော်၊လူဆိုတာအမျိုးစောင့်တရားရှိတယ်"

"မှန်လှပါ မယ်ဘုရား။သားတော်သိပါတယ်"

"သားတော် မယ်ဖုရားကိုပစ်ပြီးမေမြို့သွားသွားနေတာ မယ်ဖုရားဘယ်လိုခံစားရတယ်ဆိုတာသားတော်သိသလားကွယ့် သားတော်နဲ့မယ်ဖုရားဟာ အမေတစ်ခု၊ သားတစ်ခုဘဝဆိုတာသားတော်သတိရောရသေးရဲ့လား"

မိခင်ဖြစ်သူ၏ ကရုဏာစကားကို နားထောင်နေသောကိုသန့်စင်သည်ရွှေနန်းတော်မြို့ရိုးကြီးနှင့် မန္တလေးတောင်ကြီးကို ငေးငေးကြီးကြည့်လျက် မလှုပ်မယှက်နားထောင်နေပါသည်။

"ဒီတစ်ခါ ဘယ်ကိုမှမသွားရတော့ဘူး။ မယ်ဖုရားအနားမှာပဲနေရမယ်။ နောက်ပြီး မယ်ဖုရားသားတော်ကိုရေနံချောင်းမြို့စားကြီးရဲ့ မြေးတော်ခင်ခင်ဦးနဲ့လက်ထပ်ပေးဖို့စီစဉ်ပြီးပြီ"

"မယ်ဖုရား သားတော်ကို ခင်ခင်ဦးနဲ့လက်ထပ်ပေးမယ်ဟုတ်လား"

"ဟုတ်တယ် သားတော်။ မယ်ဖုရားအားလုံးစီစဉ်ပြီးပြီ။ ခင်ခင်ဦးက မယ်ဖုရားတို့နဲ့မျိုးရိုးအဆင့်အတန်းတူတယ်။ ခေတ်ပညာတတ်မိန်းကလေး။ သားတော်လိုပဲ သမိုင်းအဓိကနဲ့ မကြာခင်ဘွဲ့ရတော့မှာ

သားတော်ကိုဒီနေရာအထိခေါ်လာပြီးပြောတယ်ဆိုတာ သားတော်ကိုအသိ

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့အပြင်၊ မယ်ဖုရားတို့ သူကောင်းမျိုးရိုး ဘိုးဘေးတွေကိုယက်သေထားတိုင်တည်ချင်လို့ ဘိုးဘွားတွေရဲ့အုတ်ဂူရှိတဲ့ဒီကိုခေါ်လာခဲ့ရတာပ။"

ကိုသန့်စင်သည် မိခင်ဖြစ်သူ၏စကားများကို နားထောင်ရင်းအသက်မဲ့သော ကျောက်ရုပ်သဏ္ဍာန်ဖြစ်နေသည်။

"အမျိုးစောင့်တရားနဲ့ပတ်သက်ပြီး ပြောရရင်သားတော်နဲ့ဘိုးလေးတော်စပ်တဲ့ တို့များရဲ့ရွှေနန်းရှင်သီပေါကိုယ်တော်ကြီးနဲ့ ဆုဖုရားလတ်ကမွေးတဲ့တို့ဆွေတော်မျိုးတော်တွေအားလုံး အိန္ဒိယနိုင်ငံ ရတနာဂီရီမှာ လူမျိုးခြားတွေနဲ့ရပြီး၊ မျိုးဆက်အားလုံး ဖျက်ဆီးခံရတယ်သားတော်။ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့စီမံကိန်းတွေထဲမှာ မြန်မာလူမျိုးပျောက်အောင် သေသေချာချာဆောင်ရွက်ခဲ့တာဖြစ်တယ်။

အမျိုးပျောက်အောင် တခြားသော ကုလားလူမျိုးတွေနဲ့ သွေးနှောဖြစ်ဖို့ စီမံချက်ချပြီးလုပ်ခဲ့တာကို မယ်တော်တို့ မင်းဆွေ၊ မင်းမျိုးတွေအားလုံးသိထားကြတယ်သားတော်။ တို့လူမျိုးဆိုတာ လုံးဝပျောက်သွားအောင်၊ အရှေ့ဘက်က တရုတ်၊ အနောက်ဘက်က ကုလားတွေကို တရားမရှိ၊ မားမရှိဝင်စေထွက်စေလုပ်ခဲ့ကြလို့ တို့လူမျိုးအမျိုးပျောက်မှာစိုးကြောက်ရတယ်ကွယ်။ ရွှေကိုယူသည်။ ငွေကိုယူသည်။ ပြီးတော့ လူကိုပါယူသည်ဆိုတဲ့ အဖြစ်မျိုးတွေ ဖြစ်ခဲ့ရပြီသားတော်"

မိခင်ထိပ်တင်ထွေး၏ စကားသည် တဖြည်းဖြည်းလေးနက်လာသည်။

"မယ်ဖုရားတို့သာကံကောင်း ထောက်မလို့ မန္တလေးရွှေမြို့တော်မှာ နေခွင့်ရခဲ့ကြတာ။ တို့မင်းဆွေ၊ မင်းမျိုးတွေ ဟိုးဝေးဝေးက ထားဝယ်တို့၊ မြိတ်တို့၊ စစ်ဝေ့၊ ရမ်းဗြဲအကုန်ပျံ့နှံ့နေအောင် ဗြိတိသျှနယ်ချဲ့သမားတွေကပို့ပစ်ခဲ့ကြတာ မဟုတ်လား။ ဘိုးဘေးတော်တဲ့ ပျဉ်းမနားကိုယ်တော်ကြီးဟာအင်မတန်အေးအေးဆေးဆေးနေထိုင်ခဲ့ပြီးပညာကြီးမားလွန်းလို့ မန္တလေးရွှေမြို့တော်ကြီးက မစွန့်ခွာရဘဲနေခွင့်ရခဲ့တာကွယ့်။ ဒါကြောင့်တို့ဘိုးဘေးတွေရဲ့ရှေ့မှာ ငါ့သားတော်ကို ခင်ခင်ဦးနဲ့ လက်ထပ်မယ်ဆိုတာသက်သေထားပြီး ပြောရတာ။ သားတော်ဘာပြောစရာရှိသေးလဲ"

ကိုသန့်စင် အတွေးရကြပ်သွားပြီး

"မယ်ဖုရားသားတော် သားတော်ရဲ့ ပညာရေးက မပြီးသေးပါဘူးဘုရား"

"မယ်ဖုရားသိတာပ။ သားတော် ကျောင်းပြီးဖို့ တစ်နှစ်လိုပါသေးတယ်ဆိုတာ။ ဒါပေမယ့် ကျောင်းပြီးလို့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ဦးနဲ့ လက်ထပ်ရမယ်ဆိုတာကို သားတော်သိအောင် မယ်ဖုရားပြောထားခြင်းသာဖြစ်တယ်"

ကိုသန့်စင်သူ၏ မယ်ဖုရားကိုပြန်ပြောချင်သော စကားများရှိသည်။ သူ၏စကားလုံးများကို မယ်ဖုရားလုံးဝလက်ခံမည် မဟုတ်ကြောင်းကိုလည်းသိသည်။ ကိုသန့်စင်ပြောချင်သော စကားလုံးများသည် အချည်းအနှီးဖြစ်မည့် စကားသူ၏ မယ်တော် စိတ်ဆင်းရဲစေသော စကားများဖြစ်မည်ကို သိနေသည်။ သို့အတွက် ကိုသန့်စင် မျိုသိပ်၍သာနေရသည်။

"အချိန်လည်းအတော်လင့်သွားပြီဆိုတော့မယ်ဖုရားတို့အိမ်တော်ကိုပြန်ကြစို့ရဲ့"

ဒေါ်ထိပ်တင်ထွေးနှင့် သားတော်ကိုသန့်စင်တို့နှစ်ဦး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်စွာပြန်ခဲ့ကြသည်။ မန္တလေးကျုံးရေပြင်တွင် လှိုင်းအိလေးများထနေသည်။ နီညိုရောင်မြို့ရိုးကြီးများနှင့် ပြာသာဒ်ဆောင်များသည်ဝင်လုဆဲနေရောင်အောက်တွင် လွမ်းချင့်စဖွယ်ဖြစ်နေသည်။

တစ်ချိန်က မြန်မာတို့၏ ဇာတိပုညဂုဏ်မာန၏တည်ရာ ရွှေနန်းတော်ကြီးသည် အိုမင်းရင့်ရော်လာပြီဟု ထင်ချင်စရာကောင်းလှပါသည်။

ရုပ်ဝတ္ထုထက်လွန်ကဲသော မျိုးချစ်စိတ်ဓာတ်၊ ပရမတ္ထတရားကိုယ်ကတော့ ဒေါ်ထိပ်တင်ထွေးနှင့် ကိုသန့်စင်တို့၏ နှလုံးအိမ်တွင် တဖျပ်ဖျပ်တလက်လက်တောက်ပကိန်းဝပ်လျက်ရှိနေဆဲပင်ဖြစ်ပါလေ၏။

ကိုသန့်စင် မယ်တော်၏စိတ်ဓာတ်ပြတ်သားမှုကို သိသည်။ ဆုံးဖြတ်ပြီးသောကိစ္စကိုအောင်မြင်အောင်ဆောင်ရွက်မည်ကိုလည်း ကိုသန့်စင်သိ၍နေသည်။

ကိုသန့်စင် အတွေးချာချာလည်ဖြစ်ခဲ့ပြီ။ အချစ်နှင့် ပတ်သက်သောခံစားမှုသည် ကိုသန့်စင်အတွက် ဆူဇန်ဆိုသောဂေါ်ရခါးမလေးကြောင့် မွေးဖွားခဲ့ခြင်းဖြစ်ပါလေ၏။ သို့သော်ကိုသန့်စင်၏ အချစ်ကိုဆူဇန်ကရောနားလည်ပေးနိုင်ပါမည်လားသူ့အတွက်မသေချာလှသေးပေ။

သူချစ်သော ဆူဇန်ရှိရာမေမြို့ကိုသွားရန် ကိုသန့်စင်ဆုံးဖြတ်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အချစ်နှင့်ယဉ်ကျေးမှု

လူ့ယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲခဲ့သည်မှာရာစုခေတ်ကြီးထောင်ချီကြာခဲ့ပြီ။ ရေ၊ မြေ၊ တော၊ တောင်ရာသီဥတုကွဲပြားခြားနားမှုနှင့် လျော်ညီစွာလူသားတို့၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့များကကွာခြားသည်။

ရာသီဥတုကွာခြားသည်နှင့် မတူခြားနားသော ဝတ်စားဆင်ယင်မှုကလည်း ကွာခြားသည်။ ထိုဝတ်စားဆင်ယင်မှုကိုပင် ယဉ်ကျေးမှု၏အစိတ်အပိုင်းတစ်ရပ်အဖြစ် တန်ဖိုးထားကြသည်။ အနောက်ဘက်ကမ္ဘာမှလူသားတို့၏ဝတ်စားဆင်ယင်မှုနှင့် အရှေ့ဘက်ကမ္ဘာမှ ဝတ်စားဆင်ယင်မှုက မတူ။ အရှေ့ဘက်ကမ္ဘာမှ တွေးခေါ်မြော်မြင်မှုနှင့် အနောက်ဘက်ကမ္ဘာမှ ကိုးကွယ်ယုံကြည်မှုက တစ်သီးတစ်ခြားကွဲပြားခြားနားသည်။

ထိုကွဲပြားခြားနားသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများက ကြာလာသောအခါ လူသားကိုတုပ်နှောင်ထားသော ကျင့်ဝတ်ဗေဒများဖြစ်လာသည်။ ထိုကျင့်ဝတ်ဗေဒများသည် လူမျိုးတစ်မျိုးစီကိုလွှမ်းမိုးထားသည်။ ထိုလွှမ်းမိုးထားသော ကျင့်ဝတ်ဗေဒများကိုတန်ဖိုးထားရုံမျှမကကာကွယ်စရာ တန်ဖိုးရှိပစ္စည်းသဖွယ်ဖြစ်လာခဲ့သည်။ ထိုကျင့်ဝတ်ဗေဒ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို၊ စစ်အောင်နိုင်သူများက ဖျက်ဆီးတတ်ကြသည်။ ဖျက်ဆီးခံရသောကျင့်ဝတ်ဗေဒပျက်ပြားသွားသောအခါ၊ လူမျိုးဆိုသော အဖွဲ့အစည်းလည်း ပျက်သုဉ်း ပျောက်ကွယ်သွားရသည်။ ကမ္ဘာမှာလည်းယဉ်ကျေးမှုနှင့်အတူပျောက်ကွယ်သွားခဲ့သောလူမျိုးများရှိသည်။မြန်မာနိုင်ငံတွင်လည်းရှိသည်။ ပျူဆိုသောလူမျိုးများပျောက်ကွယ်သွားခဲ့ပြီ။အဘယ့်ကြောင့်ပျူလူမျိုးများ ပျောက်ကွယ်ခဲ့ရခြင်းကို သမိုင်းပညာရှင်မည်သူမျှ တိတိကျကျအဖြေမပေးနိုင်။

ကိုသန့်စင်သည် ဂျစ်ကားပေါ်တွင် ယဉ်ကျေးမှုအကြောင်းကိုတွေး၍လိုက်ပါလာခဲ့သည်။ မေမြို့နှင့်မန္တလေးသည် ၄၂ မိုင်မျှသာဝေးသည်။ ထိုခရီးကို ကိုသန့်စင် အကြိမ်ကြိမ်သွားခဲ့ရသည်။ ယခုလည်း မေမြို့ကို ကိုသန့်စင်လာခဲ့ပြန်ပြီ။ လွန်ခဲ့သောကာလများနှင့်မတူ ကိုသန့်စင်မှာ တွေးတောစရာတွေများ၍လာခဲ့ပြီ။ မယ်ဖုရား၏ မင်္ဂလာကိစ္စဆိုသောအရာသည် ကိုသန့်စင်ကိုလွှမ်းမိုးနေသည်။

မယ်ဖုရားသည် ဝံသာနုရက္ခိတတရားကိုစောင့်ထိန်းဖို့၊ အမျိုးဇာတ်ကို မပျက်စီးစေဖို့ဆိုသော လူမျိုးတစ်မျိုး၏ဂုဏ်ရည်

www.burmeseclassic.com



များကို အလေးအနက်ထားစေချင်သည်။ ကိုသန့်စင် တွေ့ကြုံဖြတ်သန်းခဲ့ရသော ဘဝအတွေ့အကြုံများ သမိုင်းသင်ခန်းစာများက ကိုသန့်စင်ကိုလွှမ်းမိုးနေသည်။

အဆိုးဝါးဆုံးမှာ ဆူဇန်ကိုချစ်နေမိသော ချစ်စိတ်ပင်ဖြစ်ပါလေ၏။မယ်ဖုရား၏အမျိုးစောင့်တရားနှင့် ယဉ်ကျေးမှုတန်ဘိုးသဘောတရားအရဆိုလျှင်မယ်ဖုရားလက်ဆက်စေလိုသော ခင်ခင်ဦးနှင့် လက်ထပ်ခဲ့ပါလျှင် အကောင်းဆုံးဖြစ်မည်။

"အစ်ကို ၂၁မိုင်ရောက်ပြီခဏနားရအောင်"

ကားဆရာသတိပေးမှ ကိုသန့်စင် အတွေးရပ်သွားသည်။ ဂျစ်ကားပေါ်မှ ခရီးသည်များအားလုံးဆင်းကြပြီ။ ကိုသန့်စင် လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။ ၂၁မိုင်ကိုရောက်သည်နှင့်ရာသီဥတုကအေးစိမ့်လာခဲ့ပြီ။ မန္တလေးမြို့တွင်ရှိစဉ်ကပူလောင်သောအတွေ့အထိနှင့် ယခုအတွေ့အထိကမတူစိတ်ကိုကြည်လင်လာစေသည်။ ဈေးတန်းအနီးမှဖြတ်သွန်းစီးဆင်းနေသောစမ်းရေစီးသံကိုကြားနေရသည်။ စားပွဲထိုးမိန်းခလေးတစ်ဦးက

"ဘာသုံးဆောင်မလဲ"

"ပေါင်မုန့်ထောပတ်သုတ်တစ်ပွဲနဲ့ နွားနို့"

ဆူဇန်နှင့်အတူ အမြဲစားရတတ်သော ပေါင်မုန့်ထောပတ်သုတ်ကို မှာဖြစ်သည်။ မကြာမီ နွားနို့တစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ်ရောက်လာသည်။ အချို့သော မေမြို့ဘက်မှဆင်းလာသောကားများကို ကိုသန့်စင်မြင်နေရသည်။

မေမြို့မှထွက်သော မုန်လာခြင်းများ၊ ပန်းမျိုးစုံများကို အင်ဖက်နှင့် ထုပ်ပိုး၍ ကားအပြည့်တင်ဆောင်လာခြင်းကိုမြင်နေရသည်။ မကြာမီ ကိုသန့်စင်တို့ ကားလည်းထွက်ခွာလာသည်။ ထင်းရှူးရနံ့၊ ယူကလစ်နံ့ထုံသင်းသော မေမြို့ကိုရောက်တော့သည်။ ကျောက်တောင်စေတီနှင့် လွတ်လပ်ရေးကျောက်တိုင်ကိုမြင်ရပြီ။ ပုစဉ်းရင်ကွဲများ၏ အော်မြည်သံကို ကြားနေရသည်။ ထင်းရှူးတောကိုဖြတ်၍ တိုက်လာသောလေသံသည် တရှဲရှဲမြည်လျက်။ ကားဆရာက

"အစ်ကို ဘယ်မှာဆင်းမလဲ"

"မြို့ပတ်လမ်းက စိမ်းလဲ့ဂေဟာခြံပါ"

"ဒါဆိုရင် အစ်ကို့အိမ်အရင်ပို့ပေးပါ့မယ်"

ကားဆရာက စိမ်းလဲ့ဂေဟာခြံကို အရင်မောင်းသည်။ စိမ်းလဲ့ဂေဟာခြံ အပေါက်ဝမှာပင် ကိုသန့်စင်ဆင်းသည်။ အပိုပစ္စည်း ဘာမျှမပါ။ အဝတ်ထည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်တစ်လုံးသာပါလာသည်။

ကိုသန့်စင်ခြံဝမှ ခြံအတွင်းဘက်ကို ကြည့်မိသည်။ အိမ်ရှေ့တွင်ဂျစ်ကားတစ်စင်းရပ်ထား၍ ဧည့်သည်ရောက်နေသည် ဟုကိုသန့်စင် သိလိုက်သည်။ ခြံတံခါးကို ဖွင့်ထား၍ အသာပင်ဝင်လာခဲ့သည်။

တံခါးဝမှအထဲသို့ ကြည့်သောအခါ ဆာဂျင်ဗဟာဒူး၊ ဦးချတ္တရီ၊ ဆူဇန်နှင့် အခြားဧည့်သည်သုံးဦးကိုတွေ့သည်။

ကိုသန့်စင်က အိမ်အတွင်းမဝင်သေးဘဲ စိမ်းလဲ့ဂေဟာခြံကြီးကို လှည့်ပတ်ကြည့်မိသည်။ မြင့်မားသော ခါတော်မီပင်ကြီးမှ ဖူးပွင့်စအပွင့်များနှင့်လှပနေသည်။ခါတော်မီပွင့်ချိန်မို့ချယ်ရီပင်များကအရွက်စိမ်းစိမ်းတို့သာဖုံးလွှမ်းနေသည်။ ဒေလီယာ၊ သစ္စာပန်း၊ဂန္ဓမာစသောအပင်များကအပွင့်ရောင်စုံဖြင့်လှပနေပါ၏။ ထိုအခိုက် ဆူဇန်၊ကိုသန့်စင်ကိုမြင်သွားသည်။

"ဟာ. . အစ်ကိုသန့်စင်"

ဆူဇန်ထိုင်နေရာမှ ဧည့်သည်များကို ခွင့်ပန်၍ကိုသန့်စင်ရှိရာသို့ထွက်လာသည်။ ဦးချတ္တရီလည်းနောက်မှလိုက်လာခဲ့သည်။

"မောင်သန့်စင် မင်းကလည်းပျောက်သွားလိုက်တာကွာ။ ဘယ်ဆက်သွယ်ရမှန်းလည်းမသိ"

"ဟုတ်သားပဲ အစ်ကိုက"

"လာကွာ. . အိမ်ထဲဝင်ထိုင်ဦး"

"ဟုတ်ကဲ့ဧည့်သည်တွေ အားနားတာနဲ့ခြံထဲလျှောက်ကြည့်နေမိတာ"

စစ်ယူနီဖောင်းဝတ်ထားသော ဆာဂျင်ဗဟာဒူးက ကိုသန့်စင်ကိုလက်ဆွဲနှုတ်ဆက်သည်။

"မတွေ့တာကြာပြီနော် ကိုသန့်စင်"

"ဟုတ်ပါ့ဗျာ။ ကျွန်တော်ကဆရာတို့ရှေ့တန်းထွက်နေတယ်မှတ်တာ"

"ဟုတ်ပါတယ် ကိုသန့်စင်။ ကိစ္စလေးရှိလို့နောက်တန်းပြန်ရင်းဒီကိုရောက်လာတာ။ ကိစ္စပြီးရင်တော့ရှေ့တန်းပြန်သွားရမယ်။ အခုလည်းစစ်ရေးက သိပ်အရေးကြီးနေတာ။တိုက်ပွဲသေနင်္ဂဗျူဟာမှားသွားတာလဲပါတာပေါ့"

"ဗျာ. . ဘယ်လိုမှားသွားတာလဲ"

"ပထမ နဂါးနိုင်စင် ဆင်ရေးတုန်းက စစ်ဗျူဟာမှူးကဗိုလ်မှူးချုပ်ဘလိတ်ကွပ်ကဲတာ။

လွဲသွားတာကတရုတ်ဖြူတွေစီးထားတဲ့တောင်ကုန်းတစ်ခုကိုတပ်မတော်က သိမ်းပြီးပြည်ထောင်စုအလံစိုက်ထားရာက ဖြစ်သွားတာပဲ။ ဒီအကြောင်းပြောဖို့ နည်းနည်းတော့ခက်တယ်။ အခုတော့ ရန်ကြီးအောင်တိုက်ပွဲဆိုပြီး ပြန်တိုက်နေကြပါပြီ။

ကျွန်တော်တို့တပ်ရင်းက ကျေးတုံမှာ

www.burmeseclassic.com

www.burmeseclassic.com



တပ်စွဲထားတယ်။ တပ်ရင်းမှူးက တပ်ကိစ္စတာဝန်ပေးလို့ထွက်လာရတာ၊ ကြုံတုန်း ဦးလေးတို့ဆီခဏဝင်တယ်ဆိုပါတော့။

ကျွန်တော်မရှိတုန်း ကိုသန့်စင် ဦးတို့ဆီဝင်ထွက်ပြီးအဖော်ပြုပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုတော့ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး။

ဦးလေးနဲ့ဆူဇန် ကျွန်တော်တို့ကိုသွားခွင့်ပြုပါ"

"ဖြည်းဖြည်းနော် ဆာဂျင်"

ပြောပြောဆိုဆို ဆာဂျင်ဗဟာဒူးနှင့်အတူစည့်သည်များထွက်သွားကြပြီ။

ကိုသန့်စင်၊ ဦးချတ္တရီနှင့် ဆူဇန်တို့သုံးဦးသာ စိမ်းလဲ့ဂေဟာအိမ်အတွင်းကျန်ရစ်သည်။ ကိုသန့်စင် ဆာဂျင်ဗဟာဒူးကို အိမ်အပြင်ထိလိုက်ပို့သည်။

"အစ်ကိုသန့်စင် ကျွန်တော်မရှိတုန်း ဦးလေးနဲ့ဆူဇန်ကို စောင့်ရှောက်ပေးပါဗျာ"

"ကျွန်တော်တို့ဟာ ဆွေမျိုးတွေလို မိသားစုလိုနေလာခဲ့တာကြာခဲ့ပြီပဲ။ ဒီအတွက်တော့ ကျွန်တော့်ကိုစိတ်ချပါဆာဂျင်"

"ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော်တို့သွားပြီနော်"

ဆာဂျင်ဗဟာဒူးတို့ ဂျစ်ကားလေး ထွက်ခွာသွားခဲ့ပြီ။ ကိုသန့်စင်ဧည့်ခန်းအတွင်းသို့ ပြန်ဝင်လာခဲ့သည်။

"ဆူဇန် ကိုယ့်ကိုထမင်းမကျွေးချင်ဘူးလား။ ကိုယ့်ထမင်းမစားခဲ့ရသေးဘူး"

"ဟဲ့. . သမီး။ အဖေနဲ့ညည်းအစ်ကိုအတွက်ထမင်းပြင်လိုက်ပါကွယ်"

"ခဏစောင့်နော် အစ်ကို၊ ဆူဇန်သွားပြင်လိုက်ဦးမယ်"

ဆူဇန်က ကိုသန့်စင်အတွက် ထမင်းပွဲပြင်ရန် မီးဖိုဆောင်ဖက်သို့ကူးသွားသည်။ ဦးချတ္တရီစကားပြောရန်အားယူနေမိသည်။

"မောင်သန့်စင် မင်းကဦးတို့နဲ့မိသားစုလိုဖြစ်နေတာဆိုတော့သိသင့်တယ်ထင်လို့ ဦးပြောပြမယ်။ တခြားတော့ မဟုတ်ဘူး မောင်သန့်စင်။ မင်းနှမဆူဇန်ကိစ္စပါ"

"တောင်းပန်ပါတယ် ဦးရယ်။ အရင်တစ်ခေါက်ကတည်းက ဦးပြောထားပါလျက်နဲ့ကျွန်တော်လည်းကိစ္စလေးတွေရှိနေတာနဲ့မရောက်ဖြစ်ဘူး။ အခုပြောကြတာပေါ့"

"ဦးလည်း အသက်ကြီးလာပြီမဟုတ်လား။ဦးမှာလည်းဒီသမီးလေးတစ်ယောက်ပဲရှိတာ။ အဲဒါဦးမျက်စိမမှိတ်ခင် သမီးကိုအိမ်ထောင်ချထားပေးဖို့ ဦးစဉ်းစားမိတာပါ"

"အရင်တစ်ခါဦးပြောကတည်းက ကျွန်တော်ခန့်မှန်းမိပါတယ်"

"ဟုတ်တယ်မောင်သန့်စင်။ အဲဒီကိစ္စ

www.burmeseclassic.com



မင်းနဲ့တိုင်ပင်ချင်တာ။ မင်းက ရုတ်တရက် ပျောက်သွားတော့ ဦးမှာဘာလုပ်လို့လုပ်ရ မှန်းမသိဘူးဖြစ်သွားတယ်။

ဒါနဲ့ဦးဖာသာ သမီးကိုမေးတော့သမီး ကအဖေ့ရဲ့ဆုံးဖြတ်တဲ့အတိုင်းလိုက်နာပါ့ မယ်လို့ ကတိပေးတယ်လေ"

"ဦးက ဘယ်သူ့ကိုများမြင်မိလို့လဲ"

"ပထမ ဦးစဉ်းစားမိတာက တို့လူမျိုး ရဲ့ယဉ်ကျေးမှုပေါ့။ မေမြို့မှာကမင်းလည်း သိတဲ့အတိုင်းတို့လူမျိုးတွေကအများကြီး ရှိနေတာမဟုတ်လား။ တို့လူမျိုးတစ် ယောက်ယောက်နဲ့သမီးကို ထိမ်းမြား ပေးမယ်ဆိုတဲ့အချက်ဟာ နံပါတ်တစ် အရေးကြီးဆုံးပဲပေါ့ကွာ"

ကိုသန့်စင် ဦးချတ္တရီ၏စကားကို နားထောင်ရင်း မေမြို့၏အအေးဓာတ်ကို အံတု၍ ချွေးသီးချွေးပေါက်များ ထွက်လာ သည်။ နှလုံးခုန်နှုန်းကလည်း တဒုန်းဒုန်း။ ဤန္ဓေပျက်မသွားအောင် မနည်းထိန်းချုပ် နေရသည်။

"ဟုတ်. . ဟုတ်တာပေါ့ဦးရယ်"

ကိုသန့်စင် ဟုတ်ဟုသာပြောလိုက် မိသည်။ စိတ်လွတ်လက်လွတ်သာဆိုလျှင် ထိုင်နေရာမှထပြေးမိမှာ အမှန်ဖြစ်သည်။ ယဉ်ကျေးမှုဆိုသောနှောင်ကြိုးကကိုသန့်စင် ကိုတုပ်နှောင်ထားသလိုခံစားနေရသည်။

"နောက်ပြီး တို့လူမျိုးရဲ့ရိုးရာယဉ်ကျေး မှုအရ သမီးမိန်းခလေးကို မိဘများက ထိမ်းမြားပေးရတဲ့ ထုံးတမ်းစဉ်လာလည်း ရှိနေတာဆိုတော့ ဦးလည်းဆာဂျင်ဗဟာဒူး ကိုပြေးမြင်မိတယ်။ အဲဒါ ခုလေးတင်ပဲ တို့လူမျိုးရဲ့ယဉ်ကျေးမှုထုံးတမ်းအရ သမီး ဆူဇန်ကိုဆာဂျင်ဗဟာဒူးနဲ့ လက်ထပ်ပေး ဖို့ပြောလိုက်ပြီ မောင်သန့်စင်"

"ဩော်. . ဒါကြောင့် ဆာဂျင်ဗဟာဒူး ကကျွန်တော့်ကိုတတွတ်တွတ်မှာနေတာကို"

"ဘာမှာသွားလို့လဲ မောင်သန့်စင်"

"ဟင်. . ဟင်. . ဦးနဲ့ဆူဇန်ကို သူ့ကိုယ်စားစောင့်ရှောက်ပေးဖို့ပါဦးလေး"

"ဘယ်လိုလဲ ဦးရွေးချယ်မှုမှန်တယ် မဟုတ်လား"

ဦးချတ္တရီ၏ စကားများကအဆုံး သတ်သွားခဲ့ပြီ။ ကိုသန့်စင်၏နှလုံးအိမ် တွင်ဆို့နင့်ကြေကွဲရပါ၏။ သို့သော်

"စိတ်ချပါ ဦး။ ဆူဇန့်မင်္ဂလာကိစ္စကို ကျွန်တော်စွမ်းအားရှိသမျှတင့်တင့်တယ်တယ် ဖြစ်အောင်အစ်ကိုတစ်ယောက်လိုကူညီပေး ပါ့မယ်"

"ကျေးဇူးတင်ပါတယ် မောင်သန့်စင်"

"အဖေနဲ့အစ်ကို ထမင်းပြင်ပြီးပြီ"

ဆူဇန်ကထမင်းပြင်ပြီး၍ခေါ်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာ မောင်သန့်စင်၊ဦးတို့ထမင်းစား ရအောင်"

သုံးယောက်စားသောထမင်းဝိုင်းက တိတ်ဆိတ်နေသည်။ သို့သော်ကိုသန့်စင် နှင့်ဆူဇန့်ရင်ထဲတွင်တော့ အပြင်လောက နှင့်ဆန့်ကျင်ဘက်ပါတကား။

× × × ×

"မင်းတို့မောင်နှမ အိမ်မှာနေရစ်ကြ ဦး။ ဦးဘုရားကျောင်းဘက်သွားလိုက် ဦးမယ်။ အသက်ကြီးလာတော့ ဒါလည်း အရေးကြီးတယ်မဟုတ်လား။ မောင်နှမ ငြင်းရင်းခုန်ရင်းစကားများမနေကြနဲ့ဦးနော်။ ကဲ. . ကဲ. . ဦးသွားပြီ"

ဦးချတ္တရီ ဘုရားကျောင်းသို့ထွက် သွားခဲ့ပြီ။

"အစ်ကို. . "

စိတ်မကောင်းစွာခေါ်လိုက်သော ဆူဇန့်အသံက တောင်းပန်လိုက်သလိုဖြစ် နေသည်။

"ကိုယ်နားလည်ပါတယ် ဆူဇန်"

ခေတ္တမျှ တိတ်ဆိတ်သွားပြန်သည်။ ထို့နောက်ကိုသန့်စင်က ဖြည်းလေးစွာ စကားစသည်။

"ဆူဇန်ပြောခဲ့ဖူးတဲ့ စကားတွေကို ကိုယ်မှတ်မိပါတယ်။ နွေမှာပွင့်တဲ့ပန်းတွေ ဟာဆောင်းမှာမပွင့်နိုင်ကြဘူး။ ဆောင်းမှာ ပွင့်တဲ့ပန်းတွေဟာလည်းနွေမှာမပွင့်နိုင်ဘူး။ တကယ်လို့ပွင့်လာခဲ့မယ်ဆိုရင်လည်း မျိုးရိုး ဗီဇဖောက်ပြန်လို့သာဖြစ်လိမ့်မယ်ဆိုတာ လေ။အဲဒီကတည်းကကိုယ်သဘောပေါက် ထားပြီးသားပါ။ ဒါပေမဲ့လည်း ဆူဇန့် အနားမှာအခြားယောကျ်ားတစ်ယောက် ရောက်မလာသေးသ၍ကိုယ့်မှာမျှော်လင့်ချက် ရှိခဲ့တယ်။

သူ့ရဲကောင်းဆိုတာ နှလုံးသားခံစား ချက်ထက်ဦးနှောက်အတွေးအမြင်ကိုဦးစား ပေးသင့်တာမဟုတ်လား။ ကိုယ်ကသူ့ရဲ ကောင်းတစ်ယောက်မဖြစ်ခဲ့ဘူးလေ။ကိုယ် ယောကျ်ားကောင်းတစ်ယောက်တော့ဖြစ် ရလိမ့်မယ် ဆူဇန်။ ကိုယ်ကဗုဒ္ဓဘာသာဝင် တစ်ယောက်မဟုတ်လား။ ကိုယ်ဘယ်လိုပဲ ဖြစ်နေနေ သံသရာကိုတော့ကြောက်ရလိမ့် မယ်။

နောက်ပြီး ဆူဇန်တို့လူမျိုးရဲ့ယဉ်ကျေး မှုနဲ့ ကျင့်ဝတ်ဗေဒကို ကိုယ်တန်ဖိုးထား လေးစားရလိမ့်မယ်။ ကိုယ်ပြန်တော့မယ် ဆူဇန်။ ငါ့နှမရဲ့မင်္ဂလာဖိတ်စာကို ကိုယ့်ဆီ ပို့ပေးပါ။ ကိုယ် အစ်ကိုတစ်ယောက်အဖြစ် လာပြီးချီးမြှင့်ပါရစေ"

ဆူဇန့်တွင်ပြောစရာမရှိတော့ပေ ပြီလား။ကိုသန့်စင်ဆူဇန့်ကိုကျောခိုင်းထွက် ခွာလာခဲ့သည်။ မြို့ထဲရောက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆူဇန်စိုက်ပျိုးထားသောပန်းတို့ကလှောင်ပြီး များနှင့်ကြည့်နေကြမည်လားကိုသန့်စင် မစဉ်းစားချင်ပါ။ သေချာသည်က ကိုသန့် စင် ဆူဇန်ကိုစကားတွေပြောနေဆဲပါလေ။

"ကိုယ်က သူရဲကောင်းမဟုတ်ဘူး။ တကယ့်သူရဲကောင်းဟာ ဆူဇန်နဲ့မကြာခင် လက်ထပ်ရကော့မယ့် ဆာဂျင်ဗဟာဒူးပါ ဆူဇန်။

မြန်မာနိုင်ငံကို ကျူးကျော်လာတဲ့ ဘရုတ်ဖြူတွေကို အသက်စွန့်တိုက်ပွဲဝင် နေကြတဲ့တပ်မတော်သားတွေဟာတကယ့် သူရဲကောင်းအစစ်တွေပါ။

သူရဲကောင်းတစ်ယောက်ရဲ့ ဘဝကြင် ဖော်ဖြစ်လာမယ့်ဆူဇန်ဟာ ပါရမီဖြည့် ဖက်တွေရဲ့ ပေးဆပ်ရင်းနှီးမှုတွေကိုမညည်း မညူဖြည့်ဆည်းနိုင်ပါစေ ဆူဇန်"

ကိုသန့်စင်တွေးရင်း ကျေနပ်စွာပြုံး လိုက်သည်။ နွေတွင်ပွင့်သော ပန်းများ ဆောင်းတွင်မပွင့်နိုင်။ဆောင်းတွင်ပွင့်သော ပန်းများသည်လည်း နွေတွင်မပွင့်နိုင်ကြ။ ကိုသန့်စင်ရင်၌ပွင့်သော မေတ္တာပန်းတို့ သည်ကား ရာသီမရွေးပွင့်လန်းနေကို ဆူဇန်သိမှသိပါလေစ။

■

## ဖြေဆည်ရာ

အချစ်စိတ်ကြောင့် ညှိုးချုံးနေသော ကိုသန့်စင် စိတ်၏ဖြေရာကိုရှာသည်။ မတွေ့။ ဆူဇန်ကို စွဲလမ်းနေသောဥပါဒါန် တရားကသာလွှမ်းမိုးနေသည်။ ပုဂ္ဂလိက ခံစားမှုကလည်းပူလောင်နေသည်။ မြန်မာ ပြည်တရုတ်ဖြူကျူးကျော်စစ်အတွက်လည်း ပူပန်စိတ်ဖြစ်ရသည်။

စိတ်၏ဖြေရာကို တွေ့လိုတွေ့ညား ကောလိပ်နယ်မြေမှာသာ အချိန်ကုန်ဖြစ် သည်။ လူပျော့လူညံ့သာလျှင် အချစ်၏မီး တောက်မီးလျှံတွင် ပျက်စီးခံတတ်သည်ကို ကိုသန့်စင်နားလည်သည်။ သူ၏အချစ် သည် အောက်တန်းကျသော အတ္တစိတ်မှ အထက်တန်းကျသော ပရစိတ်ကိုပြောင်း လဲပစ်ရန်ကြိုးစားကြည့်သည်။ အချစ်သည် အတ္တ၊ မေတ္တာစိတ်သည်သာလျှင် ပရ စိတ်ဖြစ်၏ အချစ်သည်ပူလောင်သည်။ မေတ္တာစိတ်ကအေးမြသည်။ ဆူဇန်၏ အကျိုးစီးပွားဖြစ်စေနိုင်သောအကြောင်း ကိုအစားထိုးကြည့်သည်။

ဆာဂျင်ဗဟာဒူးသည် တိုင်းပြည်၏ သားကောင်းတစ်ယောက်။ ဆူဇန်သည် လည်းတိုင်းပြည်အတွက် စွန့်လွှတ်တိုက်ပွဲ ဝင်ခဲ့သူတစ်ဦးမဟုတ်ပါလော။ ထိုသူ နှစ်ဦးတို့၏ပေါင်းစည်းခြင်းသည်ကိုသန့်စင်

www.burmeseclassic.com

www.burmeseclassic.com



အတွက် မုဒိတာပွားရန်မဖြစ်နိုင်စရာ အကြောင်းမရှိ။ မိမိ၏အတ္တကိုဖယ်ခွာလိုသောစိတ်စေတသိတ်ရားများကို မိမိ၏စိတ်၏တည်ရာမှီရာဖြစ်အောင် အာရုံကိုပြောင်းလဲပစ်သည်။

ရာဇဝင်စာကြည့်တိုက်ခန်းမကြီးထဲမှာ အချိန်ကုန်လွန်စေသည်။ သူတင်ရမည့်စာတမ်းအတွက်၊ စာအုပ်များကို ရှာဖွေဖတ်ရှုရသည်။စာအုပ်စာပေကို မွေ့လျော်စိတ်ဖြစ်အောင် မွေးမြူရသည်။ အချစ်စိတ်ကြောင့် ညှိုးချုံးလောင်ကျွမ်းခြင်းသည် စွမ်းအားများကို ပျက်စီးစေသည်။ စာအုပ်စာပေများထဲမှ စိတ်စွမ်းအင်ကိုရှာဖွေသည်။

သူတင်သွင်းရမည့် စာတမ်းသည် "တရုတ်မြန်မာစစ်ပွဲများ"ဆိုသောခေါင်းစဉ်ဖြစ်သည်။ တက္ကသိုလ်ပညာရှင်ဆရာကြီးများက ကိုသန့်စင်အား ဤခေါင်းစဉ်ကို အဘယ့်ကြောင့်ပေးခဲ့ပါသနည်း။ "တရုတ်မြန်မာစစ်ပွဲများ"စာတမ်းကိုသမိုင်းစာတမ်းတစ်စောင်ဖြစ်အောင်ကိုသန့်စင်စာအုပ်များကို ရှာဖွေဖတ်ရှုရသည်။

စာအုပ်စာပေများကို ရှာဖွေဖတ်ရှုခြင်းဖြင့်စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ စာအုပ်များသည်သာ မိတ်ကောင်းဆွေကောင်းဖြစ်ပါလေ၏။

ရာဇဝင်ခန်းမကြီးထဲ၌ စာအုပ်များကပေါ်များသည် အချို့သောစာအုပ်ကြီးများသည် စားပွဲကြီးတစ်ချပ်ခန့်ကြီးမားသောစာအုပ်ကြီးများဖြစ်သည်။ ရှေးရှေးကျောက်ခေတ်လူသားများ၏။ ကုန်ထုတ်လုပ်သောကျောက်လက်နက်များလည်းရှိသည်။ ရှေးရှေးသမိုင်းမတင်မီက ပျောက်ကွယ်သွားခဲ့သော ဒိုင်နိုဆောလိုရှေးဟောင်းသတ္တဝါကြီးများ၏ အရိုးစုများလည်းရှိသည်။

စာကြည့်တိုက်အတွင်းသို့ ကိုသန့်စင်ဝင်ရောက်မိသည်နှင့် ကမ္ဘာသစ်တစ်ခုကိုရှာဖွေတွေ့ရှိသလို ခံစားရသည်။ကိုသန့်စင်သမိုင်းစာတမ်းအတွက် ဖတ်ရှုသင့်သည့်စာအုပ်ခေါင်းစဉ်များကိုဆရာများကဝိုင်းဝန်းအကြံပေးကြသည်။

မြန်မာ့သမိုင်းဆရာများ၏ စာအုပ်များနှင့်မြန်မာ့သမိုင်းကိုရေးသားခဲ့ကြသောနိုင်ငံတကာသမိုင်းပညာရှင်များ၏ သမိုင်းစာအုပ်များလည်းပါဝင်သည်။

ကိုသန့်စင် စာအုပ်များကိုစိတ်ဝင်စားစွာရှာဖွေနေစဉ် ချိတ်ထမီ အဝါရောင်တွင် အရောင်မျိုးစုံဖြင့်ရက်ထားသောအဆင်ကိုဝတ်ထားသူ အကျီအဖြူရောင်လက်ရှည်နှင့် မန္တလေးတော်ပုံဖိနပ်ကိုစီးလျက်၊ ဆံပင်ကိုဘီးစပတ်ပတ်ထား မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မွေးထူထူထဲထဲ၊ နှာတံပေါ်ပေါ်၊ မျက်တောင်ကော့ကော့အသားအရေနုညံ့သော အမျိုးသမီးတစ်ဦးကိုတွေ့လိုက်ရသည်။ သူမ၏ကြန္ဒြေသည်ပညာဖြင့်မွေ့လျော်သော အမျိုးသမီးဖြစ်ကြောင်း ကိုသန့်စင်ခန့်မှန်းမိသည်။

မျက်နှာတွင် ခေတ်ပေါ်မိတ်ကပ်များ လိမ်းခြယ်ထားခြင်းမရှိ။ ပကတိအသားပေါ်တွင်သနပ်ခါးရည်ကြဲကိုသာလိမ်းထားပါ၏။ ထိုသနပ်ခါးရနံ့က ရာဇတ်ခန်းမကြီးအတွင်း၌ထုံသင်းလျက်ရှိ၏။ ထိုအမျိုးသမီးက မည်သူ့ကိုမျှစိတ်ဝင်စားခြင်းမရှိ။ သူစိတ်ဝင်စားသောအရာသည်စာအုပ်များသာလျှင်ဖြစ်ပါလေ၏။

စာကြည့်တိုက်ခန်းမကြီးအတွင်း၌ စာပေမွေ့လျော်သူများသာ ရောက်လာတတ်ကြခြင်းမဟုတ်။ စာပေမွေ့လျော်သောကျောင်းသူများကို ပိုးပန်းလိုသော ကျောင်းသားများလည်းရှိသေးသည်။ စိတ်ဝင်စားစွာ စာအုပ်များကိုရှာဖွေနေသောအမျိုးသမီး၏လွယ်အိတ်ချိတ်ထားခဲ့ရာအပြင်ဖတ်တွင် ထိုအမျိုးသမီး၏ လွယ်အိတ်အတွင်းသို့ ရည်းစားစာထည့်နေသောကျောင်းသားတစ်ဦးကိုရုတ်တရက်မြင်လိုက်ရသည်။ ထိုကျောင်းသားက ကိုသန့်စင်ကို လက်ပြနှုတ်ဆက်သွားသည်ကိုလည်း သတိထားလိုက်မိသည်။

"ဩော် . . "တက္ကသိုလ်ဝန်းကျင်၏ပျော်မွေ့ဖွယ်မြင်ကွင်းများဖြစ်ပါလေ၏။

ကိုသန့်စင်ရှာဖွေနေသော စာအုပ်ဗီရိုရှိရာသို့ အမျိုးသမီးရောက်ရှိလာသည်။ သူရှာဖွေလိုသော စာအုပ်ကိုရှာဖွေသည်။ ကိုသန့်စင်ကလည်း စာအုပ်များကို ရှာဖွေသည် စာအုပ်များကို ဘာသာရပ်အလိုက် အညွှန်းကက်တလောက်များဖြင့် ခွဲခြားထားခြင်းဖြစ်ပါလေ၏။ ကိုသန့်စင်ရှာဖွေနေသောစာအုပ်များသည်သမိုင်းဘာသာရပ်ဆိုင်ရာစာအုပ်များဖြစ်၏။

ထိုအမျိုးသမီးသည်လည်း သမိုင်းဆိုင်ရာစာအုပ်ကို ရှာဖွေနေခြင်းဖြစ်ပါလေ၏။ ကိုသန့်စင်က

"ဆရာမ သမိုင်းအဓိကပဲလား"

အမျိုးသမီးက ကိုသန့်စင်ကိုကြည့်၍ စူးစမ်းသောမျက်လုံးဖြင့် .

"ဟုတ်ပါတယ်"

ထိုသို့ပြောပြီး သူအလိုရှိသောစာအုပ်များကိုသာ ဆက်လက်ရှာဖွေနေသည်။

"ဆရာမ ဘာစာအုပ်ရှာနေတာလဲ"

"ကျွန်တော် ကူရှာပေးပါရစေ"

"ကျွန်မ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး စာအုပ်ရှာနေတာပါ"

"ရှိဦးမလားတော့မသိဘူး။ကျွန်တော်

www.burmeseclassic.com



လည်း အဲဒီစာအုပ်တစ်အုပ်ငှားထားတာ အတော်ကြာနေပြီ"

"ရှင်. ."

"ဆရာမအတွက် သိပ်အရေးကြီးနေလို့လား"

"အရေးကြီးတယ်တော့ မဟုတ်ပါဘူး။ မြန်မာလူမျိုးတစ်ယောက်ဖြစ်ပြီး ကိုယ့်တိုင်းပြည်ရဲ့အရေးကြီးတဲ့စာအုပ် မဖတ်ဖူးရင် ရှက်စရာဖြစ်နေမှာမို့ ဖတ်ထားမလို့ပါ"

ကိုသန့်စင် အမျိုးသမီး၏အဖြေကို စိတ်ဝင်စားသွားသည်။

"အခြားသမိုင်း စာအုပ်တွေလည်း ရှိနေသားပဲ"

"အဲဒီစာအုပ်က ပိုပြီးစုံသလားလို့ပါ"

"ဟုတ်ကဲ့ ကျွန်တော်ကကျွန်တော့် စာတမ်းအတွက်ငှားထားတာပါ"

"ဆရာက ဘယ်ကလဲ"

"ကျွန်တော်လည်း ဆရာမလိုသမိုင်း အဓိကပါ။ ကျွန်တော်တင်ရမယ့်ခေါင်းစဉ်က တရုတ်မြန်မာစစ်ပွဲများပါ"

(ထိုစဉ်ကတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများသည် တစ်ဦးကိုတစ်ဦး ဆရာ၊ ဆရာမဟုခေါ်ကြသည်)

"ဒါဆိုရင် ဆရာကပိုပြီးအရေးကြီးတာပေါ့"

"ကျွန်မအတွက် အခြားဖတ်စရာတွေ ရှိပါသေးတယ်။ ဆရာ့ခေါင်းစဉ်အတွက် G H Luce ရဲ့ Chinese invasion of Burma in the 18th Century စာအုပ်ကိုလည်း ရှာဖတ်ကြည့်ပါလား။ အကြံပေးကြည့်တာပါ"

ကိုသန့်စင် အမျိုးသမီး၏စာဖတ်စွမ်းရည်ကိုသဘောကျသွားသည်။

"ဟုတ်ကဲ့ ကျွန်တော်အဲ့ဒီစာအုပ်ကိုဘယ်မှာရှာနိုင်ပါသလဲ"

"ဒီစာကြည့်တိုက် အင်္ဂလိပ်ဘာသာ စာအုပ်တွေထဲမှာရှိပါတယ်။ လာ. . ကျွန်မ ရှာပေးမယ်"

ကိုသန့်စင် အင်္ဂလိပ်ဘာသာစာအုပ် ကက်တလောက်များရှိရာသို့ ရွှေ့ရှာကြသည်။ ထိုအမျိုးသမီးကပင် ဦးဆောင်ရှာဖွေပေးလေရာ တရုတ်ကျူးကျော်မှုစာအုပ်ကိုတွေ့ရသည်။

"နံပါတ်မှတ်ထားပါဦး ???"

စာကြည့်တိုက်မှူးထံ စာအုပ်နံပါတ်ပြောလိုက်သည်။ စာကြည့်တိုက်မှူးကရှာဖွေပေးလေရာ၊ မကြာမီ-

"ရော့"

"ရှင်တော့ ကံကောင်းတာပဲ။စာကြည့်တိုက်မှူးမှတ်တမ်းယူနေတာလေးစောင့်ယူလိုက်တော့နော် ကျွန်မသွားနှင့်တော့မယ်။ ဪ. . ဒါနဲ့ ဒီကနေ့ညနေ ဒေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာရွှေပြည်ဦးဘတင် ဟောပြောပွဲရှိတယ်။ ဆရာကြီးဟောပြောမယ့် စာတမ်းခေါင်းစဉ်က တရုတ်ဖြူကျူးကျော်မှုတဲ့။ ဆရာ့ခေါင်းစဉ်အတွက် တစ်ခုခုရနိုင်တာပေါ့။ကျွန်မလည်းတက်ဖြစ်လိမ့်မယ့်ထင်တယ်"

ထိုအမျိုးသမီးထွက် ပြောပြောဆိုဆို သွားခဲ့သည်။ ကိုသန့်စင် စာကြည့်တိုက်မှူးထံ စာအုပ်များကိုစာရင်းသွင်း၍ ငှားရမ်းကျန်ရစ်သည်။ ကိုသန့်စင် ထိုအမျိုးသမီး၏အမည်ကိုပင် မမေးလိုက်ရပါချေ။ညနေမိုင်းသမိုင်းဆောင်ရှိဟောပြောပွဲကို နားထောင်ရန် အချိန်စောင့်ရမည်။

စိန်ပန်းပင်များက နီရဲသောအရောင်များဖြင့် ပင်လုံးကျွတ်ပွင့်ဝေနေကြသည်။ အနီရောင်ရင့်ရင့်ဖြင့် ကောလိပ်မြေကိုလွှမ်းခြုံထားပါလေ၏။

သမိုင်းကျောင်းဆောင်၌ ပရိသတ်များတဖွဲဖွဲရောက်လာကြသည်။ ကောလိပ်တစ်ခုပီသစွာ ဟောပြောပွဲများမကြာခဏဆိုသလိုရှိတတ်သည်။ ဟောပြောပွဲများ၌ ဆရာကြီးရွှေပြည်ဦးဘတင်၏ ဟောပြောချက်များကို ကျောင်းသား၊ ကျောင်းသူများကအလွန်နှစ်ခြိုက်ကြသည်။ဆရာကြီးရွှေပြည်ဦးဘတင်အား သက်ရှိအဘိဓာန်ကျမ်းကြီးဟူ၍ဂုဏ်ပြုပြောဆိုကြသည်။ ဆရာကြီးသည်မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ဦးလည်းဖြစ်သည်။

ဟောပြောပွဲကျင်းပမည့် စင်မြင့်ပေါ်တွင် ပါမောက္ခဆရာမောင်သုတက သဘာပတိစားပွဲတွင်ထိုင်လျက်ရှိ၏။ ဆရာကြီးရွှေပြည်ဦးဘတင်သည် ခေါင်းပေါင်းနှင့် ပင်နီတိုက်ပုံလည်ကတုံးကို လည်ပင်းအထိကြယ်သီးများကိုတပ်ထားပါ၏။ အဖြူနှင့်အနက်အကွက်ကြီးကြီးပုဆိုးကိုဝတ်ဆင်ထားသည့် ဆရာကြီး၏ဥပမိရုပ်သည် မြန်မာပီသသောရုပ်သွင်ပင်ဖြစ်ပါလေ၏။ အသားအရည်ကလည်းအညာသားများ၏ အသားအရည်မျိုးဖြစ်သည်။

ကိုသန့်စင် ဟောပြောပွဲအခန်း၏ အလယ်ခုံလောက်တွင် နေရာယူထားသည်။ ဟောပြောပွဲမစမီ ပရိသတ်ကိုလှည့်လည်ကြည့်မိသောအခါ မနက်ပိုင်းကတွေ့မိသောအမျိုးသမီးကို အမျိုးသမီးပရိသတ်များထဲတွင် တွေ့လိုက်မိသည်။

မကြာမီ ဆရာရွှေပြည်ဦးဘတင်၏ ဟောပြောပွဲကို စတင်ကျင်းပသည်။

"ကြွရောက်လာကြတဲ့ ပါမောက္ခများနှင့်ကထိကများ၊ ဆရာ၊ ဆရာမများနဲ့ ကျောင်းသား၊ကျောင်းသူအပေါင်းတို့ အခုအခါမှာ မြန်မာနိုင်ငံတို့[illegible] ကျူးကျော်နေတဲ့[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်မှုဆိုတဲ့ခေါင်းစဉ်နဲ့ ဟောပြောသွားပါ့မယ်။ တရုတ်နဲ့ မြန်မာဟာအိမ်နီးချင်းနိုင်ငံဖြစ်သည်နှင့်အညီ၊ မကြာမကြာကျူးကျော်စစ်ပွဲတွေ ဖြစ်တတ်ပါတယ်။ ကျူးကျော်လာတိုင်းလည်း မြန်မာတွေက ဘယ်တော့မှ အညံ့မခံပါဘူး။

ပထမဆုံး ၁၈ရာစုတုန်းက တရုတ်ဖြူ ကျူးကျော်မှုအကြောင်းကိုပြောပါမယ်။ ရာစုခေတ်နှစ်ခေတ်လောက်ကဆိုတော့ မဝေးသေးတဲ့ ကာလဖြစ်ပါတယ်။ သမိုင်းဆိုတာကိုရာစုခေတ်တွေနဲ့ သတ်မှတ်ပြောဆိုကြပါတယ်။ ရာစုခေတ် နှစ်ခေတ်ဆိုတော့ မဝေးသေးဘူးပေါ့။

အဲဒီအချိန်က ကုန်းဘောင်ခေတ်ဦးကာလအလောင်းမင်းတရားဦးအောင်ဇေယျရဲ့သားကြီး ဆင်ဖြူရှင်လက်ထက်ဖြစ်ပါတယ်။ ၁၇၆၅ခုနှစ် ဆင်ဖြူရှင်ရဲ့တပ်များယိုးဒယားကို စစ်ချီခိုက်အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ တရုတ်တပ်တွေမြန်မာပြည်ကို ထိပါးလာခဲ့ပါတယ်။ ထိပါးလာတဲ့နောက်ခံအကြောင်းက ၁၇၆၅ခုနှစ်မှာ တရုတ်ကုန်သည်ကြီး လောလီဆိုသူဟာ ဗန်းမော်အထက် တာပင်မြစ်ကူးတံတားခင်းလိုတဲ့အကြောင်း ဗန်းမော်မြို့ဝန်ထံ ခွင့်တောင်းပါတယ်။ မြို့ဝန်ကအမိန့်တောင်းခံပြီးမှ ခွင့်ပြုနိုင်မယ်ပြောတာကို လောလီက မခေျမင်ဆက်ဆံတာကြောင့် သူ့ကိုဖမ်းပြီး ရွှေနန်းတော်အဝကိုပို့လိုက်ပါတယ်။

အဝရွှေမြို့တော်က လောလီကိုလွှတ်ပေးလို့ပြန်လာတဲ့အခါ သူ့ရဲ့ကုန်ပစ္စည်းတွေပျောက်ဆုံးကုန်တယ်။ ပြီးတော့ လျော်ကြေးမရဘူးဆိုပြီး မိုင်းဆည် စုံးတူကိုတိုင်ကြားပါတယ်။ ဒါတွင်မကပါဘူး။ ကျိုင်းတုံက လောတာရည်ဆိုသူရဲ့လူတွေနဲ့ မြန်မာများရန်ဖြစ်ကြပါတယ်။ အဲဒီရန်ပွဲမှာ တရုတ်တစ်ယောက်သေသွားခဲ့တယ်။ အဲဒီကိစ္စမှာတရုတ်ကသေတဲ့သူအတွက် လူစားတောင်းတယ်။မြန်မာက မပေးဘူး။ မြန်မာထုံးစံအတိုင်း အသက်ဖိုးတော့ပေးခဲ့ပါတယ်။ ဒါကို တရုတ်တွေက မကျေမနပ်ဖြစ်ပြီး မိုင်းဆည်စုံးတူကိုတိုင်ကြားပါတယ်။

ပရိသတ်ကြီးက တရုတ်နာမည်တွေမှတ်ရတာ တစ်မျိုးဖြစ်နိုင်ပါတယ်။ တရုတ်နာမည်ကလည်းတမျိုးကြီးပဲ။ နောက်ထပ်နာမည်ဆန်းတွေပါပါလိမ့်ဦးမယ်။ စစ်ဖြစ်ရတဲ့အကြောင်းတွေထဲမှ အလောင်းမင်းတရားလက်ထက်ကအရေးနိမ့်သွားကွေ့ရှမ်းတွေ နယ်စပ်မှာထကြွသောင်းကျန်းတဲ့ တစ်ချက်လည်းပါတယ်။ အဲဒီကွေ့ရှမ်းတွေကို မနှိမ်နင်းနိုင်လို့ တရုတ်ကေရာဇ်ထံ

www.burmeseclassic.com



မြန်မာမင်းကအကြောင်းကြားပါတယ်။

ဒီပြင်အကြောင်းကတော့ ပန်းမော်စော်ဘွား၊ သိန္နီစော်ဘွားများနဲ့ ကျိုင်းတုံစော်ဘွားစောစံထူး၊ စောကင်းတို့ကလည်း တရုတ်စစ်သူကြီး စုံးတူကို ရွှေငွေလက်ဆောင်ပဏ္ဏာပေးပြီး မြန်မာ့ပြည်ကိုတိုက်ခိုက်ဖို့ ကုန်းချောစကားပြောပြီးရန်တိုက်ပေးခဲ့တယ်။ ဒါကြောင့် တရုတ်စစ်သူကြီးဟာ မြန်မာပြည်ကို စစ်တိုက်ဖို့တရုတ်ဘုရင်ဦးတည်ဘွား ထံခွင့်တောင်းပါတယ်။

ဒီနေရာမှာ မြန်မာသမိုင်းတွေက တရုတ်ဘုရင်များကိုပြောတဲ့အခါ ဦးတည်ဘွားလို့ပဲရေးတတ်ပါတယ်။ တကယ်တော့ အဲဒီဘုရင်ဟာ မန်ချူးဧကရာဇ် ချင်းလုံဖြစ်ပါတယ်။

၁၇၆၅ခုနှစ်မှာ ပထမအကြိမ် တရုတ်စစ်တပ်များချီတက်လာပါတယ်။ မြန်မာစစ်တပ်က အပြင်းအထန်ပြန်လည် တိုက်ခိုက်တဲ့အခါမှာ တရုတ်စစ်တပ်ကို အုပ်ချုပ်လာတဲ့ဗိုလ်မှူးရှည်တာလောရဲ့နဲ့ တရုတ်တစ်သောင်းကျော်ကျဆုံးပြီး တရုတ်တွေဆုတ်ခွာသွားပါတယ်။

အဲဒီ ပထမစစ်ပွဲမှာ မြန်မာတွေအနိုင်ရလိုက်ပါတယ်"

ဆရာကြီးသည် ခေတ္တနားပြီး ရေတစ်ခွက်သောက်လိုက်သည်။ ပရိသတ်က ငြိမ်သက်စွာ နားထောင်လျှက်ရှိ၏။

"၁၇၆၆ခုနှစ်ရောက်တော့ တရုတ်တပ်တွေဒုတိယအကြိမ် ချီတက်လာပြန်တယ်။ ပထမအကြိမ်ထက် အင်အားပိုကောင်းပါတယ်။ အဲဒီတပ်တွေကို ရင်ဆုတာရည်နဲ့ ဆင်တာလောရဲ တို့ကွပ်ကဲပြီး စန္ဒားကျောင်း ဗန်းမော်ကို ချီတက်လာတယ်။ အဲဒီမှာ မြန်မာဘုရင် ဆင်ဖြူရှင်ရဲ့တပ်မှူး၊ တပ်သားတွေရဲ့ ရဲစွမ်းသတ္တိနဲ့ အကွပ်အကဲကောင်းလို့ တရုတ်စစ်တပ်ရှေ့ကိုဆက်ပြီး မချီတက်နိုင်ခဲ့ပါဘူး။ ဗန်းမော် ကောင်းတုံအရောက်မှာ တရုတ်တွေအတုံးအရုန်းကျဆုံးပြီးတပ်ပျက်သွားခဲ့ရတယ်။ တပ်ပျက်ပြီး ကြုံသလိုဆုတ်ခွာသွားခဲ့ရပါတယ်။

နောက်တစ်ကြိမ် ၁၇၆၇ခုနှစ်မှာ ဘုရင်ချင်းလုံရဲ့ သားမက်ဖြစ်တဲ့ မြင်းခုံရဲ့နဲ့ ညီဖြစ်တဲ့ စူတာလောရဲ့တို့ကိုတပ်မှူးခန့်ပြီး ယခင်ကထက်အင်အားကြီးတဲ့တရုတ်တပ်တွေ မြန်မာနိုင်ငံကိုတတိယအကြိမ်ချီတက်လာပြန်တယ်။ တရုတ်တပ်တွေဟာ သိန္နီနဲ့ ဗန်းမော်ကို ဦးတည်ချီတက်လာပါတယ်။ တရုတ်စစ်သူကြီး မြင်းခုံရဲ့ဟာ ဤတစ်ခါမြန်မာပြည်ကို အကုန်သိမ်းမယ်ဆိုပြီး ကြုံးဝါးချီတက်လာပါတယ်။ ဒီတစ်ကြိမ်စစ်ပွဲမှာ မြန်မာစစ်တပ်ရဲ့တိုက်ပွဲ သေနင်္

www.burmeseclassic.com



ဗျူဟာ အလွန်ကောင်းလှပါတယ်။

ပြောက်ကျား နည်းကိုသုံးခဲ့တယ်။ အင်အားသုံးပြီးလည်းတိုက်တယ်။တကယ့် ပြည်သူ့စစ်ပွဲကြီးလည်းဖြစ်ပါတယ်။ တရုတ်စစ်တပ်ဟာ မေမြို့၊ ဆင်ဂေါင်း အရပ်နဲ့ပုသိမ်ကြီးနယ်ထဲက ဘုတ်၊ သက္ကယ်ကျင်းအထိရောက်လာခဲ့တယ်။

မြန်မာဝန်ကြီး မဟာစည်သူ အအုပ် အချုပ်အကွပ်အကဲကောင်းလို့ တရုတ် စစ်သားတွေ ငတ်ပြတ်ပြီး၊ မြင်းသားပုပ်ကို စားခဲ့ရတဲ့တိုက်ပွဲဖြစ်ခဲ့ရပါတယ်။

ဒီတိုက်ပွဲမှာ တရုတ်စစ်သူကြီး စစ်ရှုံး နိမ့်အရှက်ရပြီးကိုယ့်ကိုယ်ကိုသတ်သေသွား တယ်။ အဲဒီစစ်သူကြီးဟာ *မြင်းခုံရဲခေါ် မင်းယွေ့*ဆိုသူတရုတ်စစ်သူကြီးဖြစ်ပါတယ်။ တတိယစစ်ပွဲမှာလည်း မြန်မာတွေအောင် ပွဲရခဲ့ပါတယ်။

ဒီပွဲမှာ ဦးတည်ဘွားရဲ့ညီ စစ်သူကြီး *စူတာလော*ရဲလည်းတပ်ကို မကွပ်ကဲနိုင်လို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ရတယ်။ မြန်မာတပ်သားတွေဟာ ပထမမင်းယွေ့ ကိုယ့်ကိုယ်ကိုသတ်သေတာကို မသိလိုက် ဘူး။*စူတာလော*ရဲသေသွားတာကိုတော့သိ လိုက်ကြပါတယ်။

အဲဒီတိုက်ပွဲမှာ တိုင်းရင်းသား ပလောင်လူမျိုးတွေဟာ မြန်မာတပ်တွေ နဲ့ပေါင်းပြီး တရုတ်စစ်တပ်တွေကိုလိုက်လံ ချေမှုန်းခဲ့ကြသေးတယ်။

၁၇၆၉ခုနှစ် စတုတ္ထနောက်ဆုံး ဖြစ်ခဲ့တဲ့တိုက်ပွဲကတော့ အလွန်စိတ်ဝင် စားဖို့ ကောင်းပါတယ်။ ဆင်ဖြူရှင်မင်းရဲ့ တိုင်းသူပြည်သားအပေါ် မှာထားတဲ့မင်းကျင့် တရားကို ဒီတိုက်ပွဲမှာတွေ့ရတယ်။ ဒီတိုက် ပွဲမှာတရုတ်စစ်သူကြီး သူကုန်ရဲအာကုန်ရဲနဲ့ ယွန်းကုန်ရဲတပ်မှူးသုံးဦးကွပ်ကဲလာခဲ့ တယ်"

ဆရာကြီး၏ လေသံသည် ပို၍ပို၍ မြင့်တက်လာသည်။ စိတ်ဓာတ်ကလည်း မာကျောလာသည်။ ဟောပြောမှုလည်း ပိုတက်ကြွလာသည်။

"တရုတ်ဘုရင် ဦးတည်ဘွားခေါ် ချင်းလုံဟာ သူ့ရဲ့သားမက်နဲ့ညီပါကျဆုံး ခဲ့ရတဲ့ မြန်မာ့ကျူးကျော်စစ်ကို အင်အား အလုံးအရင်းသုံးလာတော့တယ်။ အရင်က ကြည်းတပ်ကိုသာသုံးပြီး ဒီတစ်ခါရေတပ် ကိုပါ သုံးလာတယ်။

ဗန်းမော်အနီးက ကောင်းတုံခံတပ်ကို ချေမှုန်းဖို့ ချီတက်လာပြန်တယ်။ တရုတ်တို့ ရဲ့ကြည်းတပ်၊ ရေတပ်တွေက ကောင်းတုံ ခံတပ်ကိုသဲသဲမဲမဲတိုက်ခိုက်ကြတယ်။ နယ်စပ်မှာရှိနေတဲ့ မြန်မာတပ်ကိုသူတို့ မထိုးဖောက်နိုင်ခဲ့ပါဘူး။ ကောင်းတုံ

www.burmeseclassic.com

www.burmeseclassic.com



ရေတပ်ခံတပ်ကို ဝိုင်းပတ်ပိတ်ဆို့ထားပေမယ့်ဗလမင်းထင် အကွပ်အကဲကောင်းတဲ့အတွက် ရေတပ်ခံတပ်ကို တရုတ်တပ်တွေ မဝင်ရောက်နိုင်ခဲ့ဘူး။ တရုတ်တပ်တွေကို ပို့ပေးတဲ့ ရိက္ခာလမ်းကြောင်းတွေကို မြန်မာတပ်တွေက ဖြတ်တောက်တိုက်ခိုက်ပစ်တယ်။ တရုတ်တပ်တွေ ရိက္ခာပြတ်စစ်ပန်းလာပါတော့တယ်။ မြန်မာတပ်ကလည်း တိုက်ပွဲနည်းပရိယာယ် ကြွယ်ကြွယ်ဝဝနဲ့ပျောက်ကြားစစ်ကို ပိုင်ပိုင်နိုင်နိုင်သုံးပြီး တရုတ်တပ်တွေကို ချေမှုန်းနိုင်ခဲ့ပြန်တယ်။

တရုတ်စစ်တပ်ဟာစစ်ကို ဆက်မတိုက်နိုင်တော့ပါဘူး။တရုတ်တပ်ကစစ်ပြေငြိမ်းဖို့ ကမ်းလှမ်းလာခဲ့ကြတယ်။ မြန်မာတပ်သားတွေဟာ တရုတ်တပ်အားလုံးကို မြန်မာ့မြေပေါ် ကနေအကုန်ချေမှုန်းပစ်နိုင်တဲ့ စွမ်းအားရှိခဲ့တယ်။

ဖြည့်စွက်ပြီး ပြောချင်ပါသေးတယ်။ ၁၈၁၂ခုနှစ် နပိုလီယံနဲ့ ရုရှားတို့ရဲ့စစ်ပွဲ ဟာ ကမ္ဘာမှာအင်မတန်ကြီးကျယ်တဲ့ စစ်ပွဲကြီးဖြစ်ခဲ့တယ်။ ဆင်ဖြူရှင်လက်ထက် တရုတ်ကျူးကျော်တဲ့ မြန်မာတို့ရဲ့တွန်းလှန်စစ်ဟာ ပြင်သစ်နပိုလီယံစစ်တပ်ကြီး ရုရှားပြည်မှာ အတုံးအရုံးကျဆုံးခဲ့သလို မြန်မာ့မြေမှာ တရုတ်တွေအများကြီးကို ကျဆုံးခဲ့တယ်။ မြန်မာတပ်သားတွေ၊ တပ်မှူးတွေဟာ စစ်မပြေငြိမ်းလိုကြဘူး။ ဒါပေမယ့် စစ်ဝန်ကြီးမဟာသီဟသူရရဲ့အတွေးအမြင်က ငြိမ်းချမ်းရေးဖြစ်နေခဲ့တယ်။ အဲဒီမှာ သမိုင်းတွင်တဲ့ စကားကို ပြောခဲ့ပါသေးတယ်။

ရန်စမတုံး၊ရန်မီးစည်၍ နှစ်ပြည်ထောင်သတ္တဝါအပေါင်းတို့ ချမ်းသာရာမရ။ ဒုက္ခကြီးစွာအဆက်အလက်မပြတ်နိုင်အောင်တွေ့ရချိမ့်မည်။ ယင်းသို့ဖြစ်သောကြောင့် နောက်နောင်အစဉ်အဆက်ပြည်ကြီးနှစ်ပြည်ထောင် သတ္တဝါအပေါင်းတို့သာယာငြိမ်ဝပ်ရမည့်အကြောင်းကို ထောက်၍စစ်ပြေငြိမ်းရန်သဘောတူလိုက်သည်လို့ပြောခဲ့တာကို သမိုင်းပညာရှင်တွေ မှတ်တမ်းတင်ထားခဲ့ပါတယ်။

တရုတ်မြန်မာစစ်ပွဲ လေးကြိမ်စလုံး မြန်မာဘက်က အနိုင်ရခဲ့တယ်။ တရုတ်စစ်သူကြီးတွေ အကြိမ်ကြိမ်ပြောင်းလဲပြီး၊ စစ်ဆင်ခဲ့ပေမယ့် အရှုံးကြီးရှုံးခဲ့ကြရတယ်။ လေးကြိမ်စလုံး မြန်မာတပ်တွေက၊ တရုတ်တပ်တွေကို ရိက္ခာဖြတ်တောက်ဝိုင်းဝန်းပိတ်ဆို့ချေမှုန်းနိုင်ခဲ့ပါတယ်။

စစ်ပွဲသေနင်္ဂဗျူဟာမှာလည်း စစ်ဦးစစ်ဖျားဆိုတာအခက်အလက်သာဖြစ်တယ်၊ အမြစ်ရင်းဖြစ်သော မျိုးရိက္ခာထောက်တပ်မကိုဖြတ်ပိုင်းတူးပစ်လျှင် အခက်

www.burmeseclassic.com

www.burmeseclassic.com



အလက်ဖြစ်သော စစ်ဦးစစ်ဖျားနွမ်းနယ်သွေ့ခြောက်၍ထင်းမီးအစာတိုသလိုရှိလိမ့်မယ်ဆိုတာရှိတယ်။ မြန်မာ့တပ်တွေက ဒီစစ်သေနင်္ဗျူဟာကို ကိုင်စွဲပြီးအောင်ပွဲယူခဲ့တာဖြစ်ပါတယ်။

ဒီစစ်ပွဲတွေမတိုင်မီ အလောင်းမင်းတရားဦးအောင်ဇေယျလက်ထက်ကတည်းက မြန်မာ့တပ်တွေဟာ တိုက်ရည်ခိုက်ရည်စစ်ပွဲအတွေ့အကြုံရင့်ကျက်ခဲ့လို့လို့လည်းယူဆနိုင်ပါတယ်။ မြန်မာတပ်မှူးတွေရဲ့ပူးပေါင်းဆောင်ရွက်မှုကောင်းလို့ တရုတ်တပ်မှူးတွေကို အောင်ပွဲရခြင်းလည်းဖြစ်ပါတယ်။

မြန်မာ့တပ်မတော်သားတွေအတွက်ရောက်လေရာမှာ စားနပ်ရိက္ခာပြည့်စုံပြီးတရုတ်တပ်တွေရောက်လေရာမှာတိုင်းရင်းသားအင်အားစုတွေက ရိက္ခာဖြတ်တောက်ပစ်ခဲ့ကြတာကိုလည်းတွေ့ရတယ်။

နောက်တစ်ချက်က တရုတ်တပ်တွေဟာကျူးကျော်လာသူတွေဖြစ်တယ်။မြန်မာတပ်တွေက ကျူးကျော်စစ်ကိုတွန်းလှန်တိုက်ခိုက်တဲ့တရားသော စစ်ပွဲဖြစ်ပါတယ်၊ တရားတာနဲ့မတရားတာ၊ ခမွန်နဲ့အခမွှရဲ့အားပြိုင်မှုမှာ မတရားတဲ့စစ်ကိုတရားသောစစ်က အောင်နိုင်ခြင်းလည်းဖြစ်ပါတယ်။

ပြောခဲ့တိုက်ပွဲလေးကြိမ် စလုံးမှာကွပ်ကဲခဲ့ကြတဲ့တပ်မှူးတွေက ဗညားဦး၊ သမိန်စက္ကဝေါ၊ ဗညားဒလ၊ ဗညားရဲခေါင်စတဲ့ မွန်လူမျိုးတပ်မှူးတွေပါဝင်ခဲ့တယ်၊ ဒီတပ်မှူးတွေဟာ ဒေသခံတိုင်းရင်းသားတွေနဲ့တစ်စိတ်တည်းတစ်ဝမ်းတည်းပူးပေါင်းနိုင်ခဲ့ပါတယ်။

ဒုတိယ စစ်ပွဲတုန်းက တရုတ်တပ်တွေစန္ဒာအရပ်ကို ချီတက်လာစဉ်မှာ မြန်မာတပ်တွေရဲ့ထိုးစစ်ကြောင့် ခံစစ်အဖြစ်နေရချိန်မှာ ရှမ်းရှစ်ရွာမှာရိက္ခာရှာဖွေခဲ့ကြပေမယ့် ရှမ်းရှစ်ရွာက တရုတ်တပ်ကိုရိက္ခာမပေးခဲ့ပါဘူး။ တရုတ်တွေအစာငတ်ပြီးတောင်ကြားမှာ အတုံးအရုံးကျဆုံးခဲ့ကြရတယ်။

တတိယစစ်ပွဲမှာလည်း တရုတ်တပ်ဝမ်တိန်ဘက်ကိုဆုတ်ခွာကြစဉ်မှာပလောင်တိုင်းရင်းသားတွေက မြန်မာတပ်ကို လမ်းပြပေးခဲ့လို့ တရုတ်စစ်သူကြီးမင်းယွေ့ဦးစီးတဲ့တပ်မရှုမလှ ကျဆုံးတယ်။

မြန်မာတပ်တွေ စစ်အောင်နိုင်တဲ့အကြောင်းတွေထဲမှာ မဟာဗျူဟာ၊ နည်းဗျူဟာကျွမ်းကျင်လို့ ဖြစ်ပါတယ်။ ပြောက်ကျားစစ် ဆင်နွှဲသင့်တဲ့အခါဆင်နွှဲ အင်အားသုံးရင်ဆိုင်တိုက်သင့်တဲ့အခါမှာလည်းသတ္တိပြောင်စွာ စွန့်လွှတ်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့ကြလို့အောင်နိုင်ခြင်းပဲဖြစ်ပါတယ်။

ဟောပြောခဲ့တဲ့အကြောင်းအရာကို လိပ်ပတ်လည်အောင်ပြောရရင်တရုတ်တို့နဲ့ စတုတ္ထစစ်ပွဲမှာ စစ်ပြေငြိမ်းလို့ဆုတ်ခွာသွားတဲ့ အင်အားဟာ မြင်းငါးသောင်း၊ စစ်သည်ငါးသိန်းရှိတယ်။ တရုတ်မြန်မာစစ်ပွဲနဲ့ ပတ်သက်ပြီး သမိုင်းပညာရှင် ဗြိတိသျှနိုင်ငံခြားသား ဟာဗေးက မြန်မာတို့ရဲ့ တရားသောစစ်ပွဲလို့ရေးသားခဲ့ပါတယ်။

ကျွန်တော်ရဲ့ ဟောပြောချက်ကို ဆင်ဖြူရှင်ရဲ့တိုက်ပွဲအပေါ်မှာ ထားရှိတဲ့ သဘောထားနဲ့ခေါင်းဆောင်ပီသမှုကိုပြောပြီးနိဂုံးချုပ်ပါ့မယ်။

တရုတ်တပ်တွေရဲ့ တတိယအကြိမ်ကျူးကျော်လာမှုဟာ စတိုက်တော့ နေပြည်တော်နဲ့နှစ်စခန်း၊ သုံးစခန်းလောက်သာ ဝေးတဲ့ ဘုတ်၊ သက္ကယ်ကျင်းအရပ်ထိ ရောက်ခဲ့တယ်လိုကျွန်တော်ပြောခဲ့တယ်။ ဒီအခါမှာ သားတော်၊ ညီတော်၊ မှူးကြီး၊ မတ်ကြီးတွေက မြေလှန်စနစ်ကျင့်သုံးပြီး ရွာတွေ၊ အိမ်တွေအကုန်ရှင်းပစ်ဖို့၊ အဲဒီနေရာတွေမှာ ခလုတ်၊ ကတုတ်၊ ဆူးငြောင့်၊ တုံးမောင်းတွေစီရင်ပြီး မြို့ပြင်မှာရှိတဲ့ လက်နက်တွေ ရိက္ခာတွေ မြို့တွင်းသွင်းသင့်ကြောင်းလျှောက်တင်ကြတယ်။

ဧရာဝတီ၊ သလ္လဝတီ၊ အကြေအညာ မြစ်တစ်လျှောက် မြောက်ဘက်တလွှာ၊ တောင်ဘက်တစ်တန်းမှာရှိနေတဲ့သူရဲကောင်း မှန်သမျှသိမ်းရုံးစည်းကြပ်ပြီး တပ်အလုံးအရင်းနဲ့နေပြည်တော် အင်းဝကခုခံဖို့ လျှောက်တင်တာ။ ရပ်ရွာတွေအားလုံး ဖယ်ရှားပစ်ဖို့ အကြံပေးကြတယ်။

ဆင်ဖြူရှင်က အဲဒီအစီအမံကို လုံးဝလက်မခံခဲ့ဘူး။ ဆင်ဖြူရှင်ဟာ သမိုင်းကို နားလည်သူဖြစ်တယ်။ သူပြောတဲ့စကားကို နားထောင်ကြည့်ကြပါ။

ဆရာကြီးသည် ရေတစ်ခွက်ကို သောက်လိုက်ပြန်သည်။

"ဆင်ဖြူရှင်ပြောတဲ့စကားက ပျူစောထီး လက်ထက်မှာတစ်ကြိမ်၊ နရသီဟ လက်ထက်မှာတစ်ကြိမ်၊ မင်းခေါင်ကြီး (ပထမမင်းခေါင်) လက်ထက်မှာတစ်ကြိမ်၊ မဟာသီဟသူရ(ပြည်စုန်မင်း) လက်ထက်မှာတစ်ကြိမ်၊ ထူပါရုံဒါယကာ(နရပတိ) လက်ထပ်မှာတစ်ကြိမ်ပင်းတလဲနဲ့ပြည်မင်း လက်ထက်မှာတစ်ကြိမ် အကြိမ်ကြိမ် လာရောက်ကျူးကျော်တိုက်ခိုက်ခဲ့ပေမယ့် ပြန်လည်ဆုတ်ခွာခဲ့ရတာဖြစ်တယ် မောင်မင်းတို့။

သင်းတို့ လက်နက်ကိရိယာ၊ ဗိုလ်ပါ၊ ဆင်၊ မြင်း သုံးစုတစ်စုခန့်သာကျန်သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျက် ယခုတစ်ခါ ချီလာပြန်သည်မှာ၊ ငါ့နိုင်ငံတော်သို့ပေါက်ရောက်သည်ဟူသမျှ တရုတ်အလုံးအရင်းသည် ကံတူအကျိုးပေးသာဖြစ်ချိမ့်မည်။ နေပြည်တော်ပတ်လည်အိမ်ရာကျောင်းကန်များကို မထိမပါး မဖျက်စီးစေနဲ့တိုင်းနေပြည်သူ ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ နေမြဲတိုင်းနေကြစေ။ လုပ်ဆောင်စားသောက်မြဲနေကြပါစေ။ တရုတ်တို့တစ်စုကိုလည်းမည်သူ တစ်ဦးတစ်ယောက်မျှမတားဆီးကြစေနှင့် ခြေတော်ရင်းသို့ အရောက်လာကြစေ။ သကျင်ဝ၊ ရွှေကြက်ယက်လယ်ပြင်သို့ ရောက်သည့်ကာလ ဘေးလောင်းတော် ပျူမင်းထီးကဲ့သို့ငါ့ညီတော်လေးယောက်နှင့် မြစ်ငယ်ကို ဝမ်းဘဲအင်းမြင်တော်အရပ်မှ ကူးပြီးလျှင် တရုတ်တို့တောမှမြက်သစ်ရွက်နှင့်အတူ မရေမတွက်နိုင်ချီလာသည်ကို ငါကိုယ်တော်တိုင်စစ်ထိုး၍ ရွှေကြက်ယက် ကသည်ရွှေတောင်ဦးသို့ ငါကူးတော်မူမည်။

အဲဒီလို ဆင်ဖြူရှင်မင်းက သူ့ရဲတပ်မှူး တပ်သားတွေကိုတည်တည်ငြိမ်ငြိမ်ပြည်သူ တွေရဲ့ရဲရဲနီတဲ့ရဲသွေးဇာတိမာန်ကိုလှုံ့ဆော်ပေးနိုင်ခဲ့တဲ့ မင်းကောင်းမင်းမြတ်ဖြစ်ခဲ့တယ်။

အဲဒါကြောင့် ဘုရင့်တပ်မတော်သား တွေနဲ့ပြည်သူတွေ အားလုံးတစ်စိတ်တည်း တစ်ဝမ်းတည်းကျူးကျော်စစ်ကို တွန်းလှန်နိုင်ခဲ့တယ်။

စစ်ဝန်ကြီးဖြစ်တဲ့ စစ်သူကြီးမဟာသီဟသူရရဲ့ စစ်ပြေငြိမ်းရေးပြန်ကြားချက်ကို ပြောချင်ပါသေးတယ်။

ငါတို့သခင် နေထွက်ဘုရင် အသျှင်မင်းတရားကြီးဟာ မင်းတို့ကျင့်ရာသော တရားအပေါင်းကို အမြဲကျင့်ဆောင်တော်မူသည်ဖြစ်၍ တစ်တိုင်းတစ်နိုင်ငံတစ်ထီးတစ်နန်းဖြစ်သောဥဒည်မင်း၊တိုင်းလည်ပြည်လည်ကိုမဆိုနှင့်ဦးတိုင်းစွန်ပြည်နားကိုမျှ ထိပါးမည်ကိုအလိုတော်မရှိ၊ ဥဒည်မင်းမှာ မူကား ငါတို့ကျွန်တော်မျိုးဗန်းမော် သိန္နီစော်ဘွားငယ် အဆင်ခြင်မဲ့ ပြည်ကြီးနှစ်ပြည်အကြား ကုန်းချောသည့်စကားကို အမှန်ယူပြီးလျှင် လေးကြိမ်တိုင်တိုင်စစ်ကြီးဆင်၍ တို့တိုင်းနိုင်ငံအတွင်းချဉ်းနင်းဝင်ရောက်မှားလေသောကြောင့်တရုတ်စစ်သူကြီး၊ဗိုလ်မှူး၊ တပ်မှူး၊ ပြည်သူတို့နှင့်တကွ တရုတ်စစ်သည်များဆုံးပါးပျက်စီး ဆင်းရဲကြီးစွာတွေ့ကြုံခဲ့လေပြီ။ သုံးနှစ်၊ လေးနှစ်ကိုမဆိုထားလင့် နှစ်တစ်ရာတိုင်တိုင် တိုင်းနိုင်ငံအတွင်းချဉ်းနင်းပေါက်ရောက်လာချေသည်ရှိသော် သည်ကဲ့သို့ပင်ဆင်းရဲ တွေ့ကြလိမ့်မည်မချွတ်တည်း

www.burmeseclassic.com



အဲဒီလိုစစ်ပြေငြိမ်းရေးမှာ မြန်မာစစ်ဝန်ကြီး မဟာသီဟသူရကရေးသား ပြောဆိုခဲ့ပါတယ်။

အခုအခါ မြန်မာနိုင်ငံကို ချန်ကေရှိတ်ရဲ့ကူမင်တန် တရုတ်ဖြူတွေမြန်မာ့မြေကို ကျူးကျော်နေပြန်တယ်။ အတိတ်သမိုင်း အဆက်ဆက်မှာမြန်မာတွေဟာကျူးကျော်လာတဲ့ ဘယ်ရန်သူကိုပဲဖြစ်ဖြစ် တွန်းလှန်တိုက်ခိုက်အောင်ပွဲခံခဲ့ကြတာပဲဖြစ်ပါတယ်။

အခုဆင်နွှဲနေတဲ့ ဘုရင့်နောင်စစ်ဆင်ရေးနှင့် ရန်ကြီးအောင်စစ်ဆင်ရေးကြီးတွေဟာလည်းမုချအောင်ပွဲရပါလိမ့်မယ်လို့ ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်"

ကိုသန့်စင် ဆရာရွှေပြည်ဦးဘတင်ကိုသွား၍ ဂါရဝပြုဖြစ်သည်။သူ့အပြင်အခြားဂါရဝပြုနေသူများရှိနေ၍စောင့်နေရသည်။ ထိုအခိုက်မနက်ကတွေ့ခဲ့သည့် အမျိုးသမီးလည်းလာရောက်ဂါရဝပြုသည်ကိုတွေ့လိုက်သည်။

"ဆရာမ"

"ဩော်. . စာအုပ်အဆင်ပြေတယ်နော်ဆရာ"

"ဟုတ်ကဲ့ဗျ"

"ပွဲမစခင် ဆရာဝင်လာတာ ကျွန်မမြင်မိပါတယ်။ လာနှုတ်ဆက်ဖို့အဆင်မပြေတာနဲ့လေ"

"ရပါတယ် ဆရာမ။ စကားသာပြောနေရတယ်။ ဆရာမနာမည်လည်း မသိရသေးဘူးနော်"

"ဟုတ်သားပဲ။ စာအုပ်အကြောင်းပြောနေမိတာနဲ့ ကိုယ့်ကိုယ်ကိုမိတ်ဆက်ဖို့တောင်မေ့သွားတယ်။ ကျွန်မ ခင်ခင်ဦးပါဆရာ"

"ဗျာ. ."

"ဘာဖြစ်လို့လဲ ဆရာ"

"ဩော် ဘာမှမဖြစ်ပါဘူး။ လူသံတွေနဲ့သိပ်ရှင်းရှင်းလင်းလင်းမကြားလိုက်လို့။ မခင်ခင်ဦးဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"အခန်းထဲမှာ ဆရာမနဲ့နာမည်တူများရှိသေးသလားဗျ"

"မရှိပါဘူးဆရာ။ ကျွန်မတစ်ယောက်ပဲရှိပါတယ်"

သူ၏မယ်ဖုရားက လက်ထပ်ပေးမည်ဆိုသောသမိုင်းအဓိကကျောင်းသူခင်ခင်ဦးနှင့်မိတ်ဆွေဖြစ်ခွင့်ရလိုက်သည်ကတိုက်ဆိုင်လွန်းသည်ဟု ကိုသန့်စင်ခံစားမိလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## တတိယပိုင်း

### ရန်ကြီးအောင်နှင့် သူ့ရဲကောင်းများ

မြန်မာ့တပ်မတော် တပ်ရင်းများသည် ရန်ကြီးအောင်စစ်ဆင်ရေးအတွက် တိုက်ပွဲဝင်ရန်ချီတက်ကြပြီး။ တောအထပ်ထပ်တောင်အသွယ်သွယ် မြစ်အဆင့်ဆင့်ကို အားမာန်များဖြင့် ဖြတ်ကျော်ကြလေပြီ။ စစ်မြေပြင်အတွက် စစ်လက်နက်သည် အရေးကြီး၏။ ရန်သူသည်ခေတ်မီလက်နက်များဖြင့် ကျောက်ဘန်ကာအဆင့်ဆင့်ကိုတည်ဆောက်၍ အခိုင်အမာတပ်စွဲထားပါလေ၏။

မြန်မာ့တပ်မတော်သည် ရေစီးသန်သောသံလွင်မြစ်ကို ဖြတ်ကျော်ရသည်။ သစ်ဖောင်များကိုဖွဲ့၍ အမြောက်၊ သံချပ်ကာကားများကို တင်ဆောင်၍ကူးရသည်။ မြန်မာ့တပ်မတော်စစ်ကြောင်းမှူးကိုယ်တိုင် ရဲဘော်များနှင့်အတူ အိပ်အတူ၊ စားအတူ နားအတူတူ ခရီးကြမ်းကိုဖြတ်သန်းသည်။ တပ်မတော်သားများနှင့်အတူ တောင်ပေါ်နေတိုင်းရင်းသားများက တိုင်းချစ်ပြည်ချစ်မျိုးချစ်စိတ်ဖြင့် ရိက္ခာပစ္စည်း၊ လက်နက်ခဲယမ်းများကို သယ်ပိုးပေးကြလေ၏။

စစ်ကြောင်းမှူးနှင့်အတူ ဝါယာလက်ဆက်သွယ်ရေးအဖွဲ့က ထိုစစ်ဆင်တိုက်ပွဲဝင်ကြမည့်တပ်ရင်းအသီးသီးသို့အမြဲမပြတ်ဆက်သွယ်လျက်ရှိပါလေ၏။ တပ်ရင်း-၄၊ တပ်ရင်း-၅၊ တပ်ရင်း-၆၊ တပ်ရင်းပေါင်းနှစ်ဆယ် စစ်ရဲတပ်ဖွဲ့များသည်ရန်သူတရုတ်ဖြူတို့အခိုင်အမာတပ်စွဲထားရာသို့ဦးတည်ချီတက်လာကြပြီ။ တပ်မတော်သားများကရောက်လေရာတွင် လမ်းတွေဖောက်ရသည်။ တံတားတွေဆောက်ရသည်။

မိုင်းတုံ-မိုင်းဆပ် မော်တော်ကားလမ်းကိုဖောက်သည်။ ချုံနွယ်ပိတ်ပေါင်းများအတွင်းက စေတီပုထိုးဘုရားများကိုပြုပြင်သည်။ ဒေသခံများထာဝရ ပူဇော်နိုင်ရေးအတွက် ဝိုင်းဝန်းပါဝင်ကြသည်။

မိုင်းဆပ်အနီးက လွင်ပြင်ကောင်းသည်။ ထိုလွင်ပြင်မှာ ကျောင်းဆောက်ပေးလျှင် ဝန်းကျင်မှာရှိသော ကျေးရွာများမှကလေးများအတွက် ပညာသင်ကြားရေးလွယ်ကူမည်။ ခက်သည်မှာ ထိုလွင်ပြင်မှာရှေးရှေးဘိုးဘွားများ၏သုသာန်ရှိနေသည်။ ဒေသခံများက သုသာန်ကိုရွှေ့ပစ်ရမည်ကိုမဝံ့မရဲဖြစ်နေကြပြီ။ ရှေးရိုးအစဉ်အလာအစွဲအလန်းကရှိနေသည်။ အစွဲအလမ်းကိုပျောက်ဖို့ ဆွေးနွေးကြရမည်။ ကျေးရွာ

www.burmeseclassic.com

www.burmeseclassic.com



အသီးသီးမှ ရပ်မိရပ်ဖများကို တလေးတစားဖိတ်ကြားရသည်။ ဘုန်းတော်ကြီးကျောင်း၊မဓမ္မာရုံကြီးအတွင်းမှာ စုဝေးရသည်။

တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး××က ရပ်မိရပ်ဖများကို ရင်းရင်းနှီးနှီးတွေ့ဆုံသည်။တိုင်းရင်းသားများဖြစ်နေ၍ဘာသာပြန်တတ်သော ရပ်မိရပ်ဖများကိုနားလည်အောင်ပြောပြရသည်။ ပရိသတ်များက တပ်ရင်းမှူး၏စကားကို နားထောင်နေကြသည်။

"ကျေးရွာအသီးသီးက ဦးကြီးမင်းများခင်ဗျား၊ အခုခေါ်ယူရတဲ့အကြောင်းကတော့ ကျေးရွာက,ကလေးတွေရဲ့ပညာရေးကိစ္စ နောင်အရှည်ကောင်းစေဖို့အတွက်ကျောင်းဆောက်ပေးဖို့ဖြစ်ပါတယ်။ကလေးတွေရဲ့စာသင်ကျောင်းဆိုတော့ရွာအားလုံးနဲ့မနီးမဝေးလည်းဖြစ်ရမယ်။ ကလေးတွေကစားကွင်းလည်းပါရမယ်။ မြေပြန့်ကွင်းပြင်ကျယ်လည်း ဖြစ်ရမယ်။ ဒါကြောင့်အကောင်းဆုံးမြေပြန့်လွင်ပြင်ရှိနေတာက. . "

တပ်ရင်းမှူးသည် မြေပြန့်လွင်ပြင်ကိုလက်ညှိုးထိုးပြသည်။

". . အဲဒီလွင်ပြင်မှာ ကျောင်းဆောက်ပေးချင်တယ်။ဆိုတော့မူလရှိနေတဲ့သုသာန်ကိုဖယ်ပစ်ရမှာဖြစ်ပါတယ်"

တပ်ရင်းမှူးစကားဆုံးသောအခါ ဘာသာပြန်သူက တိုင်းရင်းသားစကားဖြင့်ပြောပြရသည်။ စကားပြန်ပြောပြီးသောအခါ ပရိသတ်များလှုပ်လှုပ်ရွရွဖြစ်လာသည်။ ပရိသတ်ထဲမှ တိုင်းရင်းသားဘာသာစကားဖြင့် ပြန်ပြောသည်။ ထိုသူပြောသောစကားကို ဘာသာပြန်သူကဘာသာပြန်သည်။

သုသာန်ရွှေ့မယ်ဆိုရင် ဝိညာဉ်ဘိုးဘွားများကျေနပ်အောင် လုပ်ရမှာဖြစ်ကြောင်းနှင့် သူတို့နေရာကိုအတီးအမှုတ်အကအခုန်များဖြင့်ရွှေ့ပြောင်းပေးဖို့တင်ပြသွားခြင်းဖြစ်ကြောင်းပြောသည်။

တပ်ရင်းမှူးက အားလုံးအဆင်ပြေအောင်စီစဉ်ပေးမှာဖြစ်ကြောင်း ရှင်းပြရသည်။ တိုင်းရင်းသားများအားလုံး ကျေနပ်သွားကြသည်။ ဝိညာဉ်ဘိုးဘွားများရွှေ့ပြောင်းရေးကို နောက်ရက်များတွင် စီစဉ်သည်။

တပ်မတော်သားများထဲတွင် အတီးအမှုတ်နှင့်အကဝါသနာပါသူများရှိသည်။ သူတို့ကို အိုးစည်ဝိုင်းနှင့် ဆိုင်းအဖွဲ့စီစဉ်ပေးရသည်။ တိုင်းရင်းသားကျေးရွာများကလည်းကိန္နရီမောင်နှံအက၊ ရှမ်းအိုးစည်အဖွဲ့များဖြင့်ပါဝင်ကြသည်။ ကွင်းပြင်ကြီးအတွင်းတွင် အိုးစည်၊ ဗုံမောင်းသံများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပျော်ရွှင်မြူးတူးနေကြသည်။ ရပ်မိ၊ ရပ်ဖ အဘိုးအဘွား အသက်ကြီးသူများက ကန်တော့ပွဲများ၊ ဖယောင်းတိုင်များနှင့် ဝိညာဉ်ဘိုးဘွားများကို တောင်းပန်နေကြသည်။ ဝိညာဉ်အဘိုးအဘွားများအတွက် တပ်မတော်စစ်ကားကြီးလေးစီးကို အသင့်ရပ်ပေးထားရသည်။

မကြာမီ ဒေသခံအဘိုးအဘွားများက ဝိညာဉ်များ ကားပေါ် တက်ကြဖို့ဖိတ်ကြားသည်။ ဝိညာဉ်အဘိုးအဘွားများ၏ ကားများကို ရှေ့ကမောင်းစေသည်။

ရှမ်းအိုးစည်အဖွဲ့ တပ်မတော်သားများ၏ဂီတအဖွဲ့၊ ကိန္နရီမောင်နှံ့အကအဖွဲ့များက နောက်မှတီးမှုတ်ကခုန်၍လိုက်ပါပို့ဆောင်ပေးကြသည်။

ဝိညာဉ်အဖွဲ့နေရာသစ်ကို ရောက်သောအခါ ဝိညာဉ်အဘိုးအဘွားတို့အားဤနေရာသည်မွေ့လျော်ဖွယ်ကောင်းသောနေရာ၊သာတောင်သာယာနေရာဖြစ်ကြောင်း၊ ဒေသခံအဘိုး၊ အဘွားများကပြောပြနေကြသည်။ တပ်မတော်သားများက ဒေသခံများစိတ်ချမ်းသာအောင် အားလုံးဆောင်ရွက်ပေးကြသည်။ အပြန်တွင် တပ်မတော်သားများနှင့် ဒေသခံများ အတူတကွထမင်းလက်ဆုံစားကြသည်။

လွင်ပြင်အတွင်းမှာ အိုးစည်ဝိုင်းနှင့်အတူ တပ်မတော်သားများ ကပြကြသည်။ ဒေသခံကိန္နရီမောင်နှံ့အက ရှမ်းအိုးစည်အဖွဲ့ကလည်းပျော်ရွှင်မြူးတူးကခုန်ကြသည်။

ယခင်သုသာန်လွင်ပြင်မှာ အခြေခံပညာအထက်တန်းကျောင်းကြီးကို တပ်မတော်အင်ဂျင်နီယာတပ်ကတည်ဆောက်ပေးလေသည်။

တိုင်းပြည်သည် ရဲဘော်အတွက်မဟုတ်၊ရဲဘော်သည် တိုင်းပြည်အတွက်ဖြစ်ရမည်ဆိုသောတပ်မတော်ခေါင်းဆောင်များ၏အဆိုအမိန့်အတိုင်းရောက်လေရာတွင် တပ်မတော်သားများသည် ပြည်သူ့အကျိုးကိုဆောင်ရွက်ပေးကြသည်။

ဝိညာဉ်ဘိုးဘွားများကို မော်တော်ယာဉ်မောင်းနှင်ပေးသောကားဆရာ၊ တပ်မတော်သားများကသူတို့ မောင်းနှင်သောကားများပေါ်တွင် ဝိညာဉ်များလိုက်ပါခဲ့ကြောင်းပြောပြသည်။ တပ်မတော်သားများ၏ဆောင် ရွက်ချက်ကိုဝိညာဉ်များကလည်း သဘောတူကျေနပ်နေဟန်ရှိကြောင်းပြောပြသည်။

မြန်မာ့တပ်မတော်သည် နိုင်ငံတော်အတွက် တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်ပွဲဝင်နေကြပြီမဟုတ်တုံလော။ တပ်မတော်သားများသည် ပြည်သူ့အကျိုးစီးပွားကိုရောက်လေရာတွင် ဒေသဖွံ့ဖြိုးရေးကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးရုံတွင်မက မိမိတပ်မတော်၏ပကတိအခြေအနေကိုလည်းတပ်ရင်းမှူးကရှင်းလင်းပြောကြားရသည်။တပ်မတော်စစ်ခေါင်းဆောင်များက တပ်မတော်သားများကို အောက်ခြေအဆင့်မှ နိုင်ငံတော်အဆင့် နိုင်ငံရေးပြဿနာများကိုပါရှင်းလင်းပြောကြားသည်။

ယခုလည်းပြည်သူတို့ အကျိုးစီးပွားကိုဖော်ဆောင်ရင်း အနာဂါတ်တပ်မတော်၏အလားအလာများကို တပ်မတော်သားတိုင်းသိစေရန်၊ တပ်တွင်းရှင်းလင်းပွဲကိုကျင်းပပြုလုပ်သည်။

တပ်မတော်စခန်းချထားရာ ခန်းမဆောင်ကြီးအတွင်းမှာဖြစ်၏။ တပ်ရင်းမှူးနှင့်အတူတပ်ရင်းတပ်ဖွဲ့များမှအရာရှိ၊ အရာခံ၊ အကြပ်တပ်များနေရာယူထားကြသည်။ တပ်ရင်းမှူးက မတ်တပ်ရပ်၍မြေပုံရှိရာကိုထောက်ပြသည်။တရုတ်ဖြူများအခိုင်အမာတပ်စွဲထားသော နေရာများကို မြေပုံတွင်အနီမှတ်များဖြင့်ဝိုင်းပြထားသည်။

"တရုတ်ဖြူ လီဆွမ်ချင်ခေါင်းဆောင်တဲ့ တရုတ်ဖြူများရဲ့ စခန်းခြောက်ခုရှိတယ်။ အဲဒီစခန်းတွေမှာကျောက်ဘန်ကာတွေနဲ့တည်ဆောက်ထားတာဖြစ်တယ်။ အဲဒီကျောက်ဘန်ကာတွေကိုတို့ရဲ့ ၂၅ ပေါင်ဒါ၊ ၆ပေါင်ဒါလက်နက်ကြီးတွေနဲ့ ထိမှန်အောင်ဖြိုခွင်းလို့ရှိရင် အပေါ်ဘန်ကာပြိုကျသွားလိမ့်မယ်။ အပေါ်ဘန်ကာပြိုကျပေမယ့် အောက်ဘန်ဘာထဲမှာရှိနေတဲ့စက်သေနတ်တွေရှိနေဦးမယ်။ ပန်လွယ်၊ ဆူနွယ်၊ မန်တွန်တောင်ကုန်းတွေပေါ်မှာလည်း တရုတ်ဖြူတပ်မမှူးစလိန်ကွန်ဦးစီးတဲ့ တရုတ်ဖြူတပ်သား၂၀၀လောက်အခိုင်အမာတပ်စွဲထားတယ်။ အဲဒီမှာတရုတ်ဖြူတွေရဲ့စားနပ်ရိက္ခာခြောက်လစာလောက်သိုလှောင်ထားတယ်လို့သိရတယ်။လက်နက်ကြီးတွေအပါအဝင်ခဲယမ်းမီးကျောက်တွေလည်းသိမ်းဆည်းထားတယ်။

လေကြောင်းနဲ့ တိုက်ခိုက်ဖို့ တပ်မတော်ကတစ်ဘက်နိုင်ငံရဲ့ နယ်နိမိတ်မျဉ်းကို တို့တပ်မတော်က လေးစားလိုက်နာတဲ့ တပ်မတော်ဖြစ်တယ်။ ခက်တာကတို့တပ်မတော်တွေကလေးစားပေမယ့် တစ်ဘက်နိုင်ငံကအားပေးအားမြှောက်လုပ်နေတာတွေ့ရတယ်။

တပ်မတော်လေတပ်က ဗိုလ်ပီတာရဲ့လေယာဉ်နဲ့ တရုတ်ဖြူလေယာဉ်ကိုတိုက်လို့လေယာဉ် နှစ်စင်းလုံးကျသွားခဲ့တယ်။ ရန်သူရဲ့လေယာဉ်မှာအမေရိကန်စစ်သုံးလေယာဉ်အမှတ်အသားကို တို့တပ်မတော်ကဓာတ်ပုံနဲ့တကွ နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



သတင်းဌာနတွေကိုပြသနိုင်ခဲ့တယ်။ လက်နက်ဝယ်ယူဖို့ကို ဗြိတိသျှစစ်မစ်ရှင်က,ကဖျက်ယဖျက်လုပ်နေတယ်။

ဒါကြောင့် တို့တပ်မတော်ရဲ့စစ်ဥပဒေကိုပြင်ဆင်ဖို့ အထက်ခေါင်းဆောင်တွေကြိုးစားနေကြတယ်။ တို့တပ်မတော် ကိုယ့်အားကိုယ်ကိုးပြီး ပြည်တွင်းမှာတီထွင်ထားတဲ့ ဘန်ဂလိုတိုပီတိုဟာ ဒီတိုက်ပွဲမှာ တရုတ်ဖြူရဲ့ဘန်ကာတွေကို ဖျက်ဆီးဖို့အများကြီးအထောက်အကူပြုပါလိမ့်မယ်။ တို့တပ်မတော် အနာဂတ်အတွက်ဗြိတိသျှအစိုးရနဲ့ချုပ်ဆိုထားတဲ့ စာချုပ်တွေကိုအကုန်ဖျက်ပစ်ရမှာဖြစ်တယ်။ တို့တပ်မတော်ရဲ့အင်အားကို ချည့်နဲ့အောင်ချုပ်ဆိုထားတဲ့စာချုပ်တွေကိုနိုင်ငံတော်လွှတ်တော်မှာတင်သွင်းရမှာဖြစ်တယ်။တို့တပ်မတော်စစ်သေနာပတိဗိုလ်ချုပ်နေဝင်းဟာတပ်မတော်တိုးတက်ရေးအတွက် အစည်းအဝေးအကြိမ်ပေါင်း ၂၇၄ကြိမ်ပြုလုပ်ပြီးအင်္ဂလိပ်ဘာသာနဲ့ရေးဆွဲထားတဲ့ဥပဒေကိုလွှတ်တော်မှာအတည်ပြုနိုင်အောင်ကြိုး စားနေတယ်။ ဒါကြောင့် တို့တပ်မတော်နဲ့ တရုတ်ဖြူတိုက်ရမယ့်သရုပ်ပြပွဲကို ဗထူးတပ်မြို့မှာမြန်မာအမတ်တွေရော၊ နိုင်ငံတကာစစ်သံမှူးတွေကိုပါ ရှင်းလင်းပြီးဖြစ်တယ်။ တို့တပ်မတော်ရဲ့ အင်အားတောင့်တင်းခိုင်မာလာမှာကိုနယ်ချဲ့သမားတွေမကြိုက်ဘူး။

ဘာပဲဖြစ်ဖြစ် တို့တပ်မတော်သားတွေဟာရဲစိတ်ရဲမာန်မွေးပြီးကျူးကျော်လာတဲ့တရုတ်ဖြူတွေကိုမြန်မာ့မြေကနေတစ်ယောက်မှမကျန်မောင်းထုတ်ပစ်ရမယ်။ ရဲဘော်တို့ရဲ့တရားသောစစ်ပွဲအောင်ရမယ်"

ရဲဘော်များကလည်း အားလုံးမတ်တပ်ရပ်၍

"အောင်ရမယ်၊ အောင်ရမယ်"

အမှတ်၄ ခြေလျင်တပ်ရင်း စစ်ကြောင်းမှူးလက်ချံမန်ရိုင်းနှင့်တပ်မတော်သားများသည် မုန်တိုင်းစစ်ကြောင်းအမည်ဖြင့် တရုတ်ဖြူတပ်စွဲထားရာ မန်တွမ်းစခန်းဆီသို့ချီတက်လာကြသည်။

မြင့်မားသော တောင်တန်းများရှေ့မှကာဆီးလျက်ရှိ၏။ ကောင်းကင်တွင်မိုးသားတိမ်လိပ်များ တလိပ်လိပ်ရွေ့လျားနေသည်။ လေပြင်းများ တိုက်ခတ်လျှက်ရှိ၏။ခလရ-၄မှ ဂေါ်ရခါးစစ်သည်များအားမာန်အပြည့်ဖြင့် ချီတက်လာကြသည်။ ဆာဂျင်ဗဟာဒူးသည် စစ်ကြောင်းမှူးဗိုလ်မှူး လက်ချံမန်ရိုင်းနှင့် အနီးကပ်ချီတက်လာ သည်။ ဆာဂျင်ဗဟာဒူးသည်သူ့တပ်စိတ်မှ ဂေါ်ရခါးရဲဘော်များအားမိမိတို့လက်နက်များနှင့်အတူ ဖူကူရီဓားများကိုပါစစ်ဆေးကြရန်သတိပေးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆာဂျင်ဗဟာဒူး"

"ရှိပါတယ် အဘ"

"တို့တပ်ခွဲဟာ စစ်ရဲတပ်ရင်းစစ်ကြောင်းနဲ့ မြေပုံအညွှန်းအရ မကြာမီမှာ ပေါင်းမိတော့မှာဖြစ်တယ်။

အခုတို့ ရန်သူရဲ့စခန်းကို လှည့်စားပြီး ဝင်ရောက်စီးနင်းတော့မယ်။ ရန်သူဟာ လွယ်ကူတဲ့ မြေပြင်ဆင်ခြေလျှောကလာမယ်လို့ထင်ထားမှာပဲ ရန်သူထင်မထားတဲ့ဘက်ကအတင်းဝင်ရောက်စီးနင်းဖို့ ငါစိတ်ကူးရတယ်။ အဲ့ဒါ ဆာဂျင်ထင်မြင်ချက်ပေးစမ်းပါ"

"ရန်သူကို ထင်မထားတဲ့ဘက်က ဝင်ရောက်စီးနင်းမယ်ဆိုရင်အဘထင်သလို အငိုက်မိသွားနိုင်ပါတယ်။ ရန်သူရဲ့ခံစစ်နောက်ကြောင်းဖြစ်လို့ ရင်ဆိုင်တိုက်ပွဲတွေ ဖြစ်နိုင်တယ်အဘ။ရင်ဆိုင်တိုက်ပွဲဖြစ်လည်း ကျွန်တော် ဂေါ်ရခါးစစ်သားတွေရဲ့ ခုကူရီဓားတွေရဲ့အစွမ်းကိုအဘလည်းသိနေတာပါ"

"အေးကွာ ဒီလိုတိုက်ပွဲမှာ ဆွတ်ဗဟာဒူးရိုင်းကို သတိရတယ်"

"ဟုတ်ပါတယ်အဘ၊ သူ့ရဲ့ငှက်ဖျားက သိပ်တော့မစိုးရိမ်ရပါဘူး။ကျွန်တော်တို့ထွက်လာတော့ သူလိုက်ချင်ရှာပါတယ်။ ကျွန်တော်ထင်တယ်။ ဆွတ်ဗဟာဒူးရိုင်း လိုက်တော့ လာမယ်ထင်ပါတယ်"

ထိုစဉ် ဆက်သွယ်ရေးရဲဘော်က-

"အဘ၊လောယုမြစ်တစ်ဘက်ကမ်းကတရုတ်ဖြူစခန်းကိုဝင်တိုက်ဖို့သတင်းဝင်လာပါတယ်အဘ"

"ဟော၊ တို့အဖွဲ့ကွေ အသင့်ပြင်"

ထိုစဉ်မိုးပြင်းထန်စွာ ရွာချလိုက်သည်။ ဗိုလ်မှူးလက်ချ်မန်ရိုင်းနှင့် တပ်ဖွဲ့ဝင်များ မိုးရေထဲတွင်ဆက်လက်ချီတက်လာကြသည်။ သူတို့ချီတက်နေသည်မှာ ကျိုင်းတုံ၊ ဘာချီလိတ်လမ်းနှင့် ယှဉ်လျက်တောလမ်းမှ ချီတက်နေဆဲဖြစ်သည်။ တပ်ခွဲမှူး ဗိုလ်မှူးလက်ချ်မန်ရိုင်းသည်ဆာဂျင်ဗဟာဒူးအား

"ဆာဂျင် မိုးသိပ်ပြီးရွာနေတယ်။ တို့တပ်ခွဲ ရှေ့နားကရွာရဲ့အခြေအနေကို သတင်းရယူဖို့လိုမယ်။ ဒီတော့ မင်းနဲ့ငါ ဒီမိုးထဲမှာပဲ သတင်းရယူဖို့အရင်သွားနှင့်မယ်။ တို့တပ်ခွဲ တစ်နာရီအနားယူနေခဲ့၊ တို့အခုသွားလို့တစ်နာရီကြာမှ လိုက်ခဲ့ကြ"

တပ်ခွဲမှူးနှင့် ဆာဂျင်ဗဟာဒူး ရွာရှိရာသို့ ချဉ်းကပ်သွားကြသည်။ရွာသည့်မိုးရေထဲ၌ တိတ်ဆိတ်လျှက်ရှိ၏။ အိမ်ခြေ ၅၀ခန့်သာရှိသည်။ ရွာထဲတွင်တရုတ်ဖြူများ၏အရိပ်အယောင်ကိုမျှမမြင်ရ။ တပ်ခွဲမှူးနှင့်ဆာဂျင်ဗဟာဒူး တောအခြေပိုင်တွင်

www.burmeseclassic.com

www.burmeseclassic.com



နားနေကြသည်။

"အဘ ရန်သူအရိပ်အယောင်တောင် မတွေ့ရပါလား"

"ဟုတ်တယ် ဆာဂျင်၊ မိုးကရွာတော့ လူတွေလှုပ်ရှားမှုမရှိဘူး၊ တို့တပ်သားတွေ အဲဒီလိုငြိမ်သက်နေတာကို အထူးသတိထားရမယ်။ အချိန်သိပ်တန်ဖိုးကြီးနေတယ်ဆာဂျင်၊စစ်သူကြီးနပိုလီယံအဲလ်ပင်စ်တောင်တန်းကြီးတွေကိုကျော်မယ်ဆိုတော့ သူ့တပ်မှူးတွေက ကန့်ကွက်ခဲ့ကြတယ်။ ဒါပေမယ့် နပိုလီယံကသူ့ဆုံးဖြတ်ချက်နဲ့ အင်မတန်မြင့်မားတဲ့ တောင်တန်းတွေကို ကျော်ပြီး စစ်အောင်ပွဲရခဲ့ဖူးတယ်။ အခုလည်းငါတို့ လောယုမြစ်ကိုမိုးရေထဲမှာ ဖြတ်မယ်။ ရန်သူမထင်မှတ်တဲ့ အချိန်မှာ ဝင်စီးမယ်"

တစ်နာရီခန့်ကြာသောအခါ နောက်မှ တပ်ခွဲမှီလာခဲ့သည်။ အချိန်က နေရောင်ကို မမြင်ရတော့၊ မကြာမီအမှောင် သန်းလာတော့မည်။ တပ်ခွဲမှူးနှင့်တပ်ဖွဲ့ဝင်များ လောယုမြစ်ကိုမိုးထဲရေထဲ ဖြတ်သန်းကြသည်။ လောယုမြစ်သည်မြစ်ငယ်တစ်ခုမျှသာဖြစ်ပါလေ၏။

တပ်ခွဲအားလုံး လောယုမြစ်ကို ဖြတ်ကူးပြီးစီးချိန်တွင် မှောင်သွားခဲ့ပြီ။ မိုးဖွဲများက တဖွဲဖွဲကျနေဆဲသာဖြစ်သည်။ ရန်သူ့တပ်စခန်းနှင့် နီးကပ်လာသည်။

ဗိုလ်မှူး လက်ချမ်မန်ရိုင်းက လှံစွပ်များ တပ်ထားရန် အမိန့်ပေးလိုက်သည်။ ဘယ်ဘက်မှ ပန်း၍တက်စေသည်။ မိုးအေးအေးတွင်ရန်သူ သတိလက်လွတ်ဖြစ်နေချိန် ဖြစ်သည်။ တိတ်ဆိတ်သော အမှောင်ထုအတွင်း မြန်မာ့တပ်မတော်သားများ၏ ပစ်ခတ်မှုနှင့်အတူ ရင်ဆိုင်တိုက်ပွဲဆင်နွှဲလိုက်သည်။ ရန်သူများ ရုတ်တရက်အငိုက်မိသွား၍ ပြေးမိပြေးရာ ပြေးကြလေသည်။ ဂေါ်ရခါးစစ်သားများ၏ လှံစွပ်အောက်တွင် မရှုမလှကျဆုံးကြလေသည်။ရန်သူ၏ ပထမခံစစ်ကြောင်းပြိုပျက်သွားလေသည်။ ဆက်၍နောက်တိုက်ခံစစ်ကြောင်းကို ဝင်ရောက်ခဲ့သည်။

ရန်သူများ ဖရိုဖရဲပြိုကွဲလျက် မြန်မာ့တပ်မတော်၏ လက်အောက်တွင် မရှုမလှကျဆုံးကြရလေပြီ။ ရန်သူတရုတ်ဖြူများတစ်ဘက်နိုင်ငံဘက်သို့ကစဥ့်ကလျား ထွက်ပြေးသွားကြလေပြီ။ မြန်မာ့တပ်မတော်သားများ ရန်သူ့စခန်းကိုအပိုင်စီး၍ ပြည်ထောင်စုအလံကို စိုက်ထူနိုင်လေပြီ။ တိုက်ပွဲပြီးစီးသောအခါ တပ်ခွဲမှူး ဗိုလ်ကြီး လက်ချမ်မန်ရိုင်း၏ ဘယ်ဘက်ရင်အုံတွင် ဒဏ်ရာအနည်းငယ်ရခဲ့သည်ကိုရဲဘော်များ သိကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်အမှောင်ထုကြောင့် တပ်ခွဲမှူးမိမိဒဏ်ရာရကြောင်းကိုသူ့ရဲဘော်များအားအသိမပေးခဲ့ပေ။ ဗဟာဒူးက တပ်ခွဲမှူး၏ရင်ဘတ်မှ ဒဏ်ရာကိုကြည့်လျှက်

"အဘ သက်သာရဲ့လား"

"ငါ့ကကိစ္စမရှိပါဘူး။ ရဲ့ဘော်တွေကို ဆက်ပြီးတိုက်ပွဲဝင်ဖို့ အသင့်ပြင်ခိုင်ထား။ တိုက်ပွဲက အခုမှအစပဲရှိသေးတယ်။ သူတို့အင်အားနဲ့ ပြန်တိုက်လာလိမ့်မယ်"

တပ်ခွဲမှူး ထိုသို့ပြောနေစဉ်မှာပင် တရုတ်ဖြူများဘက်မှလက်နက်ကြီးများ ဖြင့်ပစ်ခတ်လေပြီ။ တပ်ခွဲမှူးက လုံးဝပြန်မပစ်ရန် သတိပေးလိုက်သည်။

ကတုတ်ကျင်းများအတွင်းနေရာယူထားရန်သတိပေးသည်။မြန်မာ့တပ်မတော်သားများ ထိုးစစ်အသွင်မှ ခံစစ်အသွင်သို့ ပြောင်းလိုက်သည်။ အလင်းရောင် တစစဖြန့်ကြက်လာသည်။ မြန်မာ့တပ်မတော်သားများက အပေါ်စီးမှရန်သူတရုတ်ဖြူများ တက်လာသည့်ကိုမြင်နေရသည်။ တိုက်ပွဲအတွေ့အကြုံရှိပြီးဖြစ်သော ဂေါ်ရခါးရဲဘော်များကအနီးကပ်လာသော တရုတ်ဖြူများကို အလွတ်မပေးတမ်းပစ်ခတ်တော့သည်။ ရန်သူများအတုံးအရုန်းကျဆုံးကုန်သည်နည်းတူပစ်အားလျော့သွားလေပြီ။

တပ်ခွဲမှူးသည် ရန်သူ၏အင်အားနှင့်သူ၏အင်အားကိုခန့်မှန်းတွက်ချက်လိုက်သည်။ ရန်သူအကျအဆုံးများ၍သွေးပျက်နေချေပြီ။

"ဆာဂျင်ဒီကောင်တွေအကျအဆုံးများလို့ ကယောင်ချောက်ချားဖြစ်နေပြီ။ တို့ရဲဘော်တွေ ပစ်အားရော၊ စိတ်ဓာတ်အင်အားရောကောင်းနေတယ်။ ဒီတိုက်ပွဲကို တို့အပြတ်တိုက်ပြီ အောင်ပွဲယူကြမယ်"

တပ်ခွဲမှူး၏အမိန့်နှင့်အတူ ဂေါ်ရခါးရဲဘော်များခံစစ်အနေအထားမှ ထိုးစစ်သို့ပြောင်း၍ ရဲရင့်စွာတိုက်ပွဲဆင်ကြပြီ။ရန်သူ၊ မိတ်ဆွေကွဲစေရန် စကားဝှက်သုံးကြသည်။ ဂေါ်ရခါးအခေါ် ဂိုရစ်နမ်းဟုအချင်းချင်း ဆက်သွယ်ရေးတိုက်ပွဲဝင်ပြီ။သတ္တိနှင့်စွန့်စားစိတ်ကွဲပြားသည်။ တရုတ်ဖြူများမှ စိတ်ဓာတ်ခွန်အားနည်းလျက်ရှိ၏။ မြန်မာ့တပ်မတော်သားတို့ စိတ်ဓာတ်ကမုန်တိုင်းကျရောက်သကဲ့သို့ မုန်တိုင်းဖြတ်သန်းရာနေရာတလျှောက်အကျအဆုံးများဖြင့် ရန်သူများထွက်ပြေးကြရလေသည်။

မြန်မာ့တပ်မတော် စစ်ဒေသမှူးက အောင်ပွဲရထားသောစခန်းကို ခြေကုပ်စခန်းအဖြစ် ခိုင်ခိုင်မြဲမြဲတပ်စွဲထားရန်အမိန့်ပေးလေသည်။ ဒဏ်ရာရထားသော တပ်ခွဲမှူးအား နောက်တန်းဆေးရုံသို့

www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးပို့ရန်အမိန့်ပေးသည်။ ဆာဂျင်ဗဟာဒူးက တပ်ခွဲမှူးကိုလိုက်ပို့ချင်သည်။ သို့သော်တပ်ခွဲမှူးက ဆာဂျင်ဗဟာဒူးကို စခန်းအား ကွပ်ကဲရန်အမိန့်ပေးလေသည်။ ဆာဂျင်ဗဟာဒူး သူ့တပ်ခွဲမှူးကိုစိတ်မချနိုင်။

"ဆာဂျင်၊ ငါ့အသက်က အရေးမကြီးပါဘူး။ဒီစခန်းကတို့တပ်မတော်ရဲ့အောင်ပွဲအထိမ်းအမှတ်ပဲ။ဒီစခန်းကတစ်ဆင့် တို့ထိုးစစ်ကိုရှေ့ဆက်ကြရဦးမှာ။ ဒါကြောင့် ဒီစခန်းကိုပြန်ကျမသွားအောင်တို့ရဲဘော်တွေကာကွယ်ထားရလိမ့်မယ်။ မင်းနေရစ်ပါ။ ဒါအမိန့်ပဲ"

ဆာဂျင်ဗဟာဒူး အမိန့်နာခံရင်းနေရစ်ရသည်။ တပ်ခွဲမှူး၏သွေးဖြင့်ရင်းခဲ့ရသောတောင်ကုန်းထက်မှပြည်ထောင်စုအလံသည် တလူလူလွင့်လျက်ရှိပါလေ၏။

× × × ×

ကျိုင်းတုံမြို့စစ်နယ်မြေတွင် မြန်မာ့တပ်မတော်စစ်သည်များ အလုပ်များလျှက်ရှိ၏။ မြန်မာ့တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရန်သူတရုတ်ဖြူများကကြံ့ကြံ့ခံလျက်ရှိ၏။

တရုတ်ဖြူတို့၏ စခန်းများသည် ခိုင်မာသည်။ လက်နက်များကလည်း ခေတ်မီသည် ရိက္ခာများကိုလည်း ခြောက်လစာခန့်သိမ်းဆည်းသိုမှီထားကြသည်။ မြန်မာ့တပ်မတော်သည် ထိုးစစ်ဆင်နေခြင်းဖြစ်၍ ရှေ့တန်းတပ်သားအတွက် ရိက္ခာပို့ဆောင်ရေးသည် အရေးကြီးသောတာဝန်ဖြစ်၏။

အမှတ်-၄ ခြေလျင်တပ်ရင်းမှ ဆွတ်ဗဟာဒူးရိုင်း ငှက်ဖျားရောဂါကုသမှုခံယူရန် ကျိုင်းတုံတွင်နေရစ်ခဲ့ရသည်။ တိုက်ပွဲသတင်းအရ တပ်ခွဲမှူးလက်ချံမန်ရိုင်း ဒဏ်ရာရသည်ဆိုသော သတင်းကိုကြားရသည်။ သူ၏ရဲဘော်များ တောင်ကုန်းကိုသိမ်းဆည်းထားပြီး၊ ရိက္ခာလိုအပ်နေသည်ဆိုသောသတင်းကို ကြားရသောအခါ ရှေ့တန်းသို့လိုက်ရန် တပ်ခွဲမှူးထံ ဆွတ်ဗဟာဒူးရိုင်းကိုယ်တိုင်ဝင်တွေ့သည်။

တပ်ခွဲမှူး၏အခန်းဝတွင် လုံခြုံရေးအစောင့်ရဲဘော်ထံတွေ့ခွင့်တောင်းသည်။ အခန်းဝမှာရဲဘော်က အဘသိပ်ပြီးပင်ပန်းနေ၍အနားယူနေကြောင်းပြောသည်။ ဆွတ်ဗဟာဒူးရိုင်းက-

"စစ်သားအတွက် ပင်ပန်းတာအရေးမကြီးပါဘူး။ ကျုပ်တပ်ခွဲမှူးကိုတွေ့ရမှဖြစ်မယ်"

"ခဏလောက် စောင့်ပါ"

"မစောင့်နိုင်ဘူး"

အပေါက်ဝမှ ဆာဂျင်ဖြစ်သူကတား

www.burmeseclassic.com

www.burmeseclassic.com



နေသည်။

"ဆရာကြီး ခင်ဗျားသတင်းပို့ပေးရင်ပေး၊ မပေးရင်တော့ ကျုပ်အတင်းဝင်တွေ့ရပါလိမ့်မယ်"

အပြင်ဘက်မှ အပေါက်စောင့်နှင့် ဆွတ်ဗဟာဒူရှိုင်း၏စကားများကို ရုံးခန်းအတွင်းမှ တပ်ခွဲမှူးကြားနေရပါ၏။

"ဆရာကြီး၊ ဆွတ်ဗဟာဒူးရှိုင်းကို ပေးဝင်လိုက်ပါ"

တပ်ခွဲမှူး၏စကားဆုံးသည်နှင့် ဆွတ်ဗဟာဒူးရှိုင်း တံခါးကိုဖွင့်၍ဝင်သွားသည်။ တပ်ခွဲမှူးကို အလေးပြုလိုက်သည်။

"အဘ ကျွန်တော်ကို ကျွန်တော်တို့တပ်ရင်းရှိရာရှေ့တန်းကိုလိုက်ခွင့်ပြုပါ"

တပ်ခွဲမှူး ဆွတ်ဗဟာဒူးရှိုင်းကိုကြည့်လိုက်သည်။

"မင်း ကျန်းမာရေးက စိတ်ချရပြီလား"

"အခုတော့ ကောင်းနေပါတယ်အဘ။ ငှက်ဖျားဆိုတော့ သူထချင်တဲ့အချိန်ထလာတယ်။ ဒါပေမယ့် အချိန်တော့ တော်တော်ခြားသွားပါပြီး"

"အေးလေ၊ မင်း ကျန်းမာရေးကောင်းပြီဆိုရင် ဒီနေ့ညနေရိက္ခာပို့မယ့်ကားတွေနဲ့လိုက်သွား။ ရန်သူဟာ မင်းတို့သွားမယ့်လမ်းတလျှောက်မှာရှိနေတယ်။ အဲဒီရိက္ခာတွေကို ရှေ့တန်းစခန်းအရောက်ပို့ရမယ်။ မင်းနဲ့အတူတပ်စိတ်တစ်စိတ် လက်နက်အပြည့်အစုံနဲ့စောင့်ကြပ်လိုက်သွားဖို့မှာချင်တယ်"

ဆွတ်ဗဟာဒူးရှိုင်း တပ်ခွဲမှူးကိုအလေးပြု၍အလျင်အမြန်ထွက်ခွာလာခဲ့သည်။

× × × ×

ရှေ့တန်းစစ်မျက်နှာသို့ ပို့ဆောင်ပေးမည့်ရိက္ခာမော်တော်ယာဉ်၇စီး ကျိုင်းတုံမြို့မှထွက်ခွာလာသည်။ မော်တော်ယာဉ်များကိုကွပ်ကဲလိုက်ပါလာသော တပ်စိတ်သည် မိုင်တိုင်အမှတ်-၇၉ရောက်သောအခါ မော်တော်ယာဉ်များကို ရပ်နားလိုက်သည်။

တပ်စိတ်ခေါင်းဆောင် တပ်ကြပ်မန်းဗဟာဒူးသည် တပ်ဖွဲ့ဝင်များအား ကားပေါ်မှဆင်းစေသည်။ ရန်သူတရုတ်ဖြူများ မိုင်တိုင်အမှတ်-၈၁လမ်းနံဘေးတွင် ကတုတ်ကျင်းများတူးလျက် ရိက္ခာပို့ယာဉ်တန်းကို ချုံခိုတိုက်ခိုက်မည့်အကြောင်း သတင်းရထားသည်။တပ်ကြပ်မန်းဗဟာဒူးကတပ်သားဆွတ်ဗဟာဒူးရှိုင်းကိုရိက္ခာယာဉ်များအားစောင့်ကြပ်နေရစ်ရန် တာဝန်ပေးလိုက်သည်။

"ဆွတ်ဗဟာဒူးရှိုင်း၊ တို့တပ်စိတ်ရန်သူကိုရှင်းပြီးမှ ရိက္ခာကားတွေရှေ့ဆက်မောင်းနိုင်လိမ့်မယ်။ အခုမိုင်တိုင်-၇၉ဆိုတော့ နှစ်မိုင်လောက်ပဲဝေးတော့တာ။ ငါတို့အဖွဲ့က

www.burmeseclassic.com

www.burmeseclassic.com



ရန်သူကိုသွားရှင်းမယ်။ မင်းဒီမှာနေရစ်ပြီး ရိက္ခာကားတွေကိုကာကွယ်ထားပါ"

ဆွတ်ဗဟာဒူးရှိုင်း တပ်စိတ်မှူး၏ အမိန့်ဖြင့်နေရစ်ခဲ့သည်။ တပ်စိတ်တပ်ဖွဲ့ ဝင်များ ဆက်လက်ချီတက်သွားကြသည်။ ရန်သူတရုတ်ဖြူများက မော်တော်ယာဉ် များလာမည့်လမ်းမှ စောင့်နေကြသည်။ မြန်မာ့တပ်မတော်သားများသည် မိုင်တိုင် အမှတ်-၈၁ဆီသို့အသင့်အနေအထားဖြင့် ဦးတည်ချီတက်သွားကြသည်။

ရန်သူ့ဘက်မှ သုံးလက်မစိန်ပြောင်း ပစ်သံကိုစတင်ကြားရသည်။ တပ်မတော် သားများ နီးစပ်ရာသို့အကာအကွယ်ယူ ထားရသည်။ မော်တာကျည်ဆံများ ဆက် တိုက်ကျရောက်လာသည်။ တပ်စုမှူးက

"ရန်သူပစ်အားကောင်းနေတယ်။ ကျုပ်အမိန့်မရဘဲ ဘယ်သူမှမတက်ကြနဲ့"

တပ်သားများသည် ရန်သူ၏ကျည် ပစ်အားကိုစောင့်၍အကာအကွယ်ကောင်း ကောင်းတွင် နေရာယူထားသည်။တပ်စိတ် မှူးကသုံးလက်မမော်တာဖြင့် ရန်သူရှိရာသို့ ပြန်ပစ်ခတ်ခိုင်းလိုက်သည်။ ချတ္တရီဗဟာ ဒူး၏ မော်တာကျည်ဆံသည်ရန်သူပစ်မှတ် တိတိကျကျထိမှန်စေလေပြီ။

မြန်မာ့တပ်မတော်ဘက်မှ စက်က လေးကျည်များက ရန်သူများကိုထိမှန်၍ အတုံးအရုံးကျဆုံးစေပါ၏။ ရန်သူဘက်မှ အကျအဆုံးများကိုမြင်နေရသည်။ တပ် စိတ်မှူးမန်းဗဟာဒူးက တပ်ဖွဲ့ဝင်များကို အမိန့်ပေးသည်။

"ရန်သူအင်အားများတယ်။ တို့တပ် စိတ်တောင့်ခံထားနိုင်မှ ရိက္ခာယာဉ်တွေ ရန်သူ့လက်မကျမှာ။ တပ်ခွဲနဲ့မပူးပေါင်းနိုင် ခင်အထိခံထားနိုင်မှဖြစ်မယ်။ ကျည် အချည်းအနှီးမဖြစ်စေနဲ့"

ဂေါ်ရခါးစစ်သားများသည် အင်အား တောင့်တင်းသောရန်သူကို ခံစစ်ဖြင့်ခုခံ တိုက်ခိုက်နေရပါလေ၏။

ချတ္တရီဗဟာဒူးရန်သူများ အစုလိုက် ချီတက်လာခြင်းကိုမြင်နေရ၏။ သုံးလက်မ မော်တာကို စကေးချိန်၍ပစ်လိုက်ရာ အစုလိုက်အပြုံလိုက်ကျသွားကြသည်။ မန်းဗဟာဒူးသည် စစ်သေနတ်ကိုင်လျက် ရန်သူများချီတက်လာမည့်နေရာကိုချိန် ထားလျက်ရှိ၏။ တရုတ်ဖြူများညာသံ ပေး၍ အတင်းချီတက်လာကြသည်။

မန်းဗဟာဒူး၏ စက်သေနတ်ကျည်ဆံ များက ရန်သူများကိုအထွေးထွေးကျဆုံး စေပါ၏။ ရန်သူဘက်မှမော်တာကျည်များ တရစပ်ကျလာသည်။ မန်းဗဟာဒူးက သူ့ရဲဘော်များကို မကြာခဏ နေရာပြောင်း ကြရန်သတိပေးနေသည်။ ရန်သူပစ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



သောမော်တာကျည်များကိုရွှေ့လျားနေရာယူခြင်းဖြင့် ရှောင်ကွင်းနိုင်ကြမည်။စစ်အင်အားခြင်းကကွာခြားလွန်းသည် မဟုတ်ပါလော။ အတက်ကြမ်းသောရန်သူဘက်တွင် အကျအဆုံးများနေသော်လည်း တပ်မတော်သားများဘက်က အကျအဆုံးမရှိပါချေ။

ရန်သူတရုတ်ဖြူတို့၏ အင်အား ၄၀၀ခန့်ရှိမည်။ မြန်မာ့တပ်မတော်အင်အားက ၁၅ဦးပင်မရှိပါချေ။ ရဲစွမ်းသတ္တိနှင့်စစ်စွမ်းရည်ကကွာခြားလှပါ၏။ မန်းဗဟာဒူးသည်စက်သေနတ်ဖြင့်တစ်တောင့်တစ်ယောက်နှုန်းပစ်ချလျှက်ရှိ၏။ အင်အားနှင့်အစုလိုက်အပြုံလိုက် ချီတက်လာသောအခါ၌ ကျည်ဆံသည်ရန်သူများကို ကွက်တိထိမှတ်စေလျက်ရှိ၏။ ရန်သူ့အလောင်းများက မြင်မကောင်းအောင်ပင် အလောင်းချင်းထပ်နေပါလေ၏။

မှောင်စပျိုးလာခဲ့ပြီ။ ညအမှောင်တွင် အနီးကပ်တိုက်ပွဲဆင်ရန် ခူကူရီဓားများနှင့် ဘက်နက်များကို မန်းဗဟာဒူးကအသင့်ပြင်ထားခိုင်းနေသည်။ ညကာ တစ်ဖြည်းဖြည်းအမှောင်ရင့်လာခဲ့ချေပြီ။ မန်းဗဟာဒူးက တပ်စိတ်ကိုနေရာရွှေ့စေပြန်သည်။ တရစပ်ပစ်ခတ်နေသောကြောင့် မြန်မာ့တပ်မတော်သားများဆုတ်ခွာသွားပြီအထင်ဖြင့် ရန်သူများချီတက်လာကြပြန်သည်။ ချတ္တရီဗဟာဒူး၏မော်တာကျည်လက်ချက်ဖြင့် အတုံးအရုန်းကျဆုံးသွားပြန်သည်။ ဂေါ်ရခါးစစ်သားများ၏ ပူးတုံ့ခွာတုံ့ ရွေ့လျားစစ် မာယာကျော့ကွင်းအတွင်းတရုတ်ဖြူများ အတုံးအရုံးအကျဆုံးကြရလေသည်။

အမှတ်မထင်အနီးကပ်ဝင်ရောက်၍ ခူကူရီ ဓားချက်အောက်တွင် အသံတိတ်အသက်ပျောက်ကုန်သော တရုတ်ဖြူများ သွေးသံရဲရဲ။ တိုက်ပွဲ၏ ပထမညပြီးဆုံးသွားခဲ့သည်။ မြန်မာ့တပ်မတော် တပ်သားများက တောင်ကုန်းအထက်မှ ရွှေ့လျားသွားခြင်းမရှိ။ ကတုတ်ကျင်းများနှင့် အခိုင်အမာနေရာယူထားသည်။ နံနက်မိုးသောက်အလင်းရောင်အောက်တွင်သွေးသံရဲရဲ အတုံးအရုံးကျဆုံးနေသော တရုတ်ဖြူအလောင်းကောင်များတွင်ယင်ကောင်များက တရုန်းရုန်း။

တိုက်ပွဲ၏ ဒုတိယညသို့ရောက်ပြန်ပြီ။ မန်းဗဟာဒူးသည် ရန်သူတရုပ်ဖြူတို့ထံမှ ရရှိထားသော သုံးလက်မမော်တာ၊ စက်သေနတ်နှင့် ကျည်ဆံများကိုဖြည့်တင်းထားလျက်ရှိ၏။ ရန်သူ့လက်နက်၊ ကိုယ့်လက်နက်ဟူသော ပြောက်ကျားစစ်၏ သေနင်္ဗျူဟာကို ဂေါ်ရခါးစစ်သားများ

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့အသုံးချလျက်ရှိ၏။

ကတုတ်ကျင်းများကို ဆက်သွယ်ရေး ကတုတ်ကျင်းများနှင့် ဆက်သွယ်ထားရှိသည်။

တရုတ်ဖြူများသဲသဲမဲမဲ ချီတတ်လာကြပြန်သည်။ တရုတ်ဖြူတို့၏ညာသံပေး၍ အော်ဟစ်ချီတတ်လာသံသည်တစ်တောလုံး တစ်တောင်လုံးပဲ့တင်ထပ်၍ဆူညံလျက်ရှိ၏။

မြန်မာ့တပ်မတော်သားများ လက်ညှိုးများညောင်းညာကပ်ပေလိုက်သည်အထိ ပစ်ခတ်နေရပါ၏။ သုံးညတိုင်တိုင် အစာမစားရ၍ အားအင်ကုန်ခန်းစပြုလာသည်။ စိတ်ဓါတ်ခွန်အားသည် အံ့ဩဖွယ်ကောင်းလှပါ၏။ စိတ်ဓာတ်ခွန်အားဖြင့် ရန်သူများကိုခုခံတိုက်ခိုက်လျက်ရှိနေ ပါ၏။

အားအင်ကုန်ခန်းစပြုနေချိန်တွင် မြန်မာ့တပ်မတော်ခြေလျင်တပ်ရင်း တပ်ခွဲ-ဂ၊ တပ်ခွဲ-ဃ၊ ဆာဂျင်ဗဟာဒူးတို့၏ တပ်ကူများရောက်လာသည်။ ခြောက်ပေါင်ဒါအမြောက်သံကို မန်းဗဟာဒူးတို့ ကြားလိုက်ရသည်။ ထို့နောက် ၂၅ပေါင်ဒါအမြောက်သံ။ ရန်သူတို့၏အခိုင်အမာ တပ်စွဲထားသောစစ်စခန်းကို လှမ်း၍ပစ်ကူနေခြင်းဖြစ်ပါလေ၏။

ရန်သူစစ်ကြောင်းသည် ၄၁နချုပ်ရှိရာဆီဆုတ်ခွာစပြုနေရပြီ။ မန်းဗဟာဒူးသူ၏တပ်စိတ်ကို လျှို့ဝှက်သင်္ကေတဖြင့် လက်ဆောင်ပြလိုက်သည်။ သူတို့တပ်စိတ်သည် မိုင်တိုင်-၇၉တွင်ထားရစ်ခဲ့သောရိက္ခာယာဉ်များရှိရာသို့ရန်သူများ မချီနိုင်ရန်ပိတ်ဆို့ထားရန်ဖြစ်သည်။ခြေလျင်တပ်ရင်း-၄မှ ဂ-တပ်ခွဲ၊ ဃ-တပ်ခွဲတို့က လက်နက်ကြီးများ ကူပစ်၍ရန်သူကို တိုက်ခိုက်နေစဉ် မန်းဗဟာဒူး၏တပ်စိတ်သည် ရိက္ခာများရှိရာဆီဆုတ်ခွာလာခဲ့သည်။

× × × ×

ဆွတ်ဗဟာဒူးရိုင်းသည် သုံးရက်တိုင်တိုင်တိုက်ပွဲဖြစ်နေသော အသံများကို ကြားနေရ၏။ ဆွတ်ဗဟာဒူးရိုင်းနှင့်အတူ ကျန်ရစ်ခဲ့သော ကားဒရိုင်ဘာနှင့် အခြားအစောင့်ရဲဘော်များက ညည်းညူစိတ်ပျက်လျက်ရှိ၏။

"ကျွန်တော်တို့တော့ သေကုန်တော့မှာပဲ။ ထမင်းမစားရတာလဲ သုံးရက်ရှိပြီ။ ကားပေါ်ပါလာတဲ့ဟာတွေကလည်းချက်ချင်းဘယ်လိုလုပ်စားရမှန်းမသိအားလုံး ဒုက္ခရောက်တော့မှာပဲ"

ဆွတ်ဗဟာဒူးရိုင်းက စိတ်ဓာတ်ကျနေသောကားဒရိုင်ဘာများကို အားပေးစကားနှင့်နှစ်သိမ့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတို့က ထမင်းမစားရတာဘဲ ရှိတာပါ။ ရှေ့မှာ ကျည်ဆံတွေ၊ မော်တာတွေနဲ့နှစ်ပါးသွားနေရတဲ့ရဲဘော်တွေကို ခင်ဗျားတို့ စာနာကြည့်ကြပါ။

အစ်ကိုတို့ထမင်းဆာနေရင် ကျွန်တော် အခုသွားရှာခဲ့ပါ့မယ်။ အစ်ကိုတို့ အဝတ်ကို ကျွန်တော့် ခဏပေးပါ"

ဆွတ်ဗဟာဒူးရှိုင်းသည် ဒရိုင်ဘာတစ်ဦး၏ အရပ်ဝတ်ကိုဝတ်လိုက်သည်။ ထို့နောက်တရုတ်ဖြူတို့၏ နောက်တန်းစခန်းဘက်အထိ ဝင်ရောက်သွားခဲ့သည်။ နောက်တန်းစခန်းမှ တရုတ်ဖြူတို့၏အခြေအနေများကိုလေ့လာသည်။ အခြေအနေကိုစုံစမ်း၍ ချုပုတ်တစ်ခုအတွင်း ဝင်နေစဉ် တရုတ်ဖြူတစ်ဦးလက်နက်ဖြင့် ပြန်လာသည်ကို ရုတ်တရက်ဝင်ရောက်တိုက်ခိုက်လိုက်သည်။ တရုတ်ဖြူစစ်သားထံမှရိုင်ဖယ်သေနတ်ကိုယူလာခဲ့ပြီးဆက်ထွက် လာရာ ထမင်းထုပ်များထမ်းလာသော တရုတ်ဖြူသုံးဦးကိုတွေ့ရသည်။ ဆွတ်ဗဟာဒူးရှိုင်း တရုတ်ဖြူသုံးဦးလုံးကို အသံတိတ်ရှင်းလိုက်ပြီးထမင်းထုပ်များကိုယူကာသုတ်ခြေတင်ခဲ့လေသည်။

ဆွတ်ဗဟာဒူးရှိုင်း မော်တော်ယာဉ်များရှိရာသို့ ထမင်းထုပ်များနှင့်ပြန်ရောက်ချိန်တွင် စစ်ဒေသမှူးနှင့်တပ်မတော်စစ်ကြောင်းရောက်ရှိနေပြီဖြစ်သည်။ စစ်ဒေသမှူးက ဆွတ်ဗဟာဒူးရှိုင်း၏ စွန့်စားမှုကို . စစ်ဒေသမှူးက "ဗဲရီးဂွတ်ဟာမာယာဂျဝန်"ဟူ၍ ချီးမွမ်းစကားပြောကာ အားပါးတရပွေ့ဖက်လိုက်သည်။

"ကဲ. . ကဲ. . ဆွတ်ဗဟာဒူးနဲ့ မန်းဗဟာဒူးတို့တပ်စိတ် ဒီကားတွေကိုစစ်ဌာနချုပ်ရှိရာ တာလေကိုပဲမောင်းသွား။ အဲဒီရောက်မှအနားယူကြ"

မန်းဗဟာဒူးနှင့် ဆွတ်ဗဟာဒူးရှိုင်းတို့ ရိက္ခာယာဉ်များဖြင့် တာလေစခန်းသို့ မောင်းနှင်ထွက်ခွာသွားကြသည်။

× × × ×

တာလေစခန်းသို့ မောင်းနှင်လာသော တပ်မတော်ရိက္ခာယာဉ်ကားများကိုစောင့်ကြပ်၍ ဆွတ်ဗဟာဒူးရှိုင်းနှင့် တပ်စိပ်မှူး မန်းဗဟာဒူးတို့လိုက်ပါလာကြသည်။

ဆွတ်ဗဟာဒူးရှိုင်းစိတ်ဝယ် မိုင်တိုင်အမှတ်-၈၁တွင်ဖြစ်ပွားခဲ့သော တရုတ်ဖြူများနှင့်တိုက်ပွဲကိုသာစိတ်ရောက်နေသည်။ ကျိုင်းတုံတပ်ရင်းမှူးထံ အကြိတ်အနယ်ခွင့်ပန်လာခဲ့သော အဖြစ်အပျက်ကိုမမေ့နိုင်သေး။ ဆွတ်ဗဟာဒူးရှိုင်းသည် ရှေ့တန်းစစ်မြေပြင်တိုက်ပွဲဆင်နေရခြင်း၌သာမွေ့လျော်သည်။ တောင်အထပ်ထပ်အကွေ့အကောက်၊ အနိမ့်အမြင့်များရစ်သိုင်းလွှမ်းခြုံ

www.burmeseclassic.com

www.burmeseclassic.com



နေသော တာလေစခန်းကိုရောက်ခဲ့ပြီ။ တာလေစခန်းတွင် တပ်မတော်သားများ ပျားပန်းခပ်မျှအလုပ်များနေကြသည်။

တာလေစခန်းသို့ တပ်မတော်လေတပ်မှလေထီးများနှင့် ချပေးသော ရိက္ခာများကိုတပ်မတော်သားများ ကောက်ယူစုစည်းနေကြသည်။ ကျိုင်းတုံစခန်းမှ ရိက္ခာမော်တော်ယာဉ်များသတ်မှတ်ရက်ထက် နောက်ကျနေ၍ တပ်မတော်လေယာဉ်မှ လေထီးများနှင့်ချပေးနေခြင်းဖြစ်သည်။

ဆွတ်ဗဟာဒူးရိုင်းသည် သူ၏တပ်ခွဲ တာလေစခန်းမှာရောက်ရှိခြင်းမရှိသေး၍ စိတ်ပူပန်မှုဖြစ်ရသည်။ ယာယီဆေးရုံဖွင့်ထားသော ဆေးကုသဆောင်တွင် ဒဏ်ရာရထားသော သူ၏ရဲဘော်ရဲဘက်များကို စိတ်မချမ်းမြေ့စွာသွားရောက်တွေ့ဆုံသည်။ ဆရာဝန်နှင့်သူနာပြုများကလည်း ဒဏ်ရာရရှိသောရဲဘော်များကို ဆေးဝါးကုသမှုကို ၁၀ နေ့ရောညပါ မပြတ်စောင့်ရှောက်ကုသပေးလျှက်ရှိသည်။

ပတ်တီးများပတ်ထားသော ခြေထောက်များ၊ ခေါင်းတစ်ခုလုံးကိုဖုံးအုပ်ပတ်ချီထားသော မျက်နှာများ၊ လက်များ၊ ခြေထောက်များနှင့် ခန္ဓာကိုယ်တစ်ခုလုံးကို ပတ်တီးများနှင့်ချည်နှောင်ထားသော သူ၏ရဲဘော်ရဲဘက်များကိုအားပေးသောမျက်လုံးများနှင့် အားပေးနှုတ်သိမ့်ပေးရသည်။ သူတို့၏ခန္ဓာကိုယ်များသည် တိုင်းပြည်ကိုအပ်နှင်းထားသည် မဟုတ်ပါလော။

တပ်မတော်သားများထိခိုက်ဒဏ်ရာရရှိကြသော်လည်းစိတ်ဓာတ်များက တက်ကြွနေကြဆဲဖြစ်သည်။ တာလေတွင် မန်းဗဟာဒူးတို့တပ်စိတ် တစ်ရက်မျှသာနားရသည်။ ဆွတ်ဗဟာဒူးရိုင်းအတွက် သူရင်ဆိုင်တိုက်ပွဲဝင်လိုသော တိုက်ပွဲစစ်မြေပြင်ကိုခရီးဆက်ကြပြီ။

မိုင်တိုင်အမှတ်-၈၁ တရုတ်ဖြူစခန်းကိုမြန်မာ့တပ်မတော်က အောင်ပွဲဆင်လိုက်ကြောင်းသတင်းများဝင်လာသည်။ ရန်သူများအထိအခိုက်အကျအဆုံးများစွာဖြင့် ပရမ်းပတာဆုတ်ခွာနေရသည်။ ဆုတ်ခွာလာသော ရန်သူလမ်းကြောင်းကိုပိတ်ဆို့ထားရန် တာဝန်ယူရသည်။

လမ်းများပိတ်ဆို့ထားစဉ်၊ လမ်းဘေးရွာအတွင်းမှ ခွေးဟောင်သံများကြားနေရသည်။ ခွေးဟောင်သံသည် တစိမ်းဧည့်သည်များကိုဟောင်သောအသံဖြစ်၏။

သတင်းစုံစမ်းရန်အတွက် ဆွတ်ဗဟာဒူးရိုင်းအားတပ်စိပ်မှူးမန်းဗဟာဒူးကတာဝန်ပေးလေသည်။

"ဆွတ်ဗဟာဒူးရိုင်း အခုကြားနေရတဲ့ ခွေးဟောင်သံက မရိုးသားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆရာကြီး"

"လမ်းကြောင်းတွေ ပိတ်ဆို့ထားတဲ့ အခါရန်သူဟာ လူနေရွာထဲကိုဖြတ်သွားနိုင်တယ်။ မင်းသွားပြီး သတင်းစုံစမ်းပါ။ မင်းနဲ့အတူတပ်စိတ်တစ်စိတ်ခေါ် သွား။ လိုအပ်မယ့် လက်နတ်တွေလည်းယူသွား"

ဆွတ်ဗဟာဒူးရိုင်းတို့တပ်စိတ်သည် ရွာနံဘေးကိုချဉ်းကပ်သွားကြသည်။ ထိုအခိုက်လီရှောအမျိုးသမီးနှင့်တွေ့ကြသည်။ အမျိုးသမီးသည် ရုတ်တရက်တွေ့လိုက်ရသော ဆွတ်ဗဟာဒူးရိုင်းတို့ကိုထိတ်လန့် [illegible]သွားသည်။ ဆွတ်ဗဟာဒူးရိုင်းက လီရှောဘာသာစကားဖြင့် မြန်မာ့တပ်မတော်သားတွေဖြစ်ကြောင်းရှင်းပြရသည်။ ထိုအခါကျမှ အမျိုးသမီးစိုးရိမ်ထိတ်လန့်မှု ပျောက်သွားရှာသည်။

ဆွတ်ဗဟာဒူးရိုင်းက လီရှောဘာသာစကားဖြင့် တရုတ်ဖြူများရွာထဲတွင်ရှိသလားဟုမေးရာ အမျိုးသမီးက လက်ချောင်းသုံးချောင်းထောင်၍ တရုတ်ဖြူသုံးဦးရွာထဲမှာထမင်းထုပ်သွားယူနေကြောင်း ပြောပြသည်။ချက်ချင်းပင်တပ်မတော်သားများနေရာယူလိုက်ကြသည်။ ထို့နောက် ဆွတ်ဗဟာဒူးရိုင်းကမိမိတို့ရောက်နေကြောင်း မပြောရန် မှာပြီးလီရှောအမျိုးသမီးကို ကောင်းမွန်စွာပြန်ခွင့်ပြုလိုက်သည်။ လီရှောအမျိုးသမီးက စိတ်ချယုံကြည်စေရန်ကတိပေးသည်။ လီရှောအမျိုးသမီး၏သတင်းသည် တပ်မတော်သားများအတွက်တန်းဖိုးရှိလှသည်။

လီရှောအမျိုးသမီး၏သတင်းမှန်အတိုင်းတရုတ်ဖြူစစ်သားသုံးဦးပြန်လာကြသည်။ ရှေ့ဆုံးမှတရုတ်ဖြူသည် သေနတ်ကိုအသင့်အနေအထားဖြင့်လျှောက်လာသည်။ ထမင်းထုပ်များကို ကျန်တရုတ်ဖြူစစ်သားနှစ်ဦးကဝါးလုံးဖြင့်လျှို၍ရှေ့နောက်ထမ်းလာသည်။

ချုံကွယ်မှစောင့်နေသော ဆွတ်ဗဟာဒူးရိုင်းသည်ရှေ့မှ လက်နတ်ကိုင်လာသော တရုတ်ဖြူကိုအတင်းဝင်ရောက်ထွေးလုံးသတ်ပုတ်တိုက်ခိုက်လိုက်သည်။ ထမင်းထုပ်ထမ်းလာသော တရုတ်ဖြူနှစ်ဦးထွက်ပြေးလေရာ တပ်ဖွဲ့ဝင်တစ်ဦးက သေနတ်ဖြင့်ပစ်သတ်လိုက်သည်။ ရန်သူထံမှ လက်နက်နှင့်တကွထမင်းထုပ်များကိုရရှိလိုက်သည်။

ရန်သူများဆုတ်ခွာမည့် လမ်းကြောင်းကိုဆွတ်ဗဟာဒူးရိုင်းတို့တပ်ခွဲမှ ပိတ်ဆို့ထားသော်လည်း ရန်သူများဆုတ်ခွာလာခြင်းမရှိ။ ရန်သူများသည် တဖက်နိုင်ငံနယ်ခြားမယ်ဆိုင်ဘက်သို့ဆုတ်ခွာသွားကြောင်းသတင်းဝင်လာသည်။ ထိုသတင်းရလျှင်ချင်းမယ်ဆိုင်မရောက်မီခြောက်မိုင်ခန့်ဝေးသော

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းရွာတစ်ရွာမှ ခံစစ်ကြောင်းအဖြစ် တပ်စခန်းချရန် ချီတက်သွားကြသည်။ ခံစစ်ကြောင်းကိုပြင်ဆင်ထားလိုက်သည်။ ညသည်တစစမှောင်မိုက်ခဲ့လေပြီ။

မိမိစခန်းနှင့်မနီးမဝေးအရပ်မှ လက်နက်ကြီးဖြင့်လှမ်း၍ပစ်ခတ်သံကိုကြားရသည်။ ထိုအချိန်တွင် တပ်ခွဲမှူးလက်ချမိုင်ရိုင်းနှင့် ဆာဂျင်ဗဟာဒူးတို့တပ်ခွဲသည် ရန်သူနှင့် လက်တစ်လမ်းကွာမှာရှိနေသည်။

ရန်သူထံမှ လက်နက်ကြီးများဖြင့် ပစ်ခတ်နေသော်လည်း ဆွတ်ဗဟာဒူးရိုင်းတို့အဖွဲ့က ကတုတ်ကျင်းအတွင်းမှ ငြိမ်သက်နေကြသည်။ မိုးလင်းသည်နှင့် ဟိုက်လူးခေါ် ရှမ်းတရုတ်ရွာကိုသွားရောက်ရှင်းလင်းရန်အမိန့်ရရှိသည်။ ထိုအမိန့်သတင်းဝင်ခြင်းနှင့်အတူ တရုတ်ဖြူတို့ဘက်မှ သုံးလက်မမော်တာကျည်များ အဆက်မပြတ်ကျလာသည်။ ရန်သူသည် အင်အား နှစ်ရာကျော်ဖြင့်အတင်းချီတက်လာကြသည်။ ထို့နောက်မန်းဗဟာဒူးတို့ ခြေကုတ်စခန်းယူထားရာ ခံစစ်ကြောင်းကို ဝိုင်းထားကြသည်။

မန်းဗဟာဒူးနှင့် ဆွတ်ဗဟာဒူးရိုင်းတို့ တပ်စိတ်ကအနည်းငယ်မျှသာပြန်လည်ပစ်ခတ်နေသည်။ မန်းဗဟာဒူးက ဆွတ်ဗဟာဒူးရိုင်းအားမိမိတပ်ဖွဲ့ငြိမ်သက်နေစေရန် သတိပေးထားသည်။ ရန်သူသည်မြန်မာ့တပ်မတော်စစ်သည်များ ငြိမ်သက်နေ၍ ရှေ့မတိုးရဲကြချေ။ အရဲစွန့်တက်လာသောတရုတ်ဖြူများ အထွေးထွေးကျဆုံးလျှက်ရှိ၏။

မိုးလင်းချိန်ကို မြန်မာ့တပ်မတော်သားများကစောင့်ဆိုင်းနေကြသည်။ အရှေ့ဘက်ရောင်နီပျို့ချိန် ညီအစ်ကိုမသိတသိအချိန်လွန်မြောက်လာသောအခါ ရန်သူတရုတ်ဖြူတို့အားသဲကွဲစွာမြင်ရလေပြီ။ ရန်သူကိုမြင်ရသည်နှင့် တပ်မတော်သားများ၏ ကျည်ဆံများသည်ရန်သူကိုတစ်ချက်တစ်ယောက်ကျဆုံးစေပါ၏။ ရန်သူသည် အကျအဆုံးများနေသော်လည်း ဆုတ်ခွာမသွားလူအင်အားနှင့် အတင်းဖိ၍ချီတက်လာပြန်သည်။

ရန်သူများနှင့် အနီးကပ်ရင်ဆိုင်တိုက်ပွဲဆင်နွှဲကြလေပြီ။ ဆွတ်ဗဟာဒူးရိုင်းသည် နှစ်လက်မစိန်ပြောင်းဖြင့်ရန်သူများအားတိုက်ခိုက်ရင်း ပုံးဆံများကုန်ခန်းသွားလေပြီ။ ဆွတ်ဗဟာဒူးရိုင်းသည် ခုကူရီဓါးကိုဆွဲထုတ်ပြီးတိုက်ခိုက်သည်။ တစ်နေ့လုံးတိုက်ခိုက်လျက်ရှိရာမှ မြန်မာ့တပ်မတော်သားများသည် ဆက်သွယ်ရေးကတုတ်ကျင်းအတွင်းမှ ခုခံတိုက်ခိုက်နေသည်။ ရန်သူသည်အလင်းရောင်ရှိနေ၍မဝင်ဝံ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ချေ။

ညအမှောင်သို့ရောက်သောအခါ တရုတ်ဖြူများဘက်မှ စစ်ကူများရောက်လာပြီး ရင်ဆိုင်တိုက်ပွဲအကြီးအကျယ် တိုက်ခိုက်ကြပြန်သည်။ ရင်ဆိုင်တိုက်ပွဲဆင်နွှဲရာတွင် ဂေါ်ရခါးရဲဘော်များသည် ခူကူရီဓါးကို အသံတိတ်သုံးစွဲ၍တိုက်ပွဲဝင်လျက်ရန်သူများအလောင်းချင်းထပ်လျှက် ကျဆုံးစေလျှက်ရှိ၏။

ဆက်သွယ်ရေး ကတုတ်ကျင်းအတွင်း၌ရန်သူအလောင်းများသည်အတုံးအရုံးပြည့်နှက်လျှက်ရှိသည်။ ဆွတ်ဗဟာဒူးရိုင်းသည် ရန်သူအလောင်းများကို ကျော်နင်း၍ ရန်သူလက်နက်ဖြင့်ပြန်လည်ခုခံတိုက်ပွဲဝင်လျက်ရှိသည်။

ဆွတ်ဗဟာဒူးရိုင်းသည် စက်သေနတ်ကိုင်တရုတ်ဖြူအားလက်ပစ်ဗုံးနှင့်ပစ်ခတ်တိုက်ခိုက်ရာ စက်သေနတ်ကိုင် ရန်သူကျဆုံးသွားပြီး ကျည်ကပ်အပြည့်နှင့် စက်သေနတ်ကိုတက်၍ ရယူရန် မိကျောင်းတက်ခို တက်သွားလေပြီ။

ရန်သူများအကျအဆုံးများစွာဖြင့် အကြီးအကျယ်ထိခိုက်သေဆုံးနေကြသည်။ အော်၍ငိုသူကငိုနေကြသည်။ ပြေးသူကပြေးလျက်ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားနေသူများ၊ ဂေါ်ရခါးစစ်သားများ၏ ခူကူရီဓါးချက်အောက်တွင် အသက်ပျောက်ကုန်ကြသည်။

ဆွတ်ဗဟာဒူးရိုင်းသည် စက်သေနတ်ကိုရရှိသည်နှင့် ဝိုင်းထားသောရန်သူများဘက်သို့ တရစပ်ပစ်ခတ်လေတော့သည်။ ရန်သူပစ်ခတ်သော ကျည်ဆံများသည်လည်း ဆွတ်ဗဟာဒူးရိုင်း၏ခန္ဓာကိုယ်ကို ထိမှန်ခဲ့လေပြီ။ ထိမှန်သောဒဏ်ရာများကို ဂရုမစိုက်ဘဲ စက်သေနတ်ကိုပွေ့၍အဆက်မပြတ်ပစ်ခတ်လေရာရန်သူများပြိုလဲကျဆုံးကြလေပြီ။

ရန်သူတရုတ်ဖြူတစ်ဦး၏ လက်ပစ်ဗုံးတစ်လုံးသည် ဆွတ်ဗဟာဒူးရိုင်းအနီးတွင် ကျရောက်ပေါက်ကွဲခဲ့လေပြီ။ မီးခိုးလုံးများနှင့်အတူဆွတ်ဗဟာဒူးရိုင်း၏စက်သေနတ်သံလည်းတိတ်ဆိတ်သွားလေပြီ။

ကျူးကျော်လာသူ တရုတ်ဖြူအလောင်းများ၏အလယ်တွင်မြန်မာ့တပ်မတော်သူရဲကောင်းဆွတ်ဗဟာဒူးရိုင်း၏အလောင်းသည်တရားသောစစ်ပွဲ၏ အမှတ်လက္ခဏာဖြစ်၍တည်ရှိနေလေပြီ။

မကြာမီမြန်မာ့တပ်မတော်၏ စစ်မော်တော်ယာဉ်များရောက်ရှိလာသည်။ နှစ်ရက်ကျော်သုံးရက်နီးပါးမနားတမ်းတိုက်ပွဲဝင်ခဲ့သော မန်းဗဟာဒူးတို့၏တပ်စိတ်ကိုစုစည်းလိုက်သည်။ တိုက်ပွဲတွင်ကျဆုံး

www.burmeseclassic.com

www.burmeseclassic.com



သော ဆွတ်ဗဟာဒူးရှိုင်း၏ရုပ်အလောင်းကို ဆေးတပ်သားများကကောင်းမွန်စွာထုပ်ပိုးသယ်ယူကြလေသည်။ တပ်ခွဲမှူးက တိုက်ပွဲဝင်ရဲဘော်များကိုထမင်းထုပ်များပေးဝေစေသည်။

"ရဲဘော်တို့ တို့တပ်မတော်သားတွေအတွက် ခရီးဝေးကပေးပို့လိုက်တဲ့ ရိက္ခာထုပ်တွေဖြစ်တယ်။ မကြာမီကမှလေယာဉ်ပျံပေါ်ကချပေးတဲ့ရိက္ခာတွေ။ အားပါးတရစားပြီးအနားယူကြပါ"

မန်းဗဟာဒူးသည် သူ့သူငယ်ချင်းဆွတ်ဗဟာဒူးရှိုင်း၏ရုပ်အလောင်းကိုကြည့်ပြီးထမင်းစားချင်စိတ်ပင်မရှိ။ ထမင်းထုပ်ကိုဖွင့်လိုက်သောအခါ ရန်ကြီးအောင်နှင့်သူရဲကောင်းများသို့ဟုခေါင်းစဉ်ရေးထားသောစာများကိုဖတ်ရှုမိသည်။

၁။ စစ်ရေးဟူက ခွန်အားထုတ်ထုတ်၊ ကြိုးကုတ်စိတ်ပိုင်း ကြံကြံခိုင်လော့။

နိုင်မည်ရှုံးမည်ဆိုသည်စကား၊ ဘယ်သူ့အားလျှင်ထင်ရှားထပ်ထပ်သိစေအပ်လိမ့်။

သူ့တပ်ကိုယ့်တပ် စစ်မြေရပ်ဝယ်ကြပ်ကြပ်တည်းတည်း စည်းမည်းရုံးရုံးနှလုံးမတွန့် စိတ်လိုလွန့်လျက် သက်စွန့်များသူနိုင်မြဲယူလော့။

၂။ လူတို့မှတ်ရိုး စစ်မက်ထိုးသော် အားကြိုးတင်းတင်း လူချင်းချင်းကို ဘယ်မင်းဖက်ပြိုင် ဘယ်တပ်ဆိုင်အံ့၊ သူ့နိုင်ငံသား၊ သံမှုန့်စားမှ တို့အားတုံးမည် မှတ်တော်တည်လော့။

ရဲဘော်တို့ဆင်နွှဲသော တရားသောစစ်အောင်ရမည်။

မန္တလေးဈေးချိုသူများ၊ မန္တလေးမြို့။

မန်းဗဟာဒူးသည် စာရွက်ကလေးကိုသေချာခေါက်၍ အိတ်ထောင်အတွင်းသိမ်းထားလိုက်သည်။

ပြည်သူတို့၏မေတ္တာတရားသည် တပ်မတော်သားတို့၏ နှလုံးအိမ်ကိုငြိမ်းအေးချမ်းမြေ့စေပါ၏။ တပ်မတော်သားများ၏ စစ်သုံးမော်တော်ယာဉ်များရှေ့ခရီးကိုဆက်ကြလေပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



## တွေ့ဆုံကြုံကွဲ ဖြစ်မြဲမမှတ ယူတိုင်ရှာ

စိမ်းလဲ့ဂေဟာခြံကြီးအတွင်းသို့ စစ်သုံးမော်တော်ယာဉ်တစ်စင်းဝင်ရောက်လာသည်။ စစ်သုံးမော်တော်ယာဉ်ပေါ်မှ ဗိုလ်ကြီးအဆင့်၊ အရာရှိတစ်ဦးနှင့် တပ်ကြပ်ကြီးတစ်ဦး အိမ်အတွင်းသို့ဝင်ရောက်သွားသည်။

ဧည့်ခန်းဆောင်အတွင်းမှ ကားသံကြား၍ထွက်လာသောဆူဇန်ကဧည့်သည်များကို တွေဝေသောအမူအရာဖြင့်ကြိုဆိုလိုက်သည်။ သူ၏ခင်ပွန်းလောင်း ဆာဂျင်ဗဟာဒူး ရှေ့တန်းထွက်သွားသည်မဟုတ်ပါလော။

"ကြွကြွပါရှင်၊ ထိုင်ကြပါ"

ဧည့်သည်ဗိုလ်ကြီးက သူ၏ဦးထုပ်ကိုချွတ်၊ လက်တွင်ပိုက်လျှက် ဆူဇန်ကိုနှုတ်ဆက်သည်။

"ကျွန်တော် ကျောက်မဲ၊ ခလရ-၄ တပ်ရင်းက ဗိုလ်ကြီးမျိုးမင်းပါ"

ပြောပြောဆိုဆို ဧည့်ခန်းရှိခုံတွင် ထိုင်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်မဆူဇန်ပါ"

"မဆူဇန်က ညီမလေးလား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"အခုလာခဲ့တာက၊ မဆူဇန်ရဲ့ကိစ္စ တပ်ရင်းမှူးက အကြောင်းကြားခိုင်းလို့ပါ"

"ဟုတ်ကဲ့ ပြောပါ ဗိုလ်ကြီး"

"တစ်ခြားအကြောင်းမဟုတ်ပါဘူး။ ဆာဂျင်ဗဟာဒူးနဲ့ညီမလေးတို့လက်ထပ်ခွင့်တင်ထားတာကို အထက်က ခွင့်ပြုလိုက်တဲ့အကြောင်းလာပြောတာပါ"

ဗိုလ်ကြီး၏စကားကြောင့် ဆူဇန်၏မျက်နှာတွင် ပန်းနုရောင်သန်းသွားသည်။

"အဲဒီကိစ္စလာပြီးသတင်းပေးတာပါ။ နောက်ပြီး မင်္ဂလာအခမ်းအနားကိစ္စကိုလည်းမဆူဇန်တို့ဖက်ကကြိုတင်ပြင်ဆင်ထားနိုင်အောင်လို့ပါ"

ထိုစဉ် ဆူဇန်၏ဖခင် ဦးချတ္တရီအပြင်မှ ပြန်ရောက်လာသည်။

"အဖေဗိုလ်ကြီးနဲ့ စကားပြောလိုက်ပါဦး။ သမီးလက်ဖက်ရည်သွားပြင်လိုက်ဦးမယ်"

ဗိုလ်ကြီးမျိုးမင်းက စောစောကလာရင်းကိစ္စကို ဦးချတ္တရီးအားပြန်ပြောပြသည်။

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီး။ ကျွန်တော့်သမီးလေး မင်္ဂလာကိစ္စကိုလည်း ကျွန်တော်တို့လူမျိုးရဲ့ ယဉ်ကျေးမှုနဲ့အညီ ခမ်းခမ်းနားနားကြီးမဟုတ်တောင်လျော်ကန်သင့်မြတ်တဲ့အစီအစဉ်လေးနဲ့ပြင်ဆင်ဆောင်ရွက်ထားနှင့်ပါမယ်"

"ကျွန်တော်တို့တပ်ရင်း ကြာမီ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်းက ပြန်လာတော့မှာပါ။ကျွန်တော် ထင်ပါတယ် နောက်ထပ်ရက်တပတ် လောက်ဆိုရင် ပြန်ရောက်တော့မှာ။ ရှေ့တန်းကပြန်လာတဲ့အခါ ကျောက်မဲမြို့သူ မြို့သားတွေရဲ့လမ်းတစ်လျှောက်ကြိုဆိုပွဲတွေ ကတော့စည်ကားဦးမှာပဲ"

"အေးဗျာ. . ရက်အတိအကျ သိရရင် တော့ကောင်းမှာ ကျွန်တော်တို့လည်း ကြို ရတာပေါ့"

"အဲဒီအတွက်တော့ မပူပါနဲ့ကျွန်တော် ဦးတို့ဆီကိုကြိုပြီးသတင်းပို့ပေးပါ့မယ်"

ဗိုလ်ကြီးမျိုးမင်းက သူ၏ဆရာကြီး အားအသေအချာမှတ်ထားရန် သတိပေး လိုက်သည်။ ဆူဇန်ကလက်ဖက်ရည် ပန်းကန်များလာချသည်။

"ဗိုလ်ကြီးနဲ့ဆရာကြီး သောက်ကြပါ အုံး"

ထိုစဉ် အမ်အမ်တီအေဂျစ်ကား တစ်စင်းစီမ်းလဲ့ဂေဟာခြံကြီးအတွင်း ဝင်ရောက်လာသည်။ ဂျစ်ကားပေါ်မှ လူတစ်ယောက် ဧည့်ခန်းထဲသို့ ဝင်ရောက် လာသည်။ ဘောင်းဘီရှည်မီးခိုးရောင်၊ ကုတ်အင်္ကျီနှင့်နက်ခ်တိုင်ပါဝတ်ဆင်ထားသော လူရည်သန့်တစ်ဦးဖြစ်ပါလေ၏။

"ဟာ အစ်ကိုသန့်စင်"

"မောင်သန့်စင် လာထိုင်။ မင်းရောက် လာတာနဲ့အတော်ပဲ"

"ဦး ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ"

ဗိုလ်ကြီးမျိုးမင်းနှင့် ဆရာကြီးတို့ပြန်ရန် မတ်တပ်ရပ်လိုက်သည်။

ကိုသန့်စင်က စ၍နှုတ်ဆက်သည်။

"ဗိုလ်ကြီး ကျွန်တော်သန့်စင်ပါ"

"ကျွန်တော် ဗိုလ်ကြီးမျိုးမင်းပါ"

နှစ်ဦးသားလက်ဆွဲနှုတ်ဆက်လိုက် ကြသည်။

" ဗိုလ်ကြီးတို့တပ်မတော်သားတွေရဲ့ တရားသောစစ်ပွဲအောင်ပါစေလို့ဆုတောင်း ပေးပါတယ်"

"ကျေးဇူးတင်ပါတယ်။ ကဲ. . ကျွန် တော်တို့ကို သွားခွင့်ပြုပါ"

ဗိုလ်ကြီးမျိုးမင်းတို့ ထွက်သွားကြပြီ။

ကိုသန့်စင်ရောဦးချွတ္တရီပါ ကားပေါ် အထိလိုက်၍နှုတ်ဆက်သည်။ အခန်း တွင်းသို့ ပြန်ရောက်သောအခါ

"မောင်သန့်စင်ရေ မင်းညီမတော့စွန် ပြီ။ အခုပဲဗိုလ်ကြီးတို့ မင်းညီမ မင်္ဂလာကိစ္စ အတွက်လာသတင်းပေးတာ။ ဆာဂျင် ဗဟာဒူးတို့ ရှေ့တန်းကနေ့နောက်တစ်ပတ် လောက်နေရင်ပြန်လာတော့မှာ။ အဲဒါ မင်္ဂလာကိစ္စမောင်သန့်စင်ဝိုင်းကူပေးဦး"

"စိတ်ချပါဦး။ ကျွန်တော်လည်း ဆာဂျင်ဗဟာဒူးကိုတွေ့ချင်လို့လာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စများလဲ မောင်သန့်စင်"

"တခြားမဟုတ်ပါဘူး။ ကျွန်တော့် သမိုင်းစာတမ်းအတွက်ပါ"

"မောင်သန့်စင်ရဲ့စာတမ်းက ဆာဂျင် ဗဟာဒူးတို့နဲ့ ဘယ်လိုများပတ်သက်လို့လဲ။ ဦးတောင်စိတ်ဝင်စားသွားပြီ"

"ဒီလိုပါဦး ကျွန်တော့်စာတမ်းက တရုတ်မြန်မာစစ်ပွဲများဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးနေတာပါ။ သမိုင်းထဲမှာ တရုတ်ကျူး ကျော်မှုအချက်အလက်တွေရှိပြီးသားပါ။ လက်ရှိတရုတ်ဖြူကျူးကျော်မှုအတွက် လက်တွေ့ကွင်းဆင်းလေ့လာပြီး စာတမ်း ရေးချင်လို့ပါ။ နောက်ပြီး တရုတ်ဖြူတိုက်ပွဲ တွေအကြောင်းကိုလည်း ထည့်ရေးချင်လို့ ပါ။ ကောင်းတာကတော့ ကိုယ်တိုင်စစ်မြေ ပြင်လိုက်ပြီး ရေးနိုင်ရင်သမိုင်းတန်ဖိုး ပိုကြီးတာပေါ့။ ဒါကြောင့် ကိုယ်တိုင်တိုက်ပွဲ မှာပါတဲ့ဆာဂျင်ဗဟာဒူးတို့ ဗိုလ်မှူးလက်ချို မန်ရှိုင်းတို့နဲ့တွေ့ပြီးရေးမလို့ပါ။ တကယ့် တရုတ်ဖြူတပ်စွဲခဲ့ကြတဲ့ နယ်စပ်ဒေသက အဆောက်အဦးတွေကိုဓာတ်ပုံနဲ့တကွ စာတမ်းဖြစ်အောင်ရေးရမယ်။ ကျွန်တော် ထင်ပါတယ် တပ်မတော်စစ်ရုံးမှာတော့ တရုတ်ဖြူရဲ့တပ်စခန်းဓာတ်ပုံတွေရှိနိုင်တယ်။ လိုအပ်တာကူညီပေးဖို့ကျောင်းကဒုတိယ အဓိပတိ(ပါမောက္ခ ချုပ်)ထောက်ခံတဲ့ စာ လည်းပါ,ပါတယ်"

"အေး ကောင်းတာပေါ့"

"အစ်ကိုနဲ့အဖေ ထမင်းစားရအောင် အဆင်သင့်ဖြစ်ပါပြီ"

"စားရမှာပေါ့ဗျာ။ ဒီကနေ့မင်္ဂလာ သတင်းကြားပြီးတဲ့နေ့မို့ ဟင်းကောင်း ကောင်းနဲ့ကျွေးရမယ်နော်"

"အခုတော့ချက်ချင်းကြီးမို့ ရှိတာလေး နဲ့စားသွားပါဦး။ နောက်တစ်ခေါက်ကျမှ ကောင်းကောင်းချက်ကျွေးပါ့မယ်"

"ဒါနဲ့မောင်သန့်စင် ဖြစ်နိုင်ရင် ဒီမှာ တစ်လလောက်နေပါဦးလား"

"ကျွန်တော်နေချင်ပါတယ်။ကျွန်တော့် အမေကကျန်းမာရေးသိပ်မကောင်းရှာဘူး။ အမေတစ်ယောက်သားတစ်ယောက်မို့ အမေကသူ့အနားမှာပဲ နေစေချင်တာ။ တော်လှန်ရေးတုန်းက သူ့အနားမနေနိုင် တာတောင်အခုချိန်ထိပြောလို့မပြီးနိုင်ဘူး။ အခုလည်းစာတမ်းကိစ္စနဲ့မို့။ ဒါပေမယ့် မပူပါနဲ့ ဆုဇန့်မင်္ဂလာဆောင်ကိစ္စကိုတော့ ကျွန်တော်အားလုံးတာဝန်ယူပြီးလုပ်ပေး မှာပါ"

"ကျေးဇူးတင်ပါတယ် မောင်သန့်စင်။ ဓာတ်ပြားဟောင်းကြီးပြန်ဖွင့်ပြရရင်တော့ တို့မှာလည်း မင်းတစ်ယောက်ရှိတာမဟုတ် လား"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဦးရယ်"

လူသားဟူသည် ရံဖန်ရံခါဟန်ဆောင်နေရသော သတ္တဝါတစ်မျိုးသာဖြစ်သည်။ အခြားသောသတ္တဝါများနှင့်မတူ။ လူဆိုသောသတ္တဝါတွင် ဟန်ဆောင်ခြင်း၊ လှည့်ဖျားခြင်း၊ မာယာများခြင်းစသော စိတ်စေတသိက်တရားတို့ဖြင့် ရှင်သန်နေရပါလေ၏။ ကိုသန့်စင်ထိုသို့ထိန်းထိန်းသိမ်းသိမ်းစကားဆိုခြင်းသည်ပင်လျှင် လူယဉ်ကျေးတစ်ယောက် လူကြီးလူကောင်းတစ်ယောက်ဟုဆိုကဆိုနိုင်ပါ၏။

"အစ်ကို အရင်တစ်ခေါက်တုန်းက ဘာလို့ချက်ချင်းပြန်သွားရတာလဲ"

ဆူဇန်၏အမေးကို ကိုသန့်စင်ရုတ်တရက်ဖြေဖို့ခက်သွားသည်။ အမှန်တကယ် ကိုသန့်စင်ပြောရမည့် စကားကို မပြောဖြစ်။

"ကိုယ့်မှာ ဒီ့ပြင်အရေးကြီးကိစ္စလေးတွေရှိနေလို့ပါ"

"အစ်ကို့ ပစ္စည်းတွေလည်း ကျန်နေရစ်တယ်"

"ဘာများလဲ ဆူဇန်"

"ဆုထူးပန်ယောက်ျားဆိုတဲ့ စာအုပ်လေးနဲ့အခြားကဗျာစာအုပ်တွေလေ"

"ဩော်. . အဲဒီစာအုပ်လေးက ဆူဇန့်ကိုလက်ဆောင်ပေးဖို့ ကိုယ်ယူလာတာ"

"အစ်ကိုမပေးလည်း ဆူဇန်ကအားလုံးဖတ်ပြီးပေါ့"

"ဟုတ်လား။ ကောင်းတာပေါ့"

"ဟုတ်တယ်အစ်ကို အဲဒီစာအုပ်လေးကိုဖတ်ပြီး ဆူဇန်အလုပ်တစ်ခုလုပ်ဖို့တောင်ပြင်ဆင်ပြီးပြီအစ်ကို"

"ဟာ. . ငါ့နှမက တယ်ဟုတ်ပါလား။ ကဲပြောပါဦး ဘာတွေပြင်ဆင်ထားလဲလို့"

"အဖေစုဆောင်းထားတဲ့ ရတနာပစ္စည်းအချို့ရယ်၊ အစ်ကိုဗဟာဒူးက အမျိုးဘာသာ၊သာသနာအတွက်ဖြစ်ရမယ်ဆိုပြီး အပ်ထားတဲ့ ရတနာပစ္စည်းတွေကိုအသက်သွင်းပေးမလို့"

ဆူဇန်၏စကားကြောင့် ကိုသန့်စင်အံ့ဩသွားသည်။

"ဘယ်လို၊ ဘယ်လို၊ ရတနာပစ္စည်းတွေကို အသက်သွင်းမယ်ဟုတ်လား"

"ဟုတ်တယ်လေ။ ဆူဇန်တို့ဂေါ်ရခါးလူမျိုးတွေက မြန်မာ့မြေမှာနေပြီး ဒီမြေကြီးအပေါ်သစ္စာလည်းရှိတယ်။ အလုပ်အကျွေးလည်းပြုတယ်။ အသက်နဲ့ရင်းပြီးကျူးကျော်လာတဲ့ရန်သူတွေကိုလည်း တိုက်ခိုက်နေကြတယ်။ နောက်ပြီးဆူဇန်တို့နီပေါနိုင်ငံဟာ ဘုရားမွေးဖွားရာနိုင်ငံဖြစ်သလိုမြန်မာနိုင်ငံဟာလည်းဗုဒ္ဓဘာသာထွန်းကားတဲ့နိုင်ငံ၊ ဘာသာရေးမှာ လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လယ်စွာကိုးကွယ်ခွင့်ပေးတဲ့နိုင်ငံမဟုတ်လား။ အဖေနဲ့မေမြို့က ဂေါ်ရခါးမိတ်ဆွေတွေကလည်း ဟိန္ဒူအဖွဲ့ချုပ်ဖြစ်အောင်ကြိုးစားနေကြပါတယ်။

ဆူဇန်လုပ်ရမယ့်အလုပ်က ရေရှည်စီမံကိန်းနဲ့လုပ်ရမှာမို့အစ်ကို သဘောပေါက်အောင်ရှင်းပြနေတာ။

ဒီလိုပါအစ်ကို၊ ဆူဇန်တို့လူမျိုးဟာ ဟိန္ဒူရိုးရာနတ်ဘုရားကိုကိုးကွယ်ကြသလို ဗုဒ္ဓဘာသာဖြစ်ထွန်းလာတဲ့နောက်ဗုဒ္ဓမြတ်ဘုရားကိုလည်းကိုးကွယ်တယ်။ ဗုဒ္ဓရဲ့ ဓမ္မပဒကိုလည်း ကြိုက်တယ်။ တဂိုးရဲ့ ဂီတဥ္စလီ၊ ဆန်းစသော်တာစတဲ့ ကဗျာတွေကိုလည်းကြိုက်တယ်။ မဟာဘာရတ လင်္ကာကြီးတွေ၊ ရာမယဏဇာတ်တော်ကြီးတွေကိုလည်းနှစ်သက်ကြတယ်မဟုတ်လား။ ဒါကြောင့် ဆူဇန်ဒီမြေပေါ်မှာတာဝန်ကျေချင်တယ် အစ်ကို"

"ဟုတ်ပြီ ဆက်ပါဦး"

ဆူဇန်ကစကားကို လေးလေးနက်နက်ပြောလိုက်သည်။

"ဆူဇန် ဒီစိမ်းလဲ့ဂေဟာခြံကြီးကို ကလေးစောင့်ရှောက်ရေးဂေဟာအဖြစ်လုပ်မယ်။ အဲဒီကလေးတွေကို နိုင်ငံရဲ့ သက်ရှိရတနာတွေဖြစ်အောင်သက်မဲ့ ရတနာတွေနဲ့အသက်သွင်းမယ်။ သူတို့ကို ပြုစုပျိုးထောင်မယ်။ နောက်ပြီး ဂေါ်ရခါးလူမျိုးအတော်များများ မသိနားမလည်သေးတဲ့ ငြိမ်းချမ်းရေးအစစ်အမှန်ဆိုတာကိုသိအောင်လုပ်ပေးချင်တယ်"

ဆူဇန်၏စကားများကို နားထောင်နေသောကိုသန့်စင်ဆူဇန့်ကို အံ့ဩချီးမွမ်းစိတ်ဖြစ်ရသည်။ ဆူဇန်၏ ဘဝအားမာန်ကို အလွန်လေးစားသွားရပြီ။

"ကိုယ်လည်း တတ်နိုင်သလောက်ကူညီမယ်လေ"

"တစ်ချိန်ချိန်မှာ ဟောဒီမေမြို့ဆိုတဲ့မြို့မှာရာဘင်ဒြာနတ်တဂိုးရဲ့ရှန်တိနိကေတန်လိုကျောင်းကြီးဖြစ်လာစေရမယ် အစ်ကို"

သမီးဖြစ်သူနှင့် ကိုသန့်စင်ကိုကြည့်လျက်ဦးချတ္တရီသဘောကျနေမိလေသည်။ ထိုနောက် ဦးချတ္တရီနှင့်ကိုသန့်စင်တို့ထမင်းစားခန်းမှဧည့်ခန်းဆောင်ဘက်သို့ထွက်လာကြသည်။ ဆူဇန်မှာ ထမင်းပန်းကန်၊ ဟင်းပန်းကန်များသိမ်းဆဲကျန်ရစ်လေသည်။

"မင်းနှမကတော့ သူ့စီမံကိန်းအတွက်အတွေးနဲ့တင်ကိုတော်တော်ကျေနပ်နေပုံရတယ်"

"ဟုတ်တယ်ဦး။ သူ့ဒီအတွေးမျိုးတွေးနိုင်တာကိုကချီးကျူးစရာကောင်းပါတယ်"

ဆူဇန်ထမင်းစားခန်းမှထွက်လာပြီး သူမအခန်းသို့ဝင်သွားပြန်သည်။ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှဆူဇန်ထွက်လာသောအခါလက်ထဲတွင်စာအုပ်တစ်ချို့ပါလာသည်။

"အစ်ကိုအရင်တစ်ခေါက်က ကျန်ခဲ့တဲ့စာအုပ်တွေ"

စာအုပ်များမှာဆူထူးပန်ယောက်ျားနှင့်တဂိုး၏ဂီတဥ္စလီ ဆန်းစသော်တာစသော စာအုပ်များပင်ဖြစ်ပါလေ၏။ ကိုသန့်စင် ဆူဇန်ထံမှစာအုပ်များကိုလှမ်း၍ယူလိုက်သည်။

"ဆူဇန် ညီမလေး ထပါဦး။ ကိုယ်ငါ့နှမကို ဒီစာအုပ်တွေပေးမယ်ဆိုပြီး မပေးဖြစ်ခဲ့ဘဲ ရုတ်တရက်ကြီးထွက်သွားခဲ့တာကိုတောင်းပန်ပါတယ်။ အခုဒီစာအုပ်တွေအားလုံးကို ငါ့နှမရဲ့စိတ်ကူးကိုဂုဏ်ပြုတဲ့အနေနဲ့ပေးပါတယ်"

ဆူဇန်က စာအုပ်များကိုဦးညွတ်ယူလိုက်ရင်

"ဟဲ. . ဟဲ. . ကျေးဇူးတင်ပါတယ် အစ်ကို။ ဆူဇန်ဖွင့်မယ့် ကျောင်းလေးရဲ့နာမည်ကို စဉ်းစားပေးရမယ်နော်"

"ဟုတ်ပါပြီတဲ့ဗျာ။ ကိုဗဟာဒူးပြန်လာတော့ တို့ဝိုင်းစဉ်းစားကြတာပေါ့။ ရုတ်တရက်ကြီးပြန်သွားတယ်လို့မထင်နဲ့ဦး ထမင်းလည်းစားလို့ဝသွားပြီဆိုတော့ ကိုယ်ပြန်တော့မယ်။ ငါ့နှမနဲ့မိတ်ဆွေဖြစ်ရတာ ကိုယ်အများကြီးဂုဏ်ယူပါတယ်။ ဦးကျွန်တော်ပြန်လိုက်ဦးမယ်။ နောက်မှတစ်ခေါက်ထပ်လာပါဦးမယ်"

ဆူဇန်က ကိုသန့်စင်အားခြံဝအထိလိုက်ပို့သည်။ စိမ်းလဲ့ဂေဟာခြံကြီးအတွင်းတွင် ပန်းရောင်စုံများဖူးပွင့်ဝေဆာလျှပနေသည်။ ဆူဇန်လောကကြီး၏ တွေ့ဆုံရခြင်း၊ ခွဲခွာရခြင်းဟုဆိုအပ်သော သံသရာခရီးကို လွမ်းမောစွာတွေးတောရင်းကျန်ရစ်ခဲ့ပါလေ၏။

■

www.burmeseclassic.com

www.burmeseclassic.com



**တပ်မတော်၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး**

ပြည်တွင်းစစ်မီးတောက်နှင့် အတူ တရုတ်ဖြူကျူးကျော်စစ်ပွဲသည်၁၉၅၀ပြည့် လွန်ကာလမှ ၁၉၅၉ခုနှစ်ထိဆယ်စုနှစ် ကာလတစ်ခုထိတိုင် ရှည်ကြာခဲ့လေသည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး နှင့် လွတ်လပ်ရေးမဆုံးပါးစေရန် နှလုံးရည် ရော၊ လက်ရုံးရည်ပါ ပူးတွဲထမ်းဆောင် နေရ၏။

တပ်မတော် ခေါင်းဆောင်များသည် တပ်မတော်အား ကိုယ့်ကြမ္မာကိုယ်ဖန်တီး နိုင်ရေးကို ဥပဒေနှင့်အညီဆောင်ရွက် နေရ၏။ ၁၉၅၀ပြည့်နှစ် မေလ ၂၃ရက်နေ့ မှ စစ်ရုံးပြန်လည်ဖွဲ့စည်းရေးအတွက် စီမံချက်တစ်ရပ်ထွက်လာနိုင်ခဲ့သည်။ တပ်မတော်သည် စစ်ရေးကိစ္စများအား ဝန်ကြီးအဖွဲ့ (ကဲဘိနက်)သို့ တင်ပြရာတွင် အရပ်သားအရာရှိ ကာကွယ်ရေးဌာန အတွင်းဝန်မှတစ်ဆင့်တင်ပြကြရ၏။ တပ်မတော်သည် ကြည်း၊ ရေ၊ လေတပ်ဖွဲ့ များအား စစ်သေနာပတိချုပ်နှင့် စစ်ဦးစီး ချုပ်အောက်တွင် ပူးပေါင်းဖွဲ့စည်းရေးကိုပါ တင်ပြခဲ့သော်လည်းဝန်ကြီးအဖွဲ့ကတော်ရုံ တန်ရုံ အချိန်ဖြင့်ဆုံးဖြတ်ချက် ချမပေးနိုင် ကြ။ကဲဘိနက်သည် ကြည်း၊ ရေ၊ လေ ပူးပေါင်းရေးနှင့်စည်းရုံးပုံစံသစ်ဖြင့်ဖွဲ့စည်း ရေးကို ၁၉၅၂ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့ မှစတင်ဆွေးနွေးခဲ့ကြသည်။ အသစ်ဖွဲ့ စည်းသော နိုင်ငံတော်ကာကွယ်ရေး ကော် မတီသည်လည်း ၁၉၅၂ခုနှစ်ဖေဖော်ဝါရီ လ ၁ရက်နေ့မှ ပထမအကြိမ် အစည်း အဝေးကိုကျင်းပနိုင်ခဲ့သည်။

၁၉၅၂ခုနှစ် ဖေဖော်ဝါရီလ၁၈ရက်နေ့ တွင်ကာကွယ်ရေးကောင်စီ အစည်းအဝေး ကိုကျင်းပရာ ကာကွယ်ရေးဝန်ကြီး ဦးဝင်း ကသဘာပတိအဖြစ်ဆောင်ရွက်သည်။ တပ်မတော်ရင်ဆိုင်နေရသည့်အခက်အခဲ များကိုဖြေရှင်းရန်နည်းလမ်းရှာသည်။ ဒုတိယအကြိမ်ကာကွယ်ရေးဌာနကောင်စီ အစည်းအဝေးကို ၁၉၅၂ခုနှစ် ဧပြီလ ၇ရက်နေ့မှစ၍ကျင်းပပြန်ရာကာကွယ်ရေး ဝန်ကြီးအသစ် ဦးဘဆွေကသဘာပတိ အဖြစ်ဆောင်ရွက်သည်။ ဦးဘဆွေသည် ကြည်းတပ်၊ ရေတပ်၊ လေတပ်သီးခြားစီ ဖြစ်နေရာမှအားလုံးကိုတစ်စည်းတစ်လုံး တည်း ဖြစ်စေရန်ထောက်ခံလိုက်သည်။

တပ်မတော်ခေါင်းဆောင်များသည် တပ်မတော်ကို ပြုပြင်ဖွဲ့စည်းရန် နည်းမျိုးစုံ ဖြင့်ကြိုးပမ်းကြရသည်။ တပ်မတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဗြိတိသျှစစ်မစ်ရှင် နှင့်အချို့သောနိုင်ငံရေးသမားများကအဟန့် အတားဖြစ်စေရန် ဆောင်ရွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၅၂ခုနှစ် မေလ ၁၃ရက်နေ့မှစတင် ကျင်းပသော ကာကွယ်ရေးဌာနကောင်စီ ပထမအကြိမ်ပုံမှန်အစည်းအဝေးမှကောင်စီ ကိုပြန်လည်ဖွဲ့စည်းခဲ့ပြန်ရာ ကာကွယ်ရေး ဝန်ကြီးဌာနကသဘာပတိအဖြစ်ဆောင်ရွက် ရမည်ဖြစ်ပြီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပါလီမန်အတွင်းဝန်၊ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်(လေ)နှင့်ကာကွယ် ရေးဝန်ကြီးဌာန အတွင်းဝန်တို့ပါဝင်ကြ သည်။ ကာကွယ်ရေးဌာနကောင်စီသည် ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော နိုင်ငံတော် ကာကွယ်ရေးကော်မတီက ချမှတ်ပေးသည့်ကာကွယ်ရေးဆိုင်ရာမူဝါဒ များအားတပ်မတော်ကအကောင်အထည် ဖော်ဆောင်ရွက်ပေးရသည်။

တပ်မတော်သည် နိုင်ငံရေးသမားများ ၏ကန့်သတ်မှု၊ ဗြိတိသျှစစ်မစ်ရှင်၏ ခြေရှုပ်မှုကြားတွင် ရုန်းကန်လှုပ်ရှားရင်း ပြည်တွင်းပြည်ပရန်မျိုးစုံကို တိုက်ခိုက် နေရ၏။ လက်ျာဖရီးမင်းစာချုပ်မှာ ၁၉၅၁ ခုနှစ်ဇန်နဝါရီလ၁၃ရက်နေ့တွင်သက်တမ်း ကုန်ခဲ့သော်လည်း သက်တမ်းနောက်ထပ် တစ်နှစ်တိုးခဲ့ပြန်သောကြောင့် ဗြိသိသျှ စစ်မစ်ရှင်သည် ၁၉၅၃ခုနှစ်အထိနေ့ခွင့်ရ ခဲ့သည်။ အနောက်အုပ်စု လိုလားသူများ၊ နယ်ချဲ့လိုလားသူများကစာချုပ်သက်တမ်းကို တိုးမြှင့်ရန်ကြိုးစားကြပြန်သည်ကိုတပ်မတော် ကလုံးဝလက်မခံပေ။

စစ်မစ်ရှင်သည် တပ်မတော်နှင့် အဆင်မပြေ။ တပ်မတော်ကိုအကြံပေးရေး ထက်စစ်သံလုပ်ငန်းကိုသာ အဓိကထား သည်။ စစ်ပစ္စည်းများကို ဗြိတိသျှအစိုးရထံ မှဝယ်လျှင်စစ်မစ်ရှင်ကထောက်ခံမှရသည်။ ငွေရှိတိုင်းဝယ်၍မရ။ တပ်မတော်သည် ဗြိတိသျှစစ်မစ်ရှင်အားသက်တမ်းတိုးမြှင့်ရေး ကိုလက်ခံခြင်းမပြုရန် အစိုးရထံကန့်ကွက် ခဲ့သည်။ အစိုးရက ဗြိတိသျှတို့နှင့် စာချုပ် အသစ်ချုပ်ဆိုရန် ကြိုးစားသည်။ စာချုပ် မူကြမ်းကိုအင်္ဂလန်သို့ပို့ပေးရာတောင်းဆို ချက်အသစ်များကို ထပ်မံထည့်သွင်းကြ ပြန်သည်။ တပ်မတော်ကလက်မခံသော အခါ အစိုးရသည်ကာကွယ်ရေးပစ္စည်း ဝယ်ယူမှုသဘောတူညီချက်ကို လက်မှတ် ထိုးရန်ကြိုးစားသည်။ ဗြိတိသျှတို့က စိတ်မဝင်စား။

တပ်မတော်က နိုင်ငံတော်ကာကွယ် ရေးအတွက်စစ်မြေပြင်တွင်အသက်စွန့်၍ ကြိုးစားရ၏။ အစိုးရအဖွဲ့အတွင်း နယ်ချဲ့ အလိုကျ၊ နိုင်ငံရေးသမားများနှင့်ပည်း နှလုံးရည်တိုက်ပွဲဆင်နွှဲနေရပါ၏။ တပ်မ

www.burmeseclassic.com

www.burmeseclassic.com



တော် ကြည်း၊ ရေ၊ လေတပ်မတော်သား အားလုံး စည်းကမ်းတစ်မျိုးတည်းလိုက်နာရန်အတွက် ၁၉၅၄ခုနှစ် ဧပြီလ၃ရက်နေ့မှစ၍ စစ်ရေးချုပ်ရုံးကကော်မတီတစ်ရပ်ဖွဲ့စည်း၍အက်ဥပဒေတစ်ရပ်ကိုရေးဆွဲလိုက်သည်။ ထိုကော်မတီက ၁၄၃ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးမှ ၁၉၅၇ခုနှစ် ဇွန်လတွင် ဗမာ့တပ်မတော် အက်ဥပဒေကြမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲပြီးစီးသည်။ ထိုဥပဒေမူကြမ်းကို ၁၉၅၇ခုနှစ် စက်တင်ဘာလ၄ရက်နေ့တွင်ကျင်းပသောကာကွယ်ရေးဌာနကောင်စီအမှုဆောင်ကော်မတီ၏ ၂၇၄ကြိမ်မြောက်အစည်းအဝေးကမူအားဖြင့်လက်ခံခဲ့သည်။ နိုင်ငံတော်ရှေ့နေချုပ်က အကြံပြုသဖြင့် တပ်မတော်အက်ဥပဒေကို မြန်မာဘာသာသို့ပြန်ဆိုရာ ၁၉၅၉ခုနှစ် ဖေဖော်ဝါရီလ၌အပြီးသတ်သည်။

၁၉၅၉ခုနှစ်ကာလ အိမ်စောင့်အစိုးရအဖြစ်သို့ရောက်ရှိခဲ့လေပြီ။ တပ်မတော်သည်မလိုလားအပ်သောနိုင်ငံရေးပယောဂများကိုရင်ဆိုင်ပြီးတပ်မတော်၏ကိုယ့်ကြမ္မာ၊ နိုင်ငံတော်၏ကံကြမ္မာကို၊ အမျိုးသားနိုင်ငံရေးအတွေးအမြင်ဖြင့်၊ နိုင်ငံတော်ကိုတည့်မတ်အောင်ထိန်းသိမ်းထားခဲ့လေပြီ။

နယ်စပ်တွင် ကျူးကျော်နေသော တရုတ်ဖြူများကိုနိုင်ငံတော်၏နယ်မြေပေါ်မှ အပြီးတိုင် မောင်းနှင်ရေးထိုးစစ်ကိုလည်း ဆက်လက်ချေမှုန်းကြလေပြီ။

× × × ×

ရန်ကြီးအောင်စစ်ဆင်ရေး အောင်ပွဲကဆက်၍ဆက်၍အောင်ပွဲဆင်နိုင်လေပြီ။ တရုတ်ဖြူတို့၏အခိုင်အမာတပ်စွဲထားသောခြေကုတ်စခန်းများကို မြန်မာ့တပ်မတော်တပ်ရင်းဆယ်ရင်းမှတပ်မတော်သားများကတစ်ခုပြီးတစ်ခု တက်ရောက်သိမ်းပိုက်လျှက်ရှိနေပါ၏။

ဆာဂျင်ဗဟာဒူး၊ မန်းဗဟာဒူး၊ ချတ္တရီဗဟာဒူးစသော ဂေါ်ရခါးရဲဘော်စစ်သည်များ၏ အမှတ်-၄ခြေလျင်တပ်ရင်းသည် တာလေစစ်ဌာနချုပ်စခန်းမှရန်သူတရုတ်ဖြူတို့၏စစ်ဌာနချုပ်စခန်းကိုချေမှုန်းရန်ချီတက်လာကြပြီ။ လွိုင်တုံတရုတ်ဖြူစခန်းဆီသို့ချီတက်လာကြပြီ။

မုန်သုန်လေနှင့်အတူမိုးသားတိမ်ရိပ်များတလိပ်လိပ်တောင်မှမြောက်သို့လွင့်မျောနေကြသည်။ မြင့်မားသောတောင်ညို့ညို့မှိုင်းမှိုင်းများ၏တောင်ထိပ်တွင်တောင်ခိုးများရစ်သိုင်းလျှက်ရှိ၏။

တောင်ပေါ်ဒေသဖြစ်၍ မိုးကလည်းသည်းသည်းမည်းမည်းရွာချနေသည်။မိုးထဲလေထဲတွင် တပ်မတော်သားများသည်ရန်သူ၏စခန်းဌာနချုပ်ရှိရာသို့ ခြေကုပ်

www.burmeseclassic.com



ကြသည်။ ယခုတိုက်ပွဲတွင်တပ်မတော် တပ်ရင်းနှစ်ရင်းသည် လက်နက်ကြီးအကူ ပစ်တပ်ဖွဲ့၊ ရိက္ခာထောက်ပံ့ရေးတပ်၊ သူနာပြုတပ်ဖွဲ့၊ဆက်သွယ်ရေးတပ်ဖွဲ့များနှင့် ချိတက်ကြသည်။

တရုတ်ဖြူစစ်စခန်းများကို မြန်မာ့တပ်မတော်တပ်ရင်းများ၏အောင်ပွဲရသတင်းများကိုလည်း၊ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များကြားသိနေရပါ၏။

တပ်မတော် အထက်ပိုင်းခေါင်းဆောင်များ၏ နိုင်ငံရေးတိုက်ပွဲတွင်လည်း တပ်မတော်ကအောင်ပွဲဆင်နိုင်ခဲ့ပြီဆိုသောသတင်းများကိုလည်း ကြားနေရပါ၏။ လွတ်လပ်ရေးရပြီးစနယ်ချဲ့ဗြိတိသျှတို့၏စစ်မစ်ရှင်ဩဇာကလည်းလွတ်မြောက်ခဲ့ပြီ။ နယ်ချဲ့လိုလားသော အနောက်မျှော်ဝါဒီတို့ကိုလည်း ပါလီမန်တွင်တပ်မတော်ခေါင်းဆောင်များကအောင်ပွဲဆင်လိုက်နိုင်ပြီ။

ပဋိပက္ခတရား၏အခြေအမြစ်ကို တပ်မတော်က ဖြေရှင်းလိုက်နိုင်ပြီ။ တပ်မတော်၏ဂုဏ်သိက္ခာကို ကမ္ဘာ့သတင်းဌာနများကလည်းချီးကျူးထောပနာပြုကြလေပြီ။

အမှတ်-၄ခြေလျင်တပ်ရင်း ဒုတိယတပ်ရင်းမှူးလက်ချံမန်ရှိုင်းသည်ကျန်းမာရေးကောင်းမွန်၍ တရုတ်ဖြူစစ်စခန်းကိုချေမှုန်းရန် သူ၏ဂေါ်ရခါးရဲဘော်များဖြစ်သော ဆာဂျင်ဗဟာဒူး၊ ချတ္တာရိုဗဟာဒူး၊ မန်ဗဟာဒူးစသော၊စသောစစ်သည်များနှင့် အတူရန်သူ၏စခန်းကိုက် ၃၀၀အကွာသို့ရောက်ရှိနေလေပြီ။ ထိုစခန်းမှာလွိုင်တုံကြီးစခန်းဖြစ်သည်။ လွိုင်တုံကြီးစခန်းသည် တရုတ်ဖြူတို့၏အခိုင်မာဆုံးစခန်းဖြစ်သည်။

"ဆာဂျင်ဗဟာဒူး"

"ရှိပါတယ် အဘ"

"ရဲဘော်တွေအဆင်သင့်ပဲလား"

"ဟုတ်"

"တို့အခုဆင်နွှဲရမယ့် တိုက်ပွဲဟာ၊ ပွဲသိမ်းတိုက်ပွဲတစ်ရပ်ဖြစ်တယ်။ တို့ရဲ့အောင်ပွဲဆိုလည်းဆိုနိုင်တယ်။

ရန်သူ့ဌာနချုပ်ရဲ့ ဘယ်ညာမှာမိုင်းတွေဆင်ထားတဲ့ သတ်ကွင်းရှိတယ်။ အလယ်ကျော သတ်ကွင်းကို စက်သေနတ်ကျည်ခြောက်လက်မခြားလောက်အထိ ပစ်နိုင်အောင်ဆင်ထားတာဖြစ်တယ်။ စက်သေနတ်တွေဘယ်ညာတရစပ်ပစ်နေလိမ့်မယ်။

ပထမဆုံး လက်နက်ကြီးတပ်ဖွဲ့က၊ ၂၅ပေါင်ဒါအမြောက်နဲ့ရန်သူ့ဘန်ကာတွေကို ပစ်ပြီးတာနဲ့တို့ကွန်မန်ဒိုတပ်သားတွေ ရန်သူ့ဘန်ကာအောက်ခြေကိုအတင်းပင် ရောက်သွားရမှာဖြစ်တယ်။

သူတို့ရဲ့ဘန်ကာလေးလုံး[illegible]တဲ့အနက်၊

www.burmeseclassic.com

www.burmeseclassic.com



တို့တပ်ခွဲဟာ အလယ်မှာရှိနေတဲ့ ဘန်ကာနှစ်လုံးရဲ့ အလယ်ဗဟိုလမ်းကြောင်းက ဝင်ရောက်ရမှာဖြစ်တယ်။ စွယ်နှစ်ဘက်မှာရှိတဲ့လမ်းကြောင်းကိုခြေလျင်တပ်ရင်း-၆နဲ့ ခြေလျင်တပ်ရင်း-၅တပ်ခွဲကဝင်စီးမှာဖြစ်တယ်။

တို့တပ်ခွဲက အလယ်ဗဟိုမှာကျတဲ့အတွက် ဘန်ကာလေးခုလုံးက ပစ်နေတဲ့ ကျည်ဆံတွေ အကုန်လုံးထိမှန်နိုင်တဲ့ လမ်းကြောင်းဖြစ်တယ်။

တို့မွေးဖွားရာအမိမြေကို တို့အသက်ပေးပြီး၊ ကာကွယ်ကြရမယ်။ တို့ဂေါ်ရခါးလူမျိုးတွေဟာ ကမ္ဘာပေါ်မှာသစ္စာအရှိဆုံးစစ်သားတွေဖြစ်တယ်ဆိုပြီး ကမ္ဘာ့စစ်ပါရဂူတွေက လေးစားခံ့ညားဂုဏ်ပြုကြရတယ်။

ရဲဘော်တို့ သူရဲကောင်းဆိုတာ တိုက်ပွဲကမွေးထုတ်တာဖြစ်တယ်။ ဒါကြောင့် သူရဲကောင်းမှန်ရင်တိုက်ပွဲကိုမကြောက်ဘူး။

ကမ္ဘာပေါ်မှာသစ္စာရှိတဲ့ ပန်းပွင့်တွေ အမြဲပွင့်လန်းနေစေရမယ်။ ဘယ်တော့မှ ဗီဇမဖောက်ပြန်စေရဘူး။ တို့တပ်မတော်သားတွေရဲ့သစ္စာပန်းတွေ မြန်မာ့မြေမှာ ထာဝရပွင့်လန်းနေစေရမယ်"

တပ်ခွဲမှူး လက်ချံမန်ရိုင်း၏ စကားကို ဂေါ်ရခါးရဲဘော်များ ကြက်သီးမွေးညင်းထအောင်ကြားနေရသည်။ မြန်မာ့တပ်မတော်မှလက်နက်ကြီးပစ်ခွင်းလိုက်သောအသံသည်။ တောအထပ်ထပ် တောင်စွယ်စွယ်ကိုတုန်လှုပ်သွားစေသည်။

တပ်ခွဲမှူးလက်ချံမန်ရိုင်းက သူ့တပ်ဖွဲ့ဝင်များအားရှေ့သို့တက်ရန်အမိန့်မပေးသေး။

"ဆာဂျင်ဗဟာဒူး မင်းရှေ့တန်းကပြန်တဲ့အခါ လက်ထပ်ဖို့လက်ထပ်ခွင့်ကျလာပြီ"

တပ်ခွဲမှူး၏စကားက ဆာဂျင်ဗဟာဒူးကိုတုန်လှုပ်သွားစေသည်။

"မင်းအတွက် အကောင်းဆုံးသောဆုလာဘ်တွေထဲမှာ အချစ်ဆိုတဲ့ဆုလာဘ်ကောင်းတစ်ခုလည်းရပါစေလို့ငါဆုတောင်းပေးပါတယ်ကွာ"

ရန်သူများဘက်မှ သုံးလက်မမော်တာကျည်များ အဆက်မပြတ်ကျလာသည်။ တပ်ခွဲမှူးသည်ကျည်ကွယ်မျက်ကွယ်နေရာမှာပင်သူ့ရဲဘော်များကိုအသင့်ပြင်ထားခိုင်းသည်။ ဘန်ကာလေးခုမှ စက်သေနတ်ကျည်များ အဆက်မပြတ်ပစ်ခတ်နေမှုကို တပ်ခွဲမှူးက သူ့ရဲဘော်များအားအသေအချာမှတ်သားခိုင်းသည်။

မြန်မာ့တပ်မတော် လက်နက်ကြီးများက ရန်သူ့ဘန်ကာများကို တစ်လုံးပြီးတစ်လုံးပြိုကျအောင်ပစ်ခတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘန်ကာများပြိုကျသွားသောအခါစက်သေနတ်ပစ်အားလျော့သွားခဲ့ပြီ။ဆက်သွယ်ရေး ကထုတ်ကျင်းများသို့ မြန်မာ့တပ်မတော်သားများကသုံးလက်မမော်တာကျည်များဖြင့်တရစပ်ပစ်ခတ်လျှက်ရှိရာ၊ရန်သူများကတုတ်ကျင်းများအတွင်းမှနောက်သို့ဆုတ်ခွာနေရ၏။

ဘန်ကာအထပ်ထပ် ပြိုကျသွားသော်လည်းအောက်ထပ်ဘန်ကာမှ စက်သေနတ်များကဆက်လက်ပစ်ခတ်နေသည်။ တပ်ခွဲမှူး လက်ချံမန်ရိုင်းက သူ၏တပ်ဖွဲ့ကိုချီတတ်ရန်အမိန့်ပေးလေပြီ။

ဆာဂျင်ဗဟာဒူး၊ မန်းဗဟာဒူး၊ ချတ္တရီဗဟာဒူးနှင့်အခြားဂေါ်ရခါးရဲဘော်များစက်သေနတ်ကျည်ဆံကျရောက်ရာမြေသားမှလွတ်နေသောလမ်းကြောင်းကို ကြည့်၍အပြင်းချီတတ်သွားကြသည်။ မြန်မာ့တပ်မတော်သားများရန်သူ့စခန်းကိုချေမှုန်းရန်အခါအခွင့်ကိုစောင့်နေသည်။

ဆာဂျင်ဗဟာဒူး ဘန်ကာအောက်ခြေကိုရောက်ရှိသွားသည်။ အသင့်ယူဆောင်လာသော ဘန်ဂလိုတိုပီဒိုကိုဘန်ကာအတွင်းသို့ပစ်သွင်းလိုက်သည်။

ပေါက်ကွဲသံနှင့်အတူ စက်သေနတ်ပစ်ခတ်နေသောတရုတ်ဖြူများကျဆုံးသွားခဲ့လေပြီ။ တပ်ခွဲမှူးနှင့်အတူမြန်မာ့တပ်မတော်သားများညာသံပေး၍ချီတက်လာကြသည်။

ရန်သူ၏ကတုတ်ကျင်းများအတွင်းသို့ခုန်ဆင်းနေရာယူလိုက်ကြသည်။ ရန်သူတရုတ်ဖြူတို့၏ ဒုတိယခံစစ်ကြောင်းအတွင်းသို့ မြန်မာ့တပ်မတော်သားများအတင်းဝင်ရောက်ထိုးဖောက်ကြလေပြီ။ ညသည်မှောင်၍လာပြီ။ ရန်သူ့စခန်းအတွင်း၌ ထွေးလုံးသတ်ပုတ်နေသောအသံများထွက်ပေါ်နေသည်။

ဂေါ်ရခါးရဲဘော်များက ခုကူရီဓါးဖြင့်အနီးကပ်တိုက်ပွဲဝင်လျက်ရှိ၏။ ရင်ဆိုင်တိုက်ပွဲကား ပြင်းထန်လှသည်။ညအမှောင်နှင့်အတူ ယမ်းခိုး၊ ယမ်းငွေ့များ၏အနံ့ကစစ်မြေပြင်တွင် ဖုံးလွှမ်းနေပါ၏။

ဆာဂျင်ဗဟာဒူး ရန်သူ့အလောင်းများကိုကျော်နင်း၍ ဆက်လက်တိုက်ပွဲဝင်နေသည်။ မြန်မာ့မြေမှ ရန်သူတရုတ်ဖြူတို့မရှုမလှကျဆုံး၍ဆုတ်ခွာသွားကြပြီ။

ညသည်သန်းကောင်ယံတိုင်ခဲ့ပြီ။ တိုက်ပွဲဟူသည် သူ့ဘက်၊ ကိုယ့်ဘက်အကျအဆုံးရှိပါလေ၏။အောင်ပွဲဟူသောစကားရပ်သည်အကျအဆုံးများခြင်း၊နည်းခြင်းနှင့်မဆိုင်။ အကျအဆုံးကိုထည့်၍မတွက်ဘဲအောင်နိုင်သူများမှာလည်း ပေးဆပ်ရင်းနှီးမှုရှိသည်။ အောင်မြင်ခြင်းနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲဖွယ် ပေးဆပ်ရင်းနှီးမှုများလည်း ရှိသည်။ မည်သို့ဆိုစေ မြန်မာ့တပ်မတော်၏တရုတ်ဖြူကျူးကျော်သူများကို မြန်မာ့မြေမှတိုက်ထုတ်ခဲ့ရသောအောင်ပွဲသည် သမိုင်းတွင်လေတော့မည်။

အမှောင်သည် ထာဝရမဟုတ်။မကြာမီအရှေ့ဆီမှရောင်နီပျိုးလာပြီ။ ရောင်နီအလင်းနှင့်အတူမြန်မာနိုင်ငံအလံမှာမြန်မာ့မြေကောင်းကင်ယံတွင်တလူလူလွင့်နေခဲ့ပြီ။ ထိုအလံတော်နှင့်မနီးမဝေးတွင် မြန်မာ့တပ်မတော်သားတို့၏သွေးများချင်းချင်းနီလျက်စီးဆင်းခဲ့လေပြီ။

ဆာဂျင်ဗဟာဒူး၏ အသိဖြစ်စဉ်ထဲတွင်သူ့တပ်ခွဲမှူး၏ စကားကိုကြားနေရသည်။ အကောင်းဆုံးသောဆုလာဘ်တွေထဲမှာ အချစ်ဆိုသောဆုလာဘ်လည်းရပါစေဆိုသော ဆုတောင်းစကားသံပင်ဖြစ်ပါလေ၏။ ဆာဂျင်ဗဟာဒူး၏အသိစိတ်တို့တစစလျော့ပါးသွားလေပြီ။

"အို . . ဘုရားသခင် အရှင်သည် ရှင်ခြင်းနှင့်သေခြင်းအမွှာညီနောင်ကို ဖန်ဆင်းပေးခဲ့ပါ၏။ ရှင်ခြင်းနှင့်အတူသေခြင်းကိုလည်းအဖော်အဖြစ်ဖန်ဆင်းထားခဲ့ရာသေခြင်းတရားဖြင့် ငါသည်ဘဝအား သရဖူဆောင်းပေးပါအံ့"

■

## ဆုထူးပန် ယောက်ျား

လေပြည်လေညင်းနှင့်အတူ ဆည်းလည်းသံက တချွင်ချွင်မြည်လျှက်ရှိသည်။ ရွှေရောင်ဝင်းပသော ရွှေထီးတော်အထက်မှစိန်ဖူးတော်သည်နေရောင်တွင်တဖျပ်ဖျပ်အရောင်လက်လျက်ရှိသည်။ ပန်းပွင့်ရောင်စုံများအလယ်တွင် ထုံးဖွေးဖွေးစေတီတော်သည် ကြည်ညိုဖွယ်ကောင်းလှပေ၏။ ရောင်စုံဖူးပွင့်နေသော အလှပန်းခင်းကြီးဆီမှ စေတီတော်သို့သွားရာ သစ်သားတံတားလေးကစေတီတော်ဆီသို့ဆက်သွယ်ထားပါလေ၏။

ဆာဂျင်ဗဟာဒူးသည် ဆူဇန်၏လက်ကိုတွဲလျက်စေတီတော်ဆီသို့သွားနေသည်။ ဆူဇန်၏ စိတ်ဝယ်ကြည်နူးနှစ်သက်နေမိသည်။

"ဆူဇန် . . ဟိုလွန်ခဲ့တဲ့နှစ်တွေတုန်းကဆူဇန့်အဖေကိုပေးထားတဲ့ရတနာတွေထဲကအချို့ကို ဒီစေတီမှာဌာပနာထည့်သွင်းခဲ့တာပေါ့နော်"

"ဟုတ်ပါတယ်အစ်ကို"

"ဒီရုက္ခဗေဒဉယျာဉ်နဲ့တွဲလျက်ရှိနေတဲ့ဟောဒီကန်ကြီးဆီကို နောင်အခါနိုင်ငံတကာဧည့်သည်တွေရောက်လာကြလိမ့်မယ်။ နိုင်ငံတကာကရောက်လာကြမယ့်ဧည့်သည်တွေထဲမှာ ကိုယ့်တို့လူမျိုး

www.burmeseclassic.com

www.burmeseclassic.com



နီပေါနိုင်ငံဖွားဂေါ်ရခါးတွေလည်းပါလာမှာပဲလေ။ သူတို့တွေရဲ့ အပန်းဖြေစရာ ရုပ်ဝန်းကျင်ရဲ့အေးမြမှုချမ်းသာသုခဆီက နေဒီစေတီကိုဖူးမြင်ခွင့်ရကြရင်ပိုပြီးကုသိုလ်စိတ်ဖြစ်ကြလိမ့်မယ်။

တကယ်တော့ လူ့ဘဝဆိုတာရုပ်ဝန်းကျင်ချမ်းသာမှုကဘယ်တော့မှပြည့်စုံနိုင်တယ်မရှိဘူး ဆူဇန်။ နောက်ပြီးလူ့လောကကြီးမှာလောဘ၊ဒေါသ၊မောဟတရားတွေနဲ့တုပ်နှောင်ခံထားရတဲ့လူသားဟာဘယ်သောအခါမှ ချမ်းသာအစစ်ကို မရနိုင်ဘူးလေ။

တပ်မတော်သားဘဝနဲ့ကိုယ်နေလာတဲ့နှစ်ပေါင်းများစွာမှာ စစ်ပွဲတွေရဲ့အနိဋ္ဌာရုံတွေကိုပဲမြင်တွေ့ခဲ့ရတယ်။ အဲဒီစစ်ပွဲတွေမှာ ကျဆုံးသွားကြတဲ့ ရဲဘော်တွေဟာ ဓမ္မနဲ့ အဓမ္မရဲ့ အားပြိုင်မှုကြောင့်လို့ ကိုယ်နားလည်နိုင်ပေမယ့်စစ်ပွဲတွေမရှိတဲ့လောကကြီးကို ကိုယ်ရောက်ချင်လိုက်တာ။

ကိုယ့်အတ္တဟာသန့်စင်တာကြောင့် မဟာပြဟ္မာကြီးရဲ့အတ္တနဲ့ပေါင်းစည်းနိုင်မယ်လို့ကိုယ်ယုံကြည်တယ်။ ကိုယ့်ဘဝရဲ့ပေးဆပ်မှုတွေကယောက်ျားကောင်းအဖြစ်အသိအမှတ်ပြုခံရသလို ဆူဇန့်ဆီကရတဲ့ချစ်ခြင်းမေတ္တာဆုလာဘ်ကလည်း ကိုယ့်အတွက်တန်ဖိုးကြီးပါတယ်လေ။

သစ္စာရှိတဲ့ပန်းတွေကမ္ဘာမြေမှာ ထာဝရပွင့်အောင်၊ ပွင့်တဲ့ပန်းတွေအမြဲမွှေးအောင် ဆူဇန်တာဝန်ယူပေးပါနော်"

ဆာဂျင်ဗဟာဒူး စိတ်လိုလက်ရ ရှည်လျားစွာပြောပြနေသောစကားများကို တိတ်ဆိတ်စွာဆူဇန်နားထောင်နေမိသည်။

"လာပါဆူဇန်. . ကိုယ်တို့ ဘုရားကန်တော့ကြရအောင်"

ဆာဂျင်ဗဟာဒူးနှင့် ဆူဇန်တို့နှစ်ဦးစေတီရင်ပြင်တွင်ပြိုင်တူထိုင်လိုက်ကြသည်။

"ဆူဇန် ဘာဆုတောင်းမှာလဲဟင်"

"အစ်ကိုရော"

"ကိုယ်ကတော့ ဘုရားတပည့်တော်သည် ဘဝဆက်ဆက်၊ ဗုဒ္ဓသာသနာထွန်းကားရာ မြန်မာ့မြေမှာပဲလူဖြစ်ရပါလို၏။ သစ္စာရှိသော ပန်းများထာဝရပွင့်လန်းပါစေလို့ဆုတောင်းမယ်"

"ဆူဇန်လည်းအစ်ကို့လိုပဲ ဆုတောင်းမှာပေါ့"

"ဒါဆို ကိုယ်တို့အတူတူဆုတောင်းကြရအောင်"

ဆာဂျင်ဗဟာဒူးနှင့်ဆူဇန် သံပြိုင်ဆို၍ဆုတောင်းလိုက်သည်။ ဆူဇန်ဆုတောင်းအပြီးမျက်စေ့ဖွင့်လိုက်သောအခါ သူ့မဘေးတွင်ထိုင်နေသော ဆာဂျင်ဗဟာဒူးကိုမတွေ့ရတော့ချေ။

ဆူဇန် ကပျာကယာထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ဝန်းကျင်ကို လှည့်ပတ်၍ရှာသည်။ မတွေ့။ လေပြင်းများတိုက်လာပြီ။ ရုက္ခဗေဒဥယျာဉ်ကြီးအတွင်း၌ ထစ်ချုန်းမှုနှင့် အတူမိုးကြီးသဲသဲမဲမဲ ရွာချလိုက်သည်။

"အစ်ကို. . အစ်ကိုရေ. . အစ်ကို"

ဆူဇန်၏ အော်ခေါ်လိုက်သောအသံက ရုက္ခဗေဒဥယျာဉ်အတွင်းကျယ်လောင်စွာထွက်ပေါ်လာခဲ့ပြီ။ သစ်ပင်များထက်မှ ငှက်များလန့်၍ ပျံသန်းသွားကြပြီ။

မိုးရေထဲတွင် မျက်ရည်မိုးဖြိုင်ဖြိုင်ဖြင့် ဆူဇန်တစ်ယောက် သူမ၏ပျောက်ဆုံးသွားသောချစ်သူကို တမ်းတလွမ်းမောစွာပြေးလွှားရှာမိသည်။

အိပ်ပျော်နေသောဆူဇန် အိပ်ရာထက်တွင်ငိုကြွေးနေမိသည်။ ထူးဆန်းစွာမြင်မက်ခဲ့သော သူမ၏အိပ်မက်သည် ဆူဇန်အားဖြေဆည်မရအောင်ကြေကွဲစေသည်။ အိပ်ရာဘေးစားပွဲပေါ်တွင် ကိုသန့်စင်ပေးထားခဲ့သော ဆုထူးပန်ယောက်ျားဆိုသော စာအုပ်ကလေးနှင့် တဂိုး၏ ဆန်းစသော်တာ၊ ဂီတဥ္စလီကဗျာစာအုပ်များက ငြိမ်သက်လျက်ရှိနေပါ၏။

■

**သူရဲကောင်းတို့လျှောက်သောလမ်း**

လက်ချိမန်ရိုင်းသည် ကျဆုံးသွားသောရဲဘော်ရဲဘက်များ၏ ရုပ်အလောင်းများကိုကြည့်၍ မျက်ရည်ပေါက်များကျလာခဲ့သည်။ သူနှင့်အတူတိုက်ပွဲပေါင်းများစွာကိုဆင်နွှဲခဲ့သော သူရဲကောင်းရဲဘော်များ၏အသက်ဝိညာဉ်မဲ့နေသောရုပ်ခန္ဓာများကိုပိတ်စများဖြင့်ရစ်နှောင်ထားပါ၏။

ဆာဂျင်ဗဟာဒူး၊ မန်းမဟာဒူးစသောသူရဲကောင်းပီသစွာကျဆုံးသွားသူရဲဘော်များ၏ရုပ်အလောင်းများကို လက်ချိမန်ရိုင်းနှင့်အတူတပ်ဖွဲ့ဝင်များကကောင်းမွန်စွာ သဂြိုဟ်ပေးကြသည်။

တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးထွန်းတင်၊ဒုတိယတပ်ရင်းမှူးလက်ချိမန်းရိုင်းတို့ ဦးဆောင်၍စစ်အခမ်းအနားဖြင့် သူရဲကောင်းများ၏ ရုပ်အလောင်းများကို သေနတ်များပစ်ဖောက်ဂုဏ်ပြုသဂြိုဟ်လိုက်လေပြီ။

မိုးကောင်းကင်တွင်မိုးသားတိမ်ရိပ်များတရိပ်ရိပ်ပြေးလွှားနေသည်။ သူရဲကောင်းရဲဘော်များအတွက်ဂုဏ်ပြုပစ်ဖောက်လိုက်သော သေနတ်သံသည် တောင်ကုန်းထက်မှ တောင်အထပ်ထပ်၊ လျှိုမြောင်အထပ်ထပ်ဆီသို့လွင့်ပြန့်၍

www.burmeseclassic.com

www.burmeseclassic.com



ပွဲတင်ထပ်သွားခဲ့လေပြီ။

သေနတ်သံနှင့်အတူငှက်များထပျံကြလေပြီ။ အသံကြောင့်သစ်ရွက်များလည်းကြွေကျလေပြီ။ စစ်သည်ရဲဘော်များထံမှ ငိုရှိုက်သံသဲ့သဲ့ကိုကြားရသည်။

"ကျွန်တော်တို့တပ်ရင်း နောက်တန်းပြန်ကြရတော့မယ်။ စခန်းတွေအားလုံးကို စစ်ရဲတပ်ဖွဲ့ကနယ်မြေစိုးမိုးရေးတာဝန်ယူကြလိမ့်မယ်"

တပ်ရင်းမှူး၏စကားကို လက်ချံမန်ရိုင်းက-

"ကောင်းပါပြီတပ်ရင်းမှူး၊ ကျွန်တော်တို့အားလုံး ပြင်ဆင်ပြီးပါပြီ။ တပ်ရင်းမှူးတို့ပြန်ဖို့လည်း အဆင်သင့်ဖြစ်ပါပြီ။

တပ်ရင်းမှူးနှင့်အတူ သူရဲကောင်းများ၏နောက်ဆုံးခရီးကို အလေးပြု၍ နှုတ်ဆက်ခဲ့ကြလေပြီ။ ကျဆုံးသွားသောရဲဘော်များ၏ရုပ်ကလာပ်ကို ဟိန္ဒူထုံးစံဖြင့် မီးသင်္ဂြိုဟ်ခြင်းဖြစ်ပါသည်။ မီးတောက်မီးလျှံများ၊မီးခိုးပြာမှုန်များအထက်ကောင်းကင်ယံသို့လွင့်မျောသွားလေပြီ။

အတ္တသည် လောကကြီးကိုလှည့်ပတ်သွားလာနေပါ၏။ စင်ကြယ်သောအတ္တသည် မဟာဗြဟ္မာကြီးတွင်ပူးပေါင်းသည်။ အကယ်၍သာဟိန္ဒူယဉ်ကျေးမှု၏ထိုစကားအမှန်ဆိုပါလျှင် သူရဲကောင်းတို့၏အတ္တသည်စင်ကြယ်သောအတ္တဖြစ်ပါလေ၏။

စင်ကြယ်သောအတ္တ၊ သူရဲကောင်းတို့၏အတ္တသည်မဟာဗြဟ္မာ၏ကောင်းကင်ဘုံတွင်တည်ပါစေသတည်းဟူ၍ လက်ချံမန်းရိုင်းဆုတောင်းပေးလျက်ရှိပါသည်။

× × × ×

သူရဲကောင်းများနှင့် ထိုက်တန်သောမွှေးမြလတ်ဆတ်သည့်ပန်းများကိုရွေးချယ်၍သီကုံးလျက်ရှိ၏။ ရနံ့မွှေးသောပန်းအလှများကိုတစ်နေ့လုံးတစ်ညလုံးရွေးချယ်ခူးဆွတ်သီကုံးရခြင်းသည် မွေ့လျော်ဖွယ်ကောင်းလှပါသည်။ နှစ်ပေါင်း၊ လပေါင်းများစွာ၊ ပြုစုပျိုးထောင်စိုက်ပျိုးပွင့်လန်းစေသော၊ ပန်းများကိုသီကုံးရသည်မှာမောပန်းဖွယ်ရာမရှိပါချေ။

ဆူဇန်တစ်ယောက် ပန်းများကိုသီကုံးရင်းအိမ်၏အပြင်ဖက်သို့မကြာခဏ ကြည့်မိသည်။ ဖွင့်ထားသောပြတင်းပေါက်မှအမှောင်ထုအတွင်းကိုလှမ်းကြည့်မိသော်လည်း ဘာကိုမျှမမြင်။သင်သည် မနက်ဖြန်တွင်ပြန်ရောက်လာတော့မည်။ ယနေ့ညဆူဇန်အိပ်၍မပျော်နိုင်တော့ပါ။

နှစ်ရှည်လများ ပြုစုပျိုးထောင်စိုက်ပျိုးအပ်သော ပန်းရောင်စုံများ၏အလှကိုရွေးချယ်သီကုံး၍အသင်သူရဲကောင်း၏လည်တွင်ကျွန်မကိုယ်တိုင်ဂုဏ်ပြု

www.burmeseclassic.com

www.burmeseclassic.com



နှင်းအပ်ပါမည်။ အတွေးဖြင့် စိတ်ကူးယဉ်မိတော့လည်း တိတ်တခိုးပြုံးမိသည်။ ရှေ့တန်းစစ်မျက်နှာမှအောင်ပွဲဆင်ပြန်လာမည့် ချစ်သူသူရဲကောင်းကိုကြိုဆိုရန်စိတ်စောလျှက်ရှိလေသည်။ ဤညမှပင်ညတာကရှည်လွန်းလှပါသည်။

× × × ×

ဒုတိယဗိုလ်မှူးကြီး× × ×၊ ဒုတိယတပ်ရင်းမှူးလက်ချ်မန်ရိုင်းခေါင်းဆောင်သောအမှတ်-၄ခြေလျင်တပ်ရင်းမော်တော်ယာဉ်များ ကျောက်မဲမြို့အဝင်တွင်ရပ်နားလိုက်သည်။

ကားပေါ်ပါလာသော ရဲဘော်များအားလုံးကျောက်လမ်းမပေါ်တွင် တန်းစီလိုက်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ၊ အမှတ်-၄ခြေလျင်တပ်ရင်းအလံများတလူလူလွှင့်လျက်တပ်မတော်သားများမြို့အတွင်းဝင်ရောက်လာကြလေပြီ။

မြို့သူမြို့သားများ၊ ကျောင်းသား၊ ကျောင်းသူများ၏တခဲနက်ကြွေးကြော်ဂုဏ်ပြုသောအသံတို့ ဘဝင်ညံမျှထွက်ပေါ်လျက်ရှိနေပါ၏။

"တပ်မတော်သားများ ကျန်းမာပါစေ။ တရားသောစစ် အောင်ရမည်၊ အောင်ရမည်"

လူပရိသတ်က များပြားလွန်းလှသည်။ ပန်းကုံးများစွပ်၍ တပ်မတော်သားများကိုဂုဏ်ပြုကြိုဆိုနေကြပြီ။

ဆူဇန်တို့သားအဖ ဆာဂျင်ဗဟာဒူးကိုရှာနေမိသည်။ ရှေ့ဆုံးမှချီတက်လာသော ဒုတိယတပ်ရင်းမှူး လက်ချ်မန်းရိုင်းက ဆူဇန်တို့သားအဖကိုကြည့်၍ကြေကွဲမိသည်။ သူရဲကောင်းပီသစွာကျဆုံးခဲ့သောဆာဂျင်မဟာဒူးကိုလည်းသတိရသည်။ သူဆာဂျင်ဗဟာဒူးကိုပြောခဲ့သော အချစ်ဆိုသောဆုလဘ်ကို သူ့ရဲဘော်ဆာဂျင်ဗဟာဒူးရမှရသွားပါလေစ။

ဆူဇန်တစ်ယောက် တစ်ညလုံးအိပ်ပျက်ခံသီကုံးခဲ့သောပန်းကုံးများကုန်လုသည့်တိုင်ဆာဂျင်ဗဟာဒူးကိုမတွေ့ရသေးပါချေ။ ကုန်ဆုံးလုနေသောတပ်မတော်သားများကိုတစ်ဦးချင်းရှာနေမိသည်။ သူ၏ချစ်သူသူရဲကောင်းအတွက် ပန်းကုံးတစ်ကုံးတော့ချန်ထားရလိမ့်ဦးမည်။

ငါ၏ချစ်သူ
သင်သည် သူတို့အားလုံးနောက်မှာနေကာ
သင့်ကိုယ်ကို ဘယ်အရိပ်အောက်
ကိုယ်ရှောင်ဖျောက်၍
သွားရောက်ရပ်တည်နေပါသနည်း။
သူတို့သည်ဖြောင့်တန်းသောလမ်းပေါ်တွင်
သင့်ကိုချန်ရစ်ခဲ့တွန်းထိုးဖြတ်ကျော်သွားကြပြီ။
ငါ့အားသင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုဖွယ် ပန်းကုံးများဖြင့် ကြိုလင့်ကာ
မောလျှဖွယ် အချိန်များကို
ဤနေရာမှ စောင့်ဆိုင်းကြိုလင့်ခဲ့ပါ၏။
ထိုအခိုက်
လျှောက်လှမ်းသူတို့
တစ်ယောက်ပြီးတစ်ယောက်
ငါ့၏ပန်းကုံးများကို ယူငင်သွားကြရာ
ငါ့ပန်းခြင်းမှာ ကုန်လုပါပေ့။
အိမ်ပြန်သူတို့
ငါ့အားစောင်းငဲ့ကြည့်ခါ ပြုံးကာရယ်ကာ
ဖြင့်နှုတ်ဆက်သွားကြပြီ
ထိုသူတို့၏ အပြုံးသည် ငါ့နှလုံးသား၏
ငိုကြွေးနေမှုကို မဖြေသိမ့်နိုင်ခဲ့ပါတကား။

ဖခင်ဖြစ်သူ ဦးချတ္တရီသမီးဖြစ်သူ ဆူဇန်၏ပူဆွေးသောကကို အဘယ်သို့ ဖြေသိမ့်ရမည်မသိ။ ငိုနေသော သမီးလေးကိုငိုစရာရှိလျှင်၊ အားရအောင်သာငိုလိုက်ပါဟုသူပြောမထွက်ရက်ပါလေ။

"သူပါမလာဘူး အဖေရယ်. . ."

တစ်ညလုံးစိတ်ကူးဖြင့် ပျော်တပြုံးပြုံး သီကုံးထားသောပန်းကုံးတစ်ကုံးကိုင်လျှက် ဖခင်ရင်ခွင်ထဲဝင်လာသောသမီးလေးကို သူအသာထွေးပွေ့ထားလိုက်သည်။ သူရဲကောင်းတို့လျှောက်သောခရီးလမ်းကားပေးဆပ်ရင်းနှီးမှုများလှပါဘိ။

■

**မီးလျှံထဲကကြာ**

စိမ်းလဲ့ဂေဟာခြံကြီးအတွင်းမှ ပန်းပွင့်များငိုကြွေးနေကြပြီ။ ခါတော်မီပင်အိုကြီး ပင်လျှင် မျက်ရည်များကျဆင်းလျှက်၊ ချယ်ရီပင်များအရိုးပြိုင်းပြိုင်းထလျှက် ငိုကြွေးစွာပွင့်လာမည့်ပန်းပွင့်သစ်များ နှင်းခါးများအောက်တွင် ညှိုးချုံနွမ်းလျလက် ဆတ်မှုကင်းကြရှာမည်။

အဖြူရောင်ဆာရီခြုံထည်ကို ဝတ်ဆင်လျှက်နဖူးဆံစအလယ်တည့်တည့်တွင်အနီမှတ်ကိုတို့ထိလိမ်းခြယ်ခြင်းမရှိ။ နွမ်းလျသောစိတ်တို့ဖြင့်အသွေးအရောင်တောက်ပပွင့်လန်းနေသောပန်းခင်းကိုထက်မြတ်လှသောခူကူရီ ခါးဖြင့်ခုတ်တွင်ရှင်းလင်းနေပါ၏။ သူမြတ်နိုးလှသော ပန်းရောင်စုံများ သူမ၏ဓားချက်အောက်တွင်ကြွေမွပျက်စီးရလေပြီ။

အိုအရှင် ငါ့ဘဝတွင်
သင့်ကိုတွေ့ဖို့ ဆိုသည့်
ငါရသင့်သော ဝေစုမဟုတ်ပါလျှင်
ငါသင့်ကိုမတွေ့ခဲ့ရလေခြင်းဟု
အမြဲခံစားနေပါရစေ
တစ်ခိုက်၊ တစ်တန့်၊ တစ်ခဏမျှ
မမေ့တတ်သည်ဖြစ်ပါစေ
နိုးကြားလျှက်ဖြစ်စေ
အိပ်မက်၌ဖြစ်စေ

www.burmeseclassic.com

www.burmeseclassic.com



ဤသောကအနာတရများကို သယ်ပိုး
သွားပါရစေ။
လောက၌၊ လူစည်ကားသော
နေရာဌာနများတွင်
ငါ၏နေရက်များ ကုန်လွန်ရသည့်
အားလျော်စွာ
ငါ့လက်ထဲတွင်
နေ့တွက် အမြတ်အစွန်းတို့ဖြင့်
ပြည့်တိုးလာသော်ငြားလည်း
ငါဘာတစ်ခုမှ မရသေးပါတကားဟု
အမြဲခံစားနေပါရစေ။
တစ်ခိုက်၊ တစ်တန့်၊ တစ်ခဏမျှ
မမေ့တတ်သည်ဖြစ်ပါစေ
နိုးကြားလျက်ဖြစ်စေ
အိပ်မက်၌ဖြစ်စေ
ဤသောကအနာတရများကို သယ်ပိုး
သွားပါစေ။
လမ်းနံဘေးတွင်
မောပန်းနွမ်းလျစွာ ငါထိုင်သောအခါ
ငါ့အိပ်ရာကုတင်ညောင်စောင်း၌
ခင်းမိသောအခါ
ငါ၏ရှေ့တွင်
လွမ်းစရာခရီးရှည်ကြီး
ကျန်သေးတကားဟု
အမြဲခံစားပါရစေ။
ငါ့အိမ်ခန်းကို မွမ်းမံဆင်ယင်၍
ဂီတသံများချိုလွင်ကာ ရယ်ပွဲ
ဖွဲ့ကြသောအခါ
ငါသည်သင်အား အိမ်သို့မဖိတ်မိလေ
ခြင်းဟု အမြဲခံစားနေပါရစေ။
တစ်ခိုက်၊ တစ်တန့်၊ တစ်ခဏမျှ
မမေ့တတ်သည်ဖြစ်ပါစေ
အိပ်မက်၌ဖြစ်စေ
နိုးကြားလျက်ဖြစ်စေ
ဤသောက အနာတရများကိုသယ်ပိုး
သွားပါရစေ။

ငိုရှိုက်လျက် ခူကူရီဓါးဖြင့်ပန်းခင်းများကိုစိတ်လိုလက်ရပြုနေသော ဆူဇန်ကို ဦးချတ္တရီးကြည့်မနေနိုင်တော့ပါ။

"သမီး၊ သမီး"

"စိတ်ကိုထိန်းမှပေါ့ သမီးရယ်။ သမီးရဲ့ကြေကွဲမှုတွေကို အဖေနားလည်နိုင်ပါတယ်ကွယ်။ အဖေရဲ့စိမ်မှုတွေကငါ့သမီးလေးကို စိတ်ဆင်းရဲအောင်ဖြစ်ခဲ့ရပါပြီ"

"ခွင့်လွှတ်ပါအဖေရယ်။အချစ်ကြောင့်ခံစားရတဲ့မေတ္တာတရားနဲ့ ကွေကွင်းရခြင်းဒုက္ခနှစ်ခုလုံးကသမီးကိုကျမှတစ်ကြိမ်တည်းတစ်ပြိုင်တည်းဘာကြောင့်ရောက်လာကြရတာလဲ အဖေရယ်"

ဆူဇန် သူ့ဖခင်၏ရင်ခွင်အတွင်းသို့ဝင်၍ အားရပါးရငိုချလိုက်ပြန်သည်။ ဦးချတ္တရီသမီး၏ခေါင်းကိုအသာပွတ်သပ်

www.burmeseclassic.com



ချော့မြူရင်း မျက်ရည်ကျမိသည်။ ဦးချတ္တရီလည်းကြေကွဲမှုကိုမဖြေသိမ့်နိုင်။

"သမီးလေးရယ်"

အတန်ကြာငိုပြီးသည်နှင့် ဦးချတ္တရီသတိပြန်လည်လာပြီး မျက်ရည်များကိုသုတ်လိုက်သည်။

"သမီး။ အဖေ့ကိုကြည့်ပါဦး။ အမလေးငိုနေလိုက်တာ မျက်လုံးတွေများတောင်ရဲလို့ပါလား။ အဖေပြောမယ် သေချာနားထောင်နော်။ မကြာခင်ဧည့်သည်တွေရောက်လာလိမ့်မယ်ကွယ့်။ ငါ့သမီးကြည့်ရတာလည်း ရွှံ့တွေနဲ့ပွလို့ရေမချိုးချင်ရင်တောင်ခြေလေလက်လေးတော့ သွားဆေးပါသမီးရယ်။ အဝတ်အစားတွေလည်းလဲခဲ့နော် ငါ့သမီးလေးကလိမ္မာတယ်။နော်. . သမီးနော်. . သွား. . သွား"

ကလေးတစ်ယောက်ကိုချော့သလိုချော့နေသောဖခင်ကိုကြည့်၍ ဆူဇန်စိတ်မကောင်းဖြစ်ရပြန်သည်။

"ဟုတ်ကဲ့ပါ အဖေ။ သမီးပြင်ဆင်လိုက်ပါ့မယ်"

စိမ်းလဲ့ဂေဟာခြံကြီးသို့ မေမြို့မှဂေါရခါးလူမျိုးများနှင့် မြန်မာမိတ်ဆွေများတဖွဲဖွဲရောက်လာကြသည်။ ကျဆုံးသွားသောဆာဂျင်ဗဟာဒူးအတွက်ဆုမွန်ကောင်းများတောင်းပေးကြသည်။ ဧည့်ခန်း၏အရှေ့ဘက်နံရံတွင် ဆာဂျင်ဗဟာဒူး၏ဓါတ်ပုံကို ချိတ်ဆွဲထားသည်။

ထိုဓါတ်ပုံခြေရင်းတွင် ပန်းပွင့်များ၊ ပန်းကုံးများဖြင့် ဂုဏ်ပြုကြသည်။

မေမြို့မှ ဗိုလ်မှူးကြီးတန်ကာဒို့၍၊ ဗိုလ်မှူးပီဘီချတ္တရီ၊ ဦးဂန်ဂါရွှမ်း၊ ဦးဂျမ်းဗဟာဒူးဦးအင်ဒရာဗဟာဒူစသောဂေါရခါးမိတ်ဆွေများ ဦးချတ္တရီနှင့်စကားလက်ဆုံကျလျက်ရှိနေပါ၏။ မကြာမီ ခလရ-၄ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး× × ×၊ ဒုတိယတပ်ရင်းမှူး လက်ချမ်နရိုင်းတို့ရောက်လာကြသည်။ လူကြီးများ၏ စကားဝိုင်း ဦးချတ္တရီဘေးတွင် ဆူဇန်ထိုင်နေမိသည်။ ယခုလိုအချိန်မျိုးတွင် ဆူဇန်ဧည့်မခံနိုင်သည်ကို နားလည်ပေးကြပါလိမ့်မည်။

လက်ချမ်နရိုင်းကစတင်၍ စကားဆိုသည်။

"မြန်မာ့ပြည်ဖွား ဂေါရခါးလူမျိုးများနဲ့မေမြို့ဝိုင်အမ်ဘီအေကလူကြီးမင်းများခင်ဗျာ ကြုံတုန်းကြုံခိုက်မှာ ကျွန်တော့်ရဲဘော်ဆာဂျင်ဗဟာဒူးအကြောင်းအနည်းငယ်ပြောချင်ပါတယ်။

ဆာဂျင်ဗဟာဒူးဟာ မြန်မာ့မြေကိုကျူးကျော်လာတဲ့ တရုတ်ဖြူတွေကိုစွမ်းစွမ်းတမံတွန်းလှန်တိုက်ထုတ်ရင်းသူရဲကောင်းပီသစွာ ကျဆုံးသွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အတူဆွတ်ဗဟာဒူရိုင်း၊ မန်းဗဟာဒူး၊ ဒိဗဟာဒူးလင်းဘူး၊ ကီဆွန်ဗဟာဒူးချတ္တရီ။ စတဲ့ရဲဘော်တွေကျဆုံးခဲ့ကြပါသည်။

မကြာမီမှာ သူတို့ကိုနိုင်ငံတော်က ဂုဏ်ပြုတဲ့ဆုတွေ ကြေညာပါလိမ့်မယ်။ အဲဒီအထဲမှာဆာဂျင်ဗဟာဒူးဟာပောဒီက တူမလေးဆူဇန်နဲ့ လက်ထပ်ဖို့ ခွင့်ပြုပြီးမှ လက်မထပ်ခင်ကျဆုံးခဲ့ရရှာတယ်။

အစ်ကိုကြီးချတ္တရီနဲ့ တူမလေးဆူဇန်တို့ရဲ့ကြေကွဲမှုကို ကျွန်တော်တို့စာနာမိပါတယ်။ သူတို့နဲ့ထပ်တူစစ်မြေပြင်မှာ ကောင်းမွန်စွာသင်္ဂြိုလ်ပေးခဲ့ပါတယ်"

ဒုတိယတပ်ရင်းမှူး လက်ချ်မန်ရိုင်းက ကြေကွဲစွာ ရှင်းလင်းပြောပြနေသည်။ ဆူဇန်အားရောက်လာသူပရိသတ်များက စာနာသောအကြည့်များဖြင့်ကြည့်နေကြသည်။

"ကျွန်တော် ကြုံတုန်းတစ်ဆက်တည်း ပြောချင်ပါတယ်။ ကျွန်တော်တို့လူမျိုးဟာ နီပေါနိုင်ငံသားတွေ ဖြစ်ကြပေမယ့် မြန်မာနိုင်ငံကို ကျွန်တော်တို့ဘိုးဘွားတွေ ၁၈၉၀ ခုနှစ်လောက်စတင်ရောက်ရှိတယ်လို့သိရပါတယ်။

ဗြိတိသျှနယ်ချဲ့အစိုးရဟာ ကျွန်တော်တို့ဂေါ်ရခါးလူမျိုးတွေကို ၁/၁၀ဂေါ်ရခါး ဘပ်ရင်း(ဗြိတိသျှလက်အောက်အိန္ဒိယတပ်မတော်ရဲ့ အပိုင်းအစ)အဖြစ်ရောက်ရှိလာကြတာဖြစ်ပါတယ်။

၁၈၉၀ပြည့်နောက်ပိုင်း ကာလတွေမှာ မေမြို့ကို ရောက်ရှိလာကြတာဖြစ်တယ်လို့ ကျွန်တော်တို့ မိဘ၊ ဘိုးဘွားတွေကပြောဆိုခဲ့ပါတယ်။ ကျွန်တော်တို့နဲ့အတူ အခုတပ်မတော်မှာတာဝန်ထမ်းဆောင်နေကြတဲ့ ရဲဘော်တွေဟာ မြန်မာမြေမှာမွေးဖွားခဲ့ကြတဲ့ သူတွေဖြစ်ကြပါတယ်။

မြန်မာ့မြေမှာ မွေးဖွားလာခဲ့ကြလို့ ဒီမြေ၊ ဒီရေဟာကျွန်တော်တို့ရဲ့အမိမြေဖြစ်ခဲ့ပါပြီ။ နိုင်ငံတော်ခေါင်းဆောင်တွေကလည်း ကျွန်တော်တို့လူမျိုးတွေကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုခဲ့ကြပါတယ်။ ကျွန်တော်တို့ ဂေါ်ရခါးရဲဘော်တွေဟာ၊ သစ္စာရှိတဲ့ စစ်သားကောင်းတွေဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုခဲ့ကြပါတယ်။

စစ်သားတွေတင် မဟုတ်ပါဘူး။ မိုးကုတ်မြို့နယ်၊ မော်ချီးမြို့နယ်၊ နမ္မတူ၊ တနင်္သာရီစတဲ့ဒေသတွေမှာလည်း သတ္တုတူးဖော်ခြင်း၊ နွားမွေးမြူခြင်း၊ လယ်ယာစိုက်ပျိုးခြင်း၊ နိုင်ငံဝန်ထမ်းစတဲ့ အလုပ်တွေကို မြန်မာပြည်မှာရှိတဲ့လူမျိုးခြားတွေထဲမှာ ဘယ်လူမျိုးခြားနဲ့မှမတူဘဲ သစ္စာရှိရှိ၊ ရိုးသားစွာနေထိုင်လုပ်ကိုင်နေကြပါတယ်။

မကြာမကြာ ကျွန်တော်တို့နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲတွေပြောတဲ့ စကားရှိပါတယ်။ လူမျိုးဆိုတာ ရှေးရှေးပဝေသဏီကာလက မရှိအတူရှိအတူ အေးအတူပူအမျှ ဥမကွဲ သိုက်မပျက်နေလာခဲ့ကြတာ ကိုခေါ်တာလို့ဆိုပါတယ်။ ဒါကြောင့်ကျွန်တော်တို့ လူမျိုးတွေဟာ မြန်မာတိုင်းရင်းသားတွေနဲ့ အတူ ဥမကွဲသိုက်မပျက် ကျူးကျော်လာတဲ့ ဘယ်လိုရန်သူကိုပဲဖြစ်ဖြစ်တိုက်ပွဲဝင်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။

အခုကျဆုံးသွားခဲ့ကြတဲ့ ဆာဂျင်ဗဟာဒူး နဲ့အတူဂေါရခါးစစ်သားတွေရဲ့ သစ္စာရှိမှုဟာနောင်နှစ်ပေါင်း ရှည်ကြာတဲ့ အထိသမိုင်းမော်ကွန်းအဖြစ်ကျန်ရစ်ပါလိမ့်မယ်။ အင်မတန်တန်ဖိုးရှိတဲ့သူရဲကောင်းတွေကိုဂုဏ်ပြုဖို့ အားလုံးမတ်တပ်ရပ်ပေးကြပါလား။

တစ်မိနစ်ခန့် ငြိမ်သက်ပြီး၊ မေတ္တာပို့ပေးကြပါ"

ပရိသတ်အားလုံး မတ်တပ်ရပ်၍ငြိမ်သက်စွာ မေတ္တာပို့ကြသည်။ ဆူဇန်၏နှလုံးအိမ်တွင်ဖြေဆည်မရအောင်ကြေကွဲမှုနှင့်အတူ မျက်ရည်သွင်သွင်ကျရရှာသည်။

အိုအရှင် စိတ်ဆင်းရဲခြင်းက
ငါ့အိမ်တံခါးကိုခေါက်ကာ သတင်းပါးသည်မှာ
အရှင်သည် နိုးကြားလျက်ရှိပြီး၊ ညဥ့်အမှောင်ကိုဖြတ်၍
သင်ကငါ့ကိုဆင့်ဆိုပြီး
ကောင်းကင်သည် တိမ်တို့ဖြင့်မှိုင်းညို့၍
မစဲတမ်းရွာချလေပြီ။

× × × ×

ဧည့်သည်များပြန်သွားကြပြီ စိမ်းလဲ့ဂေဟာခြံကြီးတိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီ။ အိမ်တွင်ဦးချတ္တရီနှင့် ဆူဇန်တို့နှစ်ဦးသာကျန်ရစ်သည်။ ဖခင်ဦးချတ္တရီ သမီးလေး ဆူဇန်၏အနာဂတ်ကံကြမ္မာကိုတွေး၍ဖြေဆည်မရဖြစ်ရသည်။ ဆူဇန်ကိုယ်တိုင်ကလည်းဖခင်ဖြစ်သူ၏ စိတ်သောကကိုရိပ်မိနေသည်။ ခံစားရတာချင်းအတူတူ ဖခင်ဖြစ်သူက မိမိထက်ပိုပေလိမ့်မည်။ သူကသမီးအတွက်လည်းပူပင်ရသည်။ အသက်အရွယ်ကြီးရင့်ပြီဖြစ်၍လည်း ထိုပူဆွေးသောကဒဏ်မခံနိုင်မည်ကို ဆူဇန်ပူပန်မိသည်။

"အဖေ ကလေးတွေအတွက် အခမဲ့စာသင်ကျောင်းဖွင့်ဖို့ အစီအစဥ်ကိုသမီးတို့အကောင်အထည်ဖော်ရင်မကောင်းဘူးလား"

သမီးဖြစ်သူ ရုတ်တရက်ပြောလိုက်သောစကားကြောင့် ဦးချတ္တရီးအံ့အားသင့်သွားသည်။

"ဟေ. . "

www.burmeseclassic.com

www.burmeseclassic.com



"ဒီမြို့မှာ သမီးတို့လူမျိုးတွေအများကြီး ရှိနေတယ်။ နောက်ပြီးကျေးလက်တောရွာ က,ကလေးတွေလည်း အများကြီးရှိနေ တယ်။ အဲဒီကလေးတွေအတွက် တစ်စုံ တစ်ခုတော့အကျိုးရှိမယ်ထင်လို့ပါ"

ဦးချတ္တရီ သမီးကြေကွဲမှုအတွက်ဖြေ သိမ့်စရာတစ်ခုဖြစ်လာမည့် စေတနာ ကျောင်းလေးကိုအားပေးချင်မိသည်။

"သမီးစိတ်ကူးကကောင်းသာပဲ။ ဟိုတစ်ခါမောင်သန့်စင်နဲ့ပြောနေကတည်းက အဖေကသဘောကျပြီးသာပါ။ အခုလုပ် တော့မလို့လားသမီးရဲ့။ ငါ့သမီးလေး ပင်ပန်းနေပါဦးမယ်"

ဦးချတ္တရီ သမီးပြောသောစကားများ ကိုမယုံနိုင်သေး။ သမီးခံစားနေရသော စိတ်သောကအတွက်ထွက်ပေါက်တစ်ခုအဖြစ် ကယောင်ကတမ်းပြောနေသည်ဟုထင်နေ သည်။ သမီး၏စကားများကို စိတ္တဇဆန် သောစကားများမဖြစ်စေချင်ပါ။ တကယ် အကောင်အထည်ဖော်မည့်အလုပ်တစ်ခု သာဖြစ်စေချင်သည်။

"သမီးအလုပ်ကို ဘယ်တော့စလုပ်မှာ လဲ"

"ဒီလထဲ စအကောင်အထည်ဖော်ချင် တယ် အဖေ"

"အလုပ်တစ်ခုဆိုတာ အစကောင်းမှ အနှောင်းသေချာတာနော်။ အလွယ်တကူ မလုပ်ပါနဲ့ဦးလား။ လူကြီးတွေရဲ့အကြံ ဉာဏ်တွေပါ,ပါစေ"

"ဒီကိစ္စအတွက် သမီးစီစဉ်နေတာ ကြာပြီပဲအဖေရဲ့။ ဟောအခုဆို သမီး ကျောင်းလေးအတွက် ဦးလေးတန်ကာဒို့ချ် ရဲ့သမီး စန္ဒိမာလာကဆရာမလာလုပ်ပေး မယ်လို့ပြောတယ်။ နောက်ပြီး သမီးတို့မိတ် ဆွေတွေကလည်းဝိုင်းကူညီကြမှာပါ။ အစ်ကိုသန့်စင်ကြီးလည်းရှိသားပဲဟာ။ လိုအပ်ရင်အစ်ကိုဆီက အကူအညီတွေ အများကြီးရနိုင်ပါတယ်"

"သမီး၊ သမီးရဲ့အနာဂတ်ကိုအဖေ တွေးကြည့်မိတယ်။ သမီးဘဝလေးက အဖေမရှိတော့တဲ့အခါ အထီးကျန်များဖြစ် နေမလားလို့"

"အာ. . အဖေကလည်း မကြံကောင်း မစယ်ရာ။ အခုချိန်မှာဒီလိုစကားတွေကို မပြောပါနဲ့လားအဖေရယ်"

"အဖေကအသက်ကြီးလာပြီသမီး။ ဒီလောကထဲမှာ သမီးလေးတစ်ယောက် တည်းချန်ထားခဲ့ရမှာကိုအဖေစိတ်မချဘူး ကွယ်"

"ဘယ်ကလာ တစ်ယောက်တည်းရ မှာလဲ အဖေရဲ့။ နောက်ဆိုသမီးမှာ ကလေးတွေအများကြီးနဲ့ ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းလိုက်မလဲ။ ဆရာမတွေလည်းရှိကြဦးမှာ။ အဖေသာနောက်ကျမှ ညီးကလေးတွေက နားငြီးလိုက်တာလို့ဆိုပြီး သမီးကိုမငြိုညင်ရဘူးနော်"

"မငြိုငြင်ပါဘူးသမီးရယ်။ ကဲပါသမီးရယ် ကလေးတွေကျောင်းအတွက်ပြင်ဆင်စရာရှိတာတွေပြင်ဆင်ထားပါ။ မေမြို့က အဖေ့မိတ်ဆွေတွေကိုလည်း အကူအညီပေးကြဖို့အဖေပြောပေးမယ်။ ဟုတ်ပလား"

မေမြို့ညနေသည် နေဝင်လွယ်သည်ဟုထင်ရသည်။ အုပ်အုပ်ဆိုင်းဆိုင်းထင်းရှူးတောကြီးများက အုပ်မိုးဝိုင်းရံနေသည်။ သဘာဝတော၏အရောင်၊ အရိပ်၊ အနံ့အသက်များက လေနှင့်အတူမျောပါလာတတ်သည်။ တောနေကြာရိုင်းရနံ့များ၊ စိန်နပန်းပွင့်ရနံ့များက ထုံသင်းနေတတ်သည်။ ညအခါ၌ညမွှေးပန်းရနံ့ပြင်းပြင်းက ဦးချတ္တရီတို့၏ အိမ်ကိုလွှမ်းခြုံထားတတ်သည်။ ညမွှေးပန်းရနံ့နှင့်အတူ အီကုတ်ဟုခေါ်သော မြေတွင်အောင်းသတ္တဝါများ၏အော်သံကြားရတတ်သည်။ နေကြာပန်းရနံ့၊ စိန်နပန်းရနံ့၊ ညမွှေးပန်းရနံ့နှင့်အတူ သမီးဘဝရှေ့ရေးအတွက် ဦးချတ္တရီအတွေးနယ်ချဲ့၍နေသည်။ တွေးမိလေတိုင်းစိတ်မကောင်းဖြစ်ရသောကြောင့် ရံဖန်ရံခါရင်ဘတ်အတွင်းမှထိုးထိုးအောင့်သောဝေဒနာကိုခံစားရသည်။ သမီးလေးအတွက် တွေးလေတိုင်းအိပ်၍မပျော် သောကဝေဒနာတို့ကနေ့စဉ်ညစဉ်နှိပ်စက်နေသည်။

အတိတ်ကာလက ဇနီးဒေါ်စန္ဒာမာလာကိုသတိရသည်။ ဒေါ်စန္ဒာမာလာသည် သမီးလေးငယ်စဉ်ဘဝမှာပင် ကွယ်လွန်ခဲ့ရှာသည်။ သမီးလေးနှင့်ဘဝကိုရှုန်းကန်ရင်း ဦးချတ္တရီဖြတ်သန်းခဲ့သောဘဝကိုပြန်၍အောင်းမေ့သည်။ လူ့လောကကြီးထဲတွင်သူသည် လောကကိုအရုပ်ဆိုး၊ အကျည်းတန်အောင်မပြုခဲ့ဘူးပါချေ။ လောကကောင်းကျိုးနှင့်လူမျိုးကောင်းကျိုးအတွက်သာလုပ်ခဲ့သူဖြစ်သည်။

လူဟူသောသတ္တဝါသည် အသက်အရွယ်ကြီးရင့်လာသောအခါ ဘဝ၏ကောင်းမှု၊ ဆိုးမှု ထိုနှစ်မျိုးကိုပြန်လည်၍တွေးတောလာတတ်သည်။ ကောင်းမှုအတွက် ကျေနပ်နှစ်သိမ့်နိုင်သော်လည်း၊ မကောင်းမှုအတွက်ကာ စိုးရိမ်ထိတ်လန့်စရာတွေဖြစ်လာတတ်သည်။

ဦးချတ္တရီသည် သူ့သမီးအတွက်သစ္စာတရားဆိုသော အမွေကိုပေးခဲ့သည်ဟုယုံကြည်မိသည်။ ထိုသစ္စာတရား၏တန်ဖိုးကြောင့်ပင် သမီးလေးဆူနံ လောကတွင်အဖော်မဲ့ရှာတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးလေတိုင်း နာကျင်မှုဝေဒနာကို ဦးချတ္တရီခံစားရသည်။ သို့သော်လူဟူသောသတ္တဝါသည် အသိဉာဏ်ဟူသောဘုရားကိုသာအားထားစရာဖြစ်သည်။

အပြင်ဘက်ထင်းရှူးတောထဲမှ လေတိုးသံတရှိုရှိုကိုကြားနေရသည်။ နှင်းဖြူလွှလွှတို့သည် လရောင်အောက်ထင်းရှူးတောကို အဖြူနှင့်အမည်းအရိပ်ထင်စေသည်။ အဖြူရောင်နှင့် လရောင်ကြောင့်စိတ်ထဲတွင်ကြည်နူးသလိုခံစားရသည်။ သမီးလေးအပ်ပျော်နေပြီလား။ သမီးလေးလည်းသူလိုပင် အတွေးနယ်ချဲ့နေမည်လား။

တကယ်တော့သမီးကို အဖေပေးခဲ့သောအမွေသည်သစ္စာတရားပါသမီး၊ သစ္စာတရားဆိုသည်မှာ မြင့်မြတ်သူတို့ပျားသကာလိုချိုမြိန်စေတတ်သည်။ သောကဆိုသောအပူများစင်ကြယ်သွားသောအခါ သစ္စာတရား၏အလှကိုသမီးလေးသိလာလိမ့်မည်။ ယခုတော့သမီးတွင်ရှိနေသောသစ္စာတရားနှင့် ပရိဒေဝသောက၏အားပြိုင်မှုကိုသမီးလေးကြံ့ကြံ့ခံနိုင်ပါစေ။

အဖေ့မျိုးဆက်ဖြစ်သည့် သမီးအားအမွေပေးနိုင်ခဲ့၍ အဖေကျေနပ်သည်။ သမီးမျိုးဆက်ဖြစ်လာမည့် ဂေါ်ရခါးလူမျိုးများနှင့် အခြားတိုင်းရင်းသားကလေးငယ်များကို ပညာသင်ပေးမည့်ကျောင်းလေးဖွင့်မည့်အစီအစဉ်ကာကောင်းလှပါ၏။

ဦးချတ္တရီအတွေးနှင့်အတူ အသက်ရှူကြပ်လာခဲ့သည်။ ဦးချတ္တရီဘဝကိုအောင်နိုင်ခဲ့ပါ၏လော။ ရှုံးနိမ့်ခဲ့သည်ဆိုလျှင် မည်သည်ကရှုံးနိမ့်စေသောအရာနည်းဟုရှာ၍မတွေ့နိုင်ပါ။ သေချာတာတစ်ခုရှိသည်။ သူ၏ဘဝသည် မီးစာကုန်လုလုမီးတောက်ပင်ဖြစ်လေသည်။ ဦးချတ္တရီသည် ကရီသျှဏာဘုရားသခင်ကိုသတိရသည်။ ထိုဘုရားထံဆုတောင်းနေမိသည်။

အိုကရီသျှဏာဘုရားသခင်
သင့်ထံငါတောင်းလိုသောဆုမှာ
ဤသို့ဖြစ်ပါသည်။
ငါ့နှလုံးသားရှိ
ဆင်းရဲရင်းမြစ်ကို နုတ်ပစ်ပေးပါ။
ကျွန်ုပ်အားဝမ်းသာခြင်း
ဝမ်းနည်းခြင်းတို့အပေါ်
ပေါ့ပေါ့ပါးပါးခံနိုင်ရည်
စွမ်းအားကိုပေးသနားပါ။

လောကကြီးကို
အလုပ်အကျွေးပြုခြင်းဖြင့်
ငါ၏သစ္စာတရားကို သီးပွင့်စေမည့်
ခွန်အားကိုပေးသနားပါ။
မောက်မာရမ်းကားသော
စွမ်းပကားရှေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဒူးမထောက်ဘဲ ဆင်းရဲနွမ်းပါးသူကို
မပစ်ပယ်တတ်သော
ခွန်အားကိုပေးသနားပါ။

မယ်မယ်ရရမဟုတ်သော
နေ့စဉ်အလုပ်များ၏ အထက်သို့
စိတ်အစဉ်ကိုမြှင့်တင်နိုင်သော
ခွန်အားကိုပေးသနားပါ။

သင့်အလိုတော်နှင့် ပတ်သက်လျှင်
သစ္စာတရားဖြင့်သာ
ငါ့ခွန်ငါ့အားကို
ကျိုးနွံမာန်လျှော့စေတတ်သော
ခွန်အားနှင့် စွမ်းအားကိုသာ
ပေးသနားပါလော့။

ဦးချတ္တရီ တစ်ဘဝ တစ်ခန္ဓာ တစ်ဇာတ်သိမ်းခဲ့ပြီ။ သူ၏ရုတ်တရက်ကွယ်လွန်သွားသောသတင်းသည် မေမြို့တစ်ခုလုံးကိုပျံ့နှံ့သွားခဲ့သည်။ စိမ့်လဲ့ဂေဟာခြံကြီးအတွင်းသို့ ဦးချတ္တရီမိတ်ဆွေများ တဖွဲဖွဲရောက်လာကြသည်။ သေခြင်းတရားဟူသည် မြန်ဆန်လွန်းလှပါ၏။

ငြိမ်သက်နေသော ဖခင်၏မျက်နှာတွင်အပူအပင်ကင်းလျက်ရှိနေပါ၏။ ဖခင်ဖြစ်သူ၏နံဘေးတွင်ပူဆွေးသောကဖြင့် ဘိတ်ဆိတ်စွာငိုကြွေးနေသော ဆူဇန်ကို စန္ဒိမာလာက အားပေးနှစ်သိမ့်ရှာသည်။

"မနေ့ကအဖေပြောတော့ သမီးဖွင့်မယ့်ကျောင်းလေးအတွက် မေမြို့က အဖေ့မိတ်ဆွေတွေဆီ အကူအညီတောင်းပေးမယ်ဆို။ အခုတော့ အဟင့်. . အဟင့်. . "

စန္ဒိမာလာနှစ်သိမ့်နေသော်လည်း ဆူဇန်အဖြစ်များက မျိုသိပ်ထားနိုင်စရာအကြောင်းများမဟုတ်ပေ။

"အစ်မဘဝကိုက ဆိုးပါတယ်ညီမရယ်။ တကယ်ဆိုအဖေဝိညဉ်နဲ့အတူအစ်မကိုပါခေါ်သွားပါတော့လား အခုတော့. . "

"အစ်မရယ် လူ့ဘဝမှာ ဒီလိုအဖြစ်မျိုးတွေကလူတိုင်းကြုံရတတ်ပါတယ်။ စိတ်ကိုဖြေမှပေါ့"

ဦးချတ္တရီအား ဟိန္ဒူဘာသာဝင်တို့၏ သင်္ဂြိုဟ်မှုဖြင့်သင်္ဂြိုဟ်ရန်ပြင်ဆင်ကြသည်။ ဆူဇန်ဆိုသော ဂေါ်ရခါးမလေးကိုအားလုံးကသနားကရုဏာဖြစ်ကြသည်။

"ကလေးမလေး သနားပါတယ်ဟယ်။ သူနဲ့ယူမယ့်ယောကျ်ားကွယ်လွန်ထားတာမနှစ်ရက်တစ်ပိုင်းပဲရှိသေးတာ။ အခုအဖေကပါ သူ့ကိုထားသွားပြီဆိုတော့. . "

မေမြို့တွင်ရှိသော ဂေါ်ရခါးလူမျိုးများနှင့် ဦးချတ္တရီ၏မိတ်ဆွေများအားလုံးက နောက်ဆုံးခရီးကိုသိုက်သိုက်ဝန်းဝန်းပို့ဆောင်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေး-မေမြို့-လားရှိုးလမ်းတစ်လျှောက်ဈေးပနပို့သူများက များပြားလှသည်။ မေမြို့အရှေ့ဘက် မီးကြာရိုးသုသာန်သို့ ရသေ့ကြီးဘိုးဖြူရောက်ရှိလာသည်။

"မြေးလေး စိတ်ကိုလျှော့ချလိုက်။ မြေးအဖေက သုဂတိဘုံကိုရောက်လောက်ရော့မယ်"

ဦးချတ္တရီ၏ ရုပ်အလောင်းကိုမီးသင်္ဂြိုဟ်လိုက်ကြပြီ။ မီးတောက်မီးလျှံများသည် ဆူဇန်၏ရင်တွင်း၌ဖြစ်ပေါ်သော အပူမီးကိုအားပေးအားမြှောက်ပြုနေကြသည်။

လူပေါင်းများစွာတို့၏ ဘဝနိဂုံးအဆုံးသတ်ရာသုသာန်သည် ချောက်ချားဖွယ်ကောင်းလှပါ၏။ နေ့စဉ်နေ့စဉ် အသစ်အသစ်သောရုပ်အလောင်းများသည် မြေကြီးကိုမှီ၍မှီ၍မြင့်တက်လာစေသည်။ ထိုသောသူအပေါင်း၏ ကောင်းမှု၊ မကောင်းမှုသည် ဤမြေလွှာပေါ်တွင်အဆုံးသတ်ခြင်းတော့မဖြစ်နိုင်။ ကောင်းမှု၊ ဆိုးမှုတို့ကိုချန်လှပ်၍ အသက်ဝိညဉ်ဘဝဟူသည် အဆုံးသတ်ခြင်းမရှိ သံသရာလောကကိုလှည့်ပတ်သွားလာနေကြဦးမည်သာဖြစ်သည်။

ဦးချတ္တရီ၏ နောက်ဆုံးခရီးကိုလိုက်ပါပို့ဆောင်ကြသောသူများမိမိတို့နေထိုင်ရာအသီးသီးသို့ပြန်ကြလေပြီ။ စန္ဒိမာလာ ဆူဇန်ကိုဖေးကူလျက်ပြန်လာသည်။

ရသေ့ကြီးဘိုးဖြူသည် မြေးလေးဆူဇန်ကိုနှုတ်ဆက်၍ သူ့သီတင်းသုံးလေရာ ရေတံခွန်တောင်စောင်းသို့ပြန်ကြွသွားပြီ။ ဆူဇန်၏ စိတ်အစဉ်တွင်ပရိဒေဝသောကမီးကိုဖြေဖျောက်နိုင်မည့် အားမာန်ကိုရှာဖွေနေမိသည်။ သို့သော် သူမအတွက်ရောက်လာမည့် အားမာန်သည်ခရီးဝေးလှပါဘိ။

× × × ×

စိမ်းလဲ့ဂေဟာခြံကြီး၏ ကြေကွဲဖွယ်အချိုးအကွေ့သည် မှတ်တိုင်ကြီးသဖွယ် တိတ်ဆိတ်ငြိမ်သက်နေလေပြီ။ တစ်ရက်နှစ်ရက်၊ ရက်ပေါင်းများစွာကာလယန္တရားကြီးက ထိုထိုသောအဖြစ်အပျက်များကို အတိတ်တွင်ချန်ထားရစ်ပြီ။

ဆူဇန်ဆိုသော လူသားတစ်ယောက်၏ကြေကွဲဖွယ်အဖြစ်အပျက်တို့သည်လည်း အချိန်ဆိုသောအရာကချန်ထားရစ်စေပြီ။ လောကတွင်လူဟူသောသတ္တဝါသည်အချိန်၊ နေရာ၊ အာကာသဆိုသောအရာများ၏ ဖိဆီးမှုကိုမလွန်မြောက်နိုင်ပါတကား။ ဆူဇန်၏နှလုံးအိမ်ဝယ် ကြေကွဲခြင်းထဲမှ အားမာန်သတ္တိဟူသောအရာသည် ဘာ ဝရင့်ပ်လျှိုးနေခြင်းမဖြစ်နိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



နွမ်းလျခြင်းသည်
သင့်နှလုံးသားပေါ်တွင်တည်၍
ငိုက်မျည်းခြင်းက
သင့်မျက်လုံးပေါ်တွင်တည်ဆဲ။
ဆူးခက်များကြား၊ တစ်ခမ်းတစ်နား
စံမြန်းနေသည့်
ပန်းပွင့်၏သတင်းသည်
သင့်ထံသို့
တစ်ခွန်းတစ်ပါဒမျှမရောက်လာ
သလား။
ထလော့၊ အို . . ထစမ်းပါလော့။
အချိန်ကို အချည်းအနှီးမကုန်ပါစေနှင့်
ကျောက်လမ်း၏အဆုံး
လူသူတစ်ရံမဆက်ဆံသော
အထီးကျန်နိုင်ငံတွင်
ငါ့မိတ်ဆွေများရှိနေပါ၏။
သူတို့ကို မလှည့်စားပါနှင့်
ထလော့၊ အို . . ထစမ်းပါလော့။
မိုးကောင်းကင်က
မွန်းတည့်နေရှိန်ကြောင့်
မောဟိုက် တုံ့ခိုက်နေတော့ရော
အရေးလား။
သဲပူပူက မိမိ၏မွတ်သိပ်ခြင်းခြုံလွှာကို
ဖြန့်ခင်းတော့ကောအရေးလား။
သင့်နှလုံးသား၏ နက်ရှိုင်းရာတွင်
ပျော်ရွှင်ခြင်းသည်မရှိပြီလော။
သင်၏ခြေလှမ်းတိုင်းမှာ
ခရီးလမ်း၏ စောင်းပဋ္ဋင်သံသည်
သာယာချိုမြသော ဝေဒနာဂီတကို
ကောက်ကာငင်ကာ
ဖန်တီးနိုင်စွမ်းမရှိပြီလော။
အိုအသင်
နိုးထလော့၊ နိုးကြလော့။
သင်၏ အနာဂတ် ကမ္ဘာမှာ
လှသော မွှေးသော ပန်းများပွင့်ဖို့
ငံ့လင့်နေကြပြီ။

■

www.burmeseclassic.com

www.burmeseclassic.com



## အချစ်နှင့်အိမ်ထောင်ရေး

ကိုသန့်စင် ဆူဇန်၏ သစ္စာတရားနှင့် ဘဝအားလုံးကို ချီးကျူးဂုဏ်ယူသော စိတ်ဖြင့် ဥပက္ခာပြုခဲ့ရသည်။ နှလုံးသားဆန္ဒ အလိုအရချစ်လိုလျှက်နှင့်ဝေးခဲ့ရသောအဖြစ် အပျက်ကို တွေးမိလေတိုင်း လွမ်းတသသ ဖြစ်ရသည်။ ဆူဇန်သည်သာ့မန်မိန်းခလေး တစ်ယောက်မဟုတ်။ မြင့်မြတ်ရင့်ကျက်သောအတွေးအမြင်ပိုင်ရှင်တစ်ဦးဖြစ်၏။

မိမိသည်လည်း လူသာမန်တစ်ဦး မဟုတ်တွေးခေါ် မြော်မြင်တတ်သောပညာ တတ်တစ်ဦးဖြစ်သည်။ လောကဟူသည် အသက်ရှင်သန်ရန်အတွက်ကုန်ထုတ်လုပ်ခြင်းနှင့်မျိုးဆက်ရှင်သန်ရန် မျိုးဆက်ထူထောင်ရသည်ဆိုသော တာဝန်ရှိသည်ဟု ကိုသန့်စင်တွေးမိသည်။ သူ၏မယ်ဘုရား ဆန္ဒအလိုအရ တက္ကသိုလ်ကျောင်းသူ ခင်ခင်ဦးကိုတွေ့ခဲ့ဖူးသော်လည်း သူနှင့် စေ့စပ်ထားသည့် ခင်ခင်ဦးဟုတ်မဟုတ် မသေချာ။

ခင်ခင်ဦး၏ယဉ်ကျေးသိမ်မွေ့သော အလှကိုမြင်တွေ့ရသောအခါစလေဦးပုည၏ သူလိုက်သင့်မယ်တေးတပ်ကိုသတိ ရမိသည်။

"မပြုမပြင်ပင်ကိုလှ၊ ယဉ်ဆိုသမျှယဉ်ထက်ယဉ်၊ ယဉ်မျိုးစုတဲ့ ကြော့သူခင်ရယ်၊ ရွှေဖော့ရုပ်သွင်စံတနှုန်း၊ တူမနှိုင်းနှင့် လူတိုင်းလယ်မှာသူကိုကျားသင့်မယ်ဆိုလောက် ပေငဲ့ဘုန်း၊ ရွှေရင်မောက်နှင့် ခြောက်ပစ်စင်၊ နှစ်ယောက်မမြင်၊ ပြိုင်လျှင်ရှုံး၊ ပြုံးမှုပုံ မတူတုန်းမို့၊ သူတစ်နိဂုံးချုပ်လိုယဉ် သာနုပျို့ပို့၊ ကိုယ်ဟန်နွဲ့နှင့်၊ ဆိုရန်စာဖွဲ့မဆုံးနိုင်သည်ပင်၊ မေတ္တာရောက်လို့၊ မြှောက်တယ်ထင်ရင်၊ မျက်မှောက်မျက်မြင် ရှုလိုက်ကြစမ်း၊ ယဉ်ပန်းယဉ်လှ၊ ယဉ်မြကေခိုင်၊ ယဉ်မျိုးသူကလိုင်တစ်ရံတွေလို့ မေ့လိုမှိုင်တယ်၊ မတွေးတဲ့နိုင် သေဇောင်လို့လေး။ နတ်ပြည်ခြောက်ထပ်သို့ အရောက်ကျော်တယ် သူဇာလေးဖော်မှီဘူးဆိုစို့လေး။ ရှင်သိကြား မှတင်စားမျှော်တယ်၊ နန်းအထောက် တော်ကောက်ဦးမယ်တဲ့လေး။

ကိုသန့်စင် တက္ကသိုလ်ကျောင်းသူ ခင်ခင်ဦး၏အလှကို ဦးပုည၏တေးထပ်ဖြင့်ခံစားကြည့်မိသည်။ အလှကိုမြင်သော်လည်းနှလုံးသားကားမလှုပ်မယှက်ကျောက်ရုပ်ပမာ။အချစ်ဆိုသောစေတသိက်တရားနှင့်အလှတရားသည်ရံဖန်ရန်ခါသဟဇာတ မဖြစ်။သဟဇာတမဖြစ်သော်လည်းပဋိပက္ခ အဖြစ်ထိတော့ရောက်မလာနိုင်ပါ။

ကိုသန့်စင် အတွေးချာချာလည်နေမိသည်။ကိုသန့်စင်ဖြတ်သန်းခဲ့သောအချိန်ဆိုသော ကာလခရီးသည်လည်း နှလုံးသား

www.burmeseclassic.com

www.burmeseclassic.com



အလိုဆန္ဒကိုထိန်းချုပ်နိုင်သောအရွယ်သို့ ရောက်ခဲ့ပြီ။ လူငယ်အရွယ် နှလုံးသား အလိုကို ကမူးရှူးထိုးဆင်ကန်းတောတိုး ပြုလုပ်တက်သော အရွယ်မဟုတ်ပြီ။

မိမိ၏နှလုံးသားဆန္ဒကို ထိန်းချုပ်နိုင်သော ဦးနှောက်အတွေးအမြင်ရင့်ကျက်သောအရွယ်သို့ရောက်ခဲ့လေပြီ။ကိုသန့်စင်သူ၏ မယ်ဘုရားအား ခြေဆုပ်လက်နယ်ပြုရင်တွေးစတို့ပြတ်သွားသည်။

"သားတော်၊ စကားလည်းတစ်ခွန်းတစ်ပါဒမဆိုဘဲ တယ်ငြိမ်လှချည်လား။ ဘာတွေများအတွေးနယ်ချဲ့နေတာလဲကွယ့်"

"ဘာရယ်မဟုတ်ရပါဘူးမယ်ဖုရား။ ဟိုဟိုဒီဒီတောင်တောင်အီအီပါ"

"မယ်ဘုရား ကိုယ့်ကိုယ်ကိုသိနေတယ်သားတော်။ မယ်ဘုရားကျန်းမာရေးကတစ်နေ့တစ်ခြား ဆုတ်ယုတ်လာနေပြီကွယ်။

မယ်ဖုရားမျက်ကွယ်မပြုခင်မှာ ခင်ခင်ဦးနဲ့သားတော်ကို လက်ဆက်ပေးခဲ့ချင်တယ်သားတော်"

"မယ်ဘုရားရယ်။ မယ်ဘုရား စိတ်ကိုတင်းထားမှပေါ့။ မယ်ဘုရား ကျန်းမာရေးကိုအကောင်းဆုံး သမားတော်ကြီးတွေနဲ့ကုသပေးနေတာပဲ။ မကြာမီသက်သာလာမှာပါဘုရား"

"ဆေးဝါးဓာတ်စာတွေကောင်းလှပါတယ်လေ။ ဒါပေမယ့်ဆေးဝါးဓာတ်စာတွေဘယ်လိုပင်ကောင်းပေမယ့် မရဏတရားကိုတော့ မခုခံနိုင်ပါဘူးသားတော်"

"မယ်ဖုရားအလိုကိုသားတော် ဘယ်တုန်းက ငြင်းဆိုခဲ့ဖူးလို့လဲမယ်ဖုရား။ သားတော်ရဲ့မင်္ဂလာကိစ္စကိုသိပ်ပြီး စိုးရိမ်ကြောင့်ကြပူပန်တော်မူပါနဲ့ဘုရာ့"

"ပူပန်ရပါသောကောသားတော် မိဘဆိုတာသားသမီးတွေအပေါ် တာဝန်ကျေရတယ်မဟုတ်လားကွယ့်။ မင်္ဂလာကိစ္စမပြီးစီးရင် မယ်တော်အသေဖြောင့်မှာမဟုတ်ဘူး။ ဒါကြောင့် ချွေးမတော်လေးနဲ့ သူ့မိဘများကို ဒီကနေ့ခေါ်ထားတယ် သားတော်။ ချွေးမတော်ကိုဒီကနေ့သားတော်နဲ့မိတ်ဆက်ပေးမယ်ကွဲ့။

ချွေးမတော်လည်း မကြာခင်ဘွဲ့ရတော့မှာဆိုတော့ နှစ်ဦးနှစ်ဖက်လိုက်ဖက်ညီပါတယ် သားတော်။

နေနဲ့လ၊ရွှေနဲ့မြလို မျိုးရိုးလည်းကောင်းတယ်မဟုတ်လားကွယ့်"

ထိုစဉ်ဂျစ်ကားတစ်စင်း ကိုသန့်စင်တို့အိမ်တော်အတွင်းသို့ဝင်ရောက်လာသည်။ကားပေါ်မှ အလွန်တည်ကြည်သောဏ္ဍန်ဖြင့်အသက်အရွယ်ကြီးကြီးအမျိုးသမီးကြီးနှင့်အတူ ကိုသန့်စင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



ချင်သော ခင်ခင်ဦးတို့အိမ်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

အသာဖြူဖြူစိန်နားကပ်ရောင် တဖျပ်ဖျပ်နှင့် ဇရာ၏သက်သေငွေရောင်ဆံနွယ်များကို ပိရိသေသပ်စွာထုံးဖွဲ့ထားသော အမျိုးသမီးကြီးက ကိုသန့်စင်၏မယ်ဖုရားနံဘေးတွင်ဝင်ထိုင်လိုက်သည်။

"အစ်မတော် နေကောင်းပါလေစ"

"နေကောင်းတယ်လို့တော့ ဟုတ်ပါဘူးကွယ်တို့။ ဒီအရွယ်ထောက်မှတော့ အိုနာကိုခံစားရတော့တာပ။

ညီမတော်နဲ့အတူ ချွေးမတော်လေး ရောပါခဲ့ရဲ့လားကွယ့်"

"တစ်ပါတည်း ခေါ်ဆောင်လာခဲ့ပါတယ် အစ်မတော်"

"ချွေးမတော်လေး မယ်ဘုရားအနားလာစမ်းပါဦးကွယ်"

ခင်ခင်ဦးက ဒေါ်ထိပ်တင်ထွေး ခုတင်အနီးချဉ်းကပ်သွားသည်။

"ချွေးမတော်လေးကလည်း ကျက်သရေရှိလိုက်ပါဘိသနဲ့။ လူ့မျိုးရိုးဆိုတာ မတိမ်ကောစကောင်းဘူးကွယ်တို့။

အမျိုးမြတ်သော အဆင့်အတန်းရှိသောဆိုတာကုသိုလ်ကောင်းလို့ မယ်ဖုရားတို့ ဗုဒ္ဓဘုရားရှင်ကဟောတော်မူတယ်မဟုတ်လား။ အမျိုးမြတ်တဲ့ဂုဏ်ကိုကုသိုလ်ကြီးတွေသူတွေမှသာ ရထိုက်တယ်ဆိုတာ ချွေးမတော်လေးမှတ်သားထားရနော်"

ဟောဒါက ချွေးမတော်လေးနဲ့ လက်ဆက်ပေးမယ့် မယ်ဖုရားရဲ့သားတော်ပေပဲ"

ခင်ခင်ဦး ကိုသန့်စင်ကို ကြည့်လျှက်

"သမီးကော်တို့ချင်း ကျောင်းမှာတစ်ကြိမ်တွေ့ဖူးပါတယ်ဘုရား"

"ကောင်းတာပေါ့ကွယ်။ သားတော် ချွေးမတော်လေးကို ကြည့်စမ်းပါဦး ဘယ်လောက်မဟာဆန်ပြီး၊ ကျက်သရေရှိသလဲ။ သားတော်နဲ့ဟောဒီကချွေးမတော်တို့ကိုမယ်ဖုရားမျက်ကွယ်မပြုမီလက်ဆက်ပေးချင်တာပဲကွယ်။

ညီမတော် ခင်ခင်ကြီး သဘောတူရဲ့လားကွယ့်"

"အစ်မတော် စိတ်ချမ်းသာမယ်ဆိုရင် သဘောအတိုင်းပြုပါဘုရား"

"သာဓု၊ သာဓု၊ သာဓုကွယ်။

ဗုဒ္ဓဘုရားရှင်ရဲ့သတိပဋ္ဌာန်တရားနဲ့နေလာတာမို့ ရုပ်နာမ်တရားတို့ရဲ့ သန္တတိတရားတွေ အဆက်ပြတ်လာနေတာကို မယ်ဖုရားရိပ်စားမိတယ်ကွယ်။ ဒါကြောင့် သားတော်နဲ့ချွေးမတော်လေး ဒီကိုလာကြ။ ညီမတော် ခင်ခင်ကြီး သားတော်နဲ့ချွေးမတော်လေးတို့လက်တော်တွေကို အစ်မ

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုဆီ ဆက်သပါဦးကွယ်"

ဒေါ်ခင်ခင်ကြီးက သမီးဖြစ်သူနှင့် ကိုသန့်စင်တို့၏ညာလက်များကို ဒေါ်ထိပ်တင်ထွေးလက်ရှိရာသို့ပေးလိုက်သည်။

ဒေါ်ထိပ်တင်ထွေး ကိုသန့်စင်နှင့် ခင်ခင်ဦးတို့၏ ညာဘက်လက်များကိုဆုပ်၍ ကိုင်လိုက်သည်။ ကိုသန့်စင်ရော ခင်ခင်ဦးပါ အနည်းမျှတုန်လှုပ်ခြင်းမရှိပါချေ။ သူတို့နှစ်ဦးထိမ်းမြားလက်ထပ်ခြင်းတွင် အချစ်ဆိုသော နှလုံးသားခံစားမှုမပါ။ အမျိုးစောင့်တရားအတွက် တာဝန်ထမ်းဆောင်သူများအဖြစ်ပကတိတည်ကြည်စွာလက်ခံလိုက်ကြသည်။

သူတို့နှစ်ဦးလက်ထပ်ပြီးသောအခါ ဒေါ်ထိပ်တင်ထွေး ဝေဒနာပြင်းထန်လာတော့သည်။ မိခင်တစ်ဦး၏ သားအပေါ် လွှမ်းမိုးသောစိတ်စွမ်းအင်များလျှော့ချလိုက်လေပြီ။ သားအပေါ်ထားသော စိတ်စွမ်းအားသည် ဒေါ်ထိပ်တင်ထွေး၏ ဇီဝိတသန္တတိကိုဆက်စပ်စေခဲ့ပါ၏။ ယခုမူ မီးစာကုန်၍ ဆီခန်းလေပြီ။

ခင်ခင်ဦးနှင့် ဒေါ်ခင်ခင်ကြီးတို့ထံမှ ငိုရှိုက်သံများထွက်လာသည်။ ဒေါ်ထိပ်တင်ထွေး၏ မိခင်ကောင်းပီသမှုဝံသာနုရက္ခိတအမျိုးကိုစောင့်ရှောက်တတ်သောစိတ်ထားတို့သည်နှမြောတသဖြစ်စရာပါတကား။ ■

**ပန်းပွင့်သစ္စာ**

ကွေကွင်းခြင်း သောကသည်
တစ်လောကလုံးပျံ့နှံ့ကာ
ဆုံးစမတင်၊ မိုးကောင်းကင်ဝယ်
အနမတဂ္ဂ၊ ရုပ်သွင်ကိုဖွားမြင်၏။

ကြယ်တစ်ပွင့်မှ တစ်ပွင့်သို့
တစ်ညလုံးတိတ်ဆိတ်စွာ
ငေးစိုက်သော
ဤကွေကွင်းခြင်း အပူသည်
ဂျူလိုင် မိုးမှောင်ထဲက
သစ်ရွက်မြည်သံကြားတွင်
တေးကဗျာဖြစ်သွားလေသည်။

အိပ်မပျော်သောညများ ရှည်ကြာခဲ့ပြီ။ ချစ်ရသူ၏စကားသံများကိုသာ ညစဉ်အထပ်ထပ်ကြားယောင်နေမိသည်။ချစ်သူပြောခဲ့သော စကားသံ။ အိပ်မက်စဉ်တွင်ကြားခဲ့ရသော စကားသံသည်အမှန်တကယ်ပင်ချစ်သူ၏စိတ်ဆန္ဒလေးလား။အိပ်မက်ဖြစ်စဉ်ထဲတွင်ထိုစကားတို့သည်လောကကိုသူ့ကိုယ်စားအလှဆင်မှာကြားခဲ့လေရော့သလား။

ချစ်သူ၏ စိတ်ပရမတ္ထတရားသည် ဤကမ္ဘာမြေပေါ်တွင် မပျက်မယွင်းရှိနေသည်ဟုဆူဇန်ထင်သည်။ ထိုပရမတ္ထစိတ်ဓာတ်သတ္တိသည်လောကတွင်လူသားများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် တန်ဖိုးကြီးသောအရာများဖြစ်လာနိုင်သည်။

"သစ္စာရှိတဲ့ပန်းတွေကမ္ဘာမြေမှာထာဝရပွင့်အောင်၊ ပွင့်တဲ့ပန်းတွေအမြဲမွှေးအောင် ဆူဇန်တာဝန်ယူပေးပါနော်"

အိပ်မက်ထဲတွင် ချစ်သူနောက်ဆုံးမှာခဲ့သော စကားသံကိုကြားယောင်မိသည်။

အဆုံးမရှိသော
လောက ပင်လယ်ကမ်းခြေဝယ်
ကလေးတို့တွေ့ဆုံကြ၏။
အကန့်အသတ်မရှိသော
မိုးကောင်းကင်သည်
အထက်ကနေ မလှုပ်မရှား
ယောက်ယက်ဆန်သော
ရေပြင်ကား . .
ဆူညံကြမ်းတမ်း၏။

အဆုံးမရှိသော
လောကပင်လယ်ကမ်းခြေဝယ်
ကလေးတို့သည် အော်ဟစ်ကခုန်
တွေ့ဆုံကြကုန်၏။
လောကပင်လယ်ကမ်းခြေဝယ်
ကစားမြူးတူးကြရ၏။
သူတို့သည် ရေမကူးတတ်
သူတို့သည် ကွန်ချက်မဖြန့်တတ်။

ပင်လယ်သည်
ရယ်မောခြင်းဖြင့်၊
သောသောပွက်ထ၍
သောင်စပ်၏ အပြုံးကို
မှိန်ဖျော့ဖျော့၊
အရောင်ဟပ်လိုက်သည်။

မိခင်သည်
ရယ်မောခြင်းဖြင့်
ရင်သွေး၏ ပုခက်ကိုလွှဲသိပ်ခိုက်
တေးဆိုချော့သကဲ့သို့ပင်
သေမင်းတမန်လှိုင်းတို့သည်
ရောက်တက်ရာရာ
လင်္ကာတေးများကို
ကလေးတို့အားဆိုပြကြ၏။

ဆူဇန်သည် ရာဘင်ဒြာနတ်တဂိုး၏ဂီတဥ္စလီကိုအကြိမ်ကြိမ်ရွတ်ဆို၍အဖြေကိုရှာသည်။ ကလေးတို့အတွက်မိခင်စိတ်ဖြင့်လှပသောအမည်နာမကိုရွေးချယ်သည်။

လောကတွင်ထာဝရလှပသော၊ မွှေးမြသောပန်းတစ်ပွင့်ပွင့်စေရန် ဖြူစင်သောစေတနာအတ္တသည် အလိုအပ်ဆုံးဖြစ်၏။ စင်ကြယ်သောအတ္တသည်အဘယ်မှာနည်း။ ပင်ပန်းလွန်းသောဇောစိတ်များငြိမ်သက်သွားပြီး ဘဝင်စိတ်ဖြင့်အိပ်မောကျသွား

www.burmeseclassic.com



ခဲ့ပြီ။

× × × ×

ညသည်တိတ်၏ အတွေးနယ်ချဲ့ သူတို့၏ ဝိတက်ပွားစရာအချိန်ဖြစ်၏ ကိုသန့်စင် မယ်ဖုရားဆုံးပါးသွားခဲ့၍ သောကဖြစ်ရသည်။ သောက၏အဖော်မွန် အချစ်ဆိုသောဝိတက်စိတ်သည် အာရုံတရားတွင် မှီခဲ့တည်ခဲ့ပြီ။

ယောက်ယက်ခတ်နေသော စိတ်အစဉ်တွင် နှမလက်လျှော့နေလေတော့ ရတုကိုအမှတ်ရမိသည်။

ရှင်မဟာရဋ္ဌသာရ၏ အချစ်ကိုသတိရသည်။ ဝဏ္ဏပဘာအလှကို သတိရသည်။ စိတ်ဟူသော သဘာဝကလျှင်မြန်သည်။ တွေးချင်ရာကိုတွေး၍ ဆွေးစိတ်ဖြစ်ရပြန်သည်။

ပုရေနိသင် ဆက်တိုင်းကြင်၍
အိမ် ရှင်အစစ် ငယ်ကျွမ်းချစ်နှင့်
တပ်ရစ်လက်သင် ထုံးစတွင်၌
သွေ့ငင်ကြမ္မာ ဝါသနာကြောင့်
ဆရာမိဘ ကွပ်ဆုံးမလည်း
ချစ်စထုံးနှောင် ပျော်ရအောင်ဟု
သန်ခေါင်မဟူ အတူယှဉ်တွဲ
သန်လွဲမခန့်အသက်စွန့်၍
ဝေမွန့်ခရီး
ချုံကြီးတောအုံ ဝါးရုံဝါးထွေး

(၁)ရပ်ကွက်/ဒဂုံအရှေ့ သစ်ကျားဘေးကို
မတွေးဆံဖျား မလေးစားတည့်

------------------------

မကွေ့သစ္စာ ဝါသနာကြောင့်
ရုပ်ဝါပျို့ရွယ် သနားဖွယ်တိ

------------------------

"မောင်ဘာတွေ တွေးနေတာလဲဟင်"

မိမိနံဘေးတွင်ရှိနေသော ခင်ခင်ဦးက မေးလိုက်သည်။ ကိုသန့်စင် ခင်ခင်ဦး၏ အမေးကို အဘယ်သို့ဖြေရမည်မသိ။သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"မောင်တို့ မနက်ဖြန် မေမြို့(ပြင်ဦးလွင်)သွားရအောင်လား"

အဆက်အစပ်မရှိသော ကိုသန့်စင်၏ စကားကို ခင်ခင်ဦးသိပ်ဘဝင်မကျလှ။

"ဘာလုပ်ဖို့သွားမှာလဲ မောင်"

"ဪ. . မောင်နဲ့ခင်တို့ရဲ့ ပျားရည်ဆမ်းခရီးသဘောမျိုးသွားဖို့ စဉ်းစားမိတာပါ။ တို့တွေလက်ထပ်ပြီးကတည်းက ဘယ်မှမသွားရသေးဘူး မဟုတ်လား"

"ခင်တို့အတွက် အဲဒီအဖြစ်မျိုးကလိုလို့လား။မောင်တင်ရမယ့် စာတမ်းအတွက် အချက်အလက်တွေ စုံပြီးလား။ ခင်ဘာကူညီရဦးမလဲ"

"ကျေးဇူးတင်ပါတယ်ခင်။မောင်မေမြို့သွားချင်တဲ့အထဲမှာမောင့်စာတမ်းအတွက်

www.burmeseclassic.com



လိုအပ်တဲ့ အချက်အလက်တွေကိုမေးဖို့ လူအချို့နဲ့တွေ့ချင်တာလည်းပါ ပါတယ်။

နောက်ပြီး. ."

ကိုသန့်စင်စကားကို ခတ္တရပ်လိုက်ပြီး ခင်ခင်ဦး၏စိတ်ဝင်စားမှုကိုအကဲခတ်လိုက်သည်။

"နောက်ပြီး ခင့်ကိုမောင်ရဲ့လူပျိုဘဝကအတိတ်ကိုသိအောင်ပြောပြချင်တာလည်းပါတယ်"

"မောင့် အတိတ်ကိုခင်ဦးသိအောင် ဟုတ်လား။ ခင်ကတော့ အတိတ်ဆိုတာ သမိုင်းတန်ဖိုးရှိတာပဲ သိချင်တယ်။ပုဂ္ဂလိကခံစားမှုတွေဆိုရင်တော့အခုလိုအချိန်ကျမှ မသိချင်တော့ဘူး"

"မဟုတ်သေးဘူးခင်။ မောင့်အတိတ်မှာ ခင်တွေးသလိုအကြောင်းအရာမျိုးတွေ မရှိပါဘူး။

ခင့်ကိုခေါ်သွားမယ့်နေရာက ခင်ပြောခဲ့သလိုသမိုင်းတန်ဖိုးရှိတဲ့နေရာမျိုးလည်း ဟုတ်တယ်။ နောက်ပြီးတော်လှန်ရေးကာလတစ်လျှောက်လုံးမောင်ကျင်လည်ခဲ့တဲ့နေရာလည်းဟုတ်တယ်။

မေမြို့မှာက ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကိုရေးခဲ့တဲ့ ဦးမောင်မောင်တင်ရဲ့ အရိုးအိုးဂူလည်းရှိတယ်လေ"

"အမလေးမောင်ရယ်။ ဆရာဦးမောင်မောင်တင်ရဲ့ အရိုးအိုးအုတ်ဂူရှိတယ်ဆိုတာ ခင်ဦးလည်းသိပါတယ်။

ကုန်ဘောင်ဆက် မဟာရာဇဝင်တော်ကြီးစာအုပ်ပထမတွဲ ဆရာကြီးရဲ့အတ္ထုပ္ပတ္တိထဲမှာပါတာ ခင်ဦးလည်းသိပါတယ်။ ခင်ကိုယ်တိုင်လည်းရောက်ခဲ့ဖူးတယ်။

စောစောကမောင်ပြောတဲ့တော်လှန်ရေးကာလတစ်လျှောက်လုံးမောင်ကျင်လည်ခဲ့တဲ့နေရာဆိုတာကိုတော့ ခင်စိတ်ဝင်စားတယ်။ သမိုင်းအသစ်ကို ဖန်တီးကြမယ့်သူတွေအကြောင်းတော့ ခင်သိထားဖို့လိုမယ်ထင်တယ်"

ကိုသန့်စင်သည် ခင်ခင်ဦး၏ အတွေးအမြင်ကိုပထမဦးဆုံးအကြိမ်အဖြစ် သတိထားမိလိုက်သည်။

"မောင်လည်း သမိုင်းကျောင်းသားတစ်ယောက်ပဲ။ နောင်တစ်ချိန်မှာ သမိုင်းပညာရှင်ဖြစ်လာဦးမှာ။

သမိုင်းဆိုတာ လူအဖွဲ့အစည်း၊ လူမျိုးတစ်မျိုးရဲ့ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုစတာတွေကိုသုတေသနပြုထားတာမဟုတ်လား။

တော်လှန်ရေးကာလတုန်းက မောင်ကျင်လည်ခဲ့တဲ့နေရာမှာသမိုင်းတွင်နိုင်လောက်တဲ့အဖြစ်တွေရှိခဲ့တယ်လို့ မောင်ထင်တယ်ဆိုရင်တော့ နောက်တော်ပါးက

www.burmeseclassic.com



ထပ်ချက်မကွာလိုက်မှာပေါ့မောင်ရယ်"

"တို့တွေကျောင်းမှာ ဆရာကြီးရွှေပြည်ဦးဘတင်ဟောပြောတဲ့တရုတ်ကျူးကျော်မှုအကြောင်းနားထောင်ခဲ့ရဖူးတယ်နော်။ ဒီတုန်းက မြန်မာဘုရင်တွေနဲ့တကွ သူရဲကောင်းတွေ တရုတ်တွေကို ဘယ်လိုတိုက်ထုတ်အောင်ပွဲယူခဲ့တယ်ဆိုတာကိုတို့တွေ တဝကြီးကြားနာခဲ့ရတယ်။ အခုလက်ရှိတရုတ်ဖြူကျူးကျော်မှုကရော သမိုင်းဖြစ်တယ်လို့မထင်မိဘူးလား"

"နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာကိုထိပါးလာတဲ့ကျူးကျော်မှုကို သမိုင်းမဟုတ်ဘူးလို့ ခင်ဘယ်ပြောနိုင်ပါ့မလဲ။ တကယ့်သမိုင်းမော်ကွန်းကျန်ရစ်မယ့် အကြောင်းအရာအဖြစ်အပျက်ကြီးပါ မောင်"

"ဒီလိုဆို အဲဒီကျူးကျော်မှုမှာပါဝင်ခဲ့တဲ့သူတွေကိုရော သူရဲကောင်းလို့မဆိုနိုင်ဘူးလား"

"သမိုင်းမှာ ရှုမြင်သုံးသပ်ပုံတွေရှိတယ်လေ။ တရုတ်ဖြူကျူးကျော်စစ်ဟာတကယ့်သမိုင်းဖြစ်ရပ်ကြီးပါ။ ယေဘုယျသဘောအရ သမိုင်းတင်ရမယ့်ကိစ္စ ဒါကိုဘယ်သူမှမငြင်းနိုင်ဘူး။

အဲဒီခုခံတွန်းလှန်မှု တိုက်ပွဲကြီးတွေမှာပါခဲ့တဲ့ပြည်သူတွေ၊ တိုင်းရင်းသားတွေ၊ တပ်မတော်သားတွေဟာ တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးသားရေးဝါဒီတွေလို့မှတ်တမ်းတင်နိုင်တယ်။

သူရဲကောင်းဆိုတာကျတော့ သူရဲ့ပေးဆပ်မှု၊ စွန့်လွှတ်မှုတွေအများကြီးလိုလာတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေကျတော့နိုင်ငံတော်က သူရဲကောင်းဘွဲ့ကိုပေးအပ်ချီးမြှင့်တတ်တယ်မဟုတ်လား။

ဒါကသမိုင်းရဲ့ ယေဘုယျသဘောနဲ့ဝိသေသသဘောတွေပဲ။ ဒီနှစ်ချက် ယေဘုယျနဲ့ ဝိသေသဆိုတာလည်း တစ်ခုနဲ့တစ်ခုကျေးဇူးပြုနေတတ်ပါတယ်မောင်။

ကမ္ဘာကျော် နပိုလီယန်စစ်ပွဲကြီးမှာနပိုလီယန်ဘိုနာပတ်ကိုသမိုင်းမှာမှတ်တမ်းတင်ရသလို ရုရှားဇာဘုရင်၊ရုရှားစစ်ဗိုလ်ချုပ်ကြီးကုတုဇော့ကိုလည်း မှတ်တမ်းတင်ခဲ့တယ်။ အင်ဒရေလို၊ ပီယာလို၊ မေရီလို၊နာတာရှာလိုဇာတ်ကောင်တွေလည်းပါခဲ့ကြတယ်။

ဆင်ဖြူရှင်နဲ့ဖြစ်တဲ့ တရုတ်ကျူးကျော်မှုစစ်ပွဲမှာ တရုတ်ဘုရင်ချင်းလုံးကိုရော၊ဆင်ဖြူရှင်ကိုရော၊ မဟာသီဟသူရစတဲ့သူတွေကိုလည်းသမိုင်းမှတ်တမ်းတင်ခဲ့ကြတာပဲမဟုတ်လား။ သမိုင်းကိုကြည့်ပြီးနှောင်းလူတွေက တရားမှုနဲ့ မတရားမှု၊ဓမ္မနဲ့အဓမ္မဆိုတာတွေကိုသမိုင်းခုံခန်းစာယူရတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ခင်၊ မောင်နဲ့အတူမေမြို့ကိုလိုက်ခဲ့ပေတော့။ အခုတရုတ်ဖြူကျူးကျော်စစ်မှာပါဝင်ခဲ့တဲ့ ကိုယ့်မိတ်ဆွေတစ်ယောက်ကို ခင်နဲ့တွေ့ပေးမယ်။ သူက ဟိုအင်္ဂလိပ်လက်ထက်ကတည်းကနေ အခုတရုတ်ဖြူကျူးကျော်စစ်ပွဲအထိ တို့နိုင်ငံအတွက် တိုက်ပွဲဝင်နေတုန်း"

"သူကဘယ်သူလဲ ဟင်။ မောင်ရေးနေတဲ့ တရုတ်မြန်မာစစ်ပွဲအတွက် သူ့ဆီက အချက်အလက်ကောင်းတွေရနိုင်တယ်။ ခင်ဦးတို့အတူတူမှတ်တမ်းယူကြတာပေါ့"

× × × ×

နွေဦးကာလရောက်ပြီမို့ လောကအလှသည်တောမှာရှိနေသည်။

လေခမြေသက်၊ စျာန်ဝိတက်သို့၊ သစ်ရွက်ယော်ရီ ဣန္ဒနီဝယ်၊ သီဂီတစ်ဝက်၊ ဖက်၍ဆေးစုံ ချယ်သောပုံသို့ ရဂုံမြိုင်တွင်းတောလုံး လင်းသာ. .

ရှင်ဥတ္တမကျော်၏ တောလားကို ကိုသန့်စင်တွေးနေပါ၏၊ ဆူဇန်အတွက် မန္တလေးရိုးကုမ္ပဏီမှ ဝယ်လာခဲ့သောပိုးဖြင့်ယက်လုပ်ထားသည့် အရောင်အသွေးဆန်းသစ်သောဆာရီခြုံထည်မျိုးစုံကို ဝယ်လာခဲ့သည်။ ဆူဇန်သည်တောက်ပသော အရောင်မျိုးစုံကိုနှစ်သက်သည်။ သူနှစ်သက်မည့် ဆာရီခြုံထည်များကို မင်္ဂလာဦးလက်ဖွဲ့ပစ္စည်းအဖြစ်ပေးရန် ကိုသန့်စင်နှင့် ခင်ခင်ဦးတို့ကဝယ်လာခဲ့ဖြစ်သည်။

ခင်ခင်ဦးမောင်းသော ဘောက်စဝက်ဂွန်ကားပေါ်တွင် ကိုသန့်စင်တစ်ယောက် တရိပ်ရိပ်ဖြတ်သန်းလာသည့် လမ်းဘေးဝဲယာသဘာဝအလှအပများကိုခံစားလျက်လိုက်ပါလာသည်။ ကျောက်ချောအတက်ခရီးကိုစသည့်နှင့် ကိုသန့်စင်က ခင်ခင်ဦးကိုသတိပေး၍လိုက်လာသည်။

ခြောက်ထပ်ကွေ့အနီးရှုမျှော်ခင်းနေရာတွင် ခင်ခင်ဦးက ကားကိုစက်သတ်လိုက်သည်။

"လာ မောင်။ ဒီနားက ရှုခင်းတွေကြည့်ရအောင်။

ဗြိတိသျှစာရေးဆရာကြီး မောရစ်ကောလစ်ကတော့ ဒီနေရာကနေ ဟိုးဝေးဝေး ပုပ္ပါးတောင်က မင်းမဟာဂီရိနတ်မောင်နှမတွေရှိရာကို မြင်ရတယ်လို့ရေးဖူးတယ်။ တကယ်မြင်ရမမြင်ရကြည့်ရအောင်"

စာမွေ့သူ ခင်ခင်ဦးနှင့်ခရီးသွားရသည်မှာ ကိုသန့်စင်အတွက်အကြားအမြင်တိုးသည်။

"ဟိုးဝေးဝေးမှာ ပုပ္ပါးတောင်ကြီးကိုမြင်ရတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



အနောက်တောင်ထောင့် မှိုင်းပျပျ တွင်ပုပ္ပါးတောင်ကြီးကိုလှမ်း၍မြင်ရသည်။

"ဟိုမှာတွေ့လား ဒုဌဝတီမြစ်ကမ်းနဖူး ပေါ်မှာ ရှင်မွန်လှရဲ့လွမ်းစေတီ၊ ရွှေစာရံ"

ဒုဌဝတီရစ်ခွေစီးဆင်းနေသော မြလိပ် တောင်ကြီးကလည်း ညို့မှိုင်းလျက် ဒုဌ ဝတီ၏ အကွေ့အကောက်ကို မြင်ရသည်။

"မောင် ခင်ဦးတို့ မြန်မာပြည်က သိပ်ပြီးလှပတာပဲနော်"

ခရီးဆက်ခဲ့ပြီးနောက် ၂၁မိုင်တွင် ခေတ္တနားကြသည်။

"မောင် ဘာစားမလဲဟင်"

"မောင်ကတော့ ပေါင်မုန့်ထောပတ် သုတ်နဲ့ နွားနို့ပဲ။ ခင်ရောဘာစားမလဲ"

"ခင်ဦးလည်း မောင့်အတိုင်းပဲမှာမယ်"

ကိုသန့်စင်၊ခင်ဦး၏ နားလည်တတ်မှု ကိုသဘောကျသွားသည်။ မြန်မာလူမျိုး တို့၏အိမ်ထောင်ရေးသည် ချစ်စဖွယ် ကောင်းသည်။ သိင်္ဂါလောဝါဒသုတ်လာ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်စသော ကျင့်ဝတ်ဗေဒများ၏လွှမ်းမိုးမှုအတိုင်း လိုက်နာတတ်ကြသည်။

မကြာမီဆင်ခေါင်းနေရာကိုရောက် ပြီ။ ခင်ခင်ဦးက ဆင်ခေါင်းကြီးကို လက် ညှိုးထိုးပြပြီး-

"ဆင်ဖြူရှင် လက်ထက်တုန်းက တရုတ်ကျူးကျော်သူတွေ ဒီနေရာအထိ ရောက်ခဲ့တယ်ဆိုတာ မောင်သိတယ်နော်"

"သိပါတယ်။ ဆင်ဖြူရှင်လက်ထက် တရုတ်ကျူးကျော်မှု တတိယစစ်ပွဲမှာ ဆင်ခေါင်း၊သက်ကယ်ကျင်းအထိရောက်ခဲ့ တယ်ဆိုတာ ဆရာကြီးရွှေပြည်ဦးဘတင် ဟောပြောတုန်းကလည်းပါခဲ့တယ်။ ကုန်း ဘောင်ဆက်မဟာရာဇဝင်တော်ကြီးလည်း မှာပါတယ်လေ"

မမြို့အဝင် ကျောက်တောင်စေတီ နှင့်လွတ်လပ်ရေးကျောက်တိုင်အဝိုင်းမှ ညာဘက်သို့ မောင်းနှင်လာခဲ့သည်။ ညာ ဘက်အတိုင်းမြို့ပတ်လမ်းကို ဆက်မောင်း သည်။

ခြောက်လခန့်မရောက်ဖြစ်ခဲ့သော စိမ်းလဲ့ဂေဟာခြံကြီးသည် အနည်းငယ် ခြောက်သွေ့သွားသည်ဟုကိုသန့်စင်ထင် သည်။ စိတ်ထဲတွင်လည်း ဇဝေဇဝါဖြစ် သွားသည်။ ခြံအဝင်ဝတွင်ရှိသော စိမ်းလဲ့ ဂေဟာဆိုင်းဘုတ်နေရာတွင် ပန်းပွင့်သစ္စာ ဆိုသော ဆိုင်းဘုတ်အသစ်ကြီးကိုစိုက်ထူ ထားသည်။ ဝင်းအတွင်းမှ ပန်းရောင်စုံ ပန်းခင်းများနေရာတွင် အသစ်စိုက်ပျိုး ရန်မြေကိုပြုပြင်ထားသည်။

"မောင် ဒီခြံဟုတ်ရဲ့လားဟင်၊ မောင် ပြောတော့ စိမ်းလဲ့ဂေဟာခြံဆို။ အခုတွေ့

www.burmeseclassic.com

www.burmeseclassic.com



နေရတာက ပန်းပွင့်သစ္စာတဲ့ နာမည်လေးကလှလိုက်တာမောင်ရယ်"

"နာမည်ပြောင်းထားပေမယ့် ဟုတ်ပါတယ်ခင်။ ဒီအကြောင်း မောင်ကောင်းကောင်းရင်းနှီးဖူးတယ်"

ထိုစဉ်အိမ်အတွင်းမှ ကလေးငယ်များ ခြံဝင်းအတွင်းပြေးထွက်လာကြသည်။ တူညီဝတ်စုံဝတ်ထားသောကလေးများတွင် ယောကျ်ားလေးများကမိုးပြာရောင်ဘောင်းဘီရှည်၊ လက်ရှည်အကျႌအဖြူ၊ မိန်းကလေးများက ဂါဝန်အပြာနုရောင်၊ အဖြူရောင်ရင်စေ့လေးများနှင့် ချစ်စရာ။

ကလေးများကိုတွေ့ရသည်မှာ မိုးကောင်းကင်အပြာနုရောင်နှင့် စင်ကြယ်သော အဖြူရောင်တူညီဝတ်စုံများကြောင့် ရင်ထဲအေးသွားရသည်။

"ကလေးတွေက ချစ်စရာလေးတွေနော်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ကလေးတွေလည်းပါမယ်ထင်တယ်"

"ဟုတ်တယ်ခင်"

ကလေးငယ်တစ်ဦးကသူတို့ရှိရာခြံဝသို့ပြေးလာပြီး။

"ဦးဦးနဲ့ အန်တီဘယ်သူနဲ့တွေ့ချင်လို့လဲဗျ"

"အန်တီ ဆူဇန်ရှိလား သား"

"သားတို့ ဆရာမလား။ ရှိပါတယ်ခင်ဗျ။ သားသွားခေါ်လိုက်မယ်နော်"

မကြာမီ အဖြူရောင်ဖျော့ဖျော့ ဆာရီကိုခြုံထားသော အမျိုးသမီးတစ်ဦးကလေးနှင့်အတူလိုက်လာသည်။ အဖြူရောင်ဖျော့ဖျော့ဆာရီကိုဝတ်ထားသော အမျိုးသမီးမှာဆူဇန်မှဟုတ်ပါလေစဟုကိုသန့်စင်ထင်မိသည်။ဆူဇန်ကအရောင်အသွေးတောက်တောက်များကိုသာ နှစ်သက်စွာဝတ်ဆင်တတ်သူ မဟုတ်ပါလား။ တဖြည်းဖြည်းနီး၍နီး၍လာခဲ့ပြီ။ ဆူဇန်မှဆူဇန် ညီမလေးဆူဇန်။

ကလေးငယ်က ခြံတံခါးသော့ဖွင့်ရန်ရှေ့မှပြေးလာသည်။ ဆူဇန်က ပကတိငြိမ်သက်သော ဣန္ဒြေဖြင့်လျှောက်လှမ်းလာသည်။

"ဟာ အစ်ကိုသန့်စင်တို့ပါလား"

"ဟုတ်ပဗျာ။ မြင်ရတဲ့ မြင်ကွင်းတွေအားလုံးကပြောင်းလဲသွားပါလား ဆူဇန်။ ခင် ကားကိုအထဲမောင်းသွားနှင့်လိုက်မောင်တို့လိုက်လာခဲ့မယ်"

ခင်ခင်ဦးက ကားကိုအိမ်ရှေ့အထိမောင်းသွားလိုက်သည်။

"တော်တော်ပြောင်းလဲသွားတယ်နော်"

"ဒီလိုပါဘဲ အစ်ကိုရယ်"

"ဦးလေးချတ္တရီရော နေကောင်းတယ်

www.burmeseclassic.com



မဟုတ်လား"

"အဖေဆုံးသွားပြီအစ်ကို"

"ဟင် ဦးလေးဆုံးသွားပြီ"

"ဟုတ်တယ် အစ်ကို။ ရုတ်တရက်ကြီး ဆုံးသွားတာ"

"ဖြစ်မှဖြစ်ရလေ ဆူဇန်ရယ်။ ကိုဗဟာဒူးရော ရွှေတန်းမှာပဲလား"

"နောက်မှအေးအေးဆေးဆေးပြောကြတာပေါ့။ အစ်ကိုတို့အနားယူကြပါဦး"

အိမ်အတွင်း၌ ကလေးစာသင်ခုံများကိုအစီအရီတွေ့ရသည်။ အခြားဆရာမတစ်ဦးလည်းရှိနေသည်။

"သူကညီမကျောင်းကိုလာပြီးကူညီနေတဲ့ ဆရာမစန္ဒိမာလာ"

စန္ဒိမာလာကပြုံးပြအသိအမှတ်ပြုသည်။

"ဟုတ်ကဲ့တွေ့ရတာဝမ်းသာပါတယ် ဆရာမ"

ပန်းနုရောင်ဆာရီကိုခြုံထားသောဂေါ်ရခါးမလေးတစ်ဦးပင်။ တစ်ချိန်က ဆူဇန်နှစ်သက်သော ပန်းနုရောင်ဆာရီခြုံထည်ဖြင့်လှပကျော့ရှင်းသော မိန်းကလေးဖြစ်သည်။

"မောင် ခြံကြီးက အကျယ်ကြီးပဲနော်"

ခင်ခင်ဦးက အိမ်အတွင်းဝင်းလာရင်းပြောလိုက်သည်။

"ညီမလေး ဒါကိုယ့်ဇနီး ခင်ခင်ဦးတဲ့။ ခင် သူကဆူဇန်။ တော်လှန်ရေးလုပ်တုန်းကတည်းက မိတ်ဆွေတွေဖြစ်ခဲ့ကြတာ"

"အစ်မကတော့ သဘောကျလွန်းလို့ အိမ်ရှင်ခွင့်ပြုချက်မရဘဲ ခြံထဲလျှောက်ကြည့်လာမိတယ်"

"ရပါတယ် အစ်မရယ်။ အစ်မကသိပ်လှတာပဲနော်။ ကျက်သရေရှိလိုက်တာ။ အစ်ကိုသန့်စင်သိပ်ကံကောင်းတာပဲ။ အစ်ကိုနဲ့လည်းလိုက်ဖက်တယ်"

"ငါ့နှမက မြှောက်နေပြန်ပါပြီ။ ညည်းအတွက်လက်ဆောင်တွေပါလာပါတယ်"

"လာ အစ်ကိုတို့ ထိုင်ကြဦး"

အိမ်ဦးခန်းတွင် ဆာဂျင်မဟာဒူး ဓာတ်ပုံကိုကိုသန့်စင်တွေ့လိုက်သည်။ ထိုဓာတ်ပုံတွင် ရွှေဖြင့်ပြုလုပ်ထားသောတံဆိပ်ကို ဖဲကြိုးစဖြင့်ဓာတ်ပုံပေါ် မှချိတ်ဆွဲထားသည်။

ကိုသန့်စင်ဓာတ်ပုံအနီးသို့ ချဉ်းကပ်သွားသည်။ ရွှေတံဆိပ်သည် အချင်းတစ်လက်မခန့်ရှိသည့် အဝိုင်းဖြစ်သည်။တံဆိပ်ထဲတွင် စပါးနှံဖြင့်ရစ်ခွေထားသည်။စပါးနှံအောက်ခြေတွင် တစ်ခုနှင့်တစ်ခုချီနှောင်ထားသောပြီး ဖောင်းကြွဖော်ထားသည်။ ဝန်းရံထားသောစပါးနှံအလယ်တွင်စက်ဝိုင်းတစ်ခုပါရှိပြီးရောင်ခြည် ၁၆ခုဖြာထွက်နေသည်။ ရောင်ခြည်စုတစ်ခုလျှင် စိမ်းနီဝါ

www.burmeseclassic.com

www.burmeseclassic.com



အရောင်သုံးမျိုးဖြင့်ခြယ်မှုန်းထားသည်။ တံဆိပ်၏ရှေ့မျက်နှာအလယ်တွင် ယာဘက်သို့မျက်နှာမူနေသော မြန်မာခြင်္သေ့တစ်ကောင်ကို ရွှေဖြင့်ရုပ်လုံးဖော်ထားသည်။

ကိုသန့်စင်တံဆိပ်ကလေးကို လှပ်ကြည့်လိုက်သောအခါပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် သီဟသူရဟူသောစာလုံးများတံဆိပ်ကိုပတ်၍တစ်ခုပေါ်တစ်ခုဆင့်ကာ လှပစွာပုံဖော်ထားသည်ကိုတွေ့ရသည်။ ထိုတံဆိပ်ထဲတွင် တပ်ကြပ်ကြီးဗဟာဒူးဟူသောအမည်ကိုရေးထိုးထားလေသည်။

ကိုသန့်စင်နောက်တွင်ရပ်နေသော ဆူဇန်မျက်ရည်များဝေ့ဝဲလာသည်ကို ခင်ခင်ဦးမြင်လိုက်သည်။ တစ်ချိန်တည်းမှာပင်အခြေအနေကိုသဘောပေါက်လိုက်သည်။

"ဂုဏ်ယူပါတယ် ညီမလေးရယ်"

ဆူဇန်၊ ခင်ခင်ဦး၏ရင်ခွင်အတွင်း မျက်နှာအပ်၍ငိုချလိုက်သည်။

"အစ်ကိုတို့ဆီ ဆူဇန် မင်္ဂလာဖိတ်စာ မပို့နိုင်ခဲ့ဘူး။ မင်္ဂလာလည်းမဆောင်ဖြစ်ခဲ့ပါဘူးလေ။ သူ ရှေ့တန်းမှာသူ့ရဲကောင်းပီသစွာကျဆုံးသွားခဲ့တယ်။ သူနဲ့အတူကျဆုံးခဲ့ကြတဲ့ ဆွတ်ဗဟာဒူးရိုင်းကို နိုင်ငံတော်က အောင်ဆန်းသူရိယဘွဲ့ချီးမြှင့်ခဲ့တယ်။ အစ်ကိုဗဟာဒူးနဲ့ မန်းမဟာဒူးတို့ကိုတော့ သီဟသူရဘွဲ့ချီးမြှင့်ခဲ့တယ်"

"အဲဒီအချိန်တုန်းက ကိုယ်အမေမမှာ နေတာရယ်၊ ဆုံးသွားခဲ့တာရယ်ကြောင့် ကိုယ်ဘာသတင်းမှမကြားလိုက်၊မဖတ်လိုက်ရဘူးဆူဇန်"

"ဆူဇန့်ဘဝမှာ အစ်ကိုသန့်စင် မျှော်လင့်မထားမိမယ့် အဖြစ်အပျက်တွေဖြစ်ခဲ့တယ်အစ်ကို။ သူတို့ရှေ့တန်းကပြန်လာဖို့တစ်ပတ်လောက်အလိုမှာ အိမ်ကိုသူတို့တပ်က ဗိုလ်ကြီးတစ်ယောက်နဲ့ဆရာကြီးတစ်ယောက်ရောက်လာပြီး လက်ထပ်ခွင့်ကျတဲ့အကြောင်းအကြောင်းကြားလာတယ်။ သူတို့ရှေ့တန်းကပြန်လာတဲ့နေ့မှာ အဖေနဲ့ဆူဇန် သူ့ကိုသွားကြိုခဲ့ကြတယ်။ အဲဒီမှာ သူပြန်ပါမလာတော့ဘူး။ အဖေလည်း ကျွန်မကိုကြည့်ပြီး ကျွန်မစိတ်နဲ့ပဲ နှလုံးရောဂါနဲ့ကွယ်လွန်သွားခဲ့တယ်"

"ဖြစ်မှုဖြစ်ရလေ ငါ့နှမရယ်။ ကဲ. . ကဲ. . စိတ်ကိုဖြေပါ။ ကိုယ်တို့ရောက်လာမှအဟောင်းတွေအသစ်ဖြစ်ကုန်ပြီ။ ငါ့နှမရှေ့ခရီးအတွက် ကိုယ်တို့ကဆွေမျိုးအရင်းတွေလိုရှိနေမှာပါ"

"အစ်ကိုနဲ့အစ်မကို ကျေးဇူးတင်ပါတယ်။ ဒီမှာရှိတဲ့ဆူဇန်တို့လူမျိုးတွေကလည်း ဆူဇန်ကိုဖေးကူကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆူဇန် ငိုနေသည်ကို မြင်သောအခါ ကလေးများ၏မျက်ဝန်းတွင်မျက်ရည်များ စို့လာသည်ကို ခင်ခင်ဦးသတိထားမိလိုက်သည်။

"ဟိုမှာကြည့်ပါဦး ညီမလေးငိုတော့ ကလေးတွေလည်း ငိုကုန်ပြီ"

ဆူဇန် မျက်ရည်ကပျာကရာသုတ်လိုက်သည်။ မျက်နှာကိုပြင်၍ ကလေးများကိုကြည့်လိုက်သည်။

"သားတို့၊ သမီးတို့ ဧည့်သည်ဦးဦးနဲ့ ဒေါ်တီတို့က နားထောင်ချင်လို့တဲ့ မင်္ဂလာတရားတော်ကဗျာလေးရွတ်ပြပါလား"

ကလေးများက အရှိန်ဖြင့်လွှတ်လိုက်သောရေအလျင်ကဲ့သို့သံပြိုင်ဆိုလိုက်သည်။

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနှင့် ကင်းအောင်နေ
ပညာရှိကိုအစဉ်တွဲလို့
မှီဝဲဆည်းကပ်နည်းယူစေ
သုံးပါးရတနာမိဘများနှင့်
ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး နေထိုင်ရေး
မျှော်တွေးထောက်ဆလေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာပေ။

ကလေးများ၏ ဟန်ပန်အမူအရာနှင့် သံပြိုင်သီဆိုလိုက်သောကဗျာသံကြောင့်ဆူဇန်ကိုသန့်စင်၊ ခင်ခင်ဦးတို့၏သောကများငြိမ်းအေးသွားကြသည်။

"ဆူဇန်ရဲ့ ရည်ရွယ်ချက်တွေ သိပ်ကောင်းတာပဲ"

"ကဲ သားတို့သမီးတို့အားလုံးပြန်နိုင်ပြီ။ မနက်ဖန်ကြမှစောစောလာကြ။ ဟုတ်ပြီလား"

ဆရာမလေးစန္ဒီမာလာက ကျောင်းဆင်းပေးလိုက်သည်။ ကလေးများက မင်္ဂလာပါ ဆရာမဟု သံပြိုင်နှုတ်ဆက်ကြပြီး စာသင်ခန်းထဲမှ စနစ်တကျနှစ်ယောက်တစ်တွဲထွက်ခွာသွားကြသည်။ ကိုသန့်စင်၊ ခင်ခင်ဦး၊ ဆူဇန်နှင့် စန္ဒီမာလာတို့ဧည့်ခန်းတွင်ထိုင်လိုက်ကြသည်။

"ဆူဇန်ရဲ့ ပန်းပွင့်သစ္စာဆိုတဲ့ ကျောင်းနာမည်လေးက လှလိုက်တာ။ ဘယ်သူပေးတာလဲဟင်။ အစ်မဖြင့် သိပ်သဘောကျတာပဲ"

"အဲဒီနာမည်လေးကို ပေးရတာ အကြောင်းတရားတွေ အများကြီးရှိပါတယ်။ အကျယ်ပြောဆုံး မိုးကောင်းကင်၊အဖိုးတန်ဆုံးနာမည်တစ်လုံးဆိုတဲ့စကားအစ်ကိုပေးခဲ့တဲ့ဆုထူးပန်ယောက်ျားဆိုတဲ့ စာအုပ်လေးထဲမှာပါတယ်။ အဲဒီစာအုပ်လေးဟာလူချွန်လူကောင်းဖြစ်အောင် အများကြီးရေးထားတယ်။

ကျွန်မတို့ ဂေါ်ရခါးလူမျိုးတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာ မွေးဖွားကြီးပြင်းလာကြ တော့ မိမိမွေးဖွားရာမြေကိုတာဝန်ကျေ အောင် ကျေးဇူးဆပ်ရပါ့မယ်။ ဆူဇန့် ချစ်သူဟာ ဒီမြေမှာတာဝန်ကျေခဲ့သူပါ။ သူ့ ဘဝတစ်လျှောက်လုံး ဘဝနဲ့အသက်ကို ပေးဆပ်ခဲ့သူလည်းဖြစ်တယ်။

သူနဲ့ဆူဇန်စိတ်ချင်းသာ ပေါင်းဖက် ခဲ့ရပေမယ့် အဲဒီစိတ်ဓာတ်ဟာရုပ်ချင်း ပေါင်းသင်းရတာထက် ခိုင်မြဲနေတယ်လို့ ကျွန်မယုံကြည်တယ်။ တစ်နေ့ အဲဒီနေ့ဟာ ကျွန်မထင်ပါတယ်။ သူတိုက်ပွဲမှာ ဒဏ်ရာ အပြင်းအထန်ရပြီး ခံစားနေရတဲ့အချိန် မယ်။ သူရဲ့စိတ်ဝိညာဉ်ဟာ ဆူဇန်ရှိရာကို ရောက်လာခဲ့တယ်။

ဆူဇန်ကိုလည်း သူက ကြင်ကြင်နာနာ လက်တွဲခေါ်သွားတယ်။ စကားတွေလည်း အများကြီးပြောလာတယ်။ သူ့ရဲ့စကား တွေဟာ သူ့အတွက်မဟုတ်သလို ဆူဇန် အတွက်လည်းမဟုတ်ခဲ့ဘူး။ ဟောဒီ မြေကြီးအတွက် မြေကြီးပေါ်မှာနေထိုင်တဲ့ လူတွေအားလုံးမြေကမ္ဘာကို တာဝန်ကျေရ မယ်ဆိုတဲ့သဘောတွေ။ နောက်ပြီး လောဘ၊ ဒေါသ၊ မောဟတရားကြောင့် စစ်ပွဲတွေဖြစ်နေရတာ၊ အဲဒီစစ်ပွဲတွေ ငြိမ်းစေချင်တယ်တဲ့ အစ်မရယ်"

ဝမ်းနည်းစွာပြောနေသော ဆူဇန်မော သွား၍ စကားကိုခေတ္တနားလိုက်သည်။

"သူကလေ ဟောဒီကမ္ဘာမြေမှာသစ္စာ ရှိတဲ့ပန်းတွေ ထာဝရပွင့်အောင်၊ ပွင့်တဲ့ပန်း တွေအမြဲမွှေးအောင် ဆူဇန်တာဝန်ယူပေး ပါလို့မှာရှာတယ်။

အဲဒီစကားတွေပြောပြီး ဘုရာမှာ ဆူဇန်တို့ဆုတောင်းခဲ့ကြတယ်။ အဲဒီ ဆုတောင်းထဲမှာ ဗုဒ္ဓသာသနာပွင့်လန်းရာ မြန်မာပြည်မှာပဲ လူဖြစ်ရပါလို၏လို့ ဆု တောင်းခဲ့ကြတာ။ အဲဒီအိပ်မက်မက်ပြီး သူလည်းဆူဇန်နားက ထာဝရထွက်ခွာ သွားခဲ့တယ်"

ဆူဇန်ပြောသည့်စကားများကို အား လုံးတိတ်ဆိတ်စွာနားထောင်နေကြဆဲ ဖြစ်သည်။

"နောက်ပိုင်းဆူဇန်လုပ်မယ့် ရေရှည် အလုပ်မှာ ကလေးတွေအတွက်ပြုစုပျိုး ထောင်မယ့် ကျောင်းလေးဖွင့်မယ်ဆိုပြီး ဒီကျောင်းလေးကိုဖွင့်ခဲ့တယ်။ နာမည် ကိုလည်းပန်းပွင့်သစ္စာလို့ပေးခဲ့တယ်။ အဲဒါ ကလည်း သစ္စာရှိတဲ့ပန်းတွေထာဝရပွင့် အောင်၊ ပွင့်တဲ့ပန်းတွေအမြဲမွှေးအောင်ဆို တဲ့ရည်ရွယ်ချက်နဲ့ပါ။

နောက်ပြီး အစ်ကိုသန့်စင်ပေးခဲ့တဲ့ စာအုပ်တွေထဲမှာဘင်္ဂါလီစာဆိုကြီးရာဘင် ဒြာနတ်တဂိုးရဲ့ ဂီတဥ္စလီစာအုပ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ကဗျာတွေကလည်း ဆူဇန့်ကိုလွှမ်းမိုးခဲ့တယ်။

လောကကြီးကို အလှဆင်နေတဲ့ သက်မဲ့ပန်းတွေ သစ္စာရှိသလို ဆူဇန်တို့ မျိုးဆက်သစ်ကလေးတွေ သစ္စာရှိတဲ့ ပန်းတွေဖြစ်အောင် စောင့်ရှောက်မယ် ဆိုတဲ့ဆန္ဒတွေဖြစ်စေခဲ့တယ်။ စီးပွားရေး အတွက် ဂေါ်ရခါးဒိုင်ရီနို့ဆီချက်လုပ်ငန်း ကိုလည်း ထူထောင်ထားတယ်။ နောက်ပြီး ဆူဇန်က ဆူဇန့်မျိုးဆက်ကိုကိုယ်တိုင်မွေး ဖွားဖို့အခွင့်မသာတော့ဘူးလေ။ ဒါပေမယ့် ဆူဇန်ကမိန်းမသားတစ်ဦးဖြစ်လို့ မိခင်စိတ် အပြည့်ရှိပါတယ်။ ကလေးတွေကို ဆူဇန်ရဲ့ သားတွေ၊ သမီးတွေအဖြစ်စောင့်ရှောက်ဖို့ ဒီစေတနာကျောင်းလေးကို ပန်းပွင့်သစ္စာ လို့နာမည်ပေးပြီးဖွင့်ခဲ့တာပဲ"

ဆူဇန်က တပ်ကြပ်ကြီးဗဟာဒူး၏ ဓာတ်ပုံကိုလှမ်း၍ကြည့်လိုက်ပြီး အစ်ကို ရောက်ရာဘဝကကျေနပ်ပါလို့ပြောနေ သယောင်။

ဆူဇန်စကားသံဆုံးသည်နှင့် အားလုံး တိတ်ဆိတ်နေမိကြသည်။ တိတ်ဆိတ်နေ သော်လည်းအကျယ်လောင်ဆုံးသောအသံ သည်ကျယ်ပြန့်လှစွာ မြည်ဟိန်းထွက်ပေါ် နေပါ၏။ ထိုအသံတို့သည်ကာ ကိုသန့်စင်၊ ခင်ခင်ဦး၊စန္ဒိမာလာတို့၏ဆူဇန်ကိုကရုဏာ စိတ်ဖြင့်နှစ်သိမ့်ပေးနေကြသည့်အသံ။

"အစ်ကိုတို့ ဒီညဒီမှာ အိပ်မယ်မဟုတ် လား။ ဖြစ်နိုင်ရင်တော့ကြာကြာနေပေး စေချင်ပါတယ်"

ဆူဇန်၏ လိုအပ်မှုဖြင့်တောင်းဆို သည်ကို ခင်ခင်ဦးကမိန်းမသားပီသစွာ စကား ကရုဏာစိတ်ဖြင့်အဖြေပေးသည်။

"နေပေးမှာပေါ့ညီမလေးရယ်။ အစ်မ တို့ညီမလေးအနားမှာ အမြဲရှိနေတယ်လို့ မှတ်ထားပေါ့။ မေမြို့ကို မကြာမကြာလည်း လာလည်ပါ့မယ်။ ဟုတ်တယ်နော် မောင်"

ကိုသန့်စင်က ခေါင်းငြိမ့်၍အသိ အမှတ်ပြုသည်။

"အစ်မနဲ့ အစ်ကိုသန့်စင်ကို ဆူဇန် ကျေးဇူးတင်ပါတယ်"

× × × ×

ကိုသန့်စင်ရော ခင်ခင်ဦးပါတစ်ညလုံး အိပ်မပျော်ခဲ့။ ဆူဇန်၏ဘဝကြမ္မာကြမ်း တမ်းမှုအကြောင်းအတွေးစရှည်လျားခဲ့ကြ သည်။ မေမြို့နွေဦးသည် လွမ်းမောဖွယ် ကောင်းလှသည်။ ခါတော်မီပင်ကြီးထက်မှ ဥသြငှက်ငယ်၏ အဖော်မဲ့တွန်ကြူးသံကို ကြားရသည်။

"ဥသြ. . .၊ ဥသြ. . .၊ ဥသြ. . ."

အဖော်မဲ့နွေဥသြကို ကိုသန့်စင်သနား သည်။ ဆူဇန်သည်လည်း ဥသြငှက်လေး

www.burmeseclassic.com

www.burmeseclassic.com



ငို့အဖော်မဲ့ရှာပြီ။ နံနက်စောစောကလေး ငယ်များရောက်လာကြသည်။ သူတို့လေး တွေ ပန်းပွင့်သစ္စာခြံကြီးအတွင်း ပြေးလွှာ ဆော့ကစားနေကြသည်။

ဘာလိုလို့နှင့် ကိုသန့်စင်တို့ဆူဇန့် အိမ် တွင်ရောက်နေသည်မှာ တစ်ပတ်ရှိသွားပြီ။ စာတမ်းအတွက် အချက်အလက်လည်းစုံ သင့်သလောက်စုံနေပြီဖြစ်သည်။

"ညီမလေး ဒီနေ့ကိုယ်တို့ပြန်တော့ မယ်"

"အစ်ကိုတို့ကလည်းမြန်လိုက်တာ။ အစ်ကို့စာတမ်းအတွက် အချက်အလက် တွေကစုံပြီလား။ ဆူဇန်ကတော့ဖြင့် မပြန် စေချင်သေးပါဘူး"

"အေးပါကွယ်။ နောင်လည်းမကြာ မကြာလာခဲ့ပါ့မယ်။ အခုတော့ခွင့်ပြုပါအုံး"

"မောင် ဆူဇန်ကိုပေးမယ့် လက် ဆောင်ပစ္စည်းတွေပေးဖို့မေ့နေအုံးမယ်နော်"

"ဩော် မေ့တော့မလို့ပါလား။ ငါ့နှမ ခဏလေးနော်"

ကိုသန့်စင်က ရိုးကုမ္ပဏီမှဝယ်လာ သော ရောင်စုံပိုးထည်ဆာရီခြုံထည်များ ကိုယူပေးလေသည်။

"ငါ့နှမနှစ်သက်မယ်ထင်တဲ့အရောင် တွေ ကိုယ်တို့ရွေးလာခဲ့တာ ကြိုက်ရဲ့လား ကြည့်ပါဦး"

ဆူဇန်အရောင်အသွေးစုံ ဆာရီခြုံ ထည်များကိုတစ်ခုချင်းဖွင့်ကြည့်ပြီး လက် ကလေးများတုန်ရီလာသည်။

"ဆူဇန်အကြိုက်ကိုသိတဲ့အတွက် အစ်ကိုသန့်စင်ကို ကျေးဇူးတင်ပါတယ်။ အစ်ကိုတို့ဇနီးမောင်နှံပေးတဲ့ လက်ဆောင် ပစ္စည်းကို ဆူဇန်မြတ်မြတ်နိုးနိုးသိမ်းထား ပေးပါ့မယ်။ ဒါပေမယ့် ဆူဇန်ဘဝမှာ ဒီလို လှပတဲ့အရောင်အသွေးနဲ့ဆာရီကိုဝတ်ဆင် ခွင့်မရှိတော့ပါဘူး"

"ဘာဖြစ်လို့လဲဟင် ညီမလေး"

"ဆူဇန်တို့လူမျိုးမှာ မုဆိုးမဖြစ်သွားတဲ့ မိန်းမသားတွေဟာ အရောင်ပါတဲ့ဆာရီကို ဝတ်ဆင်ခွင့်မရှိပါဘူး။ မုဆိုးမဖြစ်သွားသူ တွေက အလှအပ၊ အရောင်အသွေးပါတဲ့ အဆင်တွေကို ထာဝရစွန့်လွှတ်ကြရတယ်"

အပြင်ဘက်မှ ခေါင်းလေးများပြူ ကြည့်နေသော ကလေးများ၏မျက်ဝန်း များက သူတို့နားမလည်သောစကားများ အတွက်ဝေခွဲမရ တွေဝေနေကြလေသည်။

"သစ္စာကြီးလှချည်းလားငါ့နှမရယ်။ ကံကြမ္မာကလည်း ငါ့နှမအပေါ် ကျမှရက် စက်လွန်းပါတယ်"

"မောင်ကလည်း ဆူဇန်စိတ်မကောင်း အောင်"

"ဆူဇန်ကျေနပ်ပါတယ် အစ်မရယ်။

www.burmeseclassic.com



အဲဒီလိုပေးဆပ်ရမှုတွေကို ဆူဇန်လက်ခံတတ်နေပါပြီ။ ကလေးတွေကိုလည်း ပေးဆပ်မှုတွေနဲ့ပြုစုသွားမှာပါ။ ပန်းပွင့်သစ္စာခြံကြီးအတွင်းမှာ နောက်ထပ်စိုက်ပျိုးမယ့်ပန်းတွေက အဖြူရောင်ပန်းတွေပဲဖြစ်ရမယ်။ အဲဒီအဖြူရောင်ပန်းတွေဟာ သစ္စာရှိတဲ့ ပန်းတွေပဲဖြစ်လာလိမ့်မယ်လို့ အစ်ကိုတို့အစ်မတို့ယုံကြည်ထားလိုက်ပါတော့"

× × × ×

မေမြို့အဆင်း ဘောက်စဝက်ဂွန်ကားလေးပေါ်တွင် လူသားနှစ်ဦးတိတ်ဆိတ်စွာအတွေးကိုယ်စီနှင့် အတူရှိနေကြသည်။ တိတ်ဆိတ်မှုကို အတင်းဖြိုခွင်းလိုက်သူက ခင်ခင်ဦးပင်ဖြစ်သည်။

"ခင့်အတွက် သမိုင်းစာတမ်းတစ်စောင်ရေးဖို့အကြောင်းဖန်လာပြီမောင်"

"ဘယ်လိုစာတမ်းမျိုးလဲ ခင်"

"လောကကြီးမှာ သစ္စာရှိတဲ့လူမျိုးတွေအကြောင်း၊ သူတို့လူမျိုးတွေရဲ့ ကိုးကွယ်ယုံကြည်မှု၊ သစ္စာတရား၊ ချစ်ခြင်းမေတ္တာအကြောင်းရေးဖွဲ့မယ့် သမိုင်းရသစာတမ်းပါမောင်။ ကမ္ဘာပေါ်မှာ ဗုဒ္ဓဘုရားရှင်မွေးဖွားရာ လုမ္ဗိနီဥယျာဉ်ရှိရာ နီပေါနိုင်ငံ။ အဲဒီနိုင်ငံက သစ္စာရှိတဲ့လူမျိုး၊ ဂေါ်ရခါးလူမျိုးတွေအကြောင်းရယ်။ မြန်မာပြည်ဖွားဂေါ်ရခါးလူမျိုးတွေအကြောင်းရယ်။ ဆူဇန်လို၊ ဗဟာဒူးလိုသူရဲကောင်းဇနီးမောင်နှံရဲ့ဘဝအားမာန်ကိုရေးမယ်။ အဲဒီစာတမ်းကိုလည်း ဆူဇန်ရဲ့စာသင်ကျောင်းလေးနာမည်ကိုပဲပေးမယ်။ပန်းပွင့်သစ္စာလို့လေ"

"ဟင် ခင်ကလည်းအဲဒီနာမည်နဲ့ဆိုရင်သမိုင်းစာတမ်းဖြစ်ပါ့မလား။ ဝတ္ထုရှည်ကြီးပဲဖြစ်ပဲဖြစ်လာမှာပေါ့"

"မောင်ရယ် ကမ္ဘာမှာအလွန်ထင်ရှားတဲ့ လီယိုတော်စတွိုင်ရဲ့ စစ်နှင့်ငြိမ်းချမ်းရေးဟာ ဝတ္ထုရှည်ကြီးဆိုပေမယ့် သမိုင်းအဖြစ်အပျက်တွေကို အခြေခံထားလို့ သမိုင်းလို့ပဲ သုတေသီတွေက မှတ်တမ်းတင်ကြတာ မဟုတ်လား"

"ခင်ရေးမယ့် စာတမ်းအတွက် မောင်နည်းနည်းအကြံပြုချင်တယ်။

မြန်မာနိုင်ငံရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ လွတ်လပ်ရေးကြိုးပန်းမှု၊ ပြည်တွင်းစစ်၊ တရုတ်ဖြူကျူးကျော်မှုမှာပါဝင်ခဲ့တဲ့ မြန်မာ့တပ်မတော်ဟာ အဲဒီဖြတ်သန်းမှုသမိုင်းမှာ တိုင်းပြည်နဲ့ လူမျိုးအတွက်သာ စွန့်လွှတ်အနစ်နာခံခဲ့တယ်ဆိုတာရယ်။ လူမျိုးခြားဆိုပေမယ့် နိုင်ငံတော်က နိုင်ငံသားအဖြစ်အသိအမှတ်ပြုရလောက်အောင် ဒီမြေ၊ ဒီရေရဲ့အကျိုးစီးပွားအတွက် သစ္စာရှိခဲ့တဲ့သူတွေရဲ့အကြောင်းတွေကိုပေါ်လွင်အောင်ရေးစေချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ကိုသန့်စင်၊ ခင်ခင်ဦးမျက်နှာအား ကြည့်လိုက်သောအခါ သူမမျက်လုံးများတွင်သစ္စာတရား၏အငွေ့အသက်ကြောင့် အရောင်တဖိတ်ဖိတ်လက်နေသည်။

လွတ်လပ်ရေး ကျောက်တိုင်အဝိုင်းကို မြင်သောအခါ ကိုသန့်စင် တင်နီဆင်၏ ကဗျာကိုသတိရလိုက်သည်။

သားသမီးကိုချစ်ခြင်းဖြင့်
မိခင်၏မျှော်စဉ်ကို
အဏ္ဏဝါနှင့် ကုန်းပြင်ကိုမိုးကာ
ဤနေရာတွင် တည်သည်။
မိခင်၏ချစ်ခြင်းမေတ္တာကို
ရွှေစာဖြင့် ကမ္ပည်းထိုးသည်။
ဤမျှော်စင်တည်သည့်
နှမ်းဖတ်ကျောက်များသာ
မိခင်၏မေတ္တာကဲ့သို့ ခိုင်မာလျှင်
ဤမျှော်စင်ရေရှည်တည်မည်။

အတွေးနယ်ချဲ့နေသော ကိုသန့်စင်ကိုကြည့်၍ ခင်ခင်ဦးစကားစလိုက်သည်။

"မောင် ဆူဇန်လိုသတ္တိရှိတဲ့၊ သစ္စာရှိတဲ့ ကိုယ့်အမျိုးဂုဏ်ကိုစောင့်ထိန်းတတ်တဲ့ ဂေါ်ရခါးမလေးနဲ့ မြန်မာ့မြေမှာမွေးဖွားပြီး မြန်မာ့ပြည်ကိုပဲ သစ္စာရှိရှိချစ်တတ်ကြတဲ့ ဂေါ်ရခါးလူမျိုးတွေနဲ့ နှစ်ပေါင်းများစွာ မိတ်ဆွေဖြစ်ခွင့်ရတဲ့ မောင့်အတွက် ခင်ဦး ဂုဏ်ယူပါတယ်"

ကိုသန့်စင်နှင့် ခင်ခင်ဦးတို့၏ဘောက်စဝက်ဂွန်ကားလေးသည် အကောက်အကွေ့များသောလမ်းကြောင်းများကိုဖြတ်သန်း၍ ဇာတိပုညဂုဏ်မာနကြီးလှသော တိုးတက်သောပြောင်းလဲမှုသမိုင်းများရှိရာ မြို့ရွှေမန္တလေးဆီသို့တိုးဝင်သွားလေသည်။

မာယိန္ဒ၊ ပုသိမ်ကြီး။
၂၀၀၇ခုနှစ်၊ ဇွန်လ ၁၀ရက်

BURMESE CLASSIC .com

www.burmeseclassic.com